www.burmeseclassic.com







LUCKY STAR

သားသမီးရတနာ မထွန်းကားသူများအတွက်

福星男女不孕不育專科

ဆရာစံ 楊醫師

B.E (Chemical) D.E.S (U.S.A)

Boy Baby
生男孩專方
x + y = ♂

Girl Baby
生女孩專方
သမီးလေးရတနာ
x + y = ♀

Twin Baby
雙生兒專方
အမြွှာလေးရတနာ



တိုက်(D)၊ အခန်း(၆)၊ ရွှေစေယံရိပ်ခွန်၊ ရေကြောင်းသိပ္ပံရှေ့၊ ဘုရင့်နောင်လမ်းမကြီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့

Tel : 01 - 536355, Hp - 09 - 73241356, Hp - 09 - 5139886 Email @ sanmyint 5688 gmail. com

www.burmeseclassic.com

www.burmeseclassic.com

REAL EVENT CRIME MAGAZINE

မဂ္ဂဇင်း

၀၁၄ ခုနှစ်၊ ဇန်နဝါရီလ၊ အတွဲ (၂)၊ အမှတ်စဉ် (၁)

☆ **အယ်ဒီတာချုပ်**
အောင်ကျော်ဇော

☆ **တာဝန်ခံအယ်ဒီတာ**
ထက်ထက်ဦးဇေ (B.Sc.Physics)

☆ **အယ်ဒီတာအဖွဲ့**
ဦးရဲလွင် (ရဲတိုင်အို)
ညိုမီအောင် (B.A.Myanmar)
အေးအေးခိုင်

☆ **ထုတ်ဝေသူ**
ဦးအောင်လွင် (၀၄၁၅၉)

☆ **ပုံနှိပ်သူ**
ဦးမြင့်ဦး(၀၁၅၈၃)
သိန်းသန့်ဦးပုံနှိပ်တိုက်
၁၀၉/၁၂၁-၃၄လမ်း၊ ရန်ကုန်။

☆ **မျက်နှာဖုံးနှင့်အတွင်းသရုပ်ဖော်**
မင်းထက်နိုင်၊ ရဲသူ (ရန်ကုန်တက္ကသိုလ်)

**စာပြင်**
ဦးဝင်းတင်

**ဒီဇိုင်း**
စည်သူကျော်

ကွန်ပျူတာစာစီ နေမျိုးအောင်
တန်ဖိုး - ၃၀၀
အုပ်ရေ - ၁၀၀၀

**မှုခင်းအပြင်မဂ္ဂဇင်း**
အမှတ်(၉၃-က)၊ (၃၉)လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၃၈၅၃၆၉၊ ၀၉-၄၉၂၉၄၂၁၈

**ဆောင်းပါး**

- ကျော် - ၁၃
(ဗိုလ်ချုပ်အောင်ဆန်းရဲ့
သမိုင်းဝင်ဆောင်းပါးတစ်ပုဒ်)
- ကျော်မြင့် (ဖောင်ပါး) - ၁၈
(အကောင်းမြင်ဝါဒရှိပါစေ)

**နိုင်ငံတကာသတင်း**

ဆောင်းဟေမန် - ၁၄၃

**ဗေဒင်**

- သစ္စာမေတ္တာ ဆရာထွန်းလင်းကျော် - ၁၅၈
နက္ခတ်ဗေဒင်လက္ခဏာပညာရှင်

**ကာတွန်း**

သူရိန်၊ မောင်တင်ယု၊ ဖွဲ့နေ။




www.burmeseclassic.com

www.burmeseclassic.com

30 DEC 2013

## မှခင်းဝတ္ထု


- မောင်သိန်းနိုင် ၂၁
  (ကိုလှရွှေထံသို့ အလည်တစ်ခေါက်)
- ထက်ထက်ဦးဝေ ၂၆
  (နိမ့်မှသောင် နောင်မှသိ)
- မောင်သာမန် (ဇီးကုန်း) ၄၄
  (ရင်မှအချစ် အပြစ်ရှိ၏)
- မောင်ထွန်းညွှန့် (ကွမ်းခြံကုန်း) ၅၂
  (ကျွန်မချစ်သူ စိုးကိုကို)
- မိနော် ၅၈
  (ခရီးသွားဟန်လွဲအချစ်)
- ခင်ဦး (ပုတီးကုန်း) ၇၀
  (ယုံမိချက်နာလေပြီ)
- ဖွဲ့နေရောင် ၇၆
  (ည)
- အသခ်ယာ ၈၃
  (လက်တစ်လုံးခြား)
- ဆုမွန်ဦး (ဟသ်ာတ) ၉၈
  (အရိပ်ရဲ့အရိပ်)
- အောင်ကျော်ပြုံး ၁၀၆
  (ခတ်စီးကြမ်းတဲ့ မှတ်ကြိုးဓာတ်လမ်း)
- မောင်ပွင့်ဝေ (ပေါက်) ၁၁၃
  (ဆန္ဒအိပ်မက်)
- ဒုရဲမှူးကြီးဝင်းဦး (ငြိမ်း) ၁၂၄
  (ကျွန်တော့်ဘဝပြောင်းခဲ့ပါကြောင်း)
- ရှင်လွန်းမယ် ၁၃၄
  (လျှို့ဝှက်မှတ်တမ်း)
- အောင်ကျော်ဇော ၁၅၀
  (ခလုတ်)


## ကဗျာ


နိုင်လွမ်းသွျှစ် (ပေါက်တော)၊ ဒီလှညွှ၊ စပိုင်၊
မောင်ကောင်းတင် (ကျောက်ဆည်)၊ ရဲထက်ဇော်၊
လမင်းသစ္စာ၊ ရဲမြတ်သွေး (မော်လမြိုင်)၊
လှိုင်ခင်အုန်း(အမရပူရ)။





www.burmeseclassic.com

www.burmeseclassic.com

# လူကုန်ကူးမှုပပျောက်ဖို့ အတူတကွ ပူးပေါင်းတိုက်ဖျက်ကြပါစို့

## အောက်ပါ ဖုန်းနံပါတ်များကို ဆက်သွယ်အကူညီတောင်းပါ။

| | |
|---|---|
| ➢ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအဖွဲ့ (နေပြည်တော်) | ၀၆၇-၄၁၂၂၀၁ |
| ➢ အထူးအဖွဲ့(မြစ်ကြီးနား) | ၀၇၄-၂၂၃၃၆ |
| ➢ အထူးအဖွဲ့(ဗန်းမော်) | ၀၇၄-၅၀၁၉၉ |
| ➢ အထူးအဖွဲ့(လွယ်ဂျယ်) | ၀၈၂-၅၂၈၉၀ (မူဆယ်မှတစ်ဆင့်) |
| ➢ အထူးအဖွဲ့(မူဆယ်) | ၀၈၂-၅၂၈၉၀ |
| ➢ အထူးအဖွဲ့(လောက်ကိုင်) | ၀၈၂-၇၂၀၀၃/၇၂၀၃၆ |
| ➢ အထူးအဖွဲ့(လားရှိုး) | ၀၈၂-၂၃၀၁၇/၀၉၅၂၃၅၉၆၂ |
| ➢ အထူးအဖွဲ့(တောင်ကြီး) | ၀၈၁-၂၀၀၇၆၄/၀၉၅၂၁၄၉၁၇ |
| ➢ အထူးအဖွဲ့(ကျိုင်းတုံ) | ၀၈၄-၂၁၆၃၇/၀၉၅၂၄၂၅၀၄ |
| ➢ အထူးအဖွဲ့(တာချီလိတ်) | ၀၈၄-၅၃၀၂၂ |
| ➢ အထူးအဖွဲ့(မြဝတီ) | ၀၅၈-၅၀၂၆၈ |
| ➢ အထူးအဖွဲ့(မော်လမြိုင်) | ၀၅၇-၂၆၉၈၃ |
| ➢ အထူးအဖွဲ့(ကော့သောင်း) | ၀၅၉-၅၁၉၈၁ |
| ➢ အထူးအဖွဲ့(မြိတ်) | ၀၅၉-၄၁၀၄၁/၄၁၀၀၄ |
| ➢ အထူးအဖွဲ့(ပုသိမ်) | ၀၉၈၅၄၈၀၈၇/၀၉၅၀၁၂၈၁၉ |
| ➢ အထူးအဖွဲ့(ရန်ကုန်) | ၀၁-၂၁၇၅၁၆/၀၉၅၁၂၈၈၂၆ |
| ➢ အထူးအဖွဲ့(ပဲခူး) | ၀၅၂-၂၁၀၃၀/၂၁၂၅၉ |
| ➢ အထူးအဖွဲ့(စစ်တွေ) | ၀၄၃-၂၃၆၂၅ |
| ➢ အထူးအဖွဲ့(မောင်တော) | ၀၄၃-၅၅၀၈၉ |
| ➢ အထူးအဖွဲ့(ကလေး) | ၀၉၄၇၀၇၂၂၁၀၂ |
| ➢ အထူးအဖွဲ့(မကွေး) | ၀၆၃-၂၃၃၇၄/၂၅၀၁၆ |
| ➢ အထူးအဖွဲ့(မိတ္ထီလာ) | ၀၆၄-၂၄၇၁၄/၂၃၀၅၄ |
| ➢ အထူးအဖွဲ့(မန္တလေး) | ၀၂-၇၃၈၃၀ |
| ➢ UNIAP | ၀၁-၂၅၄၈၅၂/၂၅၄၈၅၃ |

အထူးအဖွဲ့- လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအထူးအဖွဲ့

www.burmeseclassic.com

www.burmeseclassic.com

# မငြိမ်းချမ်းသောဘဝများ


ရဲမြတ်သွေး (မော်လမြိုင်)

❑ နွေရက်တွေက
လေအသက်မှာ
မြေထက်သို့
လွင့်ကြွေတယ်။

❑ ပြိုးပြိုးပြက်ပြက်
မိုးကြိုးလက်နက်နဲ့
လျှပ်နွယ်ဝင်းလို့
ကမ္ဘာမြေတစ်ခွင်
အုံ့မှိုင်းစေတယ်။

❑ အဟောင်းတွေနူး
ရွက်သစ်တွေဖူး
အထူးထူးသော
အလှတရားနဲ့
ရှုးမှုးလောက်အောင်လှသည့်
ချမ်းအေးတဲ့ရာသီ။

❑ အသက်တွေကြီး
ရာသီတွေသာ
ပြောင်းသွားပေမယ့်
အလှတရားကိုလည်း
မခံစားတတ်
ဘဝမှန်သား
မျက်နှာပြင်ထက်မှာ
ကုသိုလ်လည်းမလုပ်
အကုသိုလ်အထုပ်ကို
ချိုင်းမှာပိုက်ရင်း



တချို့က
သောကမီးတွေလောင်မြိုက်
တချို့က
လောဘတကြီးနဲ့
သံသရာအမှောက်တိုက်ထဲမှာ
ဘဝကိုရုန်းကန်ရင်း
အသက်ကို အဆုံးခံလိုက်ကြတယ်။ ။




www.burmeseclassic.com

www.burmeseclassic.com

# အလေအလွင့်သီချင်း

ဒီလူညီ

* အမေ့ခြံထဲမှာတော့
ကျွန်တော်က နုပိုလီယံပေါ့
အမေ့ကျွင်းထဲမှာတော့
ကျွန်တော်ဟာ တိုက်စစ်မှူး မက်ဆီပေါ့
အမေ့ပြကွဒိန်မှာတော့
ကျွန်တော်ဟာ ပြဿဒါးမဲ့ ရက်ရာဇာပေါ့
အမေ့သက္ကရာဇ်အောက်မှာတော့
ကျွန်တော်ဟာ ဈော်နသန် ဆီးဂါးလ်ပေါ့
ဒါပေမဲ့ ကျွန်တော်ဟာ
ဈေးပေါင်ကျိုးနေတဲ့ ပလေယာ
ဒါပေမဲ့ ကျွန်တော်ဟာ
အလေအလွင့် ကြက်ခြေခတ်
ဒါပေမဲ့ ကျွန်တော်ဟာ
အောက်ဆုံးထပ်မှာဖွင့်နေတဲ့
ရန့်သေ သီချင်းတစ်ပုဒ်ပေါ့
အဝေးကွင်းမှာ
သူတို့ရဲ့ကွင်းမှာပေါ့ အမေရယ်။ ॥



BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



# စိတ်ရှုးပေါက်လို့ ရေးတဲ့ကဗျာ

စပိုင်

❈ အိပ်မက်တွေ အကောင်အထည်ဖော်ဖို့
အစွမ်းအစမရှိတဲ့သူပါ
ဒီလိုနဲ့ သမားရိုးကျ နာရီတွေထဲ
အသက်တွေ ကြီးကြီးလာခဲ့။

❈ အချစ်၊ အလွမ်းတွေကလည်း
ဇာတ်လမ်းထဲမှာပဲ လှတတ်တာမျိုးလေ
ဒီလိုနဲ့ အထီးကျန် နာရီတွေထဲ
ညတွေနက်နက်လာခဲ့။

❈ တစ်ခါတစ်ရံရဲ့ တစ်ခါတစ်ရံတွေကျမှ လွမ်းတတ်သူပါ
အားနာတတ်ခြင်းက အထင်အမြင်ကိုတောင် လွဲစေနိုင်သလို
ဒီလိုနဲ့ အမြင်မှန်တွေ ခဏခဏ မှေးထားပြီး
စိတ်ကူးဝတ်စုံတွေပဲ ဆက်လက်ဝတ်ဆင်နေဆဲ။

❈ နာရီတွေ ဘယ်တော့မှမရပ်သလို
ညတွေက လှည့်စားတတ်မြဲ
တိတ်ဆိတ်မှုက စိတ်ရှုးပေါက်စေရဲ့
တစ်ကိုယ်ရေ ညတွေထဲ
ကိုယ့်အတွက်ကိုယ် လုပ်မြဲ လုပ်နေစေ။
ဒေလီယာရေ.....
ပိုဆုံးဖြတ်ချက်တွေ အနှောင့်အယှက်ကင်းအောင်
စိတ်ရှုးပေါက်မှုတွေ လွှင့်ပစ်ပေးပါ။ ။





www.burmeseclassic.com

www.burmeseclassic.com




# စုန်းပြူး

လမင်းသစ္စာ

❀ သူ့နေရာ သူ့ဒေသ
သူ့နယ်ပယ် သူ့ဝန်းကျင်မှာ
သူဟာ
ဘယ်လောက်အင်အားကောင်းပါစေ
ဘယ်လောက်တန်ခိုးထွားစမ်းပါစေ
အကြောင်းမဟုတ်။

❀ ဒါပေမဲ့
သူ့ကြောင့်
ကိုယ့်ပတ်ဝန်းကျင်ရဲ့ အရည်အသွေး
ကိုယ့်ပတ်ဝန်းကျင်ရဲ့ ဂုဏ်သိက္ခာတွေ
လျော့နည်းကျဆင်းလာမှုကိုတော့
ဂရုစိုက်ရလိမ့်မယ်
ပေါင်းမြက်ကို
ခေါင်းအထက်မကျော်စေနဲ့ သူငယ်ချင်း။





www.burmeseclassic.com

www.burmeseclassic.com



# မိုင်းပွန်သား

ရဲထက်ဇော်

▌ တိုင်းသိပြည်သိ
အမိကိုချစ်ကြသူတွေကြား
သမိုင်းဝင်သားတစ်ဦးအဖြစ်
သူချစ်တဲ့ ဇာတိမြေကို
ကမ္ဘာသိကြေညာနိုင်ခဲ့သူ။

▌ ဘဝကို
နေလို လလို တောက်ပအောင်
အလင်းလက်ဆုံး စွမ်းဆောင်နိုင်ခဲ့ပြီး
အနိုင်နဲ့ပိုင်းရခါနီးမှ
တစ်ခရီးတည်းသွား အဖော်တွေနဲ့အတူ
အချိန်မတန်ဘဲ အိမ်ပြန်စောခဲ့သူ။

▌ ရွှေလင်ဗန်းနဲ့ အချင်းဆေး
မင်းသွေးစင်စစ်ဖြစ်ပေမယ့်
ဇာတိမြေကိုချစ်တဲ့ စိတ်အခြေခံကြောင့်
ဟိတ်တွေဟန်တွေ ကြီးမားတဲ့အရပ်မှာ
အနေမြတ်ဖို့ အရေးမလုပ်
ကိုယ့်အထုပ် ကိုယ်ထမ်းပြီး
လာလမ်းကိုပြန်ခဲ့သူ။

▌ အပြန်ခရီးမှာ
နာကြည်းမှုတွေပဲ သယ်ဆောင်ခဲ့လေမလား
ခရီးသွားအဖော်မွန်တွေနဲ့ ခွဲရလို့
ထိခိုက်ကြေကွဲ
ငမ်းနည်းနေခဲ့လေသလား
သူ့အစား ခံစားနားလည်ရခက်ပေမယ့်
မျက်ရည်နဲ့ ဂုဏ်ပြုကြိုဆိုခဲ့ကြသူတွေက
တစ်လမ်းလုံး အနန္တ။



▌ အခုတော့လည်း
အာဇာနည်မျိုး သေရိုးမရှိဆိုတဲ့ခေတ်မှာ
လူဖြစ်ခဲ့ရတာကို ဂုဏ်ယူရင်း
အမတ်ကြီး အနန္တသူရိယရဲ့
''သူတည်းတစ်ယောက်''ဆိုတဲ့
မျက်ဖြေလင်္ကာကို ဆိုညည်းရင်း
တစ်နှစ်တစ်ခါ ပုံမှန်လာတတ်သူတွေနဲ့
ကင်းဝေးတဲ့အရပ်မှာ
အေးချမ်းစွာ အိပ်စက်နေလေရဲ့။



www.burmeseclassic.com

www.burmeseclassic.com



# မျိုးဆက်သစ်တွေ ငြိမ်းချမ်းပြီ

- ကမ္ဘာ့ရွာကြီးကိုကြည့်
  တွေ့တာတွေရှိသလို
  မတွေ့တာတွေလည်းရှိတယ်။
- တွေ့တာတွေက
  တွေ့တဲ့အစုနဲ့။
- မတွေ့တာတွေက
  မတွေ့တဲ့အစုနဲ့။
- ဟိုတစ်စု၊ ဒီတစ်စု စုကာ
  မတွေ့လို့ မတွေ့တဲ့အကြောင်းတွေပြောပြီး
  တိုက်ခိုက်နေရင်၊ ပစ်ခတ်နေရင်
  အသေခံဗုံးခွဲနေရင်၊ နာကြည်းနေရင်
  အသက်သေရုံ၊ ကြေကွဲရုံ
  ပျက်စီးရုံပဲရှိမယ်
  ဘာမှ ဖြစ်မလာဘူး။
- ဒီတော့.....
  တို့ပြည်ထောင်စုမှာ ညီအစ်ကိုများရေ
  ဒါတွေကို သင်ခန်းစာယူ
  စိတ်တူကိုယ်တူ၊ အသိနဲ့ကူ
  ကြည်ကြည်ဖြူဖြူ၊ ငြိမ်းချမ်းအလံကို
  တို့တစ်တွေ ဝိုင်းဝန်းထူမယ်ဆိုရင်။ ။



လှိုင်ခင်အုန်း (အဝရဥ္စရ)




www.burmeseclassic.com

www.burmeseclassic.com



# အထွေးလေး

နိုင်လွမ်းသျှစ် (ပေါက်တော)



▲ အထွေး.....
မင်းသိနိုင်ပါစေ
ရင်ကွဲပေါင်း ကုဋေကုဋာထဲမှာ
အဆုံးမရှိသော ညတွေနဲ့
မင်းကို ငါလွမ်းတယ်
အသင်္ချေ ရင်နာစုရာတွေကြောင့်
ငါ့မျက်ရည် သမုဒ္ဒရာဖြစ်ရပြီ အထွေး။

▲ ငါ့သံသရာ၊ ငါ့ဝဋ်ကြွေးတွေက
မင်းရဲ့ ၂၆ နှစ်မြောက်နေ့မှာ
ရက်စက်ခြင်းရဲ့ ဖြစ်စေခဲ့ပြီလား။
အထွေးရယ်.....။

▲ ဒီမြေတစ်လွှာ အကြင်နာမဲ့ရလေခြင်း
ငါ့အတိတ်၊ ငါ့နိမိတ်ဆိုးတွေအတွက်
မင်းရန့် တောင်ပံခတ်သံတွေနဲ့
ပေးဆပ်ခဲ့တာမျိုးလား အထွေး။

▲ အထွေး.....
မင်းရုပ်ခန္ဓာထဲမှာ
ငါ့အသွေးအသားတွေရှိတယ်
ငါ့ဘဝ၊ ငါ့အနာဂတ်ရှိတယ်
ငါ့အိမ်၊ ငါ့မိသားစုရှိတယ်
ငါ့မြေ၊ ငါ့ပြည်ရှိတယ်။

▲ မင်းဝိညာဉ် ငါ့ခန္ဓာထဲမှာရှိတယ်
ပေသုံးထောင်မြင့်သော ရိုးတောင်တန်းပေါ်မှာ
မင်းခြေရာကို ငါတွေ့တယ်
ပင်လယ်ဝမှာ ရင်ဆို့နေသော ငါ့ကို
လခြမ်းမြေရဲ့ အမြင့်ဆုံးစွန်တောင်ထိပ်က၊
မင်းမြင်နိုင်ပါစေ အထွေး
ရာဇဝင် အနန္တတစ်ခွင်၌
မင်းရဲ့သက္ကရာဇ်တွေ
ကောင်းရာသုခကမ္ဘာမှာ
သီတာစမ်းရေလို အေးမြပါစေ
လန်းရွှင်ပါစေ၊ ပျော်ပါစေ အထွေးလေး။



www.burmeseclassic.com

www.burmeseclassic.com



# နှုတ်ဆက်ခြင်း


မောင်ကောင်းတင် (ကျောက်ဆည်)

❑ ဝေဟင်မှာ လေနှင်ရာ
လွင့်ပါးချင်တယ်
ချည်နှောင်ထားတဲ့ကြိုးက
ကြီးမားလွန်းတော့
ရစ်ဘီးရှိရာကိုပဲ
ပြန်လာနေရတယ်။

❑ မျှော်လင့်ခြင်းတွေ
အဆိပ်သင့်နေလို့
ကောင်းကင်ယံမှာ
မပျံဝဲနိုင်သေးဘူး

❑ အက်ဆစ်မိုးတွေ
သဲသဲမဲမဲ
ရွာချတော့
နှလုံးသားရဲ့ စွန်ငယ်လေး
ပေါက်ပြဲစုတ်ပြတ်သွားပြီ။

❑ အချစ်ဆုံးရေ.....
မင်းအတွက်
အမြဲတမ်း
အရှုံးပေးနေမိတဲ့
ငါ့ရဲ့
ဒီတစ်ခါ
အရှုံးပေးခြင်းဟာ
နောက်ဆုံးနှုတ်ဆက်ခြင်း
ဖြစ်ခဲ့ပါပြီ။ ။





www.burmeseclassic.com

www.burmeseclassic.com



# ကျော်
# ဗိုလ်ချုပ်အောင်ဆန်း၏
# သမိုင်းဝင်ဆောင်းပါးတစ်ပုဒ်

***ယခုဖော်ပြပါဆောင်းပါးသည် ဗိုလ်ချုပ်အောင်ဆန်း တက္ကသိုလ်ကျောင်းသားဘဝက တက္ကသိုလ်အိုးဝေမဂ္ဂဇင်းတွင် ရေးသားခဲ့သော ကိုလိုနီခေတ် ပညာရေးနှင့်ပတ်သက်သည့် ဆောင်းပါးဖြစ်ပါသည်။ အဆိုပါဆောင်းပါးကို အများပြည်သူတို့ လေ့လာနိုင်ရန် ရှာဖွေဖော်ပြခြင်းဖြစ်ပါသည်။***


တိုင်းပြည်ထူထောင်ရေးလုပ်ငန်းတွင် လူကြီးနှင့် လူငယ်ဟူ၍ အလုပ်သမား နှစ်မျိုးနှစ်စားရှိလေသည်။ လူကြီးတို့အဖို့မှာ ကောင်းမွန်သော နည်းလမ်းများကို ညွှန်ပြနိုင်သည့် စွမ်းရည်သတ္တိ ရှိစေရမည်။ လူငယ်တို့မှာလည်း ထိုသို့ ညွှန်ပြသည့်လမ်းကို တန်းတန်းဖြောင့်ဖြောင့် ကြောက်ရွံ့ခြင်းကင်းဘဲလျက် လိုက်ရဲရပေမည်။

ယခု မြန်မာပြည်တွင်ကား လူကြီးများမှာလည်း စွမ်းရည်သတ္တိမရှိ၊ ဗလာချည်းဖြစ်နေသည်ကို တွေ့ရသည်။ လူငယ်တို့အား ကောင်းမွန်သော နမူနာပြရမည့်ဖြစ်သော လူကြီးများစွာတို့သည် ကလပ်တက်ခြင်း၊ ဖဲရိုက်ခြင်း၊ အမျိုးမျိုး ကလိမ်စေ့ ငြိမ်းဆင်သည့် အမူမျိုးသာတွေ့ရ၏။ သို့ဖြစ်ရကား အကယ်၍ လူကြီးများညွှန်ပြမည့်အတိုင်း ဆောင်ရွက်ရမည့် လူငယ်များမှာ ညွှန်ပြမည့်အလင်းရောင် ကင်းမဲ့လျက် အမိုက်မှောင်ထဲတွင် ခြေစမ်းလက်စမ်းဖြင့်သာ အချိန်ကုန်ရလေသည်။

အချို့သောသူတို့က လူကြီးများကို ဆဲသည့်ပို လူငယ်တို့အား အပြစ်တင်ကြလေသည်။ ချို့သော်

www.burmeseclassic.com





လည်း ဤကိစ္စမှာ လူငယ်နှင့်လူကြီး နှစ်ဦးနှစ်ဖက်စလုံး အပြစ်မကင်းကြပေ။ လူကြီးတို့မှာ ဖော်ပြခဲ့သည့်အတိုင်း ကောင်းမွန်သော လမ်းညွှန်ပြခြင်းမရှိ။ လူငယ်တို့မှာ လူကြီးတို့၏ အပြစ်ကို ပြရုံမှတစ်ပါး အခြားအလုပ်ပြုခြင်းမရှိသေး။

ကျွန်ုပ်တို့အဖို့မှာကား အိန္ဒိယပြည်မှာ မဟတ္တမဂန္ဒီ၊ စီအာဒတ်၊ မိုတီလာနေရူး၊ တိလတ် အစရှိသူတို့ကဲ့သို့လည်းကောင်း၊ အိုင်ရာလန် ဒီဗလာရာ၊ အီတလီပြည် ဂရီဘောလဒီ၊ မစ်ဇနီတို့ကဲ့သို့လည်းကောင်း ကျကျနန ခေါင်းဆောင်နိုင်မည့်၊ ထိုသို့ ခေါင်းဆောင်ရဲမည့် ပုဂ္ဂိုလ်တစ်ဦး ထွက်ပါလေ၊ စောင့်လျက် ကျွန်ုပ်တို့မျှော်မည်။

နာမည်ကြီးသည့် ဤတက္ကသိုလ်၌ လမ်းညွှန်မည့် လူကြီးရှိလျှင် လူငယ်တို့သည် ရှေ့သို့တိုးတက်၍ လုပ်ငန်းကို ထွင်နိုင်မည်ဖြစ်သည့်အပြင် မိမိတို့အလုည့်ကျရောက်သောအခါ ခေါင်းဆောင်သည့်လုပ်ငန်းကို မပင်မပန်းဘဲ ထမ်းဆောင်နိုင်ပေလိမ့်မည်။ ကျွန်ုပ်တို့ လူငယ်တို့ကလည်း ထိုအချိန်၊ ထိုအခါအတွက် ယနေ့ကပင် အသင့်ပြင်ဆင်ထားရမည်၊ ကြိုးစားအားထုတ်ရပေမည်။ အထူးသဖြင့် ကျွန်ုပ်တို့ တက္ကသိုလ်ကျောင်းသားများသည် ဤအရေးတွင် အချက်အချာဖြစ်လေသည်။

သို့ဖြစ်လင့်ကစား ယခုလက်ရှိ တက္ကသိုလ်ကျောင်းသားများမှာ နာမည်ဟီးသလောက် အဆံမရှိဖြစ်နေသည်ကို တွေ့ရပေသည်။ ကျွန်ုပ်တို့ တက္ကသိုလ်ကျောင်းသားတို့သည် ယခုရရှိနေသော ကျွန်ပညာကို အပုတ်ကြီးမှတ်ထင်နေကြ၍ နားထင်သွေးရောက်ပြီးလျှင် မြန်မာတို့ပြုသမျှကို ရှုတ်ချကဲ့ရဲ့လိုသောစိတ်၊ လွတ်လပ်သော သခင်အလုပ်ကို ဂုဏ်နိမ့်သည်ထင်သော စိတ်တို့ကို မွေးမြူထားနှင့်သဖြင့် အထက်မရောက်၊ အောက်မကျ ခွသမားများ ဖြစ်နေကြလေသည်။

www.burmeseclassic.com

ကျွန်ုပ်တို့ တက္ကသိုလ်ကျောင်းသားတို့သည် ဟီရိ သြတ္တပ္ပတရား ကင်းမဲ့လျက် ၎င်းတရားကိုပင် နား မလည်နိုင် ရှိနေပေသေးသည်။ မကြောက်ရမည့်နေ ရာတွင်ကြောက်၍ မရှက်ရမည့်နေရာတွင် ရှက်နေသည် ကို တွေ့ရပေသည်။ နိုင်ငံခြားသားတို့ကိုမြင်လျှင် ဒူး တုန်ချင်သည့်စိတ် မပပျောက်သေး။ ဘောလုံးပွဲတွင် ဆဲချင်၊ ဆိုချင်၊ သောင်းကျန်းချင်သည့်စိတ်ဓာတ်မှာ လည်း အထူးရှက်စရာကောင်းလေသည်။ လွတ်လပ် သောအလုပ်ကို မခင်မင်၊ လွတ်လပ်သောဘဝ၏ တန် ဖိုးကို မသိ။ ထို့ကြောင့် လွတ်လပ်သောဘဝကို မတောင့်တ၊ မကြံဆရအောင် မကြိုးစားကြဘဲ ရွှေ ရည်မွမ်းမံထားသော လှောင်ချိုင့်ထဲတွင် အပျော်ကြီး ပျော်နေကြပေသည်။

ကျွန်ုပ်တို့ တက္ကသိုလ်ကျောင်းသားတို့တွင် အလွမ်း နာသမားတို့ကား များလှစွာ၏။ သို့သော် တလွဲလွမ်း နေသည်ကို တွေ့ရပေသည်။ သနားတတ်သောသူများ ကိုလည်း တွေ့ရပါ၏။ သို့သော် တလွဲသနားနေကြပေ သည်။ ချစ်ယောင်ဆောင်၍ သေအောင်သတ်တတ် သော ရန်သူတို့က အရှုံအရှိုက်နှင့် ငိုချင်းချသည်ကို မြင်ရသောအခါ ရင်ထဲတွင် ဖိုလှိုက်ဖိုလှိုက်နှင့် ဝမ်း နည်းသည့်စကားသံများကို ကြားရပေသည်။ ဘက် မိုက်တော်သူတစ်ယောက် မောပန်းနေ၍ ကောင်းမွန် စွာ မကစားနိုင်ရှာသည့်အခါ အတော်မသိသော လူထု ကြီးသည် မဟာကရုဏာတော် အနန္တရှိလှ၍ စုတ် တသပ်သပ် ပြောဆိုကြသည်ကိုကား ကြားသိရပေ သည်။

သို့ရာတွင် ကျွန်တွင်းနစ်၍ ရတနာ၊ ရွှေ၊ ငွေ ဆုံးပါးလျက်စီးနေသော ကျွန်ုပ်တို့၏ တိုင်းပြည်အတွက် နှင့် နံနက်စာနံနက်၊ ညစာ ညရှာစားရသော များ [illegible]လှရှာသော ဆင်းရဲသားတို့အတွက်မူကား သနား [illegible]တရားသည် ခေါင်းပါးလှပေ၏တကား။

ဤသို့လျှင် ကျွန်ုပ်တို့ တက္ကသိုလ်ကျောင်းသားများ၏ ပညာ၏ အဆိုးအကောင်းတန်ဖိုးကို မဝေဖန်နိုင်ဘဲ ရှိ လေသည်။

ကျွန်ပညာနှင့် သခင်ပညာ ဤပညာနှစ်မျိုးကို အချို့သူတို့မှာ နားမလည်ဘဲ ပြောနေကြပေသည်။ ဤပညာနှစ်မျိုးကို ရှင်းလင်းရန်မှာလည်း မလွယ်ကူ လှပေ။ ကျမ်းတစ်စောင်တစ်ဖွဲ့နှင့် ရေးသားမှ ရှင်းလင်း မည့်အရာဖြစ်လေသည်။

အင်္ဂလန်၊ ဂျပန်၊ အမေရိကန်၊ ပြင်သစ်၊ အီတလီ၊ ဂျာမနီ၊ ရုရှားတိုင်းပြည်တို့တွင် သင်ကြားသော ပညာ ရေးစနစ်တို့နှင့် အိန္ဒိယပြည်နှင့် မြန်မာပြည်တွင်ပေး အပ်သော ပညာရေးစနစ်မှာ မိုးနှင့်မြေကြီးမျှ ကွာခြား နေသည်ကို တွေ့ရလေသည်။ ပညာသင်ကြားရေးရာ တွင် အသက်မွေးဝမ်းကျောင်း ပညာရပ်များအပြင် နှိုး ရိုးသင်ကြားရာတွင်လည်း စွမ်းစွမ်းတမံ ကိုယ်ထူးကိုယ် ချွန်လိုသည့်စိတ်နှင့် ထိုသို့ပြုနိုင်သည့် အရည်အချင်း တို့ကို ကျောင်းသားလူငယ်များ မွေးမြူလာနိုင်အောင် ပြုပြင်ပေးရမည်။

အိန္ဒိယပြည်နှင့် မြန်မာပြည်ရှိ ပညာရေးစနစ်မှာ မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ် ဟူ၍ အဆင့်လေးပိုင်းမျှရှိလေသည်။ ရှိသော အဆင့် လေးပိုင်းတို့သည်လည်း ကောင်းမွန်ကျနစွာမရှိ။ ဤ မျှသော ပညာကို ကျွန်ုပ်တို့အားပေးရာတွင် သာရာ စားတွေ များလာစေ၍ ကျွန်စိတ်၊ သဘောက်စိတ် ပေါက်သူများရှိလာအောင် ဖြစ်လေသည်။ ဤရည်ရွယ် ချက်မှာ အင်္ဂလိပ်ညာကို အိန္ဒိယတွင် ပထမထွင်သူ (လောဒ်မက်ကောလေး)က လမ်းကြောင်းပြခဲ့ခြင်းဖြစ် သည်။ အိန္ဒိယဘုရင်ခံချုပ်တစ်ဦးဖြစ်သော (လော့ကာ ဇုံ)ကလည်း အိန္ဒိယပြည်ရှိ ပညာရေးစနစ်ကို ချုပ်နိုင် သမျှ ချုပ်ရမည်ဟု မြွက်ကြားဖူးလေသည်။ အကြောင်း ကား အင်ပိုင်ယာချဲ့ထွင်ရေးစနစ်ကို တည်တံ့ခိုင်မြဲစေ

www.burmeseclassic.com



ရန်ဖြစ်လေသည်။

အင်ပိုင်ယာချဲ့ထွင်ရေးစနစ်သည် အရေးကြီး အရာပါသော ကိရိယာလက်နက်ကြီးတစ်ခုဖြစ်သည်ကို ၎င်း အင်ပိုင်ယာချဲ့ထွင်ရေးကို မကြိုက်နှစ်သက်သူ အင်္ဂလိပ်လူမျိုးတချို့က အတိအလင်းရေးသားထားကြလေသည်။ အဝေးကြီးမရှာဘဲ အနီးကလေးဖြစ်သော (မြန်မာစာညွှန့်ပေါင်းကျမ်း)အချီးတွင်လည်း အင်ပိုင်ယာချဲ့ထွင်ရေးစနစ်နှင့် ပညာရေးစနစ် မည်သို့သက်ဆိုင်ကြောင်း အရိပ်အမြွက်မျှ ပြထားလေသည်။

သို့ပညာရေးစနစ်ကို အင်ပိုင်ယာချဲ့ထွင်ရေးစနစ်နှင့် တံသုတ်ကိုက်ညီလေအောင် မြန်မာပြည်၌ ပညာမသင်မနေရ ဥပဒေမထားရှိခြင်း၊ သင်ကြားရန် ဘာသာရပ်များမှာ အနည်းငယ်သာရှိ၍ အကုန်အစင် သင်မပေးခြင်း၊ ကျောင်းကန်အသီးသီးတို့တွင် ကလေးလူငယ်တို့အား အင်ပိုင်ယာချဲ့ထွင်ရေးစနစ်၏ ထောက်ပံ့သူများများဖြစ်အောင်၊ ပညာတတ်နည်းအောင် အမျိုးမျိုး အတားအဆီး၊ အပိတ်အပင်များထားခြင်းတို့ဖြစ်လေသည်။

ဥပမာတစ်ခုပြရသော် ယခု ကျွန်ုပ်တို့တက္ကသိုလ်ပညာရေးစနစ်မှာ (ဂျေဟောလဒိန်)၊ (ကာဒီနယ်နယူးမင်း)၊ (အဘရာဟင်ဖလက်နာ)၊ (ဖရော်ဖက်ဆာဇင်မန်း)စသော ပုဂ္ဂိုလ်ကြီးတို့ ရေးသားချက်များမှာ အထူးကွာခြားပြီးလျှင် အတွင်းရေးသိသူတို့သည် မည်မျှဆိုးဝါးကြသည်ကို သိကြရပေသည်။ တိုင်းပြည်ငွေနှင့် ဆောက်၍ တိုင်းပြည်ရှိလူများအတွက် ကျောင်းဖြစ်သော်လည်း ကျွန်ုပ်တို့တက္ကသိုလ် (ယုဒသန် တက္ကသိုလ် ဆရာဖြစ်သင်အားလုံးပေါင်းဆိုလိုသည်)မှာ တိုင်းသူပြည်သားတို့အား (ကလေးကို အရိပ်အယောင်ပြတယ် ဖိုးလနတ်သား)မျှသာဖြစ်လေသည်။

တိုင်းသူပြည်သားများမှာ ဤပညာရေးတွင် ဘာမျှ ပြောပိုင်ဆိုပိုင်ခွင့်မရှိ။ တိုင်းသူပြည်သားက မြှောက်တင်သော ကိုယ်စားလှယ်အနည်းငယ်မျှ အုပ်ချုပ်ရေးတွင်ပါသော်လည်း တန်ခိုးအာဏာ အလျှင်းမရှိပေ။ တက္ကသိုလ်ကောင်စီအစည်းအဝေးမှာ တစ်နှစ်တွင် တစ်ခါနှစ်ခါမျှ ပြုလုပ်၍ နာရီဝက်နှင့် အစည်းအဝေးမှာ စာတမ်းများကို ၎င်းတို့စီစဉ်သလို ဖတ်ပြပြီးလျှင် ပြီးဆုံးသွားသည်က များလေသည်ဟု ကျွန်ုပ်တို့ ကြားရလေသည်။

အချို့က မြန်မာပြည်ပညာရေးစနစ်တွင် ပညာတော်သင်စေလွှတ်ခြင်းကို ညွှန်ပြကြ၏။ ပညာတော်သင် စေလွှတ်ခြင်းသည် စင်စစ် ကောင်းမွန်သော်လည်း ကျွန်ုပ်တို့ပြည်တွင် အသုံးပြုသည့်စနစ်မှာ အလွန်ညံ့ဖျင်းနေသည်။ တစ်နှစ်လျှင် ပညာတော်သင် ၁၂ ယောက်မက တစ်ထောင်စေလွှတ်စေကာမူ ယခုစနစ်အရလွှတ်သော ပညာသင်သူတို့မှာ တစ်ရာမှ တစ်ယောက် မြန်မာပြည်အား အကျိုးရှိအောင် ပြုလုပ်နိုင်သည့် အရည်အချင်းရှိမည်မဟုတ်ပေ။

ပညာတော်သင်စေလွှတ်သည်ဆိုသည်မှာ ဘီလပ်ကိုပို့ခြင်းကိုသာ ဆိုသည်မဟုတ်။ တစ်စုံတစ်ခုသော အတတ်ပညာထွန်းကားရာသို့ ထိုအတတ်ကို အပြီးတိုင်မြောက် သင်လိုသူအား စေလွှတ်ခြင်းဖြစ်လေသည်။ သကြားလုပ်ငန်းသင်လိုသူအား သကြားလုပ်ငန်း အကြီးအကျယ်ပြုလုပ်ရာ ဌာနသို့လည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးအတတ်သင်လိုသူအား ထိုအတတ် ပြန့်ပွားရေးဌာနသို့လည်းကောင်း အချုပ်အချယ် မရှိဘဲ စေလွှတ်ခြင်းဖြစ်လေသည်။ သို့မှသာလျှင် တိုင်းပြည်ကြီးပွားနိုင်မည်။ ဤကား ကျွန်ပညာနှင့် သခင်ပညာ ခွဲပြပုံတည်း


**မိဘများသို့**

ပညာရေးနှင့်ပတ်သက်၍ မြန်မာပြည်ရှိ မိဘများထံသို့ ကျွန်ုပ်တို့ အစီရင်ခံလိုသည်။ ယခုခေတ်ကြီးသည်ကား အပြိုင်အဆိုင်ခေတ်ကြီးဖြစ်သည်ကို ၎င်း



www.burmeseclassic.com

www.burmeseclassic.com



တို့ သိရှိကောင်း သိရှိကြပါလိမ့်မည်။ အပြိုင်အဆိုင်ခေတ်ကြီးတွင် ဟောင်းနွမ်းသော နည်းစနစ်မျိုးဖြင့် ကျွန်ုပ်တို့ အရှည်သဖြင့် မတည်တံ့နိုင်ပါ။ အစိုးရရာထူးဌာနန္တရတို့အတွက်သာ မိမိတို့သားသမီးပညာရေးကို ရှေးရှုပြု၍ ညွှန်ကြားခြင်း မပြုပါလင့်။ အမျိုးနှင့်တိုင်းပြည် အကျိုးရှိစေမည့်လုပ်ငန်းများကို မိမိတို့သားသမီးများ ပြုလုပ်ခြင်းကို တားဆီးပိတ်ပင်ခြင်းမပြုဘဲ အားပေးကြစေလိုပါသည်။

ငွေအင်အားပြည့်စုံလျှင် မိမိတို့၏ သားသမီးများနှင့် သင့်တော်မည့်တိုင်းပြည်သို့ စေလွှတ်ခြင်းက ဤတက္ကသိုလ်သို့ချည်း စေလွှတ်ခြင်းထက် ပိုမိုကောင်းမွန်သည်ဟု ကျွန်ုပ်တို့ ယူဆမိပေသည်။ ဥပမာဆိုသော် ဂျပန်ပြည်သည် ယခုအခါတွင် စက်မှုပညာ၌ အလွန်ထွန်းကား၍ အခြားတိုင်းပြည်များထက် ရာခိုင်နှုန်း ၅၀ မျှ ပိုမို၍ ဂျပန်ဖြစ်ကုန်ပစ္စည်းတို့ကို နိုင်ငံခြားသို့ တင်ပို့နိုင်လေသည်။ သို့ဖြစ်ရကား ဂျပန်ပြည်သို့ မိမိတို့၏ သားသမီးများကို ပညာသင်စေလိုလျှင် ဤတက္ကသိုလ်တွင် ပညာသင်သည်ထက် အကျိုးရှိမည်ဟု ကျွန်ုပ်ထင်ပေသည်။

ကျွန်ုပ်တို့သိရသလောက်မှာ ဂျပန်ပြည်တွင် ပညာ သင်ကြားရသည့်စရိတ်သည်လည်း အလွန်ဆုံး တစ် လလျှင် ၁၀၀၊ ၁၅၀ မျှ ကျမည်ဖြစ်ရာ ကျွန်ုပ်တို့ တက္ကသိုလ်တွင် ပညာသင်ကြားရသည့်စရိတ်နှင့် များစွာမကွာပေ။ ထို့ကြောင့် မိမိတို့တစ်သက်မျှ ကောင်းစားသည်ကို မကြည့်ရှုဘဲ နောင်လာနောက်သားများ၏ အကျိုးကို မျှော်ကိုး၍ မြန်မာပြည်ရှိ မိဘများသည် မိမိတို့၏ သားသမီးများအား ကမ္ဘာတစ်ဖက်စွန်းပင် ဖြစ်စေကာမူ သောကနှင့် သံယောဇဉ်ကို ဘေးချိတ်၍ စွန့်စားသင့်သည်၊ ပညာရှိစေသင့်သည်၊ စီးပွားရှာစေသင့်သည်။ ဤသည်သာလျှင် ယခုခေတ်နှင့်ညီသော နည်းလမ်းဖြစ်ပေသည်။

[illegible]



www.burmeseclassic.com

www.burmeseclassic.com





**ကျော်မြင့် (ဟောင်ပါး)**

# အကောင်းမြင်ဝါဒရှိပါစေ

မြန်မာလူမျိုးတို့၏ စရိုက်လက္ခဏာ သွင်ပြင်၊ အခြေခံ ဘာသာတရားတို့သည် အင်မတန်မှ ယဉ်ကျေးသိမ်မွေ့ နူးညံ့လွန်းသောကြောင့် စေတနာသည် "ကံ" ဟူ၏တဲ့။ စေတနာကောင်းလျှင် ကံကောင်းမည်။ စေတနာမကောင်းလျှင် ကံမကောင်းနိုင်ကြပါလို့ လူတွေတော်တော်များများက လက်ခံထားကြပါတယ်။ စေတနာဟူသည် တူသောအကျိုးကိုပေးပြီး ချက်ချင်းလက်ငင်း အကျိုးပေးသောကံမျိုးဖြစ်ပါတယ်။

## နောင်တနှောင်းမှရတတ်

'အသိခေါက်ခက် အဝင်နက်' ဆိုသလို ဘာကြောင့်မကောင်းမှုတွေကို၊ ဒုစရိုက်တွေကို ဘာကြောင့်မဆင်ခြင်ကြသလဲ။ နောင်တဆိုတာ နောင်မှရတတ်တာမျိုးဖြစ်တတ်လို့လည်း လွန်ပြီးမှတော့ ပြန်ပြီးအဖတ်ဆယ်မရတော့ပါ။ လာမယ့်ဘေး ပြေးတွေ့ရုံပဲ ရှိပါတော့တယ်။ ကိုယ်ပြုသမျှ ကိုယ်သာခံကြရုံပဲ ရှိပါတော့တယ်။ စိတ်ရဲ့ တအင်ဖြစ်ပေါ်လာတဲ့ လောဘ၊ ဒေါသ၊ မောဟ၊ ကိလေသာ၊ တဏှာတွေကြောင့် မျက်စိတစ်မှိတ်၊ လျှပ်တစ်ပြက်အချိန်အတောအတွင်းလေးမှာ အကုသိုလ်တွေကို ပြုလုပ်မိတတ်ကြပါတယ်။

ဖြစ်ပေါ်လာတဲ့စိတ်ကို ခဏလေး အချိန်ဆွဲပြီး တစ်၊ နှစ်၊ သုံး၊ လေး ဂဏန်းစဉ်ကို တစ်ရာအထိရေတွက်ပြီး အသိနဲ့ သတိလေးကပ်ပြီး ဆင်ခြင်လိုက်မယ်ဆိုရင် မကောင်းမှုတွေကို မပြုလုပ်မိတော့ပါဘူး။ မဖြစ်သင့်ဘဲ ဖြစ်ကြရတာတွေဟာ မှန်ကန်သော နှလုံးသွင်းမှု၊ မှန်ကန်သော စိတ်သဘောထား၊ အကောင်းမမြင်တတ်တဲ့ အကောင်းမြင်ဝါဒ မရှိကြလို့သာ ဖြစ်ပါတယ်။ သို့ပါသောကြောင့် ဘာကိုပဲလုပ်လုပ် အသိတရား၊ သတိတရားလေး မိမိရဲ့ စိတ်သန္တာန်မှာ ဖြစ်ပေါ်သင့် လှပေတယ်။

## ကိုယ်ချင်းစာတရား

မကောင်းတဲ့အလုပ်အကိုင်၊ အပြောအဆို၊ အပြုအမူတွေကို လုပ်ကြတော့မယ်ဆိုရင် ပြုမူခံရမယ့်သူ



www.burmeseclassic.com

www.burmeseclassic.com

ရဲ့ မျက်နှာ၊ ပစ္စည်းဥစ္စာတွေရဲ့နေရာမှာ ကိုယ်ကနေပြီး ထဲထဲဝင်ဝင် နေကြည့်လိုက်ပါ။ သူ့မိသားစု၊ သူ့အသိုင်းအဝိုင်း စတာတွေရဲ့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး၊ သာသနာရေး၊ ရပ်ရေးရွာရေး၊ နိုင်ငံ့အရေးတွေမှာ အစစအရာရာ ဆုံးရှုံးနစ်နာ ပျက်စီးသွားကြတော့မယ်ဆိုတာ တစ်သီကြီးဆိုတာကို စဉ်းစားကြည့်ကြစေလိုပါတယ်။ သူ့နေရာမှာ ငါဖြစ်ခဲ့ရင်ကောဆိုပြီး သူ့နေရာမှာ နေကြည့်လိုက်ပါ။ ငါသာဆိုရင် သူ့လိုရော ခံနိုင်ရည်ရှိပါ့မလား၊ သူ့ လိုရော ခံနိုင်ရည်ရှိပါ့မလား၊ သူ့လိုရော ငါ စိတ်ရှည် သည်းခံ ခွင့်လွှတ်နိုင်ပါ့မလားဆိုတာ စဉ်းစားကြည့်စေ ချင်ပါတယ်။

သူ့ဘဝ၊ သူ့အလုပ်အကိုင်၊ အခွင့်အလမ်းတွေများစွာ ဆုံးရှုံးပျက်စီးသွားကြတော့မယ်ဆိုတာ သတိနဲ့ဆင်ခြင်အပ်ပေတယ်။ ငါ့ဖို့ ငါမိသားစုဖို့ တစ်ဖိုတည်းကြည့်ပြီး ကောက်ကျစ်စဉ်းလဲ၊ အကြံပက်စက်ယုတ်မာခဲ့ရင်ကော။ စားကြတော့ တစ်မိသားစုလုံး ဟက်ဟက်

**အဲဒီစီးပွားရေးကရော**
**ဘယ်လောက်များ**
**တည့်တံ့ခိုင်မြဲမှာမို့လဲ။**
**ဘယ်အထိများ စိတ်ချမ်းသာနိုင်ကြမလဲ။**
**မိဘနှစ်ပါး မွေးခဲ့စဉ်က**
**ခန္ဓာကိုယ်မှာ အမာရွတ် မရှိခဲ့ပေမယ့်**
**အနာတရကြောင့်**
**ဒဏ်ရာကို**

ပက်ပက်၊ ပြုံးပြုံးရွှင်ရွှင်နဲ့ စားကြ၊ သောက်ကြ၊ ကြွားကြ၊ ဝါကြ၊ ဂုဏ်မာနတွေ ပြိုင်ကြမှာ။ ခံစရာရှိရင် ကိုယ်တစ်ယောက်တည်း အလူးအလဲ ခံရမှာ။ ကာသဝိပါက် နောက်ပိုးတက်၏တဲ့။ မတရား ယုတ်မာအနိုင်ကျင့်ထားရင် ဒီဘဝမှာတင် (သို့) သံသရာမှာ ပြန်ကြွေးတွေ ပြန်လည်ပေးဆပ်ရမှာကိုတော့ နှလုံးသွင်းပြီး သတိနဲ့ဆင်ခြင်အပ်ပေတယ်။

အဲဒီစီးပွားရေးကရော ဘယ်လောက်များ တည့်တံ့ခိုင်မြဲမှာမို့လဲ။ ဘယ်အထိများ စိတ်ချမ်းသာနိုင်ကြမလဲ။ မိဘနှစ်ပါး မွေးခဲ့စဉ်က ခန္ဓာကိုယ်မှာ အမာရွတ် မရှိခဲ့ပေမယ့် အနာတရကြောင့် ဒဏ်ရာကို ဖျောက်ဖျက်ပစ်လို့ မရနိုင်သလို အဲဒီမကောင်းမှုတွေကလည်း မီရာဘဝမှာ ခံရမယ်ဆိုတာ မြေကြီးလက်ခတ်မလွဲပါ။ ဘာကြောင့်လဲဆိုပါလျှင် ကုသိုလ်သည် ကုသိုလ် အလိုက် စံစား ခံစားရပြီးတော့ အကုသိုလ်သည် အကုသိုလ်အလျောက် မီးများမီးနိုင်၊ ရေများရေနိုင် ဆိုသလို ပြေးမလွတ်နိုင်ဘူးဆိုတာ သတိချပ်သင့်ပေတယ်။

### တူသောအကျိုး

ပြုသူအသစ်၊ ဖြစ်သူအဟောင်းတဲ့။ ဒိဋ္ဌမေဝေဒနီယကံဆိုတာ ချက်ချင်းလက်ငင်း အကျိုးပေးသောကံကို ဆိုလိုခြင်းဖြစ်သလို ဆင်းရဲခြင်းသည် အပြစ်မဟုတ်ပါ။ မှန်ကန်သော အသက်မွေးဝမ်းကျောင်းခြင်းသည်ပင်လျှင် ဂုဏ်တောင်ရှိနေပါသေးတယ်။ မမှန်မကန် ကြီးပွားခြင်းသာလျှင် အင်မတန်မှ ရှက်ဖို့ကောင်းပြီး မျက်နှာမြင်လျှင် ရွံစရာတောင်ကောင်းနေပါသေးတယ်။ လူတွေမမြင်ကြပေမယ့် နတ်ကောင်းနတ်မြတ်တွေ၊ လောကပါလနတ်တွေ မြင်ပါတယ်။ မကောင်းမှုသည် ဆိတ်ကွယ်ရာမရှိပါတဲ့။ ယုတ်စွာခြင်း မတရားသောနည်းနဲ့ စားနေသော ထမင်းနှပ်နပ်သည်


www.burmeseclassic.com

www.burmeseclassic.com

ပင်လျှင် အဆိပ်အပင်။ အဆိပ်အတောက်တွေကို မျိုချနေခြင်းနဲ့တူပါတယ်။ အကုသိုလ်တွေ အတုံးလိုက် အတစ်လိုက် မျိုချနေခြင်းပါ။ ဘယ်လိုကောင်းသော အစားအစာတွေ စားနေရပါမှ သုံးဆယ့်နှစ်ချောင်းသော သွားတွေနဲ့၊ သလိပ်တွေနဲ့တွေ့ရင် ရွံရှာစက်ဆုပ်စရာ တွေချည်း ဖြစ်နေပါတယ်။ ခွေးအန်ဖတ်ကြီးနဲ့တူနေတာ သတိထားဆင်ခြင်ပါလျှင် သိသာလွန်းအားကြီးပါတယ်။

**ဆိပ်အတောက်တွေကို**
**မျိုချနေခြင်းနဲ့တူပါတယ်။**
**အကုသိုလ်တွေ အတုံးလိုက် အတစ်လိုက်**
**မျိုချနေခြင်းပါ။**
**ဘယ်လိုကောင်းသော**
**အစားအစာတွေစားနေရပါမှ**
**သုံးဆယ့်နှစ်ချောင်းသောသွားတွေနဲ့၊**
**သလိပ်တွေနဲ့တွေ့ရင်.....**

## အကြောင်းရှိမှ အကျိုးဖြစ်

လူပုဂ္ဂိုလ်အားလုံးတို့သည် သံသရာကြွေးကို နောင်ဘဝအထိ ယူဆောင်မသွားသင့်ပါ။ အသက်ရှင်နေသမျှ ပြန်လည်ပေးဆပ်ဖို့ မမေ့သင့်ပါ။ စာရေးသူ တို့ငယ်စဉ်က နွားအုပ်တွေထဲမှာ ထူးထူးခြားခြား နွားတစ်ကောင်သည် သူ့ရဲ့ဝမ်းဗိုက်မှာ (သုံးရာနှစ်ဆယ့်ခြောက်)ဆိုသော စာဂဏန်း အမှတ်အသားကြီး ပါခဲ့ဖူးပါတယ်။ စာရေးသူကတော့ ငယ်ရွယ်၍ မစဉ်းစားတတ်ခဲ့ပါ။ အကြောင်းတစ်ခုခု တော့ ရှိခဲ့မယ်ဆိုတာ လူကြီးမိဘတွေ ပြောခဲ့ကြတာ မှတ်သားကြားယောင်နေမိပါသေးတယ်။ အကြောင်းရှိလို့သာ အကျိုးပေါ်လာခြင်းမျိုးဖြစ်ပါတယ်။

သူတစ်ပါး အကျိုးစီးပွားပျက်စီးမယ့် အပြောအဆို၊ အလုပ်အကိုင်တွေ မပြောမိကြစေဖို့ အထူးသတိထားကြဖို့ လိုပါတယ်။

သူတတ်စွမ်းသော အလုပ်အကိုင်သည် ကိုယ်မတတ်စွမ်းနိုင်သလို ကိုယ်တတ်စွမ်းသော အလုပ်အကိုင်သည်လည်း သူမစွမ်းဆောင်နိုင်ပါ။ လူပုဂ္ဂိုလ်၊ သတ္တဝါတိုင်းသည် သူ့ကိုယ်ပိုင်အရည်အချင်း မွေးရာပါ ဗီဇကမ္မစိတ်ဆိုတာ အလိုလို တတ်လာပြီးသား ဖြစ်သလို မြင်း၊ ကြား။ သင် အတတ်ပညာချင်းလည်း မတူညီနိုင်ကြပါ။

မိမိကိုယ်တိုင် မိမိပြုလုပ်ခဲ့သော ကမ္မာဝါစာရ ကံတွေကြောင့် တွေ့ဆုံကြုံကွဲ ဖြစ်မြဲဓမ္မတာကြီးပေပဲမို့ ချစ်စကိုရှည်စေ၊ မုန်းစကိုတိုစေဆိုတဲ့ ဆိုရိုးစကားအတိုင်း ကိုယ်ချင်းစာတရား၊ မေတ္တာတရားကို လက်ကိုင်ထားပြီး တစ်မြေတည်းနေ၊ တစ်ရေတည်းသောက် တစ်အူထုံ့ဆင်း ညီအစ်ကိုအရင်း၊ မောင်နှမအရင်းများ သဖွယ် ပေါင်းသင်းဆက်ဆံ ပြုမူလုပ်ကိုင် ဆောင်ရွက်နိုင်ကြဖို့ တိုက်တွန်းရေးသား တင်ပြလိုက်ရပါတယ်။

**ကျော်မြင့် (ဟောင်ပါး)**



www.burmeseclassic.com

www.burmeseclassic.com



မောင်သိန်းနိုင်

# ကိုလူရွှေထံသို့ အလည်တစ်ခေါက်



www.burmeseclassic.com

www.burmeseclassic.com






# ကိုလှရွှေထံသို့ အလည်တစ်ခေါက်

မောင်သိန်းနိုင်

ကျောင်းနေဖက်သူငယ်ချင်းကို သတိရသည်။ သတိရတိုင်း ထသွားလေ့ရှိသည်။ သွားတိုင်း ဝတ္ထုတစ်ပုဒ်ရေးဖို့ ကုန်ကြမ်းလေးတွေ ရလေ့ရှိသဖြင့် သတိရခြင်းဖြစ်သည်။ သတိရတိုင်းသွားသော်လည်း သွားတိုင်းတော့ဖြင့် ဘသားချောကို မတွေ့။ တွေ့ပြန်တော့လည်း အလုပ်များနေသဖြင့် စကားကောင်းကောင်းမပြောရ။ ညနေဘက်ဆိုလျှင် ထိုင်နေကျ လက်ဖက်ရည် ဆိုင်တွင် ရံဖန်ရံခါ တွေ့ရသည်က လွဲ၍ ဖုန်းဖြင့်ချိန်းဆိုခြင်းဖြင့် ရောက် မလာနိုင်။ တောင်ကြီးက မိုဟာမက်ဆီမလာမှတော့ မိုဟာမက်က တောင်ကြီးဆီကို သွားရမှာပေါ့။

သူငယ်ချင်းထံသို့ သူထမင်းစားပြီးချိန်လောက်ကို မှန်းပြီးသွားသည်။ အိမ်မှာမရှိကြောင်းနှင့် လက်ချာပို့ချနေကြောင်း ရဲဘော်လေး တစ်ဦးပြော၍ သိရသည်။ ရဲဘော်လေးက လိုက်ပို့သဖြင့် သူငယ်ချင်းရှိရာ လက်ချာဆောင်သို့ ရောက်ခဲ့သည်။ အဆောင်တွင် မှုခင်းဖော်ထုတ်နည်း ဘာသာရပ်တစ်ခုကို ပရိုဂျက်တာဖြင့် ရှင်းလင်းပို့ချနေသည်ကို တွေ့ရသည်။ ရဲဘော်လေးက သတင်းပို့လိုက်သဖြင့် မြင်တွေ့သွားသည်။

"စာတိုင်ညီကြီးပါလားဟ၊ ငါ Work Shop တစ်ခုလုပ်နေလို့၊ မင်းလည်း နားထောင်မယ်ဆိုထိုင်ကွာ၊ တို့လုပ်ငန်းတွေရဲ့ တစ်စိတ်တစ်ဒေသပေါ့ကွာ၊ ဥပဒေဆိုတာ နိုင်ငံသားတိုင်း သိသင့်ပါတယ်၊ ထိုင်ချင်ထိုင်ကွာ"



စာတိုင်ညီဆိုသူက နောက်ဆုံးတန်း တစ်ခုံတွင် ဝင်ထိုင်လိုက်သည်။ မည်သည့်အခါမှ အတန်းဖြုတ်ပြီး လာစကားပြောမည်မဟုတ် ဆိုတာကိုလည်း သိထားသည်။ ထိုးပြထားသည့် ပရိုဂျက်တာကို လှမ်းကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

အင်္ဂလိပ်ဘာသာဖြင့် ရေးထားသည်များကိုတွေ့ရသည်။ Work Shop တွင် အရာရှိ အဆင့်များကိုသာ တွေ့ရသည်။ ကျောင်းမှာတင် စာသင်ရသည် မဟုတ်။ အလုပ်ခွင်မှာလည်း စာသင်တာ ရှိပါသေးလားဟု တွေးမိသည်။ သူငယ်ချင်း ရဲအရာရှိ၏ အသံခပ်ဩဩ၊ ရှင်းလင်းပြောပြနေသည်မှာလည်း ဒိုးဒိုးဒေါက်ဒေါက်ကိုနေလို့။

ကျောင်းမှာကတည်းက အင်္ဂလိပ်စာ ဝါသနာပါသူဖြစ်ပြီး E-Major ဖြင့် ကျောင်းပြီးခဲ့သူဖြစ်သည်။ စာတိုင်ညိုကလည်း ရှိရင်းစွဲဝါသနာအရ မြန်မာစာဖြင့်ကျောင်းပြီးခဲ့ခြင်းဖြစ်သည်။ ပရိုဂျက်တာပေါ်က စာသားများနှင့် ရင်းနှီးမှုမရှိသဖြင့် နားမလည်ဘဲ ဖြစ်နေသည်။ ဆက်လက်ပို့ချနေသည်။

"တချို့ကျူးလွန်သူက သူပြစ်မှုကျူးလွန်ခဲ့ကြောင်းကို အလွယ်တကူပဲ ဝန်ခံလိုက်တယ်၊ ဒါပေမဲ့ အဲဒီလိုဝန်ခံမယ့် သက်သေအထောက်အထားကျတော့ ကွယ်ဝှက်ထားပြန်ရော၊ သူ့ရည်ရွယ်ချက်က တရားရုံးမှာ ခိုင်မာစွာ မပေါ်ပေါက်ရေး အတွက်ဖြစ်တယ်၊ စနစ်တကျ ခုခံကာကွယ်ရေးလမ်း ကြောင်း အနေနဲ့ သုံးတယ်၊ Line of defence ချပြီး ကြိုးပမ်းတော့တာပဲ"



နားထောင်မှတ်သားနေသည့် အရာရှိများကို တစ်ချက်အကဲခတ်လိုက်ပြီး.....

"ဒီလိုကျူးလွန်သူမျိုးကို ဘယ်လိုလုပ်ကြမလဲ"

အရာရှိများက တစ်ယောက်တစ်ပေါက်နှင့် ဖြေကြားကြသည်။

"နှစ်နည်းပဲရှိတယ်၊ ဘာလဲဆိုတော့ စစ်မေးခြင်းဆိုတာနဲ့ စစ်ကြောခြင်းဆိုတာပဲ၊ ရှင်းအောင် ပရိုဂျက်တာကို ကြည့်ပါ၊ Press Say ပြီးရင် ထပ်ရှင်းပြမယ်"

Interview. An interview is a relatively formal conversation conducted for the purpose of obatin information.

Interrogation. An interrogation is a sysmetic questioning of an individual. It is usually conducted for the purpose of determining person's or some other person's extent of involvement in a crime.

အင်္ဂလိပ်စာနှင့်ပတ်သက်၍ လေ့လာမှုအားနည်းသဖြင့် ပရိုဂျက်တာပေါ်မှ စာများကို တစ်လုံးမှနားမလည်။ သို့သော် သူငယ်ချင်းတစ်ယောက်လုံးရှိတာပဲ၊ နောက်မှ မသိတာတွေမေးတော့မည်ဟု စိတ်ထဲ တွေးထားလိုက်သည်။ တွေးနေစဉ် မှာပင် ပရိုဂျက်တာတွင် နောက်တစ်ကွက် ထင်ပေါ်လာပြန်သည်။

Interrogation Techniques

Interrogations should be held in a room that is idesly designated for interrogation purpose only. The room should be physically isolated from the busting activity that often characterizes the police department. Ideally,the room should be

www.burmeseclassic.com



well it,the room should be secure, protected against interruptions,and equipped with some means of communication to outside areas such as a buzzer system or office intercom. Furnishings should be mininal consisting of chairs preferable without a desk and containing pencil and paper but devoid of distracting decorations.

ဆက်ထိုင်နေလည်း အကျိုးထူးလာနိုင်စရာ မမြင်သဖြင့် စာတိုညီျဆိုသူက ပို့ချနေသည့် သူငယ်ချင်းကို လက်ဟန်ခြေဟန်ဖြင့်နှုတ်ဆက်ထွက်ခွာခဲ့ရသည်။ သူငယ်ချင်းဖြစ်သူ၏ အသံထွက်ကောင်းလှသည့် အသံသြသြက တဖြည်းဖြည်း ဝေးကျန်ခဲ့သည်။ ရဲတပ်ဖွဲ့က အသွင်သဏ္ဍာန်ရော၊ အနှစ်သာရပါ ပြောင်းလဲလာနေပါလားလို့ တွေးမိသည်။ အင်တာပိုလ်နဲ့လည်း ဆက်သွယ်လုပ်ကိုင် ဆောင်ရွက်နေရတော့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအဖြေဖြင့် အင်္ဂလိပ်စာကို 'ထုံးလိုချေ၊ ရေလိုနှောက်' နိုင်မှ ဖြစ်ပေမည်။ ဒုစရိုက်လောကသားများကလည်း ရှေးခေတ်က ခိုးသားငါးရာများမှ မဟုတ်တော့တာ။ နည်းမျိုးစုံနဲ့ ရန်ပုံခွင်းဖို့အတွက် တိုးတက်ခေတ်မီတဲ့ နည်းစနစ်မှမရှိရင်

> တော်တော်များများကို
> လက်လှမ်းမီသည်ဟု
> တွေးထင်ထားလေသမျှ
> ကိုလှရွှေထံ အလည်
> တစ်ခေါက်ရောက်ပါမှ
> မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို
> ပို့ချမှုနှင့်တွေ့ပြီးမာန်
> ကျတော့သည်။
> တော်တော်လေး
> ချောင်းပါမှ....

ဥပဒေ ဘက်တော်သားတွေ ကျန်ခဲ့တော့ မပေါ့။ စာတိုညီျက တစ်စုံတစ်ရာ ကို တွေးမိပြီး.....

"ငါတောင် ကျန်ခဲ့မှန်းမသိ ကျန်ခဲ့ပါပကောလား"

♛♛♛♛♛

လည်ပင်းဖက်ပေါင်းလာသူများ ဖြစ်၍ စာကြမ်းပိုးလုပ်ပြီး စာတွေပေတွေ ရေးနေသူကို 'စာတိုညီျ' ဟု ချစ်စနိုးဖြင့်ခေါ်ပြီး ရဲအရာရှိလုပ်နေသူကိုလည်း 'ကိုလှရွှေ' ဟု ခေါ်ပြန်သည်။ တစ်ခါတစ်ရံ တစ်ယောက်နှင့်တစ်ယောက် 'ကိုချင်' ဟုလည်း ခေါ်ကြပြန်သည်။ စာတိုညီျဟုခေါ်သူက သူငယ်ချင်းဖြစ်သူကို မတွေ့ရမနေနိုင်အောင်ဖြစ်နေသည်။ အကြောင်းရင်းကလည်း ရှိနိုင်မာသည်။

တော်တော်များများကို လက်လှမ်းမီသည်ဟု တွေးထင်ထားလေသမျှ ကိုလှရွှေထံ အလည်တစ်ခေါက်ရောက်ပါမှ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို ပို့ချမှုနှင့်တွေ့ပြီး မာန်ကျတော့သည်။ တော်တော်လေး ချောင်းပါမှ ရဲကိုဖမ်းမိတော့သည်။ လက်ဖက်ရည်ဆိုင်တွင် တစ်ဦးတည်းထိုင်နေသည့် ဝေဒိကို ဘွားခနဲတွေ့လိုက်သည်နှင့် မှု့ထံ အပြင်းနှင်လိုက်သည်။

"ကိုလှရွှေကြီး မင်းဘာပြောပြောပြေး ငါ့လက်က မလွတ်ပါဘူးကွာ၊ ငါက အစိတ်သားကောင်လောက်ကို ဖမ်းချင်တာမဟုတ်ဘူး၊ တစ်ပိဿာကောင်လောက်မှ ဖမ်းချင်တာ"

"ဆားပုလင်းညီျကြီး ...လာထိုင်ကွာ၊ ငါ့ဘဝကို သည်းနားလည် ရဲ့သားနဲ့ကွာ"

"ဒါတွေထားပါတော့၊ မင်းကို မေးချင်နေတာကြာပြီ၊ မင်းဟိုတစ်



www.burmeseclassic.com

www.burmeseclassic.com



ခါ ပို့ချတဲ့ဟာက ဘာကွေလဲကွ၊ မြန်မာလိုသိချင်တယ်”

“ဟကောင်ရ ဒါ ကန့်သတ် အဆင့်အတန်းရှိတဲ့ စာတွေကွ၊ ငါ က လက်ဖက်ရည်ဆိုင်မှာ ပြောလို့ ရမလား၊ မင်းလိုကောင်ဆို ပိုတောင် ဆိုး ဦးမယ်၊ အဲဒီ နေ့က မင်း လည်း မြင် တာပဲ၊ ငါ့မေး နေရသေး လား”

“ငါမှ နား မလည်တာ၊ မင်းတို့ဟာ တွေက မြင့် တယ်ကွ၊ ငါ မင်းကို တိတ် တခိုးလေး အထင်ကြီး သွားပြီ”

“ငါ့ကိုအထင်ကြီးလို့ အပိုပေါ့ ကွ၊ ငါလုပ်တဲ့ဌာနက မင်းတို့ငါတို့ အရင့်အရင်တုန်းကလို မဟုတ် တော့ ဘူးဆိုတာပဲ မင်းသိထား လိုက်”

“အေး.....ငါလက်ခံပါတယ်၊ အရင်တုန်းက ကြားဖူးတာရှိတယ်၊ မိန်းမပျင်းတော့ ကွိတ်၊ ယောက်ျား ပျင်းတော့ ပုလိပ်ဆိုတာလေ”

“အဲဒါ မှန်တယ်လေကွာ၊ အဲ ဒီခေတ်၊ အဲဒီအခါကဆိုရင်ပေါ့၊ အခုခေတ်က ဂလိုဘယ်လိုက် ဖေးရှင်းလေ၊ အိုင်တီ...အိုင်တီ၊ မင်းသိပါ တယ်”

“ကိုလှရွှေ မင်းရှောင်လွှဲပြီး



ပြောလည်း ငါက အစကပြန် ကောက်နေမှာပဲ”

ကိုလှရွှေက တည်တည်တံ့တံ့ ဖြစ်သွားပြီး.....

“Pre Say တွေ ငါမပြောချင်ပါ ဘူးကွာ၊ ဒီလိုပါကွာ၊ အမှုတွေဖော် ထုတ်တဲ့နည်းလမ်းတွေကို Work Shop လုပ်နေတာပါ၊ ဒီနည်းလမ်း တွေနဲ့ ဒုစရိုက်လောကသားတွေရဲ့ လှည့်ကွက်တွေ၊ မြှုပ်ကွက်တွေကို

သိပ္ပံပာရပ်၊ ဝိဇ္ဇာပညာရပ်တွေ အားပြိုင်ဖော်ထုတ်နည်းတွေပါ နစ်နာသူ ပြည်သူများအတွက် တ တွေက ဒီလိုပဲလုပ်နေကြရတယ သူငယ်ချင်းရေ၊ တို့တွေရဲ့ လက် ကွက်တွေကို ပြလိုက်ရင် ငါတ ခက်သွားမှာပေါ့”

“ဟုတ်ပါ ပြီဗျာ၊ ကွန် ချက်မပြပါနဲ့ တော့၊ ဟင်းစား လေးတော့ပေး ငါ့ကို လက်ဖက် ရည်တိုက်”

လက်ဖက် ရည်ဆိုင်တွင် ငယ် သူငယ်ချင် နှစ်ယောက် ရောက် တတ်ရ ရာပြောရင်း ကိ လှရွှေကသူ့ဘာသာစကားဖြင့် ပြောပြီးနှုတ် ဆက်ထွက်ခွ သွားသည်။

“နောက်မှထပ်တွေ့ကြတာ ပေါ့ သူငယ်ချင်းရာ၊ အခုတော့ ခေတ္တ တန်းဖြုတ်”

**စာဖတ်သူများကို လေးစားစွာဖြင့်**
**မောင်သိန်းနိုင်**



www.burmeseclassic.com

www.burmeseclassic.com

# ထက်ထက်ဦးဝေ

# နှိမှဘောင်

နောင်မှသိ





www.burmeseclassic.com

www.burmeseclassic.com



# နိမ့်သောင် နောင်မှသိ

ထက်ထက်ဦးဝေ

"ဟဲ့.....မြတင်၊ မင့်သားက ဘာပြောသွားပြန်တာလဲ"

ခင်ပွန်းဖြစ်သူ ဦးချမ်းမြေ့၏ အမေးကြောင့် ဒေါ်မြတင်မှာ သားအငယ်ဆုံး ကိုငြိမ်းချမ်းပြောလာသည့်စကားလေးအား တစ်ဆင့်ပြန်လည်ပြောပြလိုက်ရ၏။ 'အဖေ့ကို မပြောပြနဲ့နော်'ဟု မှာသွားသည့် ကတိစကားလေးကိုလည်းမတည် နိုင်တော့ပေ။

"သူ ပွဲစားလိုင်းထဲ ဝင်ချင်လို့ ကျွန်မကို တိုင်ပင်တာပါတော်၊ တကတည်း သူ့ရှေ့မှာ ဘာမှမပြောခဲ့သလောက်ပဲ၊ ဒါကြောင့် ရှင့်ကို ဘာမှမတိုင်ပင်ချင်ကြတာ"



"မတိုင်ပင်ချင်လည်း နေကြပေါ့ကွာ၊ မင့်သားသမီးတွေက တိုင်ပင်တာက တော်တော်၊ မိဘကို ဒုက္ခပေးဖို့က များများ၊ ရှိတိုင်းပေး နေလို့က မင်း နိမ့်သောင်မယ်နော် မြတင်"

ဒေါ်မြတင်မှာ ဦးချမ်းမြေ့အား မကျေမနပ်အကြည့်ဖြင့် မျက်စောင်းကြီးထိုးလိုက်လေပြီ။ ဒေါ်မြတင်မှာ တစ်ချိန်က သူကြီးသမီးပီပီ မာနလေးတော့ ရှိထား၏။ ထိုစဉ်က ဦးချမ်းမြေ့သည် သူကြီး လယ်တွင် အလုပ်လုပ်နေရသည့် သူရင်းငှား တစ်ယောက်ပါ။ သူကြီးသမီး မြတင်မှာ ကွမ်းတောင်ကိုင် အချောအလှတစ်ဦးဖြစ်၍ မည်သူနှင့်မျှ တူသည်တန်သည်ဟု မထင်ပေ။ မိမိအား လာရောက်တောင်းရမ်းသူများကို အကြောင်းပြချက် အမျိုးမျိုးဖြင့် ငြင်းပယ်တတ်၏။ ဖခင်ကြီးမှာမိ တဆိုးသမီးလေးအား နောင်ရေးအတွက် စိတ်အေးရန် ရိုးသားကြိုး စားရှာသော သူရင်းငှားဖြင့် လက်ထပ်ပေးစားခဲ့လေသည်။ ဖခင်ကြီး စိတ်ချမ်းသာစေရန် ချမ်းမြေ့အား ယူခဲ့ရသော်လည်း မြတင်မှာ လင်သားဟူ၍ပင် သဘောထားခဲ့သူမျိုး မဟုတ်ပါ။ ဦးချမ်းမြေ့၏ နားလည် ခွင့်လွှတ်တတ်သော မေတ္တာစိတ်ကြောင့်သာ သံယောဇဉ်ဖြစ်သွားရပြီး ရှိသေသွားရတော့၏။ ထိုမှသား သမီးလေး များရလာခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သားသမီးလေးဦးမှာ ကိုအောင်ချမ်း၊ မစိန်ကြည်၊ ကိုရေချမ်းနှင့် ကိုငြိမ်းချမ်းတို့ဖြစ်ကြ၏။ မိန်းကလေးတစ်ဦးတည်းသာ ပါခဲ့၍ ဒေါ်မြတင်မှာ မစိန်ကြည်အား အချစ်ပိုခဲ့သူပါ။ ဦးချမ်းမြေ့ကတော့ ထိုသို့မဟုတ်။ သားသမီးအားလုံးကို တန်းတူညီတူထားကာ စိတ်ထဲတွင်ထား၍ ချစ်တတ်သည်။

မစိန်ကြည်မှာ ဒေါ်မြတင်ခြေရာနင်းသူဟု ဆိုရပါလိမ့်မည်။ ရွာမှ ဆင်းဆင်းရဲရဲ သူရင်းငှားတစ်ယောက်နှင့် လိုက်ပြေးသွားခဲ့၏။ ရင်ဆို့ကာ ကျန်ရစ်ခဲ့သူမှာ ဒေါ်မြတင်ပင်။ မစိန်ကြည်မှာ မိခင်ကို အားကျခဲ့၍လား မသိခဲ့ပေ။

"အခြေအမြစ်မရှိ အားကိုးမရတဲ့ ပျင်းကိုမှ လင်လုပ်ချင်တဲ့ဟာမ၊ နေပလေ့စေ၊ ဒီအတိုင်းကို ပစ်ထားလိုက်မယ်"

ဦးချမ်းမြေ့မှာ သမီးနှင့်သမက်အား ပြန်ခေါ်ကာ မင်္ဂလာပွဲကို ကျင်းပပေးခဲ့ရ၏။

ထို့နောက် စီးပွားခွဲကာ လယ်နှစ်ဧကအား လုပ်ကိုင်စေရန် ပေးခဲ့သော်လည်း သမက်မှာ မိမိလို ရိုးသားကြိုးစားသူမျိုး မဟုတ်ခဲ့ပေ။ ကိုယ်တိုင်မလုပ်ဘဲ အငှားလုပ်နိုင်းသည့်အတွက် ရေရှည်တွင် သမီးတော့ ခက်ပေလိမ့်မည်။ သူ့သမက်လောက်ပျင်းသည့် သူရင်းငှားမျိုး



ဦးချမ်းမြေ့ မတွေ့ခဲ့ဘူးပေ။ သမီးဖြစ်သူမှာလည်း မိုက်တွင်းနက်၏။ မိဘထံမှ ရသမျှယူကာ ယောကျ်ားအား အလုပ်မလုပ်ခိုင်းဘဲ ရှာကျွေးနေသေးသည်။ ဤသည်ကို မခံမရပ်နိုင်ဖြစ်မိသည့် ဒေါ်မြတင်အဖို့ သမီးအား ဆိုင်သာဆိုင်ပြီး မပိုင်တော့ပါ။

"ညည်းယောကျ်ားကိုလည်း အလုပ်လုပ်ခိုင်းပါဦးအေ၊ မိန်းမထဘီနား ခိုစားမနေနဲ့လို့ ပြောလိုက်၊ ဒီအရွယ်ရောက်မှ အလုပ်မလုပ်ရင် ဘယ်အရွယ်မှ သွားလုပ်မှာလဲ၊ ကျုပ်မွေးထားတာ သူများခိုင်းစားဖို့ မဟုတ်ဘူးအေ့"

စိတ်ဆိုးတုန်းပြောမိ၏။ မစိန်ကြည်သည် အလုပ်အကိုင်မရှိသော လင်သားနှင့် သားသမီးများ၏ နှိပ်စက်ရာ ကျေးကျွန်ကြီးပမာ။ မိခင်စကားအား ပြန်မပြော၊ နားမထောင်ခဲ့ပေ။ ကြာတော့လည်း သမီးကို မပြောရက်တော့ဘဲ သူ့ဘဝ၊ သူ့အကြောင်းဟုသာ သဘောထားလိုက်ပြီး တတ်နိုင်သလောက် ပေးကမ်းထောက်ပံ့ခဲ့ရပြန်သည်။ ထိုမျှနှင့် အားမရသေးပေ။

"အမေ.....အမေ့သမက်က မြို့တက်ပြီး ကုန်ကူးချင်တယ်ကွဲ့၊ ကိုချစ်ဖေကြီးတို့နဲ့ ထည့်လိုက်ချင်တယ် အမေ၊ ဒါမှ လုပ်ငန်းသဘောနားလည်ပြီး စီးပွားရှာချင်လာမှာ"



www.burmeseclassic.com

www.burmeseclassic.com


"ကောင်းတာပေါ့အေ၊ သွားပစေ"

"သွားရင် အရင်းအနှီးလိုတာပေါ့ အမေရယ်"

သမက်က အလုပ်လုပ်ချင်စိတ်ကလေးရှိတုန်း သွားခိုင်းမှဖြစ်မည်ပင်။ သည်လိုဆိုတော့လည်း အရင်းအနှီး ထုတ်ပေးရဦးမည်။ ထို့ကြောင့် ဦးချမ်းမြေ့နှင့် တိုင်ပင်မိ၏။

"ကျုပ်တော့ မထင်ဘူး မြတင်၊ အလုပ်မလုပ်ချင်တဲ့နွားကို ဖွတ်ခိုင်းနေရင် သခင်ကို ပြန်ဝှေ့လာမှာပေါ့ကွာ"

"ရှင့်သမီးတောင်းတဲ့ ရင်းနှီးဖို့ငွေကိုတော့ ပေးရတော့မှာပေါ့"

"အင်း.....မင်းတော့ နိမှ သောင်မယ်နော်"

မတတ်နိုင်ပေ။ မိမိတို့က မိဘပဲဖြစ်သည်။ သားသမီးအတွက် အရင်းအနှီးကို ထုတ်ပေးရမည့် တာဝန်မှာ မိဘ၏ ဝတ္တရားပင်။ သို့သော် အလုပ်အကိုင် အဆင်ပြေသည့်အခါ မိဘအား သိတတ်ခြင်း မရှိခဲ့ပေ။ အပေးအယူ၊ အတုံ့အလှည့် မရှိသည့် သမီးပါတကား။

မတတ်နိုင်ပေ။
မိမိတို့က
မိဘပဲဖြစ်သည်။
သားသမီးအတွက်
အရင်းအနှီးကို
ထုတ်ပေးရမည့်
တာဝန်မှာ
မိဘ၏ဝတ္တရားပင်။
သို့သော်
အလုပ်အကိုင်
အဆင်ပြေသည့်အခါ
မိဘအား......

ကြာတော့ မစိန်ကြည်၏ရန်ကိုကြောက်ပြီး သားကြီး ကိုအောင်ချမ်းက မြို့တွင်အခြေချရန် မိဘအား တိုင်ပင်လာ၏။ ဤသည်ကို ခင်ပွန်းဖြစ်သူ ဦးချမ်းမြေ့ကလည်း ထောက်ခံခဲ့ပေ။ မိဘနှစ်ပါးမှာ သားသုံးယောက်နှင့်အတူ မြို့သို့ တက်လာကြရသည်။

အသက်အရွယ်ရလာ၍ သားသမီးများကိုသာ အားကိုးရမည့် အချိန်တွင် သားကြီးနှင့် သားငယ်မှာ အိမ်ထောင်အသီးသီးပြုသွားကြလေပြီ။ အိုးအိမ်ကအစ တာဝန်ယူခဲ့ရသည့်အတွက် ရွာမှပါလာသော ပစ္စည်းလေးများပင် တစ်စတစ်စ ပရုတ်လုံးကဲ့သို့ လုံးပါးပါးခဲ့ကြ၏။ မိမိတို့မှာတော့ သားလက်ဖြင့်သာ အတူတူနေထိုင်ရင်း သားသမီးအတွက်ဆိုလျှင် ငွေကို နမြောစုံမက်ရကောင်းမှန်း မသိခဲ့သည့် ဒေါ်မြတင်ပါ။ သို့တိုင် အတောင်အလက်စုံ၍ ပြန်သွားကြသော သားသမီးများအား နေ့ရှိသရွေ့ ထိုင်မျှော်နေတတ်သေးသည်။

"တို့သားသမီးတွေထဲမှာ မောင်ရေချမ်းပဲ မိဘကိုသိတတ်တယ် ဆိုရမှာပေါ့ကွယ်၊ သူ့ခမျာ အိမ်ထောင်မပြုရှာဘဲ မိဘကိုလုပ်ကျွေးနေရှာတယ်လေ"

ဦးချမ်းမြေ့မှာ ကိုရေချမ်းကွယ်ရာတွင် ချီးကျူးစကားပြောတတ်ပေမယ့် ဒေါ်မြတင်ကဖြင့် ထိုသို့ မပြောခဲ့ပေ။ သူ့စိတ်က သမီးပေါ်တွင်သာရှိနေ၏။

"စိန်ကြည်မှ အဆင်ပြေပါ့မလား၊ ကျွန်မတို့မရှိလို့ သမီးလေးအားငယ်နေရှာမှာပဲနော်၊ မနေ့က ရွာကလူကြုံတွေ့လို့ ဒီကိုလာလည်ဖို့ မှာလိုက်သေးတယ်၊ ပြောပါ့မလား မသိဘူးရှင်"

"ဩော်....မြတင်....မြတင်၊ မိဘကို နှိပ်စက်လွန်းတဲ့ သားသမီးကို ပိုချစ်ပါလားနော်၊ ပွဲစားလုပ်ချင်တဲ့ သူ့သားငယ်ကိုရော ငါမသိအောင် ဘာတွေပေးလိုက်ပြန်ပြီ မသိဘူး၊ ငါမရှိရင် မင်း ခက်လိမ့်


www.burmeseclassic.com

www.burmeseclassic.com



**ချွေးမနှစ်ဦးမှာ အပြိုင်အဆိုင် ပါ။**
**ဦးချမ်းမြေ့ထက် ဒေါ်မြတင် အား ပိုကပ်ကြ၏။**
**ထိုအခါတွင် မစိန်ကြည်မှာ**
**မကျေနပ်သော အကြည့်များဖြင့် .....**

မယ်နော်''

ကိုရေချမ်းမှာ မိဘအား ငယ်စဉ်ကတည်းက ပူဆာတတ်ခြင်း မရှိခဲ့ပေ။ ကျွေးတာနှင့်စားခဲ့သလို ပေးတာပဲဝတ်ခဲ့၏။ မိဘအပေါ် ဘယ်သောအခါမျှ ဒုက္ခပေးခဲ့ခြင်း မရှိတတ်ပါ။ ကိုယ့်သားသမီးတွေအကြောင်း မိဘသာလျှင် အသိဆုံးဖြစ်ခဲ့ကြ၏။ ဝါကျွတ်လျှင်တော့ အိမ်လေးတွင် စည်ကားနေတတ်ပြီး ရွာမှလာကြသော သမီးနှင့်မြေးများကြောင့် ဒေါ်မြတင်မှာ ပျော်နေရလေပြီ။ ထိုအခါမျိုးတွင် သားသမီး၊ မြေးများအစုံအလင်ဖြင့် မိဘနှစ်ပါးမှာ စိတ်ချမ်းမြေ့နေပါလိမ့်မည်။

''အမေ့အတွက် ပါတိတ်လုံချည်နဲ့ အင်္ကျီ၊ ဒီအရောင်ကြိုက်တယ်နော် အမေ''

''ကြိုက်ပါတယ် သမီးရယ်''

''သမီးကတော့ အမေ့ကို ဥပုသ်စောင့်ရင် ဝတ်ရအောင် ယောဂီထဘီ၊ အင်္ကျီနဲ့ ပဝါလေး ဝယ်လာခဲ့တယ် အမေ''

''ပိုကောင်းတာပေါ့ကွယ်''

ချွေးမနှစ်ဦးမှာ အပြိုင်အဆိုင်ပါ။ ဦးချမ်းမြေ့ထက် ဒေါ်မြတင်အား ပိုကပ်ကြ၏။ ထိုအခါတွင် မစိန်ကြည်မှာ မကျေနပ်သော အကြည့်များဖြင့် ကြည့်နေတတ်၏။ အဝတ်အစားနှင့် မကန်တော့သည့်အပြင် ယောက်မများအလစ်တွင်.....

''အမေ့ချွေးမကြီး ကန်တော့တဲ့ ပါတိတ်လုံချည်လေး သမီးကြိုက်လိုက်တာ အမေရယ်''

သမီးက ကြိုက်နေမှတော့ မိမိက အသက်ကြီးနေပါပြီ။ အိမ်ထဲနေသူဖြစ်၍ နှမြောပြီး မဝတ်မည့်အတူတူ.....

''သမီးကြိုက်ရင် ယူသွားလေ၊ အမေ့မှာရှိတဲ့ အဝတ်တွေတောင် ဝတ်လို့မကုန်နိုင်ပါဘူး ကွယ်''

သမီးအား ငဲ့ညှာပြီးပေးလိုက်ရသည်။ ချွေးမများသိလျှင် မိမိကို ပင် စေတနာရှိလိမ့်မည်မဟုတ်တော့ပေ။ ဒေါ်မြတင်မှာ အဝတ်အစားဆိုလျှင် စည်းကမ်းရှိ၏။ သေတ္တာနှစ်လုံးနှင့် အပြည့်ရှိပြီး ပရုတ်လုံးလေးများ ထည့်ထားတတ်သဖြင့် အမြဲ ပရုတ်နံ့လေးများ စွဲနေတတ်သေးသည်။ အပျိုဘဝမှ ယနေ့ထိ သပ်သပ်ရပ်ရပ် ရှိနေတတ်ပါ၏။

သို့ပေမယ့် ဒေါ်မြတင် စည်းကမ်းကမ်းရှိသလောက် သမီးဖြစ်သူမှာ ပရမ်းပတာပါ။ အဝတ်အစားဝတ်လျှင် ဖြစ်ကတတ်ဆန်းဝတ်တတ်၏။ တောစိတ်တောဟန်မပျောက်သည့်အပြင် ဖြီးလုံးဖြန်းလုံးများဖြင့် မိဘထံမှ သဲ့ယူတတ်သည်။ ဤသည်ကို သိထားသော်လည်း မိမိက မိဘပဲလေ။

♛♛♛♛♛

ဦးချမ်းမြေ့ ကွယ်လွန်သွားချိန်တွင် အထီးကျန်ဆန်ကာ ကျန်ရစ်ခဲ့ရသူ ဒေါ်မြတင်အဖို့ အားငယ်



www.burmeseclassic.com


www.burmeseclassic.com



သွားရလေပြီ။ ငယ်လင်ငယ်မယား ဖြစ်၍လည်း ယခုလိုအချိန်သည် ဝမ်းနည်းကြေကွဲဖွယ်ရာ ဖြစ်ခဲ့ရပြန်သည်။ သူမအတွက် ရွှေတောင်ကြီးလဲပြိုသွားရသည့်အလား အားကိုးအားထား မရှိတော့သည့်ဘဝတွင် တစ်ယောက်ထီးတည်း ဖြစ်ကျန်ရစ်ခဲ့ရ၏။

"အမေ...ဘာမှ အားမငယ်နဲ့နော်၊ သားရှိပါတယ်"

သားလတ်၏ အားပေးမှုက မိမိအတွက် အပြုံးယဲ့ယဲ့ကို ဖြစ်စေခဲ့ရပါ၏။ ဦးချမ်းမြေ့ ပြောသွားခဲ့သော စကားလေးမှာ မှန်နေလေသည်။ ကိုရေချမ်းမှာ ဖခင်၏စိတ်ဓာတ်အတိုင်း မိခင်ကြီးအား ရှိသေလေးစားစွာ လုပ်ကျွေးပြုစုခဲ့ရာသည်။ 'မိဘကို မသေခင်လုပ်ကျွေးပါ၊ သေမှမငိုပါနှင့်'ဆိုသည့် မိဘကျေးဇူးကို သိတတ်သောသား လိမ္မာတစ်ယောက်ပါ။ ကိုရေချမ်းမှာ စာပေဝါသနာပါသူဖြစ်၍ အိမ်ရှေ့တွင် စာအုပ်အငှားဆိုင်လေး ဖွင့်ထား၏။ သူ့အဖို့ ဘုရားလည်းဖူးရင်း၊ လိပ်ဥလည်းတူးရင်းဆိုသလို စာအုပ်အငှားဆိုင်လေးမှာ အဆင်ပြေနေရှာသည်။ စာအုပ်ဆိုင်လေးဖွင့်စတွင် သူစုထားသည့်ငွေလေးဖြင့် အရင်းအနှီး မတည်ထားခဲ့ပြီး မိဘထံမှ အကူအညီ မတောင်းခဲ့ရှာပါ။ ဒေါ်မြတင်မှာ အပြင်ရှိ သားသမီးသုံးယောက်အတွက် လုံးပန်းနေရသဖြင့် အတူနေသားအား မေ့ လျော့ထားမိ၏။



"သားမှာ လုပ်ငန်းတိုးချဲ့ချင်ရင် ပြောလေ"

စာအုပ်ဆိုင်လေးနှင့် အတူ ကက်ဆက်ခွေ အငှားဆိုင်လေး ဖွင့်ရကောင်းမလားဟု ရေချမ်း စဉ်းစားမိ၏။ သို့သော် အရင်းအနှီးက များသဖြင့် မိခင်ကြီးကို ဒုက္ခမပေး ချင်တော့ပါ။

"နေပါစေတော့ အမေရယ်"

မိဘဘက် ပြန်ငဲ့တတ်သည့် သားလေးပင်။ ငိုတတ်သည့်ကလေးမှ နို့စို့ရသည်ဆိုသည့်စကားရှိလေ၍ ကိုရေချမ်းက မငိုတတ်သည့်အတွက် ငိုတတ်သောသူတွေအတွက် ဖြစ်ခဲ့ရလေပြီ။

"အမေ သားရဲ့အိမ်ကိုတိုက်ဆောက်ချင်တယ်၊ အဲဒါ ငွေနည်းနည်းလိုလို့ စိုက်ထည့်ပေးပါဗျာ၊ တိုက်ဆောက်ပြီးရင် အောက်ထပ်ကို အိမ်ငှားတင်မယ် အမေ၊ ရတဲ့လခကို အမေယူပါ၊ နှစ်ခန်းတောင်နော်"

သားကြီးကိုအောင်ချမ်းစကားက ဒေါ်မြတင်အတွက် ဘဝင်ကျစရာပင်။ ဤသို့ဆိုလျှင် မိမိနေရေးအတွက် ပူပန်စရာလိုမည် မထင်တော့ပါ။

"အမေ့မှာလည်း ငွေက သိပ်ရှိတော့တာမဟုတ်ဘူး သားရဲ့၊ မင်းကို ဘယ်လောက်တောင် စိုက်ပေးရမှာလဲ"

"ငါးသိန်းတည်းပါ၊ ကျွန်တော် ပြန်ဆပ်မှာပါ အမေရဲ၊ အမေ့ငွေလည်း ပြန်ရမယ်၊ အိမ်လခတွေလည်း အမေရမယ်၊ အမေ့အတွက် မနစ်နာပါဘူးဗျာ"

"ကတိတော့တည်ရမယ်နော် သားကြီး"



www.burmeseclassic.com

www.burmeseclassic.com

"သားသမီးနဲ့မိဘပဲ အမေ ရယ်၊ လိမ်ရက်ပါ့မလား"

ဒေါ်မြတင် ကျေနပ်သွားရပြန်၏။ သားကြီးမှာ မြို့ကျောင်းတက်ခဲ့၍ ပညာတတ်လေးဖြစ်သောကြောင့် လခကောင်းသည့်နေရာမျိုးတွင် အလုပ်ဝင်နိုင်ခဲ့သူပါ။ ထို့ကြောင့်လည်း အမြင်ကျယ်သည်ထင်ပါ့။ သားသမီးက တိုက်ဆောက်မည်ဆိုတော့လည်း ဝမ်းမသာသည့် မိဘရှိနိုင်ပါ့မလား။ ကိုအောင်ချမ်းမှာ အိမ်ပြန်ခါနီးတွင်.....

"ဩော်...အမေ့ဆီမှာ အဖေ့ရဲ့ ပတ္တမြားလက်စွပ်ကြီး ရှိသေးတယ်မဟုတ်လား၊ သားကို ခဏငှားလိုက်ပါဦး အမေ၊ အရေးကြီးတဲ့ အလှူတစ်ခုကို သွားရမှာမို့ပါ၊ ပြီးတော့ အမေ့ချွေးမအတွက် ဘယက်ပါပေးဦး"

လက်စွပ်မှာ ခင်ပွန်းသည်၏ ပစ္စည်းလေးဖြစ်သောကြောင့် မထုခွဲရက်ခဲ့ပါ။ ဒေါ်မြတင်တွင် အတွင်းပစ္စည်းဟူ၍ ဒေါင်းဘယက်လေးနှင့် ပတ္တမြားလက်စွပ်လေးသာ ရှိခဲ့တော့သည်။ ထိုပစ္စည်းများအား သားလတ်အတွက် ရည်ရွယ်ထားခဲ့သည်ကို ကျန်သားသမီးများအား အသိမပေးရပါ။ မိဘဟူသည် ကိုယ်မွေးထားသည့် သားသမီးများ အကြောင်း ကိုယ်သာအသိဆုံးဖြစ်ကြသူများပါ။ မိဘအပေါ် သိတတ်သော သားသမီးအတွက် မိဘကလည်း ပြန်၍နားလည်ပေးတတ်ရပါမည်။



"ဝတ်ပြီးရင် ပြန်လာပေးနော်သား၊ အမေ့မှာ မင်းအဖေထားခဲ့တာဆိုလို့ ဒီပစ္စည်းလေးပဲ အမှတ်တရရှိတော့တာ"

"စိတ်ချ အမေ၊ ပြီးတာနဲ့ ပြန် လာပေးမှာ"

သည့်လိုနှင့် ပစ္စည်းလေးများ ပါသွားရ၏။ သို့သော် စိတ်ချပါ ပြောသွားသည့် သားကြီးမှာ တစ်ပတ်ခန့်အကြာမှ ပစ္စည်းများကို ပြန်လာပေးရာ သည့်တော့မှ သက်ပြင်းမောကို ကျိတ်ချနိုင်ရတော့သည်။ မိမိက ဟိုတုန်းကလို သားသမီးတောင်းသမျှ ပေးနိုင်သည့်အင်အားမျိုး မရှိတော့သည့်အတွက် ရှိတာလေးကိုတော့ နောင်ရေးအတွက် စုဆောင်းထားရပါဦးမည်။

♛♛♛♛♛

"အမေ မတရားဘူးဗျာ သားကျတော့ ရင်းနှီးဖို့ ငွေမပေးဘူး၊ အစ်ကို့ကျတော့ ပေးတယ်"

သားငယ် ကိုငြိမ်းချမ်းက တစ်မှောင့်။ ကိုအောင်ချမ်း တိုက်ဆောက်သည့်သတင်းကို ကြားကြားချင်း ဒေါ်မြတင်ထံ လာရန်တွေ့တော့သည်။

"မောင်အောင်ချမ်းက အမေ့ဆီက ခဏလှည့်တာပါကွယ်၊ ပြန်လာဆပ်မှာပါ"

"ကျွန်တော်က ကားပွဲစား အမေ၊ ဒီတော့ ကျွန်တော့်မှာလည်း ငွေလိုတာပဲ၊ ပွဲစားအလုပ်ဆိုတာ အရင်းအနှီးလေးရှိမှ ဝယ်ရောင်း



www.burmeseclassic.com

www.burmeseclassic.com



လုပ်နိုင်ပြီး လုပ်ငန်းတွင်ကျယ်မှာပေါ့။ အမေ့ကိုသနားလို့ အပူလာမကပ်တာ''

ဒေါ်မြတင်မှာ ကိုငြိမ်းချမ်း စကားကြောင့် သဘောကျစွာပြုံးမိ၏။ ယခင်ပွဲစားလုပ်စက ယူသွားသည့်အကြွေးများမှာ ယနေ့ထက်တိုင် တစ်ပြားမှပြန်မရခဲ့ပေ။ ရွာတွင်နေစဉ်က မစိန်ကြည် နှိပ်စက်ခဲ့သလောက် မြို့သို့ရောက်ပြန်တော့ ကိုငြိမ်းချမ်းက အနှိပ်စက်ဆုံးဖြစ်နေသည်။ ယခုလည်း အစ်ကိုတိုက်ဆောက်သည့်အတွက် အစ်ကို့ထံမှ သိခဲ့ရခြင်းပဲဖြစ်မည်။

''သားကိုလည်း ကားလေးတစ်စီး အချောင်တွေ့ထားလို့ ငွေပေးပါဦး အမေ၊ ဒီတစ်ခါ တကယ်မြတ်မှာပါ၊ ဒါမှမဟုတ် အမေဓာတ်လှည့်ယူထားလိုက်၊ အမြတ်များများရအောင် သားပြန်ထုတ်ပေးမယ်လေ''

သူမ၏လက်ထဲတွင် ငွေသားမရှိတော့လေပြီ။ ဤသည်ကို ကိုငြိမ်းချမ်းက မသိပေ။ ပွဲစားပီပီ အာဝဇ္ဇန်းရွှင်နေသေး၏။

''အရင်ကရှုံးခဲ့တာ နားမလည် တာလည်းပါတယ် အမေ၊ ခုတော့ ဒီအမှားတွေကို နမူနာယူပြီး သင်ခန်းစာရနေပါပြီ၊ ဒါကြောင့်မို့ သားလေ ခုတလော ဘာလုပ်လုပ် မမြတ်တာမရှိတော့ဘူး၊ မနေ့က တောင် တစ်ရက်တည်း ငွေလှည့်လိုက်တာ ဆယ်သိန်းတောင် အမြတ်ရသွားတယ်၊ အမေ့ချွေးမ ကြည့်သွားတာပေါ့ဗျာ၊ အဲဒီငွေနဲ့ ကားတစ်စီးပြန်ဆွဲဖို့က ငွေလိုနေတယ်လေ''

ငွေလိုမှ အမေ့ကိုသတိရသလားဟု ဒေါ်မြတင် မေးလိုက်ချင်ပါဘိ။ အမြတ်ငွေ ဆယ်သိန်းထဲမှ မိခင်အတွက် ပန်းသီးလေးတစ်လုံး သိတတ်ပြီး လာပေးလျှင် သာမှခေါ်မိမှာပါ။ သူတို့ကိုယ်တိုင် မိဘဖြစ်လာတာတောင်မှ မိဘ၏ မေတ္တာကို ကိုယ်ချင်းစာ နားမလည်တတ်ကြပါလား။

''အမေ့မှာ ငွေမရှိတော့ဘူးသား၊ မင်းအစ်ကိုဆီက ငွေငါးသိန်းပဲ ရှိပါတော့တယ်၊ ဒါတောင် သူပြန်လာဆပ်မှ ရမှာပါ''

''ဒါဆို အစ်ကို့ဆီက ကျွန်တော် တောင်းယူလိုက်မယ်လေ၊ အမေ့သားက ထောနေတာ သိလား၊ သူ့မိန်းမ ကျောက်ပွဲစားမက ငွေသိန်းသုံးဆယ်တောင်ထောသွားတယ်တဲ့၊ ကျွန်တော့်အသိ ပွဲစားဆီက ကြားခဲ့ရတာ''

ကိုယ့်သားတွေ သိတတ်မှ ချွေးမက သိတတ်ပါလိမ့်မည်။ ကိုယ့်သားသမီးတွေက မသိတတ်တော့ သူစိမ်းက အနေသာကြီးပါလား။ ဟိုတုန်းကဒေါ်မြတင်နှင့်

**ငွေလိုမှ အမေ့ကို သတိရ သလားဟု ဒေါ်မြတင် မေးလိုက် ချင်ပါဘိ။ အမြတ်ငွေ ဆယ်သိန်း ထဲမှ မိခင်အတွက် ပန်းသီးလေး တစ်လုံး သိတတ်ပြီးလာပေးလျှင် သာမှခေါ်မိမှာပါ။ သူတို့ကိုယ်တိုင် မိဘဖြစ်လာတာတောင်မှ မိဘ၏ မေတ္တာကို......**



www.burmeseclassic.com

www.burmeseclassic.com



ယခုဒေါ်မြတင် တူမမတူတော့တာပဲလေ။ အရာရာကို တရားသဘောနှင့် နှလုံးသွင်းတတ်နေပါပြီ။ ဒေါ်မြတင်တွင် ဟိုတစ်ချိန်တုန်းကလို မာန်မာနများ မရှိတော့ဘဲ ကိုယ့်ဒုက္ခကို သားသမီးများအားပြော မပြချင်တော့ပါ။

"တောင်းကြည့်လို့ရရင်လည်း ခဏယူပေါ့ကွယ်၊ အမေ့ကိုတော့ ပြန်ဆပ်ပါ၊ ဘာဖြစ်လို့လဲဆိုရင် အမေ မသေခင်မှာ လှူချင်သေးတယ်"

"အတွင်းပစ္စည်းတွေ ရှိသေးတာပဲ အမေရယ်၊ အဲဒါတွေရောင်းပြီး လှူပေါ့၊ ဥစ္စာပစ္စည်းဆိုတာ သခါရပဲလေ"

မိခင်ကို သူကပင် ပြန်လည်နားချနေသေးသည်။ သူ့ကိုတော့ မိမိတွင်ရှိသမျှ ပြောပြ၍ မဖြစ်ပါ။ ခုကတည်းက ခပ်ပြတ်ပြတ်ပြောထားမှ ဖြစ်ပေမည်။

"ဘာပစ္စည်းမှ မရှိတော့ပါဘူး သားရယ်၊ ကုန်ပါပြီ"

"ဟင်.....တကယ်လား၊ အမေဝတ်ထားတဲ့ အုန်းဆံကြိုးရော"

ကိုငြိမ်းချမ်းမှာ မယုံချင်ပါ။ သို့ပေမယ့် မိခင်ကိုယ်ပေါ်တွင် မည်သည့်ပစ္စည်းမျှ ဝတ်မထားသည်ကို တွေ့မိသည်မှာ ကြာပါပြီ။

"မြို့တက်လာမှ ပစ္စည်းတွေက တအိအိနဲ့ ကုန်တာပဲကွဲ့၊ အမေဆွဲနေတဲ့ တစ်ကျပ်ခွဲသားကြိုးကို မင်းအစ်မ ခဏငှားသွားပြီး ကျပျောက်သွားတယ်တဲ့လေ၊ ဒီတော့ဆုံးပြီပေါ့ကွယ်"

"သူက ပြန်လျော်မပေးဘူးလား"

"သားရယ် သားသမီးနဲ့မိဘဆိုတော့ ပျောက်သွားပါတယ်ဆိုမှ မရှိမှန်းသိလျက်နဲ့ အလျော်တောင်းရက်ပါ့မလားကွယ်၊ မင်းအစ်မလည်း ရွာမှာ မပြေလည်ဘူးလို့ကြားတယ်၊ အမေ့ဆီကိုလည်း သူတို့မရောက်တာ ကြာပြီလေ၊ ရွာကိုတော့ သွားချင်သား"

မြို့တက်ပြီးမှ ရွာသို့မရောက်သည်မှာ ဦးချမ်းမြေ့ဆုံးပြီးကတည်းကပါပဲ။ သမီးနှင့်မြေးများကိုတော့ တွေ့ချင်နေမိပါသည်။

"အမေ့သမီးက အဆင်ပြေပါတယ်၊ သူ့သတင်းကို ရွာကလူတွေနဲ့ဆုံတိုင်း မေးကြည့်ပါတယ်၊ အမေ့မြေးအကြီးတောင် မိန်းမရသွားပြီတဲ့၊ အစ်မက အမေ့ကိုတော့လာပြောသင့်တာပေါ့၊ ပြီးတော့ အမေ့အုန်းဆံကြိုးကြီး ပျောက်သွားတယ်ဆိုတာ ကျွန်တော်တော့ မယုံဘူး၊ ကေန္တ သူ့သားရဲ့မင်္ဂလာပွဲအတွက် တမင်ဖန်တီးတာနေမှာ၊ ဒီလိုကသိမ်ကကျစ်လုပ်တာတော့ ဘယ်ကောင်းပါ့မလဲ"

သားငယ်ကိုပင် ကျေးဇူးဘင်ရပါမည်။ ခုမှ ဆက်စပ်ကြည့်မိ၏။ ထိုဆွဲကြိုးကို လိုချင်သဖြင့် မိခင်အား ဂရုစိုက်သည့်ပုံမျိုးဖြင့်.....

"အမေ့အတွက် ပုစွန်ထုပ်တွေ လော့်ယူလာတယ်၊ ငါးပိလည်း ပါတယ် အမေ၊ ငါးရံ့ခြောက်နဲ့ ပုစွန်ခြောက်တွေလည်းပါတယ်"

"များလှချည့်လား သမီး

> **အမေ့သမီးကအဆင်ပြေပါတယ်၊သူ့သတင်းကို ရွာကလူတွေနဲ့ဆုံတိုင်း မေးကြည့်ပါတယ်၊ အမေ့မြေးအကြီးတောင်မိန်းမရသွားပြီတဲ့၊ အစ်မကအမေ့ကိုတော့လာပြောသင့်တာပေါ့၊ပြီးတော့....**



www.burmeseclassic.com

www.burmeseclassic.com

ရယ်''

''အမေ့သမက်က အမေစားစေချင်လို့ကို ယူသွားခိုင်းတာပါ အမေရယ်''

ထိုစဉ်ကဒေါ်မြတင်မှာ တပြုံးပြုံးနှင့် ကျေနပ်နေရှာသေးသည်။ ပြီးမှ မအေထံမှ ရွာဦးကျောင်းကထိန်တွင်ဝတ်ရန် မိခင်ဆွဲနေသည့် အုန်းဆံကြိုးကြီးအား ငှားရမ်းသွားခဲ့၏။ ပျောက်သွားပြီဟု လာပြောပြီးမှ မိခင်ထံ မလာတော့သည်မှာ ကြာနေချေပြီ။ ကိုငြိမ်းချမ်း ထင်သည်မှာ မှန်နေပြီလား။

''အခုခေတ်မှာ ရွှေတုတွေက အစစ်အတိုင်းပဲ အမေ၊ မသိရင် တကယ့်ရွှေအစစ်ပဲ၊ အမေဘယ်လိုပုံစံမျိုး လိုချင်သလဲ၊ အမေ့ဘယက်လို တစ်ထပ်တည်းတူစေရမယ်၊ ရွှေရည်စိမ်လုပ်ငန်းက အခုဆိုရင် အတွင်ကျယ်ဆုံးလုပ်ငန်းတစ်ခုဖြစ်နေပြီ၊ ဝယ်ချင်ရင်ရောင်းတယ်၊ ဝတ်လိုရင် ငှားတယ်၊ မင်္ဂလာဆောင်မှာ သတို့သမီးတွေ ညွှတ်နေအောင်ဝတ်နေကြတာ အဲဒါတွေပေါ့''

မိမိက ဒါမျိုးတွေ မကြားခဲ့ဘူးပါ။ သားငယ်ပြောပြမှ သိခဲ့ရ၏။ သူက ပွဲစားဆိုတော့လည်း ဟုသုတအသိ ရှိနေပါမည်။

''မင်းအစ်ကိုကြီးနဲ့တွေ့ရင်လည်း အမေက လာခဲ့ပါဦးပြောတယ်လို့ ပြောပေးပါ သားရယ်၊ သူ လည်း ဖရုံယိုလေး လာပို့ပေးမယ် ဆိုပြီး ပေါ်ကိုမလာတော့ဘူး၊ သူ့တိုက်က ပြီးလုပြီလား''

''ငွေတတ်နိုင်တော့လည်း မြန်တာပေါ့ အမေ၊ ပြီးတော့မှာပါ၊ ဘေးက ကားဂိုဒေါင်နဲ့ တစ်ထပ်တိုက်ကလေးပါ''

သားငယ်ထံမှ ကြားခဲ့ရသည့်စကားနှင့် သားကြီး၏ အိမ်ငှားတင်မည်ဆိုသည့်စကားမှာ တခြားစီဖြစ်နေလေပြီ။ သည်ပုံစံအတိုင်းဆိုလျှင် မိမိအတွက် အိမ်လခဆိုသည်မှာ မျှော်လေတိုင်း ဝေးရပေတော့မည်။ ရှိပါစေတော့လေ။ သားသမီးယုံမိတော့လည်း မျက်စိစုံလုံးကန်းတတ်သည်ဆိုသည့်စကားမှာ မှန်ကန်နေပါလား။

♛♛♛♛♛



သမီးထံလည်း လူကြုံရှိတိုင်းမှာနေရသည်မှာ အမောပါ။ မိမိကအရင်လို ကျန်းမာရေးကမကောင်းတော့ သမီးနှင့်အတူနေရလျှင် အဆင်ပြေမည်ဟု ထင်ခဲ့မိ၍ပဲဖြစ်လေသည်။ သားလတ်ကို ဒုက္ခမပေးရက်ပြန်ပေ။

''အမေ သားနဲ့ပဲနေပါဗျာ၊ အမေ့ကို သားကိုယ်တိုင် ကျွေးမွေးပြုစုနေတာပဲ၊ သားတစ်ယောက်လုံးရှိနေသားပဲ၊ အမေ ဘာအားငယ်စရာလိုသလဲ အမေရယ်''

ပက်လက်ကုလားထိုင်ပေါ်မှ မိခင်အား နှိပ်နယ်ပေးနေသည့် သား လတ်ကိုရေချမ်းကို ဒေါ်ပြုတင်မှာ တွေတွေလေးကြည့်နေပြီး မျက်ရည်များပင် ဝဲလာမိသည်၊ သား၏အားပေးမှုသည် မိခင်အတွက်အား တက်စရာဖြစ်ခဲ့ရသော်လည်း မိခင်ကြီး၏ ခံစားရသောက၊ ဒုက္ခများကို သားဝင်



www.burmeseclassic.com

www.burmeseclassic.com



က မသိရှာပါ။

"သားကို အမေ ဒုက္ခပေးနေသလို ဖြစ်နေပါပြီလားကွယ်"

ကိုရေချမ်းမှာ ထိုစကားလေးကြောင့် မိခင်ကြီးအား သနားသွားရသည်။ ကိုရေချမ်းအဖို့ မိခင်ကြီးသာ အားထားရာပါ။ ဘုရားရိပ်၊ တရားရိပ်ပြီးလျှင် မိဘအရိပ်သည် အအေးမြဆုံးဖြစ်၏။ အမိကိုလက်ယာပခုံးတစ်ဖက်၊ အဖကို လက်ဝဲပခုံးတစ်ဖက်တင်၍ နေ့စဉ်လုပ်ကျွေးပြုစုတာတောင်မှ မိဘကျေးဇူးကို ကျေအောင်မဆပ်နိုင်ပေ။ ဘုရားသော်မှ ကျေအောင်ဆပ်ခွင့်မရခဲ့ပါ။

"သားဘဝမှာ အမေသာ အရေးကြီးဆုံးပါ၊ သားဘဝထဲကနေ ဘယ်ကိုမှ ထွက်မသွားပါနဲ့ အမေရယ်၊ သားတောင်းပန်ပါတယ်"

ဒေါ်မြတင်မှာ ပါးနှစ်ဖက်ပေါ်မှ မျက်ရည်များသည် ကိုရေချမ်း၏ နှိပ်နယ်ပေးနေသော လက်ခုံပေါ်သို့ ကျသွားကြရာသည်။ အမေ့မျက်နှာသို့ ကိုရေချမ်း လန့်ဖျပ်စွာ မော့ကြည့်မိ၏။

"သား...မင်းအဖေပြောခဲ့တဲ့ နိမ့်သောင်ဆိုတဲ့စကားကို ခုတော့ အမေ သဘောပေါက်လာပါပြီကွယ်၊ နိမ့်သောင် နောင်မှသိတဲ့၊ မိဘဆိုတာ သားသမီးလုပ်စာကို မျှော်ကိုးတတ်သူတွေ မဟုတ်ကြပေမယ့် ကိုယ့်သားသမီးတွေရဲ့ တုံ့ပြန်မေတ္တာကိုတော့ မျှော်လင့်တတ်ကြသူတွေပါ၊ မိဘမေတ္တာကို အပေးအယူရှိပြီး အတုံ့အလှည့်မရှိတဲ့သား သမီးတွေကို အမေ ရင်နာတယ် ကွယ်"

ပိုပြီးစိတ်နာမိသည့်အဖြစ်ကို ကိုရေချမ်းသိအောင် ပြောမပြချင်တော့ပါ။ မိမိအတွက်နှင့် အတူနေသားလေး စိတ်သောကမရောက်စေ ချင်တော့ပါ။ ထို့ကြောင့် သက်ပြင်းချပြီး ကုလားထိုင်လေးကိုသာ ကျောမှီထိုင်လိုက်မိ၏။

"အစ်ကိုကြီး စာအုပ်အပ်မယ်"



"အေး.....အေး လာပြီ ညီလေး၊ အမေ ခဏနော်"

စာအုပ်ဆိုင်လေးသို့ ကိုရေချမ်း ထသွားရလေသည်။ စာအုပ်ဆိုင်လေးမှာ နေ့စဉ်ဝင်ငွေရသော်လည်း သည့်ထက် ကြီးပွားချမ်းသာလာခြင်းမျိုးတော့ မရှိနိုင်ပါ။ တစ်နေ့ထက်တစ်နေ့ ကြီးလာသော ကုန်ဈေးနှုန်းနှင့်အတူ စာအုပ်တန်ဖိုးပါ မြင့်တက်လာ၍ ယခင်လို အငှားသိပ်မသွက်တော့ပေ။ သားအား သူဝါသနာပါရာ စာအုပ်ဖြန့်ချိရေးလုပ်ငန်းမျိုးကို အရင်းအနှီးထုတ်ကာ လုပ်ကိုင်ပေးမည့်အကွေးမျိုး တစ်ချိန်က ရှိခဲ့ပါလျှင်.....

"မိဘကို ဘာကြောင့်ငဲ့ညှာခဲ့သလဲ သားရယ်၊ ဟိုသုံးယောက်လို အမေ့ဆီမှာ တောင်းပါရော့လား၊ မင်းက ညှာတာလေ အမေအနေရခက်လေပါပဲကွယ်"

မျက်လုံးလေးကိုမှိတ်ကာ ပွန်ခဲ့သည့် တစ်ပတ်က အဖြစ်အပျက်လေးတစ်ခုကို ပြန်လည်မြင်ယောင်လာရပြန်သည်။ ထိုစဉ်က ကိုရေချမ်း မရှိခဲ့ပါ။ မြို့ထဲတွင် စာအုပ်ဝယ်ရန် ထွက်သွားခဲ့၏။

"မနက်ဖြန် ဥပုသ်နေ့ပါလား"

ဆရာတော်အား ငွေလှူရန် သတိရသွားမိ၏။ မိမိလက်ထဲတွင်လည်း ငွေမရှိတော့ပေ။ ကိုရေချမ်း



www.burmeseclassic.com

www.burmeseclassic.com

ဆီတွင် တောင်းရလျှင်.....

"အင်း.....ရှိရင် တော်ပါရဲ့၊ မရှိရင်တော့ သားစိတ်ဆင်းရဲသွားမှာပဲ၊ မဖြစ်သေးပါဘူးလေ"

ဒေါ်မြတင် စဉ်းစား၏။ သားကြီး (သို့မဟုတ်) သားငယ်ထံသွားတောင်းရကောင်းမလား။ အိမ်တွင် ကိုရေချမ်းပြန်မရောက်သေး၍ မိမိက အပြင်ထွက်သွား၍လည်း မဖြစ်ပြန်ပေ။

သားတွေဆီသွားပြန်လျှင်လည်း မတွေ့ရသည်က များ၏။ ပြီးတော့ ချွေးမတွေ မျက်နှာထားတွေက ဟိုတုန်းကလို မဟုတ်ကြတော့။ ချို့တဲ့သည့်ဘဝမျိုးဖြစ်သွား၍ အရေးတယူ ဂရုတစိုက်မရှိကြသည့်အပြင် သူတို့ထံလာနေမည်ကိုပင် စိုးရိမ်နေပုံမျိုးရ၏။ သားနှစ်ယောက်က သူ့အားဘာကြောင့် အတွေ့မခံရကြပါသနည်း။ ဒေါ်မြတင် စဉ်းစားမရတော့ပေ။

ကိုငြိမ်းချမ်းထံ ရောက်သွားသည့် ငွေငါးသိန်းမှာ မိမိထံ ပြန်မလာသလို ကိုအောင်ချမ်းပေးမည့် အိမ်လခဆိုသည်လည်း ပေါ်မလာခဲ့။ နှစ်ယောက်စလုံးမှာ မိခင်အား လိမ်ညာ ယူသွားရက်ခဲ့ကြသည့် သားဆိုးတွေပါလား။

"အမေ့သားကြီးလက်ထဲမှာ အဖေ့ပတ္တမြားလက်စွပ်ကြီးတွေ့ခဲ့တယ်၊ သူ့ကိုအမေ ကျိတ်ပေးထား



တာမဟုတ်လား"

လက်စွပ်က သူမထံပြန်ရောက်နေ၍ သားငယ်စကားကို မယုံခဲ့ပါ။ ဒါမှမဟုတ် ငှားဝတ်တုန်းကများ တွေ့ခဲ့လေသလား။

"မဟုတ်ပါဘူးကွယ်၊ အဲဒါ ငှားဝတ်ခဲ့တုန်းက ဖြစ်မှာပါ"

ထိုစဉ်က လိမ်ပြောခဲ့ရသည်။ ကိုငြိမ်းချမ်းပြန်သွားမှ ပတ္တမြားလက်စွပ်အား ထုတ်ကြည့်ရာ.....

"ဟင်.....ဘယ်လိုကြီးလဲ၊ ရွှေတွေက ဘာကြောင့် ဖြူဖပ်ဖြူရော် ဖြစ်သွားရတာလဲ၊ ဟယ်... ဘယက်ကြီးလည်း ဖြူနေပါလား"

ဝင်းဝါနေသော ရွှေရောင်မှာ ဘယ်လိုမှ ကြည့်မကောင်းတော့သည့် အနေအထားဖြင့် မြင်တွေ့နေရလေပြီ။ ကိုင်ကြည့်ရာ ဘယက်ကြီးမှာ ပေါ့ပါးနေသေး၏။ ပတ္တမြားမှာလည်း ဦးချမ်းမြေ့ဝတ်နေကျ အရည်အသွေးမျိုး မဟုတ်တော့ပါ။ လာပေးစဉ်က သေသေချာချာ မကြည့်ခဲ့ထားခဲ့မိသည်မှာ မိမိ၏အပြစ်ပင်။ သားငယ်ပြောသွားခဲ့သည့် ရွှေရည်စိမ်ပစ္စည်းများမှာ ဒါမျိုးတွေပဲ ဖြစ်ပေလိမ့်မည်။

"လုပ်ရက်လိုက်ကြတာကွယ်"

သည်တော့မှ မိခင်ထံ ဘာမတွေ့ရဲကြသည့် အကြောင်းရင်းကို ဒေါ်မြတင် သိရှိသွားခဲ့ရလေတော့သည်။ သူမအနေနှင့် စိတ်မခိုင်သူဖြစ်ပါက တစ်ခါတည်း ရူးသွပ်သွားနိုင်ပါသည်။

"ကိုချမ်းမြေ့ရေ ရှင်ပြောခဲ့တာ သိပ်ကိုမှန်နေပါလားရှင်၊ ကျွန်မဒုက္ခကို လာကြည့်လှည့်ပါတော့လား"

တမလွန်မှ ခင်ပွန်းဖြစ်သူအား တမ်းတမိလေပြီ။ မိဘကို နှိပ်စက်ရုံနှင့် အားမရသေး။ လိမ်ညာသူသွားခဲ့ပြန်၏။ မကျေနပ်၍ ပြောပြန်လျှင်လည်း မိမိတွင် မည်သည့်မျက်မြင်သက်သေမှမရှိ။ လူကြားရ၍လည်းမကောင်းပေ။ ရှုံးရောက်၊ ဂါတ်ရောက်နှင့် မိဘနှင့် သားသမီး အမုန်းပွားရပေဦးမည်။ ပစ္စည်းများကို နှမြော၍ငိုခြင်းထက် ကိုရေချမ်းအတွက် ဝမ်းနည်းစိတ်ဖြင့် မျက်ရည်ကျခဲ့ရပြန်သည်။ မိဘ[illegible]နားလည်သိတတ်လွန်း[illegible]

www.burmeseclassic.com

အဖို့ အရာရာတွင် ဆုံးရှုံးနစ်နာစရာ များဖြင့်သာ ရင်ဆိုင်ခဲ့ရ၏။

"ကျွန်တော့်အတွက် ဘာမှ မစဉ်းစားနဲ့ အမေ၊ ကိုယ်သက်ရှိထင်ရှားရှိနေစဉ်မှာ လှူသွားပါ၊ သံသရာအတွက် ကုသိုလ်ထုပ်သာ ထုပ်သွား၊ သားသမီးတွေက သူ့ဘဝနဲ့သူ အဆင်ပြေနေကြပြီပဲ၊ သူတို့အားတော့ အမေ့ဆီ ပြေးလာကြမှာပါ"

ကိုရေချမ်းမှာ အမေစိတ်ချမ်းသာစေရန် ပြောနေရသည်။ အိမ်ဝ လှည့်ပြီး သားသမီးအလာကို မျှော်နေတတ်သည့် အမေ့အား မကြည့်ရက်၊ မမြင်ရက်ပေ။ စာအုပ်သွားဝယ်စဉ်က အစ်ကိုကြီးတိုက်သို့ လှည့်ဝင်ခဲ့သေး၏။ ထိုအချိန်က သူ့အားပြောထားသည့်စကားအား ရင်ထဲတွင် စွဲမြဲနေလေပြီ။

"အမေ့ကို မင်းပဲ တာဝန်ယူကြည့်ပေးပါကွာ၊ အစ်ကို့ဆီကိုတော့ ခေါ်မလာပါနဲ့၊ မင်းမရီးက ပူညံပူညံ လုပ်နေဦးမယ်၊ ငါ့ညီ တာဝန်မယူနိုင်ရင်တော့ အမေ့ကို သူ့သမီး ရှိတဲ့တောသာ သွားပို့ထားလိုက်"

ကြည့်စမ်းပါဦး။ ထိုစကားမျိုး အမေသာကြားမိလျှင် စိတ်ဆင်းရဲပြီး သေသွားနိုင်ပါလိမ့်မည်။ မိဘအပေါ် စိမ်းကားရက်စက်နိုင်လွန်းသော သားအား သူ့ညီသာဆိုလျှင် ထထိုးမိမည်ပင်။ ကိုရေချမ်းမှာ ဒေါသဖြစ်ဖြစ်နှင့် အိမ်ပြန်လာခဲ့ရသည်။ အမေ့ဘဝတွင် သူသာမရှိလျှင် ထိုသားဆိုး၊ သမီးဆိုးများနှင့် အမေ ဒုက္ခပင်လယ်ဝေမည်မှာ အမှန်ပင်။ အမေ့အပေါ် သနားစိတ်ပိုမိရင်းက 'မိဘအပေါ် လုပ်ကျွေးနိုင်သော သားသမီးဖြစ်ရပါစေ'ဟု ညတိုင်း ဆုတောင်းအိပ်ခဲ့မိရလေပြီ။ သားသမီးတိုင်းသည် မိဘကို လုပ်ကျွေးခွင့် မရနိုင်ကြပေ။ မိမိက မိဘကို လုပ်ကျွေးခွင့်ရခဲ့သည်မှာ ကုသိုလ်ကံကောင်းသူဟု ထင်မှတ်မိ၏။ လောကတွင် ငွေကြေးပြည့်စုံသော်လည်း မိဘမရှိတော့၍ လုပ်ကျွေးခွင့်မရနိုင်ကြသူတွေ အပုံအပင်ပါ။ သူတို့မှာ မိခင်ရှိလျက် လုပ်ကျွေးဖို့မပြောနှင့် တစ်ရက်ကလေးပင် အိမ်တွင်ခေါ်မထားနိုင်ကြသူတွေပါလား။ မိဘသည် သားသမီးများစွာကို ရှာဖွေကျွေးမွေးနိုင်ခဲ့ကြသော်လည်း မိဘတစ်ယောက်အား သားသမီးများက ဘာကြောင့် မကျွေးမွေးနိုင်ကြပါသနည်း။

"အဝတ်ဟောင်းတွေ ဝယ်တယ်၊ ခြင်ထောင်အစုတ်တွေဝယ်တယ်"

အိမ်ရှေ့ဘက်ဆီမှ အဝတ်ဟောင်းလိုက်ဝယ်သည့် မိန်းကလေး၏အော်သံကြောင့် ဒေါ်မြတင်မှာ အိပ်နေရာမှ လူးလဲထလိုက်သည်။ စာအုပ်ဆိုင်လေးသည် ပိတ်ထား၍ ကိုရေချမ်း ပြန်မရောက်သေးသည်မှာ သေချာပါ၏။

"လာပါဦးကွယ်"

အဝတ်ဟောင်းဝယ်သည့်မိန်းကလေးအား အိမ်ထဲသို့ ခေါ်လိုက်မိသည်။ ပြီးနောက် သော့ခတ်ထားသော သေတ္တာလေးထဲမှ ထဘီ၊ အင်္ကျီများကို ထုတ်ယူခဲ့သော်လည်း ရောင်းရမည်မှာ နှမြောနေမိပြန်၏။ အဝတ်အစားလေးများမှာ အသစ်အတိုင်း ခေါက်ချိုးရာပင် မပျက်ပေ။ ပရုတ်နံ့လေးများ သင်းနေကြ၏။

"အမေကြီးရဲ့ အင်္ကျီတွေက အဘွားကြီးအင်္ကျီတွေပဲ၊ ဈေးရတော့မှာမဟုတ်ဘူးနော်၊ ဒါပေမဲ့ ထဘီတွေကိုတော့ ဈေးပိုပေးပါ့မယ်"

"အေးပါကွယ်၊ မြန်မြန်ကြည့်ပြီးသာယူသွား၊ ကျုပ်သားက ပြန်လာတော့မှာ"

ဈေးသည်မိန်းကလေးကလည်း



www.burmeseclassic.com

www.burmeseclassic.com



အကင်းပါးပါ၏။ အဝတ်ဟောင်းဆို ပေမယ့် အသစ်ထက် ဈေးကြီးသော အထည်မျိုးဖြစ်၍ ကျသင့်ငွေကို အချိန်မဆွဲတော့ဘဲ ကျေနပ်စွာ ပေးရှာသည်။

"နောက်လည်းရောင်းချင်ရင် ကျွန်မကိုပါရောင်းပါ အမေကြီးရယ်"

"အေးပါအေ၊ မြန်မြန်ပြန်တော့"

မိန်းကလေးအားနှင်လိုက်မိ၏။ လမ်းမရောက်သွားတော့မှ သက်ပြင်းချလိုက်နိုင်လေပြီ။ လက်ထဲမှ ငွေစက္ကူလေးများကို တင်းကျပ်စွာ ဆုပ်ကိုင်ထားမိသည့် မိမိအဖြစ်ကို ဒုက္ခပေးခဲ့သော သားသမီးများ တွေ့မြင်စေချင်စမ်းပါဘိ။ အဝတ်ဟောင်းလေးများ ရောင်းရသည့်ငွေဖြင့် ကုသိုလ်ကောင်းမှုလုပ်ရမည်။ မိမိသေလျှင် ဘယ်သားသမီးကမျှ လာမကယ်နိုင်။ ကိုယ်လုပ်ခဲ့သော ကုသိုလ်ကောင်းမှုကသာလျှင် ကယ်တင်ရှင်အစစ်ဖြစ်ကြောင်း ဒေါ်မြတင် နားလည်သဘောပေါက်သွားမိပါပြီ။

သို့သော် မိမိဝမ်းနည်းမိသည်က ရှိစဉ်အချိန်ကသာလျှင် ထိုသို့ အတွေးမျိုး ရှိခဲ့ပါက မည်မျှကောင်းလိုက်ပါမည်နည်း။ ယခုအချိန် သည် အချိန်မီသေးသော်လည်း လူ့ဒါနိုး စရာမရှိသည့် ဘဝပါလား။ ယူကျုံးမရ ဖြစ်မိခဲ့သည်။

♛♛♛♛♛

ကြာတော့ စိတ်ထောင်း ကိုယ်ကြေဆိုသလိုပင် ဒေါ်မြတင်မှာ အိပ်ရာထဲလဲရလေပြီ။

"အမေ ကြက်သားဆန်ပြုတ်လေး သောက်လိုက်ဦးနော်၊ ဒါမှ အားရှိသွားမှာ"

ခေါင်းလေးကို ခါယမ်းပြမိသည်။ မိခင်အတွက် အားရှိစေမည့် အရာများမှာ ဆေး၊ အစာ၊ အာဟာရ မဟုတ်ပါ။ သားသမီးများ၏ အကြင်နာ မေတ္တာသာဖြစ်၏။ အားအင်ဆုတ်ယုတ် ဖျော့တော့နေသော မိခင်အား ညတိုင်း ဆရာဝန်ကို အိမ်သို့ပင့်ကာ ကုသခဲ့သော်လည်း ထူးခြားမလာပေ။ သားသမီးများအား အကြောင်းကြားထားပေမယ့် တစ်ဦးမျှ ရောက်မလာကြ။ အမေ့ ကွယ်ရာတွင် ငိုမိသည်က အကြိမ်ကြိမ်ပါ။ ကိုရေချမ်း စိတ်မကောင်းဖြစ်မိရသည်။ သားသမီးအပေါ် သံယောဇဉ်ကြီးလွန်းသော အမေမှာ သူ့သားသမီးလေးများအား တွေ့လိုသည့်ဆန္ဒမျိုးတော့ ရှိနေပါမည်။

"ကြီးကြီးကို သူစိတ်ချမ်းသာအောင် လုပ်ပေးလိုက်ပါတော့ဗျ။ စားချင်တာသာ ကျွေးလိုက်ပါ ကိုရေချမ်းရာ"

ဆရာဝန်၏စကားက ဆုံးနေလေပြီ။ လူကြီးရောဂါဖြင့် စိတ်ကို စိတ်နှင့် ပြန်လည်မကုစားနိုင်ခဲ့။ ဆရာဝန်ပင် လက်လျှော့သွားရ၏။ အမေ့အနီးတွင် သူကိုယ်တိုင် ဘုရားစာများ ရွတ်ဖတ်ပေးနေသော်လည်း အမေ့စိတ်သည် ဘုရားကိုမှအာရုံ ပြုနိုင်ပါ့မလား။ နောင်ဘဝကူးကောင်းစေရန် တတ်နိုင်သလောက် ကိုရေချမ်း လုပ်ဆောင်ပေးခဲ့သည်။ အမေ့မျက်လုံးများမှာ တလည်လည် နှင့် သားသမီးများအလာ စောင့်မျှော်နေခြင်းမျိုးလား။

အမေ့ခံစားမှုများကို မကြည့်ရက်သဖြင့် လူလွှတ်၍ ထပ်မံအကြောင်းကြားပြန်သည်။ မိမိက မိခင်အနားတွင် မရှိ၍မဖြစ်ပေ။

"အခုချက်ချင်း လိုက်လာကြပါလို့ပြောပြီး ခေါ်သာလာခဲ့ပါ၊ အမေ့အခြေအနေ မကောင်းဘူးကွာ"

ကိုရေချမ်း မျက်ရည်ကျမိသည်။ ရက်စက်လွန်းသော သားသမီးများအား အမေ သံယောဇဉ် ဖြတ်နိုင်ပါစေ။ ဝဖြိုးသော အမေ့



www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာကိုယ်မှာ ပိန်လှီနေပြီး ချက်ချင်းပင် လျော့ကျသွားနိုင်လောက်အောင် အမေသည် စိတ်၏ဖိစီးမှုကို ခံခဲ့ရသူပါလား။

"သား....."

အမေ့အသံ တိုးညင်းစွာကြား လာရ၏။ အမေသည် စိုစွတ်သော မျက်ရည်များဖြင့် သူ့ထံလှည့်ကြည့် လာပြန်သည်။ အမေ့လက်လေး များအား ကြင်နာစွာဆုပ်ကိုင်ကာသူ အနားသို့ တိုးကပ်သွား၏။

"အမေ သားကို ဘာပြော ချင်လို့လဲဟင်"



တုန်ယင်နေသော လက်လေးများဖြင့် ကိုရေချမ်း၏လက်ကို ဖြန့်ကိုင်ကာ ရင်ဝသို့ဦးတည်၍ တစ်စုံတစ်ရာကို လက်ကလေးစုကာယူလိုက်၊ သူ့လက်ထဲထည့်လိုက်နှင့်။

"အမေရယ်....."

မျက်ရည်များ ပိုးပိုးပေါက်ပေါက် ကျလာရာ လက်ခုံဖြင့် အမေမသိအောင် သုတ်လိုက်မိသည့် အဖြစ်ပါ။ အမေ့အပြုအမူကိုကို ရေချမ်းနားလည်နေ၍ ရင်နင့်အောင်ခံစားနေရပါပြီ။

"မောင်ရေချမ်း၊ မင်းက ငိုမနေနဲ့လေ၊ မင်းငိုရင် မင်းအမေ စိတ်ချသွားမှာမဟုတ်ဘူး"

ရပ်ကွက်ထဲမှ လူကြီးတချို့လည်း ရှိနေကြ၍ ကိုရေချမ်းအား နံဘေးမှ သတိပေးနေကြလေသည်။ သူသည် မျက်ရည်များကိုသုတ်ကာ အမေ့အား အငိုတစ်ဝက်၊ အပြုံးတစ်ဝက်ဖြင့် မချိတင်ကဲ ကြည့်နေစဉ် အမေသည် ကျေနပ်စွာဖြင့် သူ့ လက်ကလေးကို ရင်ဘတ်ပေါ်တင်ကာ အုပ်မိုးထားရင်း အမေ့လက် ကလေး ငြိမ်သက်သွား လေသည်။

"ဟင်...အမေ.....အမေ"

ကိုရေချမ်းရှိရာ မျက်နှာလှည့်ပြီး မျက်လုံးလေးဖွင့်လျက်ဖြင့် ငြိမ်သက်သွားလေပြီ။ အမေ့ခန္ဓာကိုယ်လေးအား ဖက်တွယ်ပြီး လှုပ်ခါခေါ်မိ၏။

"အမေ.....သားကို စိတ်မချဘူးလား အမေရယ်၊ သားကိုစိတ်ချပါဗျာ၊ အမေ စိတ်ချလက်ချ သာသွားပါတော့၊ ဟီး.....အီး"

"မောင်ရေချမ်း၊ စိတ်ကိုထိန်းပါကွာ"

"ဟုတ်ပါတယ်ကွယ်၊ ခင်းအမေအတွက် စီစဉ်စရာရှိတာတွေ စီစဉ်ကြရအောင်လား"

အမေ့ကိစ္စအတွက် မျက်ရည်စက်လက်ဖြင့် နာရေးကိစ္စများကို စီစဉ်ခဲ့ရသည်။ သို့တိုင် အမေမျှော်လင့်နေသော သားသမီးများမှာ အမေ့ထံ ရောက်ရှိမလာကြသေး



www.burmeseclassic.com

www.burmeseclassic.com



ပေ။ ကိုရေချမ်းမှာ အံကိုကြိတ်ပြီး တောက်ခေါက်မိ၏။

♛♛♛♛♛

"သြော်.....ခင်ဗျားတို့ လာကြပြီပေါ့၊ လာတော့လည်း ရှေ့ဆင့်နောက်ဆင့်ပါလား"

အမေ့အလောင်းလေးအား ရေ ဝေးအအေးတိုက်သို့ လိုက်ပို့ပြီး အပြန်တွင် အိမ်ပေါ်တွင် ထိုင်စောင့်နေသော အစ်မနှင့် တက္ကစီတစ်စီး စီနှင့် ရောက်လာကြသော အစ်ကိုနှင့်ညီတို့ကြောင့် ကိုရေချမ်းမှာ သူ စိမ်းပြင်ပြင် ဆက်ဆံမိ၏။

"အလုပ်တွေကြောင့် မအားလို့ပါကွာ"

"မိဘနဲ့ အလုပ် ဘယ်ဟာပို အရေးကြီးလဲ၊ ခင်ဗျားတို့ စဉ်းစားကြ"

"မင်းပြောလည်း တို့တွေ ခံကြရမှာပါပဲ၊ အမေ ဒီလောက်ထိ ဖြစ်မယ်လို့ မထင်ခဲ့မိဘူးကွာ"

အစ်ကိုကြီးက သူ့အားတောင်းပန်လာသည်။ ကိုရေချမ်းမှာ သူ့[illegible]အား ခနဲ့ပြုံးမျိုးဖြင့် ပြုံးပြီး...

"အကြိမ်ကြိမ် ခေါ်နိုင်းနေသားပဲ၊ ခင်ဗျားတို့ သိကြမှာပေါ့၊ အခုရော ဒီကိုလာကြတာ အမေ့ကိုကြည့်ဖို့လာကြတာလား၊ အမေ့ကိုကြည့်ချင်ရင် ရေဝေးကိုသာ လိုက်သွားကြဗျာ"

သူတို့မှာ မလှုပ်ကြပေ။ တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်နေကြ၏။ ကိုရေချမ်းမှာ သဘောပေါက်သွားရသည်။

"သြော်.....အမေ့ပစ္စည်းတွေ လာသိမ်းကြတာလား၊ ဒါဆိုလည်း အခုလို လူကြီးတွေရှေ့မှာ ခင်ဗျားတို့ ခွဲဝေယူကြပေါ့ဗျာ"

အမေ့အခန်းထဲမှ သေတ္တာနှစ်လုံးအား ဆင့်ကာ တစ်ခါတည်း မ,လာခဲ့၏။ သူတို့မှာ အားရဝမ်းသာဖြင့် သေတ္တာအား ဖွင့်ကြည့်ကြရာ အထဲတွင် ရွှေမရှိ၊ ငွေမရှိ၊ ထဘီနွမ်းနွမ်းလေးတစ်ထည်နှင့် အင်္ကျီလေးနှစ်ထည်သာတွေ့ရ၏။ ပြီးတော့ တဘက်နွမ်းလေးတစ်ထည်လည်းရှိနေ၏။

"ဟင်.....ဒါပဲလား၊ နောက်တစ်လုံးကို ဖွင့်ပါဦး"

ကျန်တစ်လုံးကို အလျင်အမြန် ဖွင့်ကြည့်ကြ၏။

"ဟယ်.....ဘာမှမရှိပါလား၊ ဟောင်းလောင်းကြီး"

သူတို့၏ မျက်လုံးများက မိဘထက် ပစ္စည်းကိုသာ မက်မောကြသည့် လောဘမျက်လုံးများဖြင့် အရောင်တလက်လက်တောက်နေကြလေပြီ။

**အမေ့အလောင်းလေးအား ရေဝေးအအေးတိုက်သို့ လိုက်ပို့ပြီး အပြန်တွင် အိမ်ပေါ်တွင် ထိုင်စောင့်နေသော အစ်မနှင့် တက္ကစီတစ်စီး စီနှင့် ရောက်လာကြသော အစ်ကို နှင့်ညီတို့ကြောင့် ကိုရေချမ်းမှာ သူ စိမ်းပြင်ပြင်**

"ဒါဆို အမေ့ကို ဘာနဲ့လွှင်းရမှာလဲ၊ အင်္ကျီထဘီ ကောင်းကောင်းမှ မရှိတာ"

မစိန်ကြည်၏ အံ့သြသံကြောင့် အားလုံး မှိုင်တွေသွားကြတော့သည်။ ကိုရေချမ်းမှာ သူတို့ကို အကဲခတ်ကြည့်နေသော် ပါးကြောများပင် ထောင်လာ၏။

"အမေကလည်းလေ ကိုယ့်သေဖို့တောင် ဘာမှချန်မထားသွား

www.burmeseclassic.com

ခဲ့ဘူး၊ ဘယ်ငွေနဲ့ အသုဘစရိတ် သွားချရမှာလဲ၊ သားသမီးတွေကို သက်သက် ဒုက္ခပေးထားခဲ့တယ်''

ကိုငြိမ်းချမ်း၏ အပြစ်တင် စကား.....

''နာရေးအသင်းကို အကူအညီတောင်းလိုက်မယ်ကွာ''

ကိုအောင်ချမ်း၏ ရှောင်လွှဲ ရက်စက်မှု.....


''စိန်ကြည်လည်း အခုလာတာ လမ်းစရိတ်ပဲပါတယ်၊ အမေ့ နာရေးကို ငွေမထည့်နိုင်ဘူး''

မစိန်ကြည်၏ တာဝန်မဲ့သော စကား.....

ပြီးတော့ ကိုရေချမ်း၏ ငြိမ်သက်မှု၊ အံ့သြမှု၊ ခံပြင်းမှု၊ နာ ကြည်းမှုများအားလုံး ပေါင်းလိုက်တော့.....

''ကဲ.....သွားကြပါဗျာ၊ သွားကြတော့၊ အမေ့ကိုကျုပ်ပဲသဂြိုဟ်မယ်၊ မရှိ ရှိတာရှာပြီး အကောင်း ဆုံးကို ဖန်တီးမယ်၊ စည်စည်ကား ကားဖြစ်စေရမယ်၊ ကျုပ် စိတ်မကောင်းဖြစ်တာက အဲဒါပဲဗျာ၊ အမေ့မှာရှိစဉ်က လာညှဉ်းဆဲဒုက္ခ ပေးခဲ့ကြပြီး မိဘအသက်ထွက်ခါနီး တောင် တစ်ချက်ကလေးမှ လာကြည့်ဖော်မရတဲ့ သားသမီးတွေ၊ ဘာသားသမီးတွေလဲ၊ ခင်ဗျားတို့ လူမှုဟုတ်ကြရဲ့လားဟင်၊ မိဘမေတ္တာကို နားမလည်ကြတဲ့ သားသမီးတွေ၊ ရေစုန်သာရှိပြီး ရေဆန် မရှိတဲ့ဟာတွေ''

ကိုရေချမ်းမှာ ပြောလည်း ပြော၊ ငိုလည်းငို၏။ သူတို့လည်း ခုမှ ငိုကြွေးနေကြလေပြီ။ မိဘ



မေတ္တာကို သိမြင်၍ ဝမ်းနည်းစွာ ငိုကြွေးခြင်းလား၊ မိဘပစ္စည်းကို မရလိုက်၍ ယူကျုံးမရဖြစ်နေခြင်းလားဆိုသည်ကိုတော့ သူတို့ထက် ပို၍ မသိနိုင်ပေ။

''မိဘကို မသေခင်ကျွေးပါ၊ သေမှ မငိုပါနဲ့ဆိုတဲ့ စကားလေးဟာ ခင်ဗျားတို့လို သားသမီးမျိုးကို သိစေဖို့ ဆုံးမထားတဲ့ စကားလေးပဲ ဖြစ်ရမယ်၊ ငိုကြ၊ ခင်ဗျားတို့ အားလုံး အားရအောင်ငိုကြ၊ မိဘ သေမှ လာငိုနေကြတဲ့ မွေးရဘာ နာတဲ့ သားသမီး ရတာနာတွေပဲ၊ ကျုပ် ကောင်းကောင်းကြီး နားလည်သွားပြီ၊ ခင်ဗျားတို့ မိဘဝဋ္ဋ တွေ မလည်ကြပါစေနဲ့လို့ ကျုပ် ဆုတောင်းပေးလိုက်တယ်၊ ကဲ..... သွားကြပါတော့ဗျာ၊ ကျုပ်ရှေ့က အားလုံးထွက်သွားကြပါတော့''

လောကတွင် မိဘကို မသေခင်မလုပ်ကျွေးဘဲနှင့် သေမှ လာ ငိုနေကြသည့် ကိုအောင်ချမ်း၊ မစိန်ကြည်၊ ကိုငြိမ်းချမ်းတို့လို သားသမီး မျိုး မည်မျှရှိနေကြမည်မသိပါ။

ကိုရေချမ်း သိနေသည်က ဖြင့် 'မိဘမျက်ရည်တစ်စက်သည် သားသမီးဆင်းရဲ တစ်သက်' ခံစားရ တာကြောင်းနှင့် သဘာဝတရားကြီး၏ မလွဲမသွေ ဒဏ်ခတ်ခြင်းကို သားဆိုးသမီးဆိုးများ ရှောင်လွှဲရနိုင်အောင် ခံရပေလိမ့်မည်မဟုတ်ပါလား။

**လေးစားစွာဖြင့်**
**ထက်ထက်ဦးဝေ**

www.burmeseclassic.com









www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



# ရင်မှအချစ် အပြစ်ရှိ၏

မောင်သာမန် (ဖိုးကုန်း)

ဝါးတံတားလေးအောက်ရှိ စမ်းချောင်းလေးသည် အရှေ့မှ အနောက်သို့ ကွေ့ဝိုက်လျက် အလျဉ်မပြတ် စီးဆင်းနေပါ၏။ စမ်းချောင်းလေးတစ်ဖက်တစ်ချက်တွင် ကျယ်ပြန့်သော လယ်ကွင်းပြင်များ ရှိနေ၏။ ထိုလယ်ကွင်းပြင်ရှိ စပါးခင်းများသည် မောင်းညိုစဖြစ်၍ လေတစ်ချက်ဝှေ့လေတိုင်း စပါးနှံလေးများ ယိမ်းနွဲ့နေကြသည်။

အလုပ်ခွင်မှပြန်လာသော မြူသည် ထိုဝါးတံတားလေးပေါ်သို့ ရောက်သည်နှင့် စမ်းချောင်းလေးအား ငုံ့ကြည့်မိ၏။ စမ်းချောင်းလေး၏ ရေပြင်၌ အပြာရောင်မိုးကောင်းကင်သည် လှုပ်လှုပ်ရှားရှား ထင်ဟပ်လျက်ရှိ၏။ တသွင်သွင် စီးဆင်းနေသော စမ်းချောင်းလေးအား ကြည့်နေသော မြူသည် မောင့်ကို သတိရ၍လားမသိ။ မျက်နက်ဝန်းများမှ ကြည်လဲ့သော မျက်ရည်စများသည် စမ်းချောင်းလေး၏ ရေအလျဉ်နှင့်အတူ မျောပါ၍သွားသည်လား။ ထင်မှတ်မှားလောက်အောင် သူမ၏ပါးပြင်သို့ လိမ့်ဆင်းလျက်ရှိပါ၏။



သို့စေကာမူ ကျဆင်းနေသော မျက်ရည်များသည် မောင့်ကိုလွမ်း၍ကျသော မျက်ရည်လား၊ သို့တည်းမဟုတ် မိမိကိုယ်မိမိ ယူကျုံးမရခြင်းကြောင့် ကျသောမျက်ရည်လားဆိုသည်ကို သူမကိုယ်တိုင် မဝေခွဲနိုင်ခဲ့ပါချေ။

ယင်းဝါးတံတားလေးပေါ်၌ မောင်နှင့်မြူသည် အကြင်နာဆုံး ချစ်သူများ ဖြစ်ခဲ့ကြပါ၏။ မြူတစ်ယောက် အိမ်ပြန်လေတိုင်း ချစ်ရသောမောင်မှ ဝါးတံတားလေးအထိ နေ့စဉ်နီးနီး လိုက်ပို့တတ်ပါ၏။ မြူသည် မောင့်ကိုချစ်သကဲ့သို့ မောင်သည်လည်း မြူ့ကို ချစ်လိမ့်မည်ဟု ထင်မြင်မိခဲ့၏။ သို့သော် မောင့်အကြောင်း မြူမသိရခင်မှာပင် ထိုတံတားလေးပေါ်၌ မောင်သည် မြူ့အား ချစ်သူအဖြစ်မှ ထုတ်ပယ်ခဲ့

www.burmeseclassic.com

သည်။

ထိုစဉ်အခါက မောင်၏နှုတ်ဖျားမှ မြူလုံးဝမျှော်လင့်မထားသည့် စကားစိမ်းများသည် မြူ၏ချစ်တတ်သည့် နှလုံးသားအား ချေမွဖျက်ဆီးလိုက်သည့်ပမာ။ မောင်၏ စကားများကြောင့် မြူ၏ တည်ဆောက်မည့် စိတ်ကူးယဉ်ချစ်ကမ္ဘာလေးသည်လည်း ပြိုကွဲပျက်စီးရချေ၏။

တစ်ဖက်သားအား ညှာတာ ထောက်ထားခြင်း မရှိသည့် မောင်၏ခွဲခွာခြင်း စကားစိမ်းများကြောင့် မြူ၏ နှုတ်ဖျားမှ ယောင်၍ပင်.....

"ရက်စက်လိုက်တာ မောင်ရယ်"ဟု ကြေကွဲမှုအာမေဍိတ်ပင် ထွက်ပေါ်လာရ၏။ မောင်က ကြေကွဲဖွယ်စကားသံဖြင့် တန်ဆာဆင်လျက်. . .

"မြူ့ရဲ့နိုင်ကျည်မွန်မြတ်တဲ့ ချစ်ခြင်းမေတ္တာကို မောင်တန်ဖိုးထားပေမယ့် မလွန်ဆန်နိုင်တဲ့ မောင့်ရဲ့ အဖြစ်သနစ်တွေကြောင့် မောင့်ကို မုန်းမေ့လိုက်ပါတော့လို့ ရင်နာနာနဲ့ မောင်ပြောပါရစေတော့ မြူ၊ ဒီလို ပြောရခြင်းကလည်း မောင့်ဘဝကို မောင်မပိုင်ခဲ့တာကြောင့်၊ မောင့်ရဲ့ချို့ယွင်းချက်ကြောင့်လို့ ပြောရမှာပါ မြူ"

မောင်ပြောနေသော စကားများသည် မောင်၏စိတ်ရင်းအမှန်နှင့် ပြောထွက်လေသောစကားများလား။ မြူသည် မောင့်ကို သေသေ



ချာချာ စူးစိုက်ကြည့်မိပါ၏။ မောင်သည် စကားပြောနေစဉ်အတွင်း မြူ၏မျက်နှာကို မကြည့်၊ ရွှေဝါရောင်ရွှန်းမှည့်နေသော စပါးခင်းများကိုသာ ကြည့်နေသည်။ မြူသည် မောင့်ကို တစ်ခုခု စွပ်စွဲချင်ပါ၏။ မောင်သည်. မြူ၏ချစ်ခြင်းမေတ္တာအား စာနာထောက်ထား တန်ဖိုး ထားရမှန်း မသိ၍လား၊ သို့မဟုတ် မြူ၏ အချစ်ကို မထီမဲ့မြင်ပြုသည် လားဆိုသည်ပင်ဖြစ်၏။ မောင်၏ မျက်နှာညိုညိုအားကြည့်၍ မြူတစ်ယောက် ငိုချင်လာမိသည်။

"အခုလို ရက်စက်တဲ့ စကား တွေ ပြောနေတဲ့သူဟာ မောင်အစစ်မှ ဟုတ်ရဲ့လားလို့ မြူမေးလိုက်ချင်တော့တယ် မောင်၊ စိမ်းကားတဲ့ စကားမျိုးကို မြူက ပြောခဲ့ရင် မောင်က ခါးခါးသီးသီးဖြစ်ခဲ့ပေမယ့် အခု မောင်ကိုယ်တိုင်က မြူ့ကို သစ်စိမ်းချိုးချိုးနေသလို ခံစားနေရပါတယ် မောင်၊ မောင်အခုပြောနေတာတွေက နောက်ပြောင်ပြီး မြူ့ကိုပြောနေတာမဟုတ်ဘူးလား မောင်ရယ်၊ မြူ့ကို စိတ်ဆင်းရဲအောင်လုပ်တာ မဟုတ်ပါဘူးနော်"

မောင်၏ပခုံးနှစ်ဖက်ကိုကိုင်၍ မြူသည် စိတ်ရှိလက်ရှိ လှုပ်ယမ်းနေပါ၏။ မြူ၏မျက်ဝန်းများမှလည်း မျက်ရည်စလေးများ လွင့်စဉ်ကျနေရ၏။

"မောင်ပြောတာတွေက နောက်ပြောင်ပြောနေတယ်လို့ မြူထင်နေတာလား၊ မောင် မြူ့ကို ဘယ်တုန်းကများ နောက်ပြောင်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



ဖူးလို့လဲ မြူရယ်၊ အခု မောင်ပြော
တာတွေက ဒီဋ္ဌမမွဖြစ်စဉ်အမှန်တွေ
ပါ၊ ဖြူစင်တဲ့ မြူ့ရဲ့နှလုံးသားလေး
ကို ဖျက်လိုဖျက်ဆီး လုပ်ခဲ့တဲ့ လူ
ယုတ်မာအဖြစ် မောင့်ကိုသတ်မှတ်
လိုက်ပါ၊ မောင့်ကို ဘယ်တော့မှ
ခွင့်မလွှတ်ပါနဲ့လို့ မောင်ပြောပါရစေ
တော့ မြူ"

တကယ်ပင် အမှန်းစကားတို့
ဖြင့် နိဒါန်းစခဲ့သော မောင်၏စကား
များကို မြူ အတည်ယူလိုက်ပြီး
သည့်နောက် မြူ၏နှုတ်ဖျားမှ.....

"မြူတို့လို မိန်းမသားတွေရဲ့
ချစ်ခြင်းကို တန်ဖိုးထားရမှန်းမသိ
တော့လို့လား ရှင်ရယ်"

မြူ့ကို မောင် ကျောခိုင်းထွက်
ခွာသွားစဉ်က မြူတစ်ယောက်
တသိမ့်သိမ့် ရှိုက်ငိုခဲ့ရသည်။

ယခုတစ်ခါ အလုပ်မှပြန်လာ
သော မြူ့အနေဖြင့် စမ်းချောင်း
လေးကိုကြည့်လျက် မျက်ရည်
အသွယ်သွယ် ကျဆင်းရခြင်းမှာ
မောင့်ကိုလွမ်း၍မဟုတ်။ ထို့အပြင်
မိမိကိုယ်ကို ယူကျုံးမရ၍လည်း
မဟုတ်ပေ။ မြူ မျက်ရည်ကျရခြင်း
မှာ မြူ မှားယွင်းစွာ ချစ်မိသော
လူယုတ်မာ မောင့်အား ခံပြင်းခြင်း
ကြောင့်ဟု ဆိုရပေတော့မည်။

♛♛♛♛♛

မြူတစ်ယောက်
ပွဲရုံတွင် အလုပ်လုပ်သည်
ဆိုသော်လည်း
စာရင်းကိုင်တစ်ယောက်
မဟုတ်။
မြူသည် ဆင်းရဲသော
မိဘများမှ
မွေးဖွားသောသူဖြစ်ခြင်းကြောင့်
ပညာရေးတွင်
ရှစ်တန်းအောင်သည့်
အထိသာ

မောင်၏အမည်မှာ ဟန်မ[င်း]
မောင်ဖြစ်၏။ မြူနှင့်မောင်သည် [...]
စပါး၊ နှမ်းပွဲရုံတွင် အတူတကွလုပ်
ကိုင်ကြသူများပင်။ ဟန်မင်းမောင်
သည် ဤမြို့ ဤရွာမှမဟုတ်။
အထက်အညာ မကွေးတိုင်းဒေသ
ကြီးအတွင်းရှိ မြို့ငယ်လေးတစ်မြို့
မှဖြစ်ပြီး အောက်ပြည်အောက်ရွာ
သို့ လာရောက်အလုပ်လုပ်ကိုင်နေ
သူဖြစ်၏။

မြူတစ်ယောက် ပွဲရုံတွင်
အလုပ်လုပ်သည်ဆိုသော်လည်း စာ
ရင်းကိုင်တစ်ယောက်မဟုတ်။ မြူ
သည် ဆင်းရဲသောမိဘများမှ မွေး
ဖွားသောသူဖြစ်ခြင်းကြောင့် ပညာ
ရေးတွင် ရှစ်တန်းအောင်သည့်အထိ
သာ နေခဲ့ရ၏။ မြူ၏ဖခင် ဆုံးသည့်
အခါတွင် မြူသည် ရှစ်တန်းတက်[နေ]
ဖြစ်၏။ အဖေမရှိတော့ မြူ၏အမေ
သည် စားဝတ်နေရေးအတွက်
ခေါင်းပေါ်တွင် ခံတောင်းရွက်၍
အရပ်တကာလှည့်၍ ဈေးရောင်းရ
ပေသည်။

မြူ့အတွက် တစ်ပူပေါ် နှစ်[ပူ]
ဆင့်ရသည့်အဖြစ်မှာ မြူ၏အမေ
သည် အရွယ်ရှိသေးသည်ကြောင့်
နောက်အိမ်ထောင်ထူလိုက်ခြင်းဖြစ်
၏။ အဖေသည် အရက်နှင့်အသက်
လဲလှယ်သွားခဲ့သည်ကို သင်ခန်း
စာမယူနိုင်သော အမေသည်
နောက်အိမ်ထောင်ထူရာတွင်လည်း



www.burmeseclassic.com

www.burmeseclassic.com



အရက်သမားပင် ဖြစ်နေပြန်၏။ အမေသည် အရက်သမားများနှင့် အကျိုးပေးလေရှေ့သလားဟု မြူ တစ်ယောက် ထင်မှတ်မှားခဲ့ရသည်။ အရက်အား သောက်ရင်း ခံတွင်း လိုက်နေသော နောက်အိမ်ထောင် အား မြူ၏အမေ မည်သို့မျှမပြော။ ထုံးစံအတိုင်း ခေါင်းပေါ်ခံတောင်း တင်၍ ဈေးရောင်းရပြန်၏။

သို့ကြောင့်ပင် မြူတစ်ယောက် ရှစ်တန်းအောင်သည်နှင့်ဆက်၍ ကျောင်းမတက်တော့ဘဲ လုံးလုံး ကျောင်းထွက်ရတော့သည်။ မြူတစ် ယောက် အလုပ်လုပ်ရန် ဆုံးဖြတ် ပြီး မြို့ပေါ်ဈေးအတွင်း ကုန်စုံဆိုင် များ စတိုးဆိုင်များတွင် အလုပ်ရှာ ဖွေရာမှ အဒေါ်ဝမ်းကွဲဖြစ်သူ ဒေါ် စန်းကြည်၏ ဆက်သွယ်ပေးမှု ကြောင့် ပွဲရုံတစ်ရုံတွင် မြူအလုပ် ရခဲ့သည်။ အလုပ်ဝင်သည့်နေ့၌ပင် မြူတစ်ယောက် ပင်ပန်းမှုဒဏ်ကို ရင်စည်းခံလျက် လုပ်ကိုင်ခဲ့ပါ၏။ ပွဲ ရုံမှ ဝယ်ယူထားသော ပဲ၊ နှမ်း၊ စပါးများအားပြန်လည်သန့်စင်သော လုပ်ငန်းဖြစ်ခြင်းကြောင့် မြူသည် ပင်ပန်းခဲ့သည်။ အိမ်ပြန်ရောက်၍ မအီမသာဖြစ်နေသော မြူ့အား အမေမှ ကြင်နာစွာဖြင့်.....

"သမီးက ဒီလိုအကြမ်းလုပ် ငန်းတွေ မလုပ်ဘူးတော့ ပင်ပန်း တာပေါ့၊ သမီးပင်ပန်းတာကို အမေ မကြည့်ရက်နိုင်ဘူးကွယ်၊ သမီး ကျောင်းပြန်တက်ပါ၊ အမေ မဖြစ် မနေ ကျောင်းပြန်ထားပေးပါ့မယ်"

မည်သို့ပင် အမေမှဆိုစေ အမေ၏နောက်အိမ်ထောင် မြူ၏ ပထွေးသည် လက်ကြောတင်းသည် မဟုတ်။ အမေသည်သာ ပင်ပန်း မည်ဖြစ်သည်။ အမေပင်ပန်းသည် ကို မြူမကြည့်ရက်နိုင်။ သို့ဖြင့်...

"အမေရယ် အလုပ်ဝင်တာ ဒီတစ်ရက်ပဲရှိသေးတာ၊ နောက် တော့လည်း သူ့ဟာနဲ့သူ အသား ကျသွားမှာပေါ့၊ သမီးအတွက် မပူ ပါနဲ့ အမေ၊ ပွဲရုံပိုင်ရှင် မမကလည်း သဘောကောင်းပါတယ်"

ဟုတ်ပါသည်။ ပွဲရုံပိုင်ရှင်သည် အမျိုးသားမဟုတ်။ အမျိုးသမီးဖြစ် ပြီး ဒေါ်ခိုင်သဇင်ဟုခေါ်ပေ၏။ ဒေါ် ခိုင်သဇင်သည် ငွေကြေးတောင့် တင်း၍ ဤမြို့တွင် ပွဲရုံလုပ်ငန်း လာ ရောက်ထူထောင် လုပ်ကိုင်နေခြင်း ဖြစ်၏။ သို့သော် ဒေါ်ခိုင်သဇင် သည် တစ်ခုလပ်တစ်ဦးဟု သိကြ ၏။ တစ်ခုလပ်ပင်ဖြစ်သော်လည်း သူမ၏ ခံ့ထည်သောအလှသည် လူ ပြောများကြ၏။ သူမသည် ရန်ကုန် သူဖြစ်၏။

မြူသည် ဖွဲနှင့်လုံ့လကို မလျှော့ဘဲ ပွဲရုံရှိ အောက်ခြေသိမ်း လုပ်ငန်းများအား အခြားအလုပ် သမများနည်းတူ လုပ်ကိုင်ခဲ့၏။ မြူ အလုပ်ဝင်၍ တစ်လခန့်ကြာသော် အထက်အညာဒေသမှ ဟန်မင်း မောင်ဟူသော လူညိုချောလေး တစ်ယောက် မြူတို့ပွဲရုံသို့ ဝင် ရောက်လုပ်ကိုင်လာသည်။ ထိုလူ ညိုချောသည် ဘွဲ့ရလူငယ်ဟု မြူ တို့သိရ၏။ ဟန်မင်းမောင်သည် ပွဲ ရုံပိုင်ရှင်နံဘေး၌ နေရပြီး ငွေ အထုတ်အသွင်းစာရင်းများ ကိုင် တွယ်ရသူဖြစ်၏။ တစ်ခါတစ်ရံ ကုန် ပစ္စည်းဝယ်ရာတွင် ကတ္တားချိန် တွယ်ခြင်းအား ဝင်ရောက်လုပ်ကိုင် လေ့ရှိ၏။ ထိုဟန်မင်းမောင်သည် နောင်တစ်ချိန်၌ မြူ၏ချစ်သူမောင် ဖြစ်ခဲ့ပါ၏။

လုပ်ငန်းခွင်အတွင်း၌ မောင် ၏ဂရုစိုက်မှု၊ မောင်၏အပြုံးများနှင့် အကြည့်စူးစူးများကြောင့် မြူတစ် ယောက် ရင်ခုန်ရသည်မှာ နေ့စဉ် နှင့်အမျှ။ နောက်ပိုင်းတွင် မြူသည် မောင်၏ဂရုစိုက်မှုများအပေါ် သာ ယာမိလာ၏။

မောင်သည် မြူ့အား ကတ္တား ချိန်တွယ်နည်းများ၊ တာလီစစ်ဆေး ခြင်းများ၊ ကုန်ပစ္စည်းစာရင်း ဝယ်၊ ထုတ်၊ ကျန် စာရင်းများ ရေးသွင်း ခြင်းများကို သင်ကြားပေးခဲ့၏။ မောင်၏ နွေးထွေးသောအပြုအမူ များအပေါ်တွင် မြူသည် ယစ်မူး၍ ပြီး မောင်ကမ်းလှမ်းလာမည့် ချစ် မေတ္တာတောင်းဆိုမှုအား ရင်ခုန်



www.burmeseclassic.com

www.burmeseclassic.com

လိုက်မောစွာ မျှော်လင့်နေခဲ့မိ၏။

ညနေစောင်း၍ အလုပ်ပြန်ချိန် မြူ့အား လိုက်ပို့ပေးရာမှ ဝါးတံတားလေးပေါ်၌ မောင်ကချစ်ရေးဆိုခဲ့ပါ၏။ မောင်၏ချစ်ခွင့်ပန်မှုအပေါ် မြူသည် တွေးခေါ်စဉ်းစားခြင်း မပြုတော့။ ရှက်ရှက်ဖြင့်ပင် မောင့်အချစ်ကို လက်ခံခဲ့၏။

မောင်က.....

"မောင့်ရဲ့အချစ်ကို ယုံကြည်မှု အပြည့်နဲ့ လက်ခံပါနော်"

ထိုသို့ပြောခဲ့၏။ ထိုစဉ်က မောင်၏ မြူ့အပေါ် ပြုမူဆက်ဆံမှုမှာ ရိုးစင်း၍ ဂုဏ်ဝင်မြောက်နိုင်သည့် ချစ်ခြင်းတရားများကို ဖော်ကျူးခဲ့ သည်မှာ အမှန်ပင်ဖြစ်၏။ မမျှော်လင့်သော အချိန်တစ်ခု၌ မောင်သည် မြူ့ကို သစ်စိမ်းချိုးချိုးခဲ့လေသည်။ မောင်သည် မည်သို့သော လူမျိုးပါနည်း။ မိန်းကလေးများ၏ မေတ္တာကို ရယူ၍ အမုန်းကဗျာတို့ဖြင့် မှိုင်းတိုက်တတ်သော ယောကျ်ားမျိုးပေလား။ မြူတစ်ယောက် မဝေခွဲနိုင်ပါ။ မည်သို့ဆို စေ မောင်၏ချစ်ခွင့်ပန်မှုအား အဆက်အစပ်မရှိ ပေးအပ်လိုက်ခြင်း ကပင် မြူ၏အမှားဟု ဆိုရပါလိမ့်မည်။

ယခုတော့ဖြင့် မြူ့အားခွဲခွာသွားသော မောင့်အား တစ်ဖက်မှ ကျေးဇူးတင်ရမလို ဖြစ်ရသည်။

အမှန်စင်စစ် မြူချစ်သော မောင်သည် လူကြီးလူကောင်းစိတ်ဓာတ်မရှိ။ ကောက်ကျစ်စဉ်းလဲ၍ ယုတ်မာရိုင်းစိုင်းသောသူ ဖြစ်နေခြင်းပင်။ ယခုအခါ မြူမသိသော မောင်၏အကြောင်းအရာများကို ဘွင်းဘွင်းသိရှိနေပြီဖြစ်၏။



မြူမသိသည့်အချက်တစ်ခုမှာ ပွဲရုံပိုင်ရှင် မမသဇင်နှင့် မောင်သည် နှလုံးသားရေး မပါသည့် လူမှုရေး အရှုပ်အရှင်းတစ်ခုရှိ၏။ မမသဇင်သည် တစ်ချိန်က ငွေရှင်ကြေးရှင် သူဌေးကြီး တစ်ဦး၏အငယ်အနှောင်း ဖြစ်ခဲ့ဖူး၏။ ထိုငွေရှင်ကြေးရှင်၏ ဇနီးမယားကြီးမှ မမသဇင်နှင့် သူဌေးကြီး၏ ဖြစ်ရပ်ဇာတ်လမ်းအား သိရှိသွားပြီးနောက် မယားကြီးမှ မမသဇင်အား သူဌေးကြီးနှင့် အရှုပ်အရှင်းမပြုလုပ်ရန် တားမြစ်ခဲ့ပြီး ထိုက်တန်သော ငွေကြေး များ ပေးခဲ့၏။ မမသဇင် ရရှိသောငွေကြေးမှာ ကျပ်သိန်း တစ် ထောင်ခန့် ရခဲ့သည်ကြောင့် မမသဇင်သည် ရရှိသောငွေ ကြေးပေါ်မူတည်ပြီး ကိုယ်ပိုင်စီးပွားရေး လုပ်ငန်းများကို လုပ်ကိုင်နေခြင်း ပင်ဖြစ်၏။ သူဌေးကြီး ကို လည်း အဆက် ဖြတ်ခဲ့၏။

www.burmeseclassic.com



ထိုသို့သော မမသဇင်၏ အတွင်းရေးများကို အပ်ကျမပ်ကျ သိထားသူက ဟန်မင်းမောင်၊ သို့မဟုတ် မြူ၏မောင်ပင်ဖြစ်ရာ ထိုအချက်အလက်ကို မောင်သည် လက်ရဆုပ်ကိုင်လျက် မမသဇင်နှင့် ရင်းနှီးအောင် ကြိုးစားခဲ့၏။ ဟန်မင်းမောင်သည် ယောကျ်ားမာယာသဲကိုးဖြာမကဟု ဆိုရလေမလားမသိ။ မမသဇင်အား လူညိုချောရုပ်ဆင်းသဏ္ဌာန်တို့ဖြင့် ညှို့ယူ ဖမ်းစားခဲ့ပြီးသည့်နောက် မမသဇင်၏ အိပ်ခန်းထဲတွင် လူမသိသူမသိဖြင့် မောင်သည် အစဉ်အမြဲရှိနေခဲ့၏။ မမသဇင်သည်လည်း မောင့်ကိုနှစ်နှစ်ကာကာချစ်စိတ်တို့ဖြင့် အလိုလိုက်ခဲ့ဟန်ရှိခဲ့၏။ မောင်သည် မမသဇင်၏ ငွေကြေးများကို အနုနည်းဖြင့် မြူဆွယ်ယူငင်ပြီးသည့်အပြင် သူကိုင်သည့် ငွေစာရင်း၌လည်း ကုန်ပစ္စည်းဝယ်ယူရန် ငွေကြေးများကွာဟ လျော့နည်းလျက်ရှိပေ၏။

နောက်ပိုင်း မမသဇင်၏ စုံစမ်းလေ့လာသိရှိချက်များအရ ဟန်မင်းမောင်တွင် အောင်လံ၌ သားနှင့်မယား ရှိနေခြင်းပင်ဖြစ်၏။ ထိုသို့ သိရှိချက်များအရ မမသဇင်သည် ဟန်မင်းမောင်နှင့်ပြဿနာ အကြီးအကျယ် တက်ခဲ့ရတော့သည်။ ဟန်မင်းမောင် ဆောင်ရွက်နေသော ငွေစာရင်းများသည် မှန်ကန်မှုမရှိသည့်အပြင် ကုန်ပစ္စည်းနှင့် ငွေကြေး ကိုက်ညီမှုမရှိခြင်းများသည်လည်း လူသိရှင်ကြား ပေါ်ပေါက်ခဲ့ရ၏။

မြူသည် ကုန်ပစ္စည်းစာရင်းများ ကိုင်တွယ်သူဖြစ်၍ ကုန်ပစ္စည်းအမှန်အကန်ရှိနေသော်လည်း ကုန်သည်များ၊ ကုန်ပစ္စည်း လာရောက်ရောင်းချသူများထံမှ ရရန်ငွေကြေး၊ ပေးရန်ငွေကြေးတို့ဖြင့် ရှုပ်ထွေးပွေလီလျက်ရှိတော့၏။ မြူ့ရှေ့၌ပင် မမသဇင်နှင့်မောင် ပြဿနာရှင်းကြရာမှ မမသဇင်နှင့်မောင့်အကြောင်းကို မြူ ဘွင်းဘွင်းသိလိုက်ရတော့၏။ မမသဇင်က.....

"ရက်စက်လိုက်တာ ဟန်မင်းမောင်ရယ်၊ နင့်ကို ငါက ယောကျ်ားပီသတယ်၊ တည်ကြည်တယ်၊ ကတိသစ္စာရှိတယ်လို့ ငါထင်ခဲ့လေသမျှ လက်စသတ်တော့ နင်ဟာ ယောကျ်ားပိုင်းလုံးပဲကွ၊ နင်ဟာ တော်တော်ယောကျ်ားမဆန်တဲ့ကောင်၊ အခု နင်လော်မာထားတဲ့ ငွေကြေးတွေက ငါ့ရဲ့စီးပွားရေးအရင်းအနှီးဟဲ့၊ပြောထားတဲ့အတိုင်း တစ်ပတ်အတွင်း ပြန်မဆပ်နိုင်ဘူးဆိုရင်တော့ နင့်ကိုငါ သက်ဆိုင်ရာနဲ့ စကားပြောရမှာပဲ ဟန်မင်းမောင်"

"တချို့ငွေကြေးတွေက ကျွန်တော်သုံးမိတာရှိသလို မမကိုယ်တိုင် ပေးခဲ့တာလည်းရှိပါတယ်၊ အကုန်လုံး ကျွန်တော်ပြန်ဆပ်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး၊ ကျွန်တော် ယူခဲ့တဲ့ငွေတချို့ကို တစ်ပတ်အတွင်း ကျွန်တော်ပြန်ဆပ်ပါ့မယ်"

မောင်သည် အကျင့်စာရိတ္တယိုင်နဲ့နေသောသူဖြစ်သည်ကို မြူသိလိုက်ရပါ၏။ မောင့်ကြောင့် မြူ၏နှလုံးသားသည် ဆတ်ဆတ်ထိမခံနိုင်သည့်ပမာ မောင့်အား နာကြည်းခဲ့ရ၏။ မြူ၏အသိစိတ်တို့သည် မောင့်အား ရင်ခွင်တွင်းမှ အပြီးခါထုတ်နေပါ၏။ မြူ၏မျက်လုံးအိမ်များမှ မျက်ရည်ဥများ ယိုစီးကျမလာစေရန် ကြိုးစား၍ ဝန်းနေရ၏။ မောင်၏အကြည့်များသည် မြူ့အား ခွင့်လွှတ်ပါရန် တောင်းပန်နေသယောင်ရှိသော်လည်း မြူသည် မောင့်ကို တစ်သက်ကြည့်တော့မည်မဟုတ်။ ယခုမှပင် မြူ့အား မောင်သည် ဘယ်အတွက်ကြောင့် ချစ်မေတ္တာဇာတ်လမ်းကို ဖြက်ခဲ့သည်ကို ရှင်းလင်းစွာ သိခဲ့ရပေ၏။ မောင်သည် မိန်းမများနှင့် နောက်ကြောင်းမရှင်းခဲ့သည်သာမက လုပ်ငန်းမှ ငွေကြေးများကိုလည်း မိမိကိုယ်ကျိုးအတွက် သုံးစွဲခဲ့သူ သော်မာသော ယောကျ်ားတစ်ဦးဖြစ်နေပါ၏။

သို့သော် မြူသည် မောင့်ကို ကျေးဇူးတင်ပါသည်။ မောင်သည်



www.burmeseclassic.com

www.burmeseclassic.com



လော်မာ၍ ယုတ်မာသောသူဖြစ်လင့်ကစား မြူ့အား မဖျက်ဆီးခဲ့ပါ။ ဖြူစင်သော ချစ်ခြင်းမေတ္တာကို မြူနှင့်ကျမှ လေးစားတန်ဖိုးထားရမှန်း သိလာခဲ့ပုံတူပါသည်။ သူ့ပြဿနာ၊ သူ့ကိုယ်ရေးကိုယ်တာများကြောင့် မြူ့အား စောစီးစွာ လမ်းခွဲခဲ့ခြင်းကို မြူ သဘောပေါက်ရသည်။ မည်သို့ပင်ဆိုစေ တစ်သက်တာ ဖျက်မရသည့် စွန်းထင်းသော အမည်းစက်ကြီးသည် မောင်၏ စိတ်၊ ခန္ဓာကိုယ်၌ ကျန်ရစ်ခဲ့ပြီဖြစ်၏။ ဘဝ တစ်ခုလုံးမောင်သည် ရက်စက်သော ယောကျ်ား၊ ယုတ်မာသော ယောကျ်ား၊ ကောက်ကျစ်သော ယောကျ်ားအဖြစ် တည်ရှိနေတော့မည်ဖြစ်၏။ မြူ့အပေါ်၌ မောင်၏ ကောင်းကွက်ကလေးတစ်ခုသည် မောင်၏ စွန်းထင်းနေသည့် ဘဝအမည်းစက်အား ပျက်ချေအောင်ကျော်လွှားနိုင်မည်တော့ မဟုတ်ပါပေ။

♛♛♛♛♛

မမသဇင်နှင့် မောင်တို့သည် ပြန်လည်မရနိုင်သော ငွေကြေးအရှုပ်အရှင်းများဖြင့် ရုံးရောက်ဂါတ်ရောက် ဖြစ်ကြရ၏။ နှစ်ဖက်သက်သေ ထွက်ဆိုချက်များကြောင့် တရားခွင်၌ နှစ်ဦးစလုံး အရှက်များစွာ ရရှိခဲ့ကြ၏။ ထုသည့်ဥသျှစ်ရော၊ ခံသည့်ဥသျှစ်ပါ ကွဲရသည့်အဖြစ်။ လွန်စွာ ဂုဏ်သိက္ခာကျခဲ့ရသည်။



မြူသည် မမသဇင်ရော၊ မောင့်ကိုပါ တစ်သက်တာ မျက်နှာချင်းမဆိုင်ချင်သည်မို့ ပွဲရုံမှအလုပ်ထွက်၍ တခြားအလုပ်ပြောင်းရန် ကြိုးစားရတော့သည်။

အလုပ်မှပြန်လာသော မြူသည် စမ်းချောင်းလေးကိုငုံ့ကြည့်၍ မျက်ရည်အသွယ်သွယ် ကျဆင်းရခြင်းမှာ မောင့်ကိုလွမ်း၍မဟုတ်။ တစ်ခုတော့ရှိသည်။ နောက်ဆုံးပြော ခဲ့သော မောင့်ရဲ့စကား။

"မြူ့ကို မောင် နှစ်နှစ်ကာကာချစ်မိလို့ အခုလို လမ်းခွဲခဲ့တာပါ"

ဆိုသည့်စကားသည် ရှားပါးသော မောင်၏ ဂုဏ္ဍဝင်မြောက် စကားလေလား မသိ။

မည်သူ့ကိုမဆို ကလိမ်ကကျစ်နှင့် ယုတ်မာနိုင်စွမ်းရှိသော မောင်သည် မြူ့အား မယုတ်မာခြင်းကိုပင် ကျေးဇူးတင်ရသည့် အပြင် မောင်တစ်ယောက်နောင်တရစေရန် ဆန္ဒပြုခဲ့၏။ မြူတစ်ယောက် မျက်ရည်ကျဆင်းရခြင်းမှာ မြူတစ်ယောက်မှားယွင်းစွာချစ်မိသော လူယုတ်မာ မောင့်အား နာကြည်းခံ ပြင်းမိခြင်းတစ်ခုကြောင့်ဟု ဆိုရပေတော့မည်။

**မောင်သာမန် (စီးကုန်း)**



www.burmeseclassic.com

www.burmeseclassic.com



မောင်ထွန်းညွန့်
(ကွမ်းခြံကုန်း)

# ကျွန်မချစ်သူ စိုးကိုကို



www.burmeseclassic.com

www.burmeseclassic.com






ကျွန်မချစ်သူ စိုးကိုကို


မောင်ထွန်းညွန့်(ကွမ်းခြံကုန်း)

***မခံချင်စိတ်ဖြင့် ထိပ်ကို ရောက်ခဲ့သူတစ်ဦး၏ ဘဝနှင့် လက္ခဏာ***

မေတ္တာနှင့်ပတ်သက်လာလျှင် သော်လည်းကောင်း၊ အချစ်ဆိုသည့် ရင်နှစ်အစွဲ အမြုတေခဲနှင့် ပတ်သက်လာလျှင်သော်လည်းကောင်း၊ အိမ်ထောင်ရေးနှင့် ပတ်သက်လာလျှင်သော်လည်းကောင်း၊ ခေတ်ဟောင်းအယူအဆ အခွေးအမြည့်ကြီးဖြစ်သည့် ဂုဏ်ပကာသန၊ ရွှေ၊ ငွေ၊ တိုက်တာ၊ ခြံ၊ မြေ၊ ဓန၊ ဥစ္စာများဖြင့် ပိုင်းခြားသတ်မှတ်ဆုံးဖြတ်တတ်ကြသည်။

ငါ့သမီးနဲ့ ဒီကောင် ဘေးနီး ငါ့သားနှင့် ဒီ အမျိုးသမီး အဆင့်မတူ၊ ထို့ကြောင့် သဘော မတူနိုင်၊ မပေးစားနိုင်၊ စုလျားရစ်ပတ်ခြင်းကို မည်သည့်နည်းနှင့်မျှ ခွင့်မပြုနိုင်၊ ဂုဏ်အဆင့်တူသူနှင့်သာ ထိမ်းမြား၍ ညားစေရမည်

စသည်ဖြင့် တစ်ချက်လွှတ်၊ တရားသေ၊ တစ်ဖက်သတ် ခွဲပစ်တတ်ကြသောကြောင့် ချစ်သူပေါင်းများစွာတို့မှာ မျက်ရည်လည်ရွဲ ရှင်ကွဲ ကွဲကြရရှာသည်။



ချစ်ရသူခများတို့၏ ဖြောင့်ဖြူးနေသော မေတ္တာလမ်းကြောင်းကို တိမ်းစောင်းပြောင်းလဲ ချစ်ကံမွဲစေသော ထိုဂုဏ်ဓနေ၊ အဆီးအတားများကြောင့် လရောင်ဆမ်းသော မေတ္တာလမ်းတို့သည် မှောင်မိုက်လေရ၊ မုန်တိုင်းကျကာ ရယ်သံအစား ငိုသံအဖြစ်သို့ ပြောင်းလဲသွားခဲ့ပေါင်း မနည်းတော့ပါပေ၊

အချို့ချစ်သူတို့ကမူ ရှင်ကွဲအကွဲမခံ၊ စွန့်ကြသည်။ နှစ်ကိုယ်လက်တွဲ၍ သေပွဲဝင်သူ ဝင်ကြသည်။

အချို့ကမူ ရှုပ်ထွေးလှသော ဤနေတံတိုင်းတို့ကို ဖြိုပစ်မည်၊ ဂုဏ်အလွှာကို ဆန့်ကျင်ကျောခိုင်း ပစ်မည်၊ တို့ချစ်သူနှစ်ယောက်ကို မည်သူက မည်သို့ခွဲခွဲတို့ အကဲ့



www.burmeseclassic.com

www.burmeseclassic.com



မခံ၊ သစ္စာနှံ၍ ဖြစ်ရန်လမ်းစ ရှေး ကြမည်၊ ဖြစ်အောင်ပေါင်းသင်း ကြမည်ဟု ဆုံးဖြတ်ကာ မောင့်လက်ကို မယ်တွဲ၊ မယ့်လက်ကို မောင်ဆွဲ၍ ဘဝတောထဲ လှမ်းဝင်သည်။ နိုးရာလိုက်သည်။ ဘဝတစ်ခုကို အစပြုတည်ဆောက်သည်။ ချမ်းသာလျှင်မခွဲ၊ ဆင်းရဲလည်းတူတူ၊ နေပူမိုးရွာ နှင်းကန့်လန့်ကာကြားသို့ တိုးဝင်ဖြတ်သန်းကြမည်ဟု ချစ်မေတ္တာမိဋ္ဌာန်ပြုကြသည်။

ထိုသို့ ဂုဏ်ကန့်လန့်ကာ၊ မနေတံတိုင်း အခြားခံရသည့် ချစ်သူတို့ထဲတွင် စိုးကိုကိုနှင့် နီလာတို့လည်း ပါဝင်သည်။

သူတို့ချစ်သူနှစ်ဦးတွင် နီလာ က ချမ်းသာသည်၊ မြင့်မားသည်၊ မနေကြေးငွေ၊ ရွှေငွေဥစ္စာ၊ ချမ်းသာပီတိ လိုလေသေးမရှိ ပြည့်စုံသည်။ နီလာ၏မိဘတို့က ငွေကြေးမနေကို လွှန်စွာမက်သည်။ တစ်နည်းအားဖြင့်ဆိုရသော် နီလာသည် ဦးဂုဏ် တက်နှင့် ဒေါ်ငွေမက်တို့၏ သမီး ဖြစ်လေသတည်းဟု ဆိုရပါမည်။

စိုးကိုကိုက နီလာထက်စာလျှင် နိမ့်ပါးသည်ဟု ဆိုရမည်။ ဘိုးဘွားလက်ထက်က ချန်ထားရစ်ခဲ့သည့် ရွှေတွင်း၊ ငွေတွင်း၊ ဥစ္စာတွင်းမရှိ။ သာမန်ထက် အနည်းငယ်မြင့်သည့် အခြေမျိုးမှာသာရှိသည်။

စိုးကိုကို၏ဖခင်က စစ်ဗိုလ်၊ ပြည်သူ့တပ်မတော်သား နိုင်ငံ့သားကောင်း။ မိခင်က ငွေစာရင်းအရာရှိ။ ဆိုရသော် စိုးကိုကိုသည် နိုင်ငံ့ဝန်ထမ်းမိဘများ၏ သားသာဖြစ်သည်ဟု ဆိုရပါမည်။

သို့သော် စိုးကိုကို ထူးချွန်သည်။ အခြေခံပညာအထက်တန်းကို ဂုဏ်ထူးနှစ်ဘာသာဖြင့်အောင်မြင်သည်။ ဂုဏ်ထူးနှစ်ခုရှင် စိုးကိုကိုဖြစ်လာသည်။ ချစ်သူ၏ ထူးချွန်မှုကို နီလာက လွှန်စွာဂုဏ်ယူငါ။ ကိုကို့အတွက် နီလာ သိပ်ဂုဏ်ယူတယ်၊ ဝမ်းသာတယ်၊ ဆက်ကြိုးစားပြစမ်းပါ ကိုကိုရယ်ဟုလည်း ဝမ်းမြောက်ထုတ်ပြော ချီးကျူးသည်။

သို့သော် စစ်ဗိုလ်နှင့် ငွေစာရင်းအရာရှိ၏သားတစ်ယောက် ဘမေးပွဲ ဂုဏ်ထူးဖြင့်အောင်မြင်ခြင်းကို မှတ်သားဂုဏ်တင်၊ ကမ္ဘည်းတင်သင့်သည့်ကိစ္စဟုမထင်။ ဤကိစ္စ သာမန်ကိစ္စမျှသာဖြစ်သည်။ ထူးခြားသောကိစ္စမဟုတ်ဟု သဘောမှတ်သည်။

ပြီး ဒီကောင်နှင့် တို့သမီးကို ခွဲရမည်၊ ခွဲမည်၊ ခွဲမှကိုဖြစ် မည်ဟု တင်းမာစွာဆိုသည်။



"ဘယ့်နှယ် ဆသင်တန်းလေးအောင်တဲ့ ကောင်မျိုးနဲ့ လားလားမျှ မတန်၊ ဘို့သမီးက ရွှေပန်းကန်၊ ရွှေအိုး၊ ဒါကို ဒီကောင်မျိုးက တိုး၍ ဖြစ်မည်လား၊ တို့သမီးသည် ရွှေ ကလပ်ပေါ်တင်ထားရမည့်ပစ္စည်း၊ မြပဝါနှင့် ထုပ်သားသင့်သည့် ပစ္စည်း၊ ဒါကို မြစိမ်းစက်နှင့်



www.burmeseclassic.com

www.burmeseclassic.com

လှမ်းလာ၍ ဘယ်ဖြစ်မတုံး၊ သမီးကို သင်္ဘောသား၊ ရေကြောင်းအရာရှိ၊ အင်ဂျင်နီယာတို့နှင့်မှ ပေးစားမည်''

ထိုသို့ တင်းမာမောက်ကြွားကာ ခါးထောက်ပြောဆိုပြီး စိုးကိုကိုနှင့် နီလာကို ဖွတ်အတင်းဖြတ်ပစ်သည်။

နီလာ့ကို ယက္ခကုမ္ဘဏ် ဝန်းရံစောင့်ကြပ်စေသည်။ သံတံခါးအထပ်ထပ် ပိတ်ပစ်သည်။

''ညည်း ဒီကောင်နဲ့အဆက်ဖြတ်ပစ်''

ဟူသော မိဘစကားမဟုတ်သည့် အာဏာစကားကို ပိတ်ပြောသည်။

ချစ်သူနှစ်ဦး ကွဲကြပါသည်။ မခွဲချင်၊ မခွာချင်ဘဲ ခွဲခွာကြရပါသည်။

မောင်တစ်ရွာ မယ်တစ်မြို့ မဟုတ်ဘဲ တစ်မြို့တည်းမှာပင် နီးလျက်နှင့် ဝေးကြရ၊ ဆွေးကြရသည်။

ဤတွင် စိုးကိုကိုသည် မခံချင်စိတ်ကို မွေးပစ်လိုက်သည်။

သူတို့လိုချင်သောအဆင့် မရရအောင် ငါကြိုးစားပြမည်၊ ယောက်ျားတို့လုံ့လ၊ ဝီရိယနှင့် ဖွဲကို နှစ်ဆတိုးပစ်လိုက်သည်။ ဆယ်တန်းအောင်ပြီးသောသူသည် စက်မှုတက္ကသိုလ်ကိုတက်သည်။ အင်ဂျင်နီယာဘွဲ့ကိုယူသည်။ 'ကဲ ကျုပ် အင်ဂျင်နီယာဖြစ်ပြီ၊ ဦးဂုဏ်တက်နှင့် ဒေါ်ငွေမက်တို့'ဟု စိတ်ထဲက ကြုံးဝါးပြီး ရေကြောင်း ဆိုင်ရာစာမေးပွဲ ဖြေသည်၊ အောင် သည်။



ရေကြောင်း အင်ဂျင်နီယာဖြစ်လာသည်။ သင်္ဘောသားအဖြစ် ခံယူသည်။ နိုင်ငံခြားသို့ အကြိမ်ကြိမ်

**ရေကြောင်း**
**အင်ဂျင်နီယာဖြစ် လာသည်။**
**သင်္ဘောသားအဖြစ် ခံ ယူသည်။**
**နိုင်ငံခြားသို့**
**အကြိမ်ကြိမ် သွားရသည်။**
**ရေကြောင်းသင်္ဘော မျိုးစုံတွင်**
**စက်မှူးလက်မှ**
**အင်ဂျင်နီ ယာအဖြစ်**
**တျော့ထွန်းထူးချွန်စွာ**
**အမှု**
**ထမ်းဆောင်လိုက်သည်။**
**တစ္ဆာတစ်ဝတ် ဝါ.....**

www.burmeseclassic.com



သွားရသည်။ ရေကြောင်းသင်္ဘော မျိုးစုံတွင် စက်မှုလက်မှုအင်ဂျင်နီယာအဖြစ် ကျေပွန်ထူးချွန်စွာ အမှုထမ်းပြလိုက်သည်။ ကမ္ဘာတစ်ပတ် ပါ ပတ်ပြလိုက်သည်။

ယင်း၌ နီလာ၏မိဘ ဦးဓနနှင့် ဒေါ်သောဘတို့ သိပ်သိပ်ကို အံ့သြသွားသည်။ "ဟ...တော်လှချည်လား"ဟု အာမေဋိတ်ပြုရင်း မျက်လုံးပြူးကြသည်။ 'တို့ကိုအရွဲ့တိုက်တာ၊ အင်း...တို့ကလည်း တို့ပါပဲလေ'ဟု လေသံပျော့ကျသွားသည်။ သူ့ကိုအထင်သေးမိတာ မှားလိုက်တာဟု နောင်တရလေသည်။

နီလာ သိပ်ကျေနပ်သည်။ လွန်စွာဝမ်းသာသည်။ ချစ်သူအတွက် ဂုဏ်ယူသည်။ "ဒါမှ တို့ကိုကိုကွ၊ ငါ့ကိုသိပ်ချစ်တဲ့ ငါ့ကိုကိုကွ"ဟု ကြိတ်၍ပီတိဖြစ်သည်။

"အချစ်ဆိုတာ ငွေတို့၊ ဂုဏ်တို့နဲ့ မဆိုင်ပါဘူး ဖေဖေတို့၊ မေမေတို့ရယ်၊ လူတစ်ယောက်ကိုလည်း အထင်မသေးကောင်းပါဘူး"ဟု စိတ်ထဲမှ ကျိတ်ပြောသည်။

အဆုံးတွင် ကြိုးစားစွာ၊ ရိုးသားထူးချွန်သော စိုးကိုကိုနှင့် ကိုကိုကို သိပ်ချစ်သော နီလာတို့သည် အချစ်စစ်၊ အချစ်မှန်ဖြင့် ချစ်သူများပီသစွာဖြင့် ပေါင်းသင်းသွားကြ



တော့သည်။

စိုးကိုကို၏လက္ခဏာကို စာရေးသူ တစ်နေ့ စစ်ဆေးဟောပြောခွင့်ကြုံခဲ့ပါသည်။ ထိုနေ့က စာရေးသူ၏ လက္ခဏာဟောခန်းသို့ စိုးကိုကိုနှင့် နီလာတို့ စုံတွဲရောက်လာပါသည်။ ပြုံးရွှင်ကြည်နူးနေကြသော ချစ်သူနှစ်ဦးကိုကြည့်ရင်း စာရေးသူ ပီတိဖြစ်ကာ စိုးကိုကို၏ လက္ခဏာကို ကြည့်လိုက်ပါသည်။

♛♛♛♛♛

**စိုးကိုကို၏လက္ခဏာ**

စာရေးသူ ဗေဒင်ဟောသက်၊ လက္ခဏာဟောသက် ၁၉ နှစ်အတွင်းတွင် လက္ခဏာတို့တွင် ဉာဏလေခ(ခ) ဉာဏ်လမ်းကြောင်း တစ်ကြောင်းတည်းရှိသည်ကိုသာ တွေ့ခဲ့ကြုံခဲ့ဖူးပါသည်။ စိုးကိုကို၏ လက္ခဏာကမူ ထူးခြားပါသည်။ သူ့ လက္ခဏာကို အမှတ်အသားတို့ဖြင့် ဖော်ပြပါမည်။

**အမှတ်အသား A**

ဉာဏလေခ ခေါ် ဉာဏ်လမ်းကြောင်းသည် စိုးကိုကို၏ လက်ဖဝါးပြင်တွင် ထူးခြားလွန်းစွာ ၂ ကြောင်းပြိုင်ပါလာသည်ကို တအံ့တသြ တွေ့ရပါသည်။

ထို့ကြောင့် စိုးကိုကိုသည်



www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com





## ခရီးသွားဟန်လွဲအချစ်

**မိနော်**

က အပန်းဖြေ နားနေချင်စရာ ပန်းခြံထဲမှာ မဟုတ်။ အများသူငါ စီးနေကြသည့် အထူးဘတ်စ် ကားတစ်စီး ပေါ်မှာ။ အချိန်က ည ၇ နာရီခန့်။ ကားပေါ်မှာ လူတွေ များသည်။ မှတ်တိုင်တစ်နေ ရာရောက်လျှင် ကားက ကျောက် ချရုပ်၍ ငါးပိငါး ချဉ်သိပ်သည်အထိ လူစောင့်တင်သည်။

လူနံ့၊ ချွေးနံ့များ၊ စကား သံများ လှိုင်လှိုင်ထနေသည့် ဘတ်စ်ကားရဲ့ ပြတင်း ပေါက်နံဘေးကခုံမှာ ဆူးထိုင်နေသည်။ ဦး ခေါင်းကို ပြတင်း ပေါင်တွင်မှီထား လျက် က မျက်လုံးကို မှေး စင်းလျက် အမ်ပီဖိုးက လာနေသည့် သီချင်းကို အသံမထွက်ဘဲ တရွရွ လိုက်ဆိုညည်းလျက်က ဆူးထိုင်နေသည်။

အထူးကားမို့ နှင်ရာ

ဆူးကတော့ ပတ်ဝန်းကျင်မှာ သူတစ်ယောက်တည်းရှိနေသည့် နှယ် ဘာဆိုဘာကိုမျှ ဂရုမစိုက်။ ပတ်ဝန်းကျင်ကို သိပ်ဂရုမစိုက်တတ် သည့် စိတ်က ဆူးရဲ့မွေးရာပါ ဗီဇလား မပြောတတ်။ အခုလည်း ကြည့်။ ဆူးရောက်နေသည့် နေရာ

တေးသွားအလိုက် ဆူးရဲ့ဦး ခေါင်းလေးက တညိတ်ညိတ်လှုပ် ချင်နေမိသည်။ ဆူးက သူ့ရဲ့မျက် လုံးလေးများကိုပင် မှေးစင်းထား လိုက်သေးသည်။ ဖူးဖူးငုံနေတဲ့ နှုတ် ခမ်းနှစ်လွှာကလည်း ရွရွဖွဖွလေး လှုပ်စိလှုပ်စိနှင့်။ ကိုရီးယား လိုင်းတွန့် ပုံစံဆံနွယ် ခွေများကြားမှ နစ်မြုပ် လျက်သားရှိနေသည့် လျှပ်စစ် ဝါယာ ကြိုးပျော့လေး ကိုသာ မမြင် မိလျှင် သူ့အမူ အရာကိုကြည့်၍ သည် ကောင် မလေးရုပ်ကလေး သနားကမားနဲ့ စိတ်မနှံ့ရဲ့လားဆိုပြီး ထိုသူက ထင်ကြပေ လိမ့်မည်။





www.burmeseclassic.com

www.burmeseclassic.com



ပေးစီး လာပေမယ့် အဲယားကွန်း မရှိ။ သဘာဝလေတဖြူးဖြူးက ဖွင့်ထားသည့် ပြတင်းမှတစ်ဆင့် ဆူး၏ မျက်နှာတွင် ဆံနွယ်စများ လွင့် ကပ်ငြိလာစေသည်အထိ တိုးဝှေ့နေသည်။ ပတ်ဝန်းကျင်ကို ဆူး မေ့ထားသည်။ တမင်တကာ အားထုတ် စရာမလိုဘဲ ဆူးရဲ့ ဝသီအတိုင်း ပတ်ဝန်းကျင်ကို မေ့ကာ နေတတ်သလို ဆူးနေနေတာဖြစ်သည်။

♛♛♛♛

ဘတ်စ်ကားပေါ် တက် သာစီးခဲ့သည်။ တကယ်တော့ သည်ကားက ဘယ်ရောက်လို့ ဘယ်ပေါက်သည့်ကားမှန်း ဆူးမသိ။ ပြောရလျှင် လတ် တလော ဆူးဘယ်ကို သွားရမည်မသိ။ မျက်စိရှေ့ရောက်လာသည့် ဘတ်စ်ကားပေါ် ဆူးတက်ခဲ့တာဖြစ်သည်။ လောလောဆယ် ဆူးက အခုအတိုင်းကား လိုက်စီး၍ နေချင်နေသည်။ သည်ဘတ်စ်ကားကို ဂိတ်ဆုံးအထိလိုက်စီးမည်။ ပြီးလျှင် မြို့ထဲကိုပြန်ထွက်မယ့် နောက်ကားတစ်စီးပေါ် ဂိတ်ဆုံးကနေ ပြန်လိုက်စီးမည်။ အချိန်တန် အိမ်ပြန်ရမှာကိုတော့ ဆူးသိသည်။ ကားပေါ်ရောက်ပြီး သိပ်မကြာခင် ကံအားလျော်စွာ ထိုင်စရာ နေရာရလိုက်သည်။ နေရာလေးရသည်နှင့် နားကြပ်လေး နားထဲထိုးလို့ သီချင်းလေးနှင့် ငြိမ့်နေမိသည်။ ဆူးက ဦးတည်ရာမဲ့။

လောလောဆယ် ဆူးရဲ့ခေါင်းထဲမှာ နားကြပ်ထဲက ဘန်နီဖြိုးရဲ့ သီချင်းသံကလွဲလို့ ဘာဆိုဘာမှ



မရှိ။ မှတ်တိုင်တစ်ခုသို့အရောက် ဆူးရဲ့နံဘေးကနေရာမှ လူတစ်ယောက် ဝင်ထိုင်လိုက်သည်။ သူထိုင်လိုက်သည့်အရှိန်က နည်းနည်းပြင်းတာမို့ ဆူးရဲ့ပခုံးလေးတောင် ယိုင်သွားရသည်။ စိတ်မြန်လက်မြန်သမားမို့ တင်းသွားပြီး.....

"ကြမ်းလှချည်လား"

လို့ ပါးစပ်က ခပ်စူးစူးလေး ပြောလိုက်မိသည်။

"ဆောရီးဗျာ၊ အနောက်က တိုးလိုက်လို့ပါ"

လို့ ပြန်ပြောသူက ဆူးတို့အရွယ် လူငယ်တစ်ယောက်။

လျှာထိုးကြီးကြီးနဲ့ ဦးထုပ်ကို ခပ်စိုက်စိုက်ဆောင်းထားပြီး ဖြူဖွေးနေသည့် တီရှပ်အဖြူကို ဂျင်းပင်န် အနက်ရောင်နဲ့ တွဲဖက်၍ ဝတ်ထားသည်။

မျက်လုံးကို ခပ်မြန်မြန် တစ် ချက်ဝင့်ကြည့်လိုက်မိသည်။ သူ့ဆီက ဒီနင်းတံဆိပ် ချွေးနံ့ပျောက်ဆေး ရနံ့မွှေးမြမြက လေနှင့်အတူ ပျံ့လွင့်လို့လာသည်။ မျက်နှာကို ပြတင်းမှတစ်ဆင့် ကားလမ်းမ ဘက်သို့ ဆူး ပြန်လှည့်လိုက်မိသည်။

ချက်ချင်းဆိုသလို ဆူးရဲ့ စိတ်က မှတ်မိသွားသဖြင့် သူ့ဘက်ပြန် အလှည့်.....

"နင်း မဟုတ်လား"

လို့ သူကအရင်ဦးအောင်မေးတာကို ခံလိုက်ရသည်။

ဆူးရဲ့လက်ချောင်းလေးတွေက အမ်ပီဖိုးခလုတ်လေးကို ခဏပိတ်လိုက်မိ၏။ နားကြပ်လေးကို အသာ ခဏဖြုတ်ထားလိုက်ရင်း နှုတ်ခမ်းထောင့်လေး ကွေးသွားအောင် ပြုံးလိုက်မိလေသလား ဆူး မသိ၊ ဆူး



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို မမှတ်မိဘဲ ရှိပါ့မလား။

"ဟုတ်ပါ့ လူလူ၊ ရေမရော တဲ့ နှင်းဆီလွင်လွင်ပါ၊ နင် အခု ရန်ကုန်မှာပေါ့"

"ဟင့်အင်း၊ အလုပ်ကိစ္စ အတွက် ရန်ကုန်ခဏရောက်နေ တာ၊ ကိုယ့်ဦးလေးက ဒီမှာရှိတယ် လေ"

"နင်က သန့်ပြန့်နေတော့ ငါ ရုတ်တရက် မှတ်တောင်မမှတ်မိချင် ဘူး"

"နှင်းကရော ဘာထူးလဲ၊ ဒီ ဖိုင်းတွေက လန်ထွက်နေတာပဲ၊ ပို တောင်ချောလာသလိုပဲ"

"တော်စမ်းပါဟာ"

သူ့ကိုယ်သူ ကိုယ်လို့ပြော တတ်တဲ့ သူ့အပြောက အရင်လို ရင်ခုန်ချင်စရာကောင်းနေသေးလား လို့ ဆူး မစဉ်းစားတတ်တော့။

သူနဲ့အမှတ်မထင် အခုလိုဆုံ ဖြစ်ချိန် ကျေနပ်စိတ်လေးတစ်ခဏ ဆူးရင်မှာ ဖြစ်တည်လာရသည်ကို တော့ မငြင်းလိုပေ။

အရင်ကလို ရှုံးတိုးရှုန့်တန့် မဖြစ်တော့ဘဲ ဆူးရဲ့အမူအရာတွေ တည်တည်ငြိမ်ငြိမ်ရှိနေသလိုထက် ထိုတတ်ထိဟန်ပေါက်နေတာကို သူ အံ့သြနေလေမလားမသိ။

"နှင်း အခု ဘယ်ကိုသွားမလို့ လဲ"

"ဟင့်အင်း ဘယ်မှမသွား ဘူး၊ ကားလိုက်စီးရုံ"

"ဘယ်လို.....ကားလိုက်စီး တာ ဟုတ်လား"

"ဟုတ်တယ်၊ အိမ်မပြန်ချင် သေးလို့၊ တခြားနေရာလည်းသွား မနေချင်ဘူး၊ ဒီကားပေါ်မှာဆို လူ တွေကြားထဲမှာဆိုတော့ စိုးရိမ်စရာ၊ စိတ်ပူစရာမရှိဘူးလေ၊ သူများမြင် လည်း တစ်နေရာရာသွားဖို့ ကား စီးသွားတယ်ထင်မှာပေါ့၊ အခု ဂိတ် ဆုံးအထိ ကားလိုက်စီးမယ်၊ ပြီးရင် ဂိတ်ဆုံးက ပြန်ထွက်တဲ့ကားနဲ့ မြို့ ထဲပြန်လိုက်မယ်၊ အဲဒီအချိန်ဆိုရင် အိမ်ကိုပြန်ဝင်ရင် အတော်လောက် ပဲ"

"နှင်း.....နင်က အရင်လို ခပ်ကြောင်ကြောင်တွေ တွေးတုန်း၊ လုပ်တုန်းလား"

"ဒီမယ် လူလူ၊ နင်လည်း အရင်ကလူမော်အောင် မဟုတ် တော့သလို ငါလည်း အရင်တန်း က နှင်းဆီလွင်လွင် မဟုတ်တော့ ဘူး၊ ငါ့အခုနာမည်က ဆူးနှင်းဆီ၊ ငါ့ကို တော်တော်များများက ဆူး လို့ခေါ်ကြတယ်၊ မလှဘူးလား အဲ ဒီနာမည်၊ ဟာ.....ဟ"

ဆူးရဲ့ရယ်သံဟက်ဟက်က သူတော့မသိ။ ဆူးရဲ့နားထဲမှာတော့ သွေ့ခြောက်နေသလို ကိုယ်တိုင်ခံ စားရသည်။

အထက်တန်းကျောင်းသူဘဝ

*__အိမ်မပြန်ချင် သေးလို့၊__*
*__တခြားနေရာလည်း__*
*__သွား မနေချင်ဘူး၊__*
*__ဒီကားပေါ်မှာဆို__*
*__လူ တွေကြားထဲမှာဆိုတော့__*
*__စိုးရိမ်စရာ၊__*
*__စိတ်ပူစရာမရှိဘူးလေ၊__*
*__သူများမြင် လည်း__*
*__တစ်နေရာရာသွားဖို့__*
*__ကား စီးသွားတယ်ထင်မှာပေါ့၊__*
*__အခု ......__*

www.burmeseclassic.com



မနူးမနပ်အရွယ် သူနဲ့ဆူး ချစ်သူဖြစ်ခဲ့ဖူးတာ အခုအချိန်မှာ လွမ်းလောက်စရာရယ်လို့ ဆူး မခံစားရတော့တာ အချိန်ကာလကြောင့်လေလား၊ ဒါမှမဟုတ် ဆူးမှာ ခံစားချက်ဆိုတာကြီးပဲ မရှိတော့လေသလား။ ဆူးရဲ့အသည်းကို ခွဲခဲ့သူရယ်လို့ ဆူးစိတ်ထဲ အခုအခါမှာ နာကြည်းစိတ် ဖြစ်မနေတော့တာကတော့ အံ့သြစရာ။

အမှန်တော့ ဆူးရဲ့အသည်းနှလုံးတွေက ထုံကျဉ်လို့ နေခဲ့လေပြီ။

“လူလူ နင်ရော အခုဘယ်သွားမလို့လဲ၊ နင် ဘာတွေလုပ်နေလဲ”

“ငါ သွားစရာကိစ္စလေးရှိလို့၊ အင်း.....ငါလား၊ အခု နိုင်ငံခြားထွက်ဖို့ လုပ်နေတယ်လေ”

“သြော်.....အချိန်ကာလက လူတွေကို အရမ်းပြောင်းလဲသွားစေတယ်နော်၊ တခြားမကြည့်နဲ့၊ အခု နင်နဲ့ငါကိုကြည့်”

“ကိုယ်တော့ ဘယ်တော့မှ ပြောင်းလဲတယ်လို့ မထင်မိပါဘူး၊ ပြောင်းလဲတာဆိုလို့ နှင်းက အရင်ထက်တောင် ချောလာသလိုပဲ”

“တော်စမ်းပါဟာ၊ အဲ့ဒီ ချောတယ်လှတယ်ပြောတာတွေ ငါနားအီနေပြီ၊ ခံစားလို့မရတော့ဘူး၊ ဖီလင်မလာတော့ဘူး”

“ဘယ်လို.....ဘယ်လို အဲ့ဒီလောက်တောင် ပိုင်းပြောတဲ့သူတွေများတယ်ပေါ့”

“နင်မသိပါဘူးဟာ၊ ငါက လွန်ခဲ့တဲ့ငါးနှစ်က နယ်မြို့လေးတစ်

**ယောကျ်ားတန်မဲ့**
**ရှက်သွေးတွေ**
**ဖြာသွားတာ**
**တွေ့ရတော့ဆူးစိတ်ထဲ**
**ရယ်ချင်ပက်ကျိ**
**ဖြစ်လာရသည်။**
**ငါးနှစ်လောက်**
**အချိန်တွေကြာပြီးမှ**
**အမှတ်မထင်**
**ဘတ်စ်ကားပေါ်**
**ပြန်တွေ့မိတဲ့ဆူးနဲ့သူ**
**ပြောနေတဲ့စကားတွေက**
**တကယ့်ကို....**

မြို့က နှင်းဆီလွင်လွင်ဆိုတဲ့ အချော်ကို ကိုးကွယ်ခဲ့တဲ့ မနူးမနပ်ကောင်မလေး မဟုတ်တော့ဘူး၊ ငါ့နာမည်က ဆူးနှင်းဆီပါဆို၊ စဉ်းစားကြည့်ပေါ့”

“လိုက်လို့မမီတော့ပါဘူး နှင်း နင်က အရမ်းကိုမြင့်နေပြီ”

“ငါကတော့ ငါ့ကိုယ်ငါ မြင့်တယ်လို့ကို မထင်ဘူး၊ ဒီမှာတွေ့လား၊ နှစ်လက်မအထူ ဒေါက်ဖိနပ် စီးထားရတာ၊ အဲဒါ မမြင့်ဘဲ့ပေါ့ လူလူရဲ့၊ နင်ကတော့ တကယ်ကို မြင့်လာတာအမှန်ပဲ၊ ဆယ်တန်းကျောင်းသားဘဝတုန်းက ငါသိခဲ့ဖူးတဲ့ လူမော်အောင်ဆိုတာ အခုနဲ့ တခြားစီ”

ယောကျ်ားတန်မဲ့ ရှက်သွေးတွေဖြာသွားတာ တွေ့ရတော့ ဆူးစိတ်ထဲ ရယ်ချင်ပက်ကျိဖြစ်လာရသည်။ ငါးနှစ်လောက် အချိန်တွေကြာပြီးမှ အမှတ်မထင် ဘတ်စ်ကားပေါ် ပြန်တွေ့မိတဲ့ ဆူးနဲ့သူ ပြောနေတဲ့စကားတွေက တကယ့်ကို ကပေါက်တိကပေါက်ချာ၊

“စကားတွေများနေတာနဲ့ မှတ်တိုင်ကျော်သွားဦးမယ်နော်”

လို့ သူ့ကို ဆူး သတိပေးလိုက်မိသည်။ သူက ပြုံးရင်းက....

“ကိုယ်က နှင်းလိုပဲ ဂိတ်ဆုံးအထိ စီးရမှာ”

လို့ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆူးမယုံပါ။ စပယ်ယာကို ကားခလှမ်းပေးစဉ် ပြောလိုက်တုန်းက ကြားမှတ်တိုင်တစ်ခုခုနာမည်မို့ ဆူးရဲ့နှုတ်ခမ်းတွေ ကွေးညွတ်သွားမိသည်အထိ ပြုံးလိုက်မိ၏။ သူ့ရဲ့ မသေမသပ်စကားလုံးတွေကို အတွေ့အကြုံအရ အခုတော့ ဆူး ရိပ်စားမိနိုင်လေပြီ။ ကားထဲက ခရီးသည်တွေက အိပ်တန်း တက်ငှက်တွေလို ငိုက်မျဉ်းနေကြ၏။

အနည်းဆုံး သူ ဆူးနဲ့ကား ဂိတ်အဆုံးအထိ အတူတူရှိနေရင်ကိုပဲ လမ်းတစ်လျှောက် စိတ်ချလက်ချနဲ့ အပျင်းပြေစကား ပြော သွားနိုင်သေးသည်။


"အပျင်းပြေ နင့်အကြောင်း ပြောပြပါဦး"

ဆူးရဲ့တောင်းဆိုပုံကြောင့် သူက ဆူးကို မျက်လုံးဝင့်ကြည့်လာသည်။

"သမားရိုးကျပါပဲဟာ၊ ဘာမှ ထူးထူးခြားခြားမရှိပါဘူး၊ ဘွဲ့တစ်ခုရခဲ့တယ်၊ အဲဒီဘွဲ့နဲ့ မသက်ဆိုင်တဲ့ အလုပ်တစ်ခုကို ပြည်ပမှာသွားလုပ်ဖို့ ကြိုးစားနေတယ်၊ ဒါပါပဲ"

"ကောင်းလိုက်တာ၊ ငါကတော့ ဘဝတက္ကသိုလ်မှာ ပိတ်ရက်မရှိ တက်နေရတုန်းပဲ၊ စာမေးပွဲတွေလည်း တဖုန်းဖုန်းကျနေဆဲ၊ ဟာ.....ဟ"

"နှင်းက အရင်နဲ့ သိပ်မတူတော့သလိုပဲ၊ စကားတွေလည်း



အရမ်းတတ်လာတယ်"

"သေချာတာပေါ့၊ အရင်က နှင်းဆီလွှင်လွှင်ဆိုတာ အားငယ်တတ်၊ ကြောက်ရွံ့တတ်၊ စာနာတတ်၊ နုမြေ့တတ်၊ မျိုသိပ်တတ်တဲ့ သိုးမလေးပေါ့၊ အခု ဆူးနှင်းဆီဆိုတာက ကာကွယ်တတ်၊လောဘကြီးတတ်၊ အတ္တများတတ်၊ ပွင့်လင်းတတ်သူ ကျားနာမလေးပေါ့၊ ဟ.....ဟ.....ဟား"

ဆူးရဲ့ တဟားဟားရယ်သံကို မျက်မှောင်ကြုတ်ကြည့်လျက်က...

"အဲ့ဒီဆူးနှင်းဆီဆိုတဲ့နာမည်က ဘယ်သူပေးတာလဲ၊ ပြောပြပါဦး"

လို့ မေးလာ၏။

သူက အခုလိုမေးလာတော့ဆူး နည်းနည်းတော့ ငြိမ်ကျသွားသည်။

ဆူးအကြောင်းတွေ သူသိတော့လည်း ဘာများထူးမှာမို့လဲ။ ဘက်စ်ကားပေါ်လိုနေရာမှာ အခုမှ ပြန်ဆုံတဲ့ ရည်းစားဟောင်းတစ်ယောက်ကို ဆူးရဲ့ မလှမပဘဝ ခင်းကျင်းပြဖို့ သင့်လျော်လို့လားလို့ ဆူးစဉ်းစားမိဆဲ ဆူးရဲ့လက်ကိုင်အိတ်ထဲက ဖုန်းက တုန်ခါလို့လာသည်။ ဖုန်းကို ထုတ်ယူကိုင်လိုက်မိ၏။

"ဒီည ခွင့်ယူထားတယ်၊ သူဌေးမကို ဖုန်းဆက်ခွင့်တိုင်ထားပြီးပြီ၊ ရှင့်ကိုပြောထားပြီးပြီပဲသေးထပ်ပြီး အဲဒီလိုလုပ်နေမယ်ဆို အဲဒီဆိုင်မှာ ရှင်နောက်ထပ် နှင်းမကို တွေ့ရတော့မှာမဟုတ်ဘူး"

ဖုန်းကို တိုးတိုးကျိတ်ပြောရင်း သူ့ကို ဆူးလှမ်းကြည့်လိုက်တော့ သူက ဆူးကို မျက်နှာလွှဲထား သည်။ သို့သော်ငြားလည်း သူ့နား တွေက ဆူးဘာများပြောမလဲ ဆိုတာ နားစွင့်နေသယောင် ယောင်။ မှတ်တိုင်တစ်ခုမှာ ကား ရပ်တော့ လူ များတိုးဝှေ့တက်လာ ပြန်သည်။ လက်ထဲကဖုန်းကို ထပ် ခေါ်လို့မရအောင် ပါဝါပါ ပိတ်ပစ် လိုက်၏။

♛♛♛♛♛

"ကားက ပိုကျပ်လာသလိုပဲ နော်"

လို့ ဆူးပြောတော့မှ သူက က္ကန္ဒေရရ လူကြီးတစ်ယောက်လို ဆူးဘက်ကိုလှည့်လာ၏။

ဆူးက အမ်ပီဖိုးပြန်နားထောင် ဖို့ လုပ်နေတုန်း.....

"ကဲ...ဆူးနှင်းဆီအကြောင်း ဆက်ပါဦး"

လို့ သူက ထပ်မံတောင်းဆို လိုက်ပြန်သည်။

"စပ်စုတဲ့သဘောလား လူလူ၊ ငါ့အကြောင်းတွေက သိပ်စိတ်ဝင် စားစရာ မကောင်းပါဘူးဟာ၊ သာ မန်ထက်တောင် လျော့ပါတယ်၊ မသိချင်ပါနဲ့တော့"

"ငယ်သူငယ်ချင်းတစ်ဦးလို ကိုယ့်ကိုသဘောထားရင် အကြမ်း ဖျင်းလောက်တော့ ပြောပြပေါ့"

"ဘာလဲ ငယ်ရည်းစားဆို တာကိုတော့ မေ့ထားရမယ်ပေါ့၊ ဟုတ်လား လူလူ၊ ဟာ.....ဟား စတာပါဟာ၊ အဖေက ငါတို့မြို့ လေးမှာ သူ့နောက်အိမ်ထောင်နဲ့ ဆိုတော့ ငါ ဆယ်တန်းနှစ်ခါကျပြီး နောက်ပိုင်း အမေရှိတဲ့ ရန်ကုန်ကို ထွက်ခဲ့တဲ့အထိ နင်သိပြီးသားပါ၊ နင့်အိမ်က အဲဒီတုန်းက ငါနဲ့တွဲတာ မကြိုက်တာကိုလည်း ငါအခုအချိန် မှာတော့ နားလည်တတ်လာတယ်၊ ဒါပေမဲ့ အဲဒီတုန်းကတော့ ငါ့စိတ် ထဲ ကျိတ်ခံစားပြီး လမ်းခွဲခဲ့တဲ့နင့် ကို နာကြည်းခဲ့မိသေးတာ၊ အိမ် ထောင်ရေးအဆင်မပြေတဲ့ မိသား စုတစ်ခုမှာ ကြီးပြင်းခဲ့ရတဲ့ ငါ့စိတ် တွေက မိနဲ့ဖနဲ့ အပြည့်အစုံနေခဲ့ရ တဲ့ နင်တို့လို ငယ်စဉ်ကတည်းက မပြည့်စုံခဲ့ဘူး လူလူရ"

သူ့မျက်ဝန်းတွေက ဆူးဘာ တွေများ ဆက်ပြောမလဲဆိုတဲ့ သိ ချင်စိတ်တွေနဲ့ လွှမ်းနေမှန်း ဆူး ရိပ်မိလိုက်သည်။

"ငါ ရန်ကုန်ရောက်တော့ အမေ့ဆီ အပြေးသွားခဲ့ပေမယ့် အဖေ့ကို စိတ်နာပြီး ပြေးခဲ့တဲ့ အမေ ကိုယ်တိုင်က ဘဝသစ်တစ်ခု ထူ ထောင်ဖို့ အစပျိုးနေတော့





www.burmeseclassic.com

www.burmeseclassic.com



ငါလည်း ကိုယ့်ခြေထောက်ပေါ် ကိုယ်တိုင်ရပ်မှ ဖြစ်တော့မယ်ဆိုတာ သိလာရတယ်၊ ငါ သမ္မာအာဇီဝ အကုန်လုပ်ခဲ့တယ်၊ ကံကြမ္မာက ငါ့ကို မျက်နှာသာမပေးပါဘူးဟာ၊ အဲဒီမှာ ငါ့အသည်း တစ်ခါထပ်ကွဲခွင့် ကြုံရပြန်တယ်၊ အသေးစိတ်တော့ မသိချင်ပါနဲ့တော့၊ ငါညှို့လို့ခံလိုက်ရ တာပါ၊ အဲဒီကနေ မိတ်ဆွေတစ်ယောက်နဲ့ ဆက်စပ်ပြီး ငါအခု အလုပ်လုပ်တဲ့ဆီမှာ အလုပ်ဝင်ဖြစ်ခဲ့တယ်၊ အဲဒီမှာ ငါ့နာမည်က ဆူနှင်းဆီဖြစ်သွားတယ်၊ ပြောရရင် စားသောက်ဆိုင်အဆိုတော်ပေါ့ဟာ၊ သီချင်းဆိုကောင်းတော့ ပန်းကုံးများများရ၊ ပန်းကုံးများများရတော့ ဝင်ငွေလေး မဆိုးဘူးပေါ့၊ စီးပွားရေးမပြေလည်တဲ့ အမေ့မိသားစုကိုလည်း ငါနိုင်သလောက် ကြည့်ရှုရတာပေါ့၊ အဲဒီမှာ စားသောက်ဆိုင်မှာ ဂီတာတီးတဲ့တစ်ယောက်နဲ့ပတ်သက်ပြီး ငါ အသည်း တတိယအကြိမ် ကွဲရပြန်တယ်၊ သူဆိုင်က ထွက်သွားခဲ့တယ်၊ အဲဒီနောက်ပိုင်း ငါလည်း သီချင်းတွေကို စက်ရုပ်တစ်ရုပ်လိုပဲ၊ ဝတ်ကျေတမ်းကျေဆိုတတ်တော့တယ်၊ တကယ်တော့ အချစ်ဆိုတာကြီးက ငါ့အတွက်တော့ ခြောက်အိပ်မက်ပါ လူလူရာ၊ ငါ့မိသားစုထဲမှာရော၊ ငါကိုယ်တိုင်ရောအတွက် အချစ်က ရှားပါးပစ္စည်းတစ်ခုပါ''

သူ့မျက်ဝန်းတွေကို ရင်ဆိုင်မကြည့်တော့ဘဲ ဆူးပြောနေလိုက်တော့သည်။

''လူလူ စကားမစပ် စားသောက်ဆိုင်မှာ အလုပ်လုပ်တာနဲ့ အဲဒီမိန်းကလေးက ပျက်စီးနေတယ်လို့ နင်တို့ယောကျ်ားလေးတွေထင်တတ်ကြလားဟင်''

''အဲဒီလိုတော့မဟုတ်ဘူးပေါ့၊ ကိုယ်ချစ်တဲ့မိန်းကလေးဆိုရင်တော့ ဘယ်ယောကျ်ားလေးက အဲဒီအလုပ်လုပ်တာ ခွင့်ပြုချင်ပါ့မလဲ''

''လူလူ နင်က အရင်တုန်းကလိုပဲ ဝေ့လည်ကြောင်ပတ် ဖြေနေပြန်ပါပြီ၊ စားသောက်ဆိုင်မှာ သီချင်းဆိုတိုင်း အပေါစားမဟုတ်ဘဲ ဝါသနာပါတဲ့ သီချင်းဆိုတဲ့အလုပ်နဲ့ ဘဝကို ရိုးရိုးသားသား ဖြတ်သန်းနေကြတဲ့ မိန်းကလေးတွေလည်း ရှိနေတယ်ဆိုတာ နင်လက်ခံလား''

လူလူ နင်က အရင်တုန်းကလိုပဲ ဝေ့လည်ကြောင်ပတ် ဖြေနေပြန်ပါပြီ၊ စားသောက်ဆိုင်မှာ သီချင်းဆိုတိုင်း အပေါစားမဟုတ်ဘဲ ဝါသနာပါတဲ့ သီချင်းဆိုတဲ့အလုပ် နဲ့ ဘဝကို ရိုးရိုးသားသား ဖြတ်သန်းနေကြတဲ့ မိန်းကလေးတွေ လည်း

သူ့မျက်နှာက မတုန်မလှုပ်။

''နင်လက်မခံနိုင်ဘူးဆိုတာ ငါ သိပါတယ်ဟာ၊ ငါကတော့ အကောင်းအဆိုးဆိုတာ နေရာတိုင်းမှာ ရှိနေတယ်လို့ ထင်တယ်၊ မကောင်းတာလုပ်သူက မကောင်းတဲ့လမ်းသွားလိမ့်မယ်၊ ငါ သီချင်းကျွမ်းကျွမ်းကျင်ကျင် ဆိုတတ်



www.burmeseclassic.com

www.burmeseclassic.com

တယ်၊ ငါ့ဝါသနာပါတာနဲ့ ငါ ရိုးရိုးသားသား ရှာဖွေစားတယ်၊ လူတွေက အဲဒါကို မသိဘူး၊ အုတ်ရောရော၊ ကျောက်ရောရော ငါ့ကိုလာလာထင်နေကြတယ်၊ အများစုထဲက တစ်ယောက်က ငါမဟုတ်ဘူး၊ အဲဒါက အလုပ်မှာ ငါ့အတွက် ပြဿနာတစ်ခု အမြဲဖြစ်ရတယ်''

''နှင်း နင်က နင့်ကိုယ်နင် ရိုးသားမှန်းသိပေမယ့် အများက ရောထွေးမြင်နိုင်တာပေါ့၊ အရက်မသောက်တတ်သူက အရက်သောက်တတ်သူနဲ့ အရက်ဆိုင်ထဲလိုက်သွားရင် ပတ်ဝန်းကျင်က အကြမ်းဖျင်းတော့ သူ့ကို အရက်သမားလို့ပဲ သတ်မှတ်မှာ၊ အဲဒီသဘောပေါ့''

သူပြောတာနားထောင်ရင်း ဆူး တွေခနဲဖြစ်သွားလားတောင် မပြောတတ်တော့ပေ။

အချိန်ကာလတွေက လူငယ်လေးတစ်ယောက်ကို အခုလို ရင့်ကျက်တဲ့စကားလုံးတွေ ပြောတတ်လာနိုင်စေသလားမသိ။

''နင်က ကိုယ့်ကိုယ်ကိုယ် ဘောင်ခတ်ထားတာကိုး နှင်းရဲ့အကြောင်းကြောင့် အကျိုးဖြစ်ရတယ်ဆိုတာ ယေဘုယျအားဖြင့်တော့ မှန်ပါတယ်၊ မိသားစုအဆင်မပြေတာနဲ့ နင်ပါ အဆင်မပြေ ခံ



စားနေရတယ်ဆိုတာ အတိုင်အတာတော့ ရှိရမှာပေါ့၊ ဒါပေမဲ့ အဲဒီအပေါ် နင် အရမ်းစိတ်မထည့်ထားနဲ့လေ၊ နင်စိုက်ပျိုးတာကို နင်ရိတ်သိမ်းရမှာပဲ၊ မဟုတ်ဘူးလား နှင်း''

စကားလုံးတွေရဲ့အဓိပ္ပာယ်ကို ဖမ်းဆုပ်မိဖို့ နှင်းစိတ်တွေက အပြေးအလွှားနဲ့ အပန်းတကြီးလိုက်နေရသည်။

မှတ်တိုင်တစ်ခုမှာ ကားရပ်လိုက်စဉ် ခရီးသည်အတော်များများ ဆင်းသွားသဖြင့် ကားအတော်ပင် ချောင်သွား၏။

သိပ်မကြာခင် မှတ်တိုင်ဂိတ်ဆုံးရောက်တော့မည်ထင်ရသည်၊ အပြင်ဘက်တွင် ညက သိပ်သည်းလို့နေ၏။

♛♛♛♛♛

''ငါ သီချင်းဆိုတာကလွဲလို့ တခြားဘာကိုမှ မလုပ်တတ်တာ''

လို့ ဆူးရဲ့နှုတ်ခမ်းကနေ ညည်းပြောလေး ပြောမိလိုက်သည်၊

''အဲဒါ နှင်းစိတ်ကထင်လို့၊ နှင်းမလုပ်နိုင်တာ မဟုတ်ပါဘူး၊ နှင်း မလုပ်ကြည့်ဖြစ်သေးတာပါ၊ အခု တောင် တစ်ယောက်တည်း ည ကြီးမင်းကြီး ကားပတ်စီး



www.burmeseclassic.com

www.burmeseclassic.com





ရဲသေးတာပဲ၊ နှင်း ကြိုးစား ကြည့်ဖို့ မေ့နေတာနေမှာပါ"

အချက်ကျကျ သူပြောပြလာတော့ ဆူးကိုယ်တိုင်က ဒီလို အသိုင်းအဝိုင်းထဲမှာ စီးမျော ပျော်ဝင်နေမိတာကို သတိပြုမိလိုက်သည်။

ဆူးက ပိုးဖလံတစ်ကောင် မဟုတ်လို့သာ မီးကိုမတိုးမိခဲ့လေတာ။ ဆူးရဲ့ပတ်ဝန်းကျင်မှာ မီးတောက်ထဲကို ပျော်ပျော်ကြီး တိုးဝင်နေတဲ့ အတောင်ကျွတ်ဖလံကောင်တွေ နည်းမှမနည်းဘဲ။

ဆူးရဲ့မာနနဲ့ ဆူးရဲ့အတ္တတွေက ဆူးကို ပြန်အကာအကွယ်ပေးနေပေလို့သာလို့ မတွေးစဖူး တွေးမိလိုက်၏။

"နှင်းက မိန်းကလေးလေ၊ အဲဒါကြောင့် ဘာမဆို သတိထားပေါ့၊ အခုလိုမျိုး ကားလျှောက်စီးတာမျိုးဆိုတာက လူမြင်ကွင်းမှာ အများနဲ့ရှိနေတာဆိုပေမယ့် ဘုရားရင်ပြင်ပေါ်လို နေရာမျိုးမှာ ရောက်နေတာမျိုးမှ မဟုတ်တာ၊ မဟုတ်ဘူးလား"

ဆူးပြောနေတာ နားထောင်ရင်း မှင်တက်မိနေသည်။

လျှာထိုးဦးထုပ်အောက်က သူ့မျက်ဝန်းများကို စေ့စေ့ရင်ဆိုင်ကြည့်ရင်း ဆူး သူပြောတာတွေကို အဆက်မပြတ် နားထောင်ချင်လာမိသည်။

"အလုပ်မှာ အပို့အကြို ဖယ်ရီရှိပါတယ်၊ ဒီနေ့ စောစောစီးစီး ဆိုင်ရောက်မှ မန်နေဂျာနဲ့ စကားများပြီး လစ်ထွက်လာတာ"

ဆူးရဲ့အသံက တိုးလူလူသာ။ လေအတိုး စိမ့်ခနဲအေးသွားတာမို့ လက်ကလေး ကျစ်ကျစ်ပိုက်ထားလိုက်မိသည်။

"လူလူ ယောကျ်ားလေးတွေက ရွေးချယ်တာကို ခံနေရတဲ့ မိန်းမတွေရဲ့ဘဝကို ငါ တစ်ခါတစ်ခါ မုန်းတယ်ဟ၊ သူတို့မှာ နှလုံးသားမရှိကြဘူးလား။ မိန်းကလေးတွေက သူတို့ရဲ့ အရွေးချယ်ခံ ပစ္စည်းတွေလား"

"နှင်းပြောတာ ကိုယ်နားမရှင်းဘူး"

"ရှင်းရှင်းလေးပါ၊ နင်လည်း အခု နင့်စိတ်ကြိုက်ကို ရွေးချယ်ထားပြီးပြီပဲမဟုတ်လား"

"နှင်း နင်က သေသေချာချာ မချစ်ဘူးလေးလို့ပါ၊ နောက်ပြီး ယောကျ်ားမိန်းမဆိုတာကလည်း သတ်မှတ်ချက်ပါ၊ တို့တွေမှာ အသိဉာဏ်တွေ၊ ဦးနှောက်တွေ ရှိနေတာပဲ၊ လူတိုင်းက လုပ်သင့်တာ၊ မလုပ်သင့်တာ၊ ဖြစ်သင့်တာ၊ မဖြစ်သင့်တာ၊ ချစ်တယ်၊ မချစ်ဘူး၊ အားလုံးက ကိုယ်တိုင်ဆောင်ရွက်ရမှာ တွေချည်းပဲလေ။ အဲဒါကို အလုပ်တစ်ခုလို ရွေးချယ်တယ်လို့ထင်ရင် မှားသွားမှာ

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာ စပယ်ယာရဲ့ "ရှေ့မှတ်တိုင်မှာ ဂိတ်ဆုံးမယ်"ဆို တဲ့အသံကြောင့် သူ့ခန္ဓာကိုယ် မတ် ခနဲဖြစ်သွားတာကို ဆူး သတိထား မိလိုက်သည်။

အချိန်တွေက အကုန်မြန်လွန်း သည်လို့ ဆူးထင်သည်။ ဂိတ်ဆုံး ရောက်လျှင် သူနဲ့လမ်းခွဲရတော့မည်။ လမ်းခွဲပြီးသားလူတစ်ယောက်နှင့် ထပ်မံလမ်းခွဲရတာ ဘာများထူးပြီး လွမ်းနေရဦးမှာလဲလို့ ဆူး တွေးမိ လိုက်ပြန်သည်။ သူ့ဆီက ဖုန်းနံ ပါတ်လေးပဲဖြစ်ဖြစ် ဆူး တောင်း ထားလိုက်ချင်မိသည်။ သို့သော် ဆူး နှုတ်တွေက အာစေးထည့်ထား သလို တိတ်ဆိတ်လို့နေ၏။ ဘတ်စ် ကားက တရိပ်ရိပ်မောင်းနှင်နေရာမှ မှတ်တိုင်အဆုံးတွင် ရပ်လိုက်၏။

♛♛♛♛♛

ဆူးတို့ နေရာမှထ၍ ကားပေါ် မှဆင်းလိုက်ကြသည်။ အောက်ကို ရောက်တော့မှ သူ့အရပ်က ဒေါက် ဖိနပ်စီးထားတဲ့ ဆူးထက် ခေါင်း တစ်လုံးပိုမြင့်နေတာ သတိပြုလိုက် မိသည်။

"နှင်းကို လမ်းမခွဲခင် တစ်ခု လောက် ကြွားဦးမယ်"

အပြုံးမျက်နှာနှင့် သူပြောလာ တော့ ဆူး စိတ်ဝင်စားမိသွားရ သည်။

"ကိုယ် စေ့စပ်လိုက်ပြီ နှင်း။ သူက ကျောင်းဆရာမလေးတစ် ယောက်ပါ၊ နောက်နှစ်ထဲမှာ ကိုယ် တို့ လက်ထပ်ဖြစ်မယ်"

"ဗိုး.....ဆိုင်းမဆင့်ဗုံမဆင့် ကြော်ငြာဝင်လိုက်တာပါလား၊ ကွန် ကရက်ကျူလေးရှင်းပါ"

ရင်ထဲမှာ နာကျင်သလိုကြီး ဖြစ်မသွားပေမယ့် စိတ်ထဲမှာ မသက်မသာတော့ ဖြစ်သွားမိလေ သလား။ ဆူးကိုယ်ဆူး မသိတော့ ပေ။

ဆတ်ခနဲ လှမ်းယူဆွဲပြီး နှုတ် ဆက်လိုက်မိတဲ့ သူ့လက်ဖဝါးက ဟိုးအရင်တုန်းကလို နွေးထွေး နေဆဲပေမယ့် ဆူးရင်ထဲမှာတော့ ထုံပေ ပေနဲ့ ဗလာနတ္ထိ။ ဆိုင်မှာ အလုပ်သဘောအရ ပန်းကုံးတက် စွပ်သူတွေကို လက်ဆွဲနှုတ် ဆက်ရတာ အကျင့်ပါနေတဲ့ ဆူး အတွက် ဒီလို လက်ဆွဲနှုတ် ဆက်ခြင်းက မဆန်း။ ရဲတင်းတဲ့ ဆူးရဲ့အပြုအမူကြောင့် သူ့မျက် နှာမှာ အံ့ဩရိပ် ဖြတ်ပြေး သွားတာကိုတော့ ဆူးမြင်ဖြစ် အောင် မြင်လိုက်မိတော့ လက်ကို ချက်ချင်းပြန်ရုပ်ရင်း လက်ဖဝါးနှစ် ဖက်ကို ဆူး ဆုပ်ချေနေမိသည်။

ဆူးတစ်ခုတော့သိချင်နေမိ သည့်အတွက် သူ့ကိုမေးခွန်းထုတ် လိုက်မိသည်။

"လူလူ သူက မိဘတွေ ပေး စားမယ့်သူလား၊ ဒါမှမဟုတ်....."

"ဟင့်အင်း၊ သူက ကိုယ့်ချစ် သူပါ၊ သူလည်း ပြောရရင် နှင်းလို ပဲ မိသားစု သိပ်အဆင်မပြေချင် ဘူး၊ ကိုယ်တို့နှစ်ယောက်လုံး ဒီ ကြောင့် ကြိုးစားနေကြတယ်လေ"

"သြော်.....ဒါကြောင့် နှင်က ငါ့ကို အခုလိုမျိုး စကားလုံးတွေနဲ့ ဖျောင်းဖျတတ်နေတာကိုး"

"နှင်းရော ဒီအတိုင်းပဲလား ချစ်သူရနေပြီလား"

"ငါလား၊ အင်း....ဒီအတိုင်း ပါပဲ၊ ငါက အသည်းကွဲဖာတာပါပဲ ရတယ်၊ စစချင်းတော့ ငါ့ကို သိပ် ချစ်ကြတာပဲ၊ နောက်တော့ ငါ့ကို ချန် ထားခဲ့ ရော၊ ငါကလည်း အနောက်ကနေ အတင်းတွယ်ဖက် မလိုက်တတ်တော့ ကျန်ခဲ့ရတာပေါ့၊ အဲဒါ လူလူ နင်စပြီး ဈေးဦးဖောက် လိုက်တာလေ၊ ဟာ...ဟ၊ နောက် ထပ် အသည်းနှစ်ခါတိတိကြီးများ တောင် ထပ်လည်းကွဲပြီးရော ငါ လည်း အတော့်ကို လန့်ဖျပ်သွား တော့တယ်၊ အချစ်ဆိုတာကြီးကို လည်း ဆေးခါးကြီးလိုပဲ၊ အရိပ် ကလေးမြင်တာနဲ့ အဝေးဆုံးပြေး



www.burmeseclassic.com

www.burmeseclassic.com

တော့တာ၊ ဟာ.....ဟ''

အပြင်မှာ ဟာသလုပ်ပြောနေပေမယ့် ဆူးရဲ့အသည်းတွေက ထပ်ကွဲစရာ နေရာလပ်တောင် မရှိတော့ပါဘူး လူလူရှယ်လို့ စိတ်ထဲက ပြောလိုက်မိသည်။

''ဟော့.....ဟော့၊ နင်ငါ့ကို သနားအကြည့်နဲ့ လာမကြည့်နဲ့နော်၊ နင့်ရဲ့ဆရာမလေးမြင်သွားမှ ဟုတ်ပေ့ဖြစ်နေမယ်'' လို့ ကျီစယ် သလိုလိုနဲ့ ပြောလိုက်တဲ့ စကားလုံးတွေထဲမှာ ဆူး ရဲ့မာနတွေက ငေါက်ခနဲ ခေါင်းထောင်လို့ထလာသည်။

''ကဲ...နှင်း၊ အခုလို အမှတ်မထင်ပြန်ဆုံရတာ ဝမ်းသာတယ်၊ ကိုယ်တို့ ခရီးတိုလေးတစ်ခုကို အတူတူသွားခဲ့ဖူးတာ အမှတ်တရဖြစ်သွားတာပေါ့''

''အင်း...အခုတော့ ဂိတ်ဆုံးရောက်သွားပြီနော် လူလူ''

''ဟုတ်တယ်၊ ဂိတ်ဆုံးရောက်သွားပြီ၊ အမှန်တော့ ကိုယ်တကယ်ဆင်းရမယ့်မှတ်တိုင်ရှိနေတယ်၊ နှင်းကို အိမ်ပြန်ရောက်မယ့်ကားပေါ် အရောက်ပို့ချင်လို့ ဂိတ်ဆုံးအထိ လိုက်လာခဲ့တာ၊ ကဲ...နှင်းလည်း နှင်းအိမ်ကိုပြန်ရောက်မယ့်ကားကို သေချာရွေးစီးပြန်၊ ကိုယ်လည်း



အဆင်ပြေတဲ့ကား ရွေးစီးပြီး ပြန်တော့မယ်''

နှုတ်ဆက်ကျောခိုင်းသွားတဲ့ သူ့ကို အပြုံးယဲ့ယဲ့ဖြင့်သာ ဆူးတို့ ပြန်နိုင်တော့သည်။

သူ့ကို ကျေးဇူးစကားတွေ ပြောမနေချင်တော့။ တစ်ခဏနေတော့ အိမ်အပြန် ဘတ်စ်ကားတစ်စီးပေါ်မှာ ဆူးရောက်နေ၏။

အခုဆို သူလည်း ဆူးနဲ့မတူညီတဲ့ ဦးတည်ရာဆီသို့ မောင်းနှင်နေသည့် ဘတ်စ်ကားတစ်စီးစီးပေါ်တွင် ရှိနေပေမည်။ ဆူးတို့နှစ်ဦး သုံးသွားရမည့် မတူညီသည့်လမ်းကိုယ်စီပေါ်သို့ ရောက်နေကြပြီ။ အမ်ပီဖိုးနားကြပ်လေးကို အသာအယာ နားထဲသို့ ပြန်တပ်လိုက်၏။ အမ်ပီ ဖိုး သီချင်းစာရင်းထဲမှ သီချင်းတစ်ပုဒ်ကို ဆူး ရွေးချယ်လိုက်ပြီး ကိုယ်ကျယ်လောင်လောင်လေး ဖွင့်နား ထောင်လိုက်မိသည်။

ဆူးရဲ့နှုတ်က သီချင်းစာသားလေးများကိုပင် နှုတ်မှ တိုးဖွဖွ ရွတ်ဆိုနေမိလျက်သား ရှိ၏။ ဘတ်စ် ကားကြီးကတော့ သူ့တာဝန်သူ ကျေပွန်စွာဖြင့် တအိအိ ရွေ့လို့။

''တကယ်ဆို..အသည်းကွဲမို့က.....မင်းစွန့်ခွာနိုင်သူပါ၊ ဒီသို့ အသည်းကွဲပြီးတော့..ကိုယ့်ရဲ့ကမ္ဘာပျက်စီးသွား...မဆုံခင် လမ်းခွဲပြီ ခုတော့လေ.....ကြေကွဲရ၊ တစ်ခါ တစ်ရံ ချစ်တဲ့အချစ်များ.....ငြိမ်းပြီလား.....''

မိဇော်

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



## ယုံမိချက်နာလေပြီ

ခင်ဦး (ပုတီးကုန်း)

ကုမုဒြာကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးဖေခင်မှာ မိမိစားပွဲ၌ စာရင်းစာအုပ်တစ်အုပ်နှင့် အလုပ်များနေစဉ် လူတစ်ဦး ပျာယီးပျာယာနှင့် ဝင်လာသည်။

"ဦးဖေခင်၊ ခင်ဗျား ကျွန်တော့်ရဲ့ဒီဖြတ်ပိုင်းလေးကို ကြည့်ပါဦးခင်ဗျ"

ဦးဖေခင်မှာ မနေ့က Ipsum ကားတစ်စီး ဝယ်သွားသူ ဦးလူရှိန်မှန်းသိ၍ မိမိရှေ့မှ ခုံတစ်ခုအား ဆွဲယူကာ ထိုင်ခိုင်းလိုက်သည်။

"ထိုင်ပါဦးဗျာ၊ ဘာဖြတ်ပိုင်း လဲဗျ"

ဦးဖေခင်မှာ သတင်းဖြတ်ပိုင်းလေးတစ်ခုကိုယူ၍ ကြည့်လိုက်၏။ ကားဈေးနှုန်းရေးထားသည့် ဇယားကွက်နှင့် ဖြတ်ပိုင်းလေးဖြစ်သည်။

"ဒီဈေးတွေက ပေါက်ဈေးတွေပြထားတာ၊ ခင်ဗျားတို့ကုမ္ပဏီက ငါးသိန်းပိုဈေးကြီးတာပေါ့"

မျက်နှာရှုံ့မဲ့ကာ ပြောနေသော ဦးလူရှိန်ကို အတင်းထိုင်ခိုင်းလိုက်ရသည်။

"နေပါဦးဗျာ၊ မှန်ပါတယ်၊ ဒီဇယားထဲမှာ Ipsum က သိန်း ၂၂၀ လို့ ရေးထားတယ်၊ ကျွန်တော်တို့က ၂၂၅ သိန်း ယူရတယ်၊ ငါး သိန်းများတာ မှန်ပါတယ်၊ ခင်ဗျားတို့အနေနဲ့ စလစ်လုပ်တာ၊ ခဲခြစ်တာ၊ Owner Book လုပ်တာတွေ၊ စာချုပ်တာတွေအားလုံး ကျွန်တော်တို့က လုပ်ပေးလိုက်တယ်လေ၊ နောက်ဆုံး အုံနာစာအုပ်ထွက်ဖို့ ၁၂ သိန်းချန်ပြီး စာအုပ်ရအောင် စိတ်ချလက်ချ ကျွန်တော်တို့ လုပ်ပေးမယ်၊ အပြီးအစီး လုပ်ပေးလိုက်တာ၊ ဘာမှစိတ်ပူစရာ မရှိဘူး၊ ဈေးအတက်အကျတော့ ရှိတာပေါ့ဗျာ၊ ခင်ဗျားရဲ့ဖြတ်ပိုင်းက ဘယ်လက မှန်းလည်း မသိဘူး"



ထိုသို့ရှင်းပြမှ ဦးလူရှိန်ဆိုသူ ကားဝယ်သည့် Customer တို့ မျက်နှာကြော...

www.burmeseclassic.com

တင်းရာမှ ပျော့သွားသည်။

"၁၅ သိန်းကို ခင်ဗျားတို့ အုံနာစာအုပ်လုပ်မှ FEC ဖိုး ပေးရမှာဆိုတော့ ခင်ဗျားတို့ဖုန်းနဲ့ လှမ်းတောင်းမှ လာပို့မှာနော်"

"ဟုတ်တယ်၊ အကြောင်းကြားမှ ၁၅ သိန်းလာပို့ပါ"

"နေပါဦးဗျာ၊ ကားလိုင်စင်က အတုလား၊ အစစ်လား သေချာအောင် ရှာသာကြီးကို သွားရဦးမှာနော်"

"ခင်ဗျား ကညန(ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန) မှာသွားပြီး ခဲခြစ်ရမယ်၊ သူတို့စစ်ပေးလိမ့်မယ်"

"နေပါဦးဗျ၊ ကားက Rediationဆိုလား ဂျပန်ကားဆိုရင် နျူကလီးယားဓာတ်ငွေ့တွေ၊ အဏုမြူငွေ့တွေ ခံစားရတတ်တယ်လို့ဆိုတယ်၊ ခင်ဗျားရဲ့ကားက လွတ်ရဲ့လား"

"အဲဒါ ဂျပန်ကား ဖွန်ဒါကုမ္ပဏီက ထုတ်တဲ့ကားတွေမှာ တွေ့ရတတ်တယ်လေ၊ နပ်တွေမှာ ဖုနေတာမျိုး တွေ့ရမယ်၊ ဒါပေမဲ့ ရှေ့မှန်မှာ အဝိုင်းလေးကပ်ထားတယ်၊ အဲဒီအထဲမှာ ရေဒီရေးရှင်းလွတ်တဲ့ သင်္ကေတပါတယ်"

"ဩော်...အင်း အဝိုင်းလေး တွေ့တယ်ဗျ"

"စိတ်ချပါဗျာ၊ မော်ဒယ်လ်လည်းမြင့်တယ်၊ အင်မတန်ကောင်းတဲ့ကားပါ"

"ဒါပေမဲ့ မန်နေဂျာရယ် နိုင်ငံခြားက တစ်ပတ်ရစ်ဆိုတော့ သူ့နိုင်ငံမှာ ဘယ်နှပတ် ရစ်ထားလဲ မသိတာ"

"အရေးကြီးတာက ကားကို စစ်ဆေးရင် အသေအချာကြည့်၊ အော်ဒိုမီတာမှာ စတစ်ကာနဲ့ ကပ်ထား၊ မထား ကြည့်၊ ခင်ဗျားတို့ မောင်းကြည့်တယ်မဟုတ်လား၊ အော်ဒိုမီတာက အလိုလိုတက်သွားတာပဲ၊ ကားကသန့်ပါတယ်ဗျ"

ဦးလူရှိန်မှာ သက်ပြင်းလေး အခါခါချ၍ ကုမ္ပဏီမှ ပြန်ထွက်သွားသည်။



♛♛♛♛♛

"ဟယ်လို.....အမိန့်ရှိပါခင်ဗျာ"

"ဩော်.....ဦးလူရှိန်လား"

"ဟုတ်ကဲ့ခင်ဗျ"

"ခင်ဗျားတို့ အုံနာစာအုပ်အတွက် ၁၅ သိန်းလာသွင်းပါခင်ဗျာ"

"ဟင်.....ဘယ်တော့လဲ"

"မနက်ဖြန် လာခဲ့စေချင်ပါတယ်"

"ကောင်းပါပြီခင်ဗျာ"

ဖုန်းချအပြီး ဦးလူရှိန်မှာ ကားဒရိုင်ဘာ ဖော်ဦးအား ခေါ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ခပ်သွက်သွက်လူငယ်၊ အသက် ၂၅ နှစ်ခန့်ဖော်ဦးမှာ
ရောဝတီတိုင်းဒေသကြီး၊
ရွာလေးတစ်ရွာမှရန်ကုန်သို့လာ၍ကားမောင်းသင်ခဲ့သည်။
လိုင်စင်ရပြီးတက္ကစီဆွဲစားနေစဉ်ဦးလူရှိန်နှင့်တွေ့၍
သဘောကောင်းသောဦးလူရှိန်၏ကား၌ဒရိုင်ဘာလုပ်ရန်

သည်။

"ဖော်ဦးရေ....."

"ခင်ဗျာ....."

"လာဦးကွာ"

"ဘာလုပ်ပေးရမလဲ ဆရာ"

ခပ်သွက်သွက်လူငယ်၊ အသက် ၂၅ နှစ်ခန့် ဖော်ဦးမှာ ရောဝတီတိုင်းဒေသကြီး၊ ရွာလေးတစ်ရွာမှ ရန်ကုန်သို့လာ၍ ကားမောင်းသင်ခဲ့သည်။ လိုင်စင်ရပြီး တက္ကစီဆွဲစားနေစဉ် ဦးလူရှိန်နှင့် တွေ့၍ သဘောကောင်းသော ဦးလူရှိန်၏ကား၌ ဒရိုင်ဘာလုပ်ရန် လိုက်လာခဲ့သည်။

"မင်းအလုပ်တွေ ခဏထားပြီး ငါခိုင်းတာ သွားလုပ်စမ်းကွာ"

ဦးလူရှိန်မှာ အရေးကြီးသော ပုဂ္ဂိုလ်တစ်ဦးနှင့်ချိန်းထား၍ ကုမ္ပဏီသို့ ငွေပေးရန် ဒရိုင်ဘာလေး ဖော်ဦးကို လွှတ်လိုက်သည်။

"ဆရာ.....၁၅ သိန်းနော်"

"အေး.....မင်း ငွေသွင်းပြီးကြောင်း သက်သေအထောက်အထားစာရွက်ကို ဦးဖေခင်ဆီက တောင်းခဲ့၊ ဟုတ်ပြီလား"

"ဟုတ်ကဲ့ပါ ဆရာ၊ စိတ်ချပါ"

ရှိရှိကျိုးကျိုးလေးနှင့် လွယ်အိတ်လေးထဲသို့ ငွေ ၁၅ သိန်း ထည့်ကာ အိမ်ရှေ့သို့ ထွက်လာခဲ့သည်။ ယင်းနောက် အိမ်ရှေ့သို့ ရောက်မှ ပြန်ဝင်လာပြန်သည်။

"ဘာကျန်ခဲ့လို့လဲကွ"

"ကျွန်တော့်မှတ်ပုံတင်လေ"

"မင်းမှတ်ပုံတင်က ဘာလုပ်ဖို့လဲ"

"ဟို....ငွေပေးခဲ့သူရဲ့ မှတ်ပုံတင်နံပါတ် လိုမလားလို့ပါ"

"ဩော်...အေး...အေး၊ ယူချင်ယူသွားပေါ့ကွာ"

ဖော်ဦးမှာ မိမိမှတ်ပုံတင်လေးအားယူ၍ အင်္ကျီအိတ်အတွင်းသို့ အသေအချာထည့်ကာ ကားဂိတ်သို့ ဆင်းလာခဲ့ပေတော့သည်။

♛♛♛♛♛

"ဟယ်လို...ဦးလူရှိန်လားခင်ဗျာ"

"ဟုတ်ပါတယ်၊ ဦးဖေခင်လားခင်ဗျ၊ ဘာကိစ္စရှိလို့လဲ၊ အုံနာစာအုပ် ရပြီလား"

"ဗျာ....ခင်ဗျားငွေ ၁၅ သိန်းမှ မသွင်းသေးတာ၊ ဘယ်ကအုံနာစာအုပ်ထွက်မှာလဲ"

"ခင်ဗျာ...ဘယ်...ဘယ်လို"

"ငွေ ၁၅ သိန်း မသွင်းသေးလို့ လှမ်းဖုန်းဆက်တာဗျာ"

"ဟင်....."

ဦးလူရှိန်မှာ ဖုန်းကိုပစ်ချပြီး မိမိဇနီးရှိရာ ထမင်းချက်ခန်းသို့ ပြေး ဝင်လိုက်သည်။

"ဟဲ့....မလှမြင့်...မလှမြင့်"

"ရှင်.....အလန့်တကြား"

"မင်း.....မင်းကို ဖော်ဦးက ဖြတ်ပိုင်းတစ်ခုခု ပေးခဲ့လား"

"ပေးခဲ့တယ်လေ၊ တော်က ညွှန်သည်နဲ့ မုံရွာကို တစ်ရက်နှစ်ရက် သွားနေတုန်း သူပေးခဲ့တယ်၊ ငွေလည်းသွင်းပြီးပြီလို့ပြောပြီး ရွာကိုခဏပြန်သွားတယ်"

"ဟင်.....ပေးစမ်း စာရွက်"

ဦးလူရှိန်မှာ မလှမြင့်အား စာရွက်ဖြတ်ပိုင်းယူခိုင်းပြီးကြည့်ရာ ငွေ



www.burmeseclassic.com

www.burmeseclassic.com

၁၅ သိန်း လက်ခံရရှိသည်ဟု စာကြောင်းလေးတစ်ခုအောက်၌ ဦးဖေခင်လက်မှတ်လိုလို ဖေခင်ဟု ထိုးကာ မိမိဇနီးအား ပေးခဲ့သည်။ ဇနီးသည်မှာ ရိုးလွန်းအလွန်းသည် ကတစ်ကြောင်း၊ အချက်အပြုတ်ကို စိတ်ဝင်စား၍တစ်ကြောင်း မည်သို့မျှ ဖွင့်ကြည့်ဘဲ စာရွက်ခေါက်အား သိမ်းထားခြင်းဖြစ်သည်။

"ဖြစ်ရလေ မိလှမြင့်ရယ်၊ အလွန်း၊ ဖျင်းလွန်းလှချည်လား"

"ဩော်...ရှင်က ကိုယ့်အပြစ်တော့ ကိုယ်မမြင်ဘူး၊ တောက ဒရိုင်ဘာလေးရောက်တာ ဘာမှ မကြာသေးဘူး၊ ယုံလွန်းအားကြီးပြီး ငွေ ၁၅ သိန်း ပေးလိုက်ရတယ် လို့ရှင်"

ဦးလူရှိန်မှာ မိမိကိုယ်ကို ပို၍ အပြစ်တင်မိပြီး ယူကျုံးမရဖြစ်ကာ ရဲစခန်းသို့ အပြေးလာခဲ့မိတော့သည်။

♛♛♛♛♛

"ပျံလေတဲ့ငှက်ခါး နားကာမှ သိတဲ့ခင်ဗျ"

"ဟုတ်ပါတယ် စခန်းမှူးကြီးရယ်၊ လောကကြီးက တယ်မာယာများတာပဲဗျာ၊ မာယာရှင်တွေနဲ့ချည်း တွေ့နေရတယ်၊ တစ်နေ့တော့ တွေ့မှာပေါ့ဗျာ"



"စိတ်ဓာတ်မကျပါနဲ့ဗျာ၊ ကိုယ့်မိတ်ဆွေရင်းကြီးရဲ့ဒုက္ခကို ဖြေရှင်းပေးဖို့ ကြိုးစားပါ့မယ်၊ ကားနဲ့ပတ်သက်တဲ့အမှုတွေက စုံလို့ပဲဗျ၊ ခင်ဗျားအမှုက ငွေလိမ်မှု၊ အလွဲသုံးစားမှုပဲ၊ လွယ်ပါတယ်ဗျာ"

စခန်းမှူး မိတ်ဆွေကြီးက 'လွယ်ပါတယ်'ဟုပြောကာ ရယ်နေနိုင်သော်လည်း မပြုံးနိုင်သူ ဦးလူရှိန်မှာ နဖူးကြောကြီးများ ထောင်၍နေသည်။

သုံးလခန့်အကြာ ဆုံးပြီဟု ထင်ထားသောငွေမှာ ရနိုင်ခြေရှိရန် အခွင့်အလမ်းပေါ်လာသည်။ စခန်းအတွင်းသို့ နယ်ထိန်းအရာရှိ စောဘာသာ ဝင်လာသည်။

"ဘယ်လိုလဲ တပည့်ရဲ့"

"တက္ကစီပဲ မောင်းတတ်တဲ့ကောင်ပဲ၊ ဒီဝန်းကျင်ထဲ တစ်နေ့ပြန်လာမယ်ဆိုတာ သိနေတာပဲ ဆရာ"

"ဒီကောင် ဘယ်မှာစားကျက်လုပ်နေလဲ"

"မှော်ဘီမှာတွေ့ပြီ ဆရာ၊ ဒီကောင် ကားဆွဲနေတယ်၊ ရန်ကုန်နဲ့ မှော်ဘီနဲ့ပေါ့"

"မင်း ဘယ်နေ့ဖမ်းမလဲ၊ သက်သေအတိအကျ၊ ခိုင်ခိုင်လုံလုံနဲ့မှ ဖမ်းနော်၊ မြန်မြန်လုပ်ကွာ"

"စိတ်ချပါ ဆရာရယ်"

နောက်နှစ်ရက်ခန့်အကြာ စခန်းအတွင်း၌ တိုရိုတာကားအဖြူလေးတစ်စီး ဖမ်းထားသည်။ ယင်းနောက် ကားဒရိုင်ဘာ ဖော်ဦးမှ လက်ထိတ်တန်းလန်းနှင့် ပါလာ



www.burmeseclassic.com

www.burmeseclassic.com

သည်။

"ကဲ.....ဦးလူရှိန် ခင်ဗျား ဒရိုင်ဘာ ဟုတ်၊ မဟုတ် ကြည့်ပါဦး"

အမှုစစ် ဒုရဲအုပ် စစ်နိုင်က ဦး လူရှိန်အား ပြောလိုက်ရာ ကုလား ထိုင်မှထပြီး ဖော်ဦးဆီသို့ လက်သီး ဖြင့်ထိုးရန် ပြေးသွားချိန် ရဲတပ်ဖွဲ့ ဝင်တစ်ယောက်က ဖမ်းဆွဲထား လိုက်ရသည်။

"တောက်.....ခွေးကောင်၊ သားရေပေါ်အိပ်၊ သားရေနားစား၊ ဖွတ်ထွက်မှ တောင်ပို့မှန်း သိခဲ့ရတယ်"

ဦးလူရှိန်မှာ တောသားလူငယ်လေးအား သနား၍ အိမ်ပေါ်တင်၍ ကျွေးမွေးသည်။ အလုပ်ပေးထား သည်။ ယုံကြည်ရသူဟု ထင်လာချိန်တွင် ဖော်ဦးက ဓာတ်ပြုလေတော့သည်။

"ဒီကောင်က နယ်ကလာ လူညို့လိမ်နေတဲ့လူဗျ၊ ကြည့်တော့ သနားကမားနဲ့၊ လူ့တလိမ်ကကျစ် အကျဆုံးကောင်ဗျ၊ လည်တာ လည်းအရှမ်းပဲ၊ လူလည်ကောက်ကျစ်ဆိုတာ သူပေါ့ဗျ"

ခန်းမှူးကြီးမှာ ဦးလူရှိန် ကျောက် သက်သေအခိုင်အမာရှာ၍ အမှုတွဲတင်လေတော့သည်။

"ဒီဖော်ဦးဆိုတာ သူ့နာမည်အရင်းမဟုတ်ဘူးဗျ၊ သူက 'ခင်တန်'တဲ့၊ အထက်အညာမှာ လစ်ရင်လစ်သလို၊ လည်ရင်လည်သလို လုပ်စားနေရင်းက ပွဲစားတစ်ဦးထံက ငွေငါးသိန်းလိမ်ခဲ့လို့ ထောင်ကျပြီး လွတ်လာတာ၊ သူက ကားလိုင်စင်ရဖို့ ကညနမှာ ဝင်ဖြေရင်း ဒီ



ဓာတ်ပုံကို ရခဲ့တယ်၊ ခင်ဗျားပြောတဲ့ ရုပ်လက္ခဏာကြည့်ပြီး ဓာတ်ပုံရတဲ့အပြင် အသေအချာ ထောက်လှမ်းတော့ ခင်ဗျားဆီက ငွေ ၁၅ သိန်းထဲက ဆယ်သိန်းကို ကားအပေါင်ထားပြီး ဒီတက္ကစီလေးကို ဆွဲစားတာ၊ ဒီကောင်က လူလည်ဆိုတော့ ဆံပင်ပုံဖျက်တယ်၊ နှုတ်ခမ်းမွေးရေးရေးလေး ထားလိုက်တယ်၊ မျက်မှန်အနက် အမြဲတပ်ထားတယ်၊ ဘယ်လိုပဲ ရုပ်ဖျက်ဖျက်ပါဗျာ၊ ရဲပညာတော့ မမီပါဘူး၊ သူ့ရဲ့အတိတ်သမိုင်းလိုက်တော့ ဒီကောင်က ထောင်ထွက်ဗျ"

ဦးလူရှိန်မှာ ကြက်သီးမွေးညင်းထသွားသည်။ ရက်ကြာကြာထားမိလျှင် မည်မျှဒုက္ခပေးမည်ကို တွေးရင်း ကြောက်ရွံ့နေမိသည်။

ဖော်ဦး ခေါ် ခင်တန်မှာ ဦးလူရှိန်ကို မော့၍မကြည့် ရဲ။ မျက်နှာကို ငုံ့ထားသည်။ ဆင်ဖြူ၏မျက်နှာကို ဆင်မည်း မကြည့်ရဲရှာပေ။ သို့သော် သူ၏ မရရသည့် အခွင့် အရေးကို မိမိရရ အသုံးချလိုက်မိ၍ ထိထိမိမိ ပြစ်ဒဏ်ခံရမည်ကို တွေးရင်း ထောင်ထဲကို နှစ်ခါပြန် ဝင်ရတော့မည်ကို ကြောက်နေပါ တော့သည်။

**ခင်ဦး (ပုတီးကုန်း)**



www.burmeseclassic.com

www.burmeseclassic.com




# ငွေရေကျင်

# ည

ဂျူ

www.burmeseclassic.com

www.burmeseclassic.com





# ည

ဖွဲ့နေရောင်

လူစည်ကားများပြားသော ရှစ်မိုင် Junction-8 Centre ကြီးရဲ့ J-donuts ဆိုင်လေးထဲမှာ အိအိသိမ့်၊ အေးမာလာ၊ သဥ္ဇာကျော်နဲ့ အောင်သိန်းနိုင်တို့ သူငယ်ချင်းလေးယောက် လိမ္မော်ရည် ကိုယ်စီသောက်ရင်း စကားတွေဖောင်ဖွဲ့ကာ အလုအယက် ပြောနေကြတယ်။

တကယ်တော့ သူတို့လေး ယောက်သားက ရန်ကုန် စီးပွားရေး တက္ကသိုလ် (ရွာသာကြီး)မှာ သုံးနှစ် သုံးမိုး အတူတကွ ပညာသင်လာခဲ့ကြတဲ့ သူငယ်ချင်းဟောင်းကြီးတွေပါ။ နောက်ဆုံးနှစ်မှာ အထူးပြုဘာသာရပ် မတူညီကြတာတောင် အတွဲမပျက်ဘဲ တစ်ယောက်စာသင်နာချိန်ကို တစ်ယောက်က မှတ်ထားပြီး ကျောင်းကြီးရှေ့ရှိ "သူတို့နေ ရာ"စားသောက်ဆိုင်လေးမှာ တစ်နေ့တစ်ခါတော့ ရအောင်ဆုံကြမြဲ။

ပဲခူးဇာတိဖြစ်တဲ့ အောင်သိန်းနိုင်က စာမေးပွဲတစ်နှစ်ဖြေပြီးတိုင်း ရင်းနှီးသမျှသော သူငယ်ချင်းတွေကို ကျောင်းကားကြီးနဲ့ ပဲခူးအထိ စီးစေပြီးမှ သူ့မိဘတွေ ကုန်ပစ္စည်းပို့တဲ့ Light truck ကားပေါ် အားသုံးတင်ပြီး နာမည်ကြီး ရွှေသာလျောင်း၊ ရွှေမော်ဓောစတဲ့ဘုရားတွေနဲ့ ပဲခူးတစ်မြို့လုံးကို အနှံ့ပို့ပေးခဲ့တာကလည်း အတူပညာသင်ယူချိန် သုံးကြိမ်သုံးခါတိတိမို့ သံယောဇဉ်တွေက တော်တော့်ကို ခိုင်မြဲခဲ့ကြတယ်လို့ ပြောရမယ်။



ဒီဇင်ဘာ အဆောင်သူများဖြစ်ကြတဲ့ အေးမာလာနဲ့ သဥ္ဇာကျော်တို့က အဆိုအက ဝါသနာပါသူတွေပီပီ လမ်းမိုးတစ်လျှောက်မှာ သင်္ကြန်သီချင်းတွေဆို၊ သင်္ကြန်အကတွေကနဲ့ အများသူငါတွေ အားကျလောက်အောင်

www.burmeseclassic.com



တူတူညီ ညီ ပျော်ရွှင်ခဲ့ကြတာတွေ ပြန် ပြောင်းပြောရင်း သဘောတကျရယ်ကြရသေးတယ်။

အေးမာလာနဲ့ သဥ္ဇာကျော်တို့ ဘယ်လောက်ထိ အဆိုဝါသနာပါသလဲပြောရရင် စက်တင်ဘာ ၅ ရက်နေ့နဲ့ စက်တင်ဘာ ၂၁ ရက်နေ့မှာ ကိုယ်စီကျရောက်တဲ့ သူတို့ရဲ့မွေးနေ့ကို မုန့်ဖိုးတွေစုပြီး နှစ်ယောက်ပေါင်းကာ စံပယ်ဖြူစားသောက်ဆိုင်မှာ နေ့လယ်စာကျွေးတယ်။ အလကားစားရတာဆိုတော့ သူငယ်ချင်းတွေအားလုံး တရှန်းရှန်းနဲ့ စားကြသောက်ကြ၊ ပျော်လိုက်ကြတာ ပြောမနေပါနဲ့တော့။

မွေးနေ့လက်ဆောင်အနေနဲ့ကတော့ နှစ်ရာတန် ပွိုင့်နေကြာတစ်ထုပ်၊ ငါးဆယ်တန် တစ်ရှူးတစ်ထုပ် မွေးနေ့ရှင်တွေကိုပေးရင်း ထုကြ၊ ရိုက်ကြ၊ စိတ်ဆိုးချင်ယောင်ဆောင်ကြတာလေးတွေကို ပြန်ပြောင်းမှတ်မိနေသေးတယ်။ စားသောက်ပြီးတော့ လူစုခွဲမယ်လည်းလုပ်ရော အဆိုဝါသနာအိုး အေးမာလာက.....

"နေကြဦး၊ တို့နှစ်ယောက်မွေးနေ့မှာ အမှတ်တရလေးဖြစ်သွားအောင် ကျောင်းထိပ်က ဦးဝင်းခိုင်ကာရာအိုကေဆိုင်မှာ သီချင်းလေးတွေ ဝိုင်းဆိုရအောင်နော်"

အဲဒီလို ထပ်မံဖိတ်ခေါ်လို့ အားလုံးပျော်သွားကြရတယ်။

လူငယ်လူရွယ်တွေပီပီ သီချင်းဂီတနဲ့ မစိမ်းကြလေတော့ တစုတဝေး ဦးဝင်းခိုင်ဆီ သွားပြီး အော်ကြမယ်၊ ပျော်ကြမယ်ပေါ့။ ကိုယ့်သူငယ်ချင်း အပေါင်းအသင်းတွေကြားမှာ ကိုယ့်ရဲ့အသံပါရမီ ဘယ်လောက်ထိကောင်းတယ်၊ ပါဖောမင့်စွမ်းအား ဘယ်လောက်ပြင်းထန်တယ်ဆိုတာတွေ အခွင့်အရေးကြုံတုန်း ပြလိုက်ဦးမယ်ဟဲ့ဆိုတဲ့စိတ်နဲ့ ကိုယ်စီကိုယ်စီ ရင်ထဲမှာလည်း အားခဲမှုလေးတွေ ရှိနေကြတယ်ပေါ့။

ဒါပေမဲ့ မွေးနေ့ရှင် အေးမာလာက.....

"တို့က မွေးနေ့ရှင်ဆိုတော့ တို့ ကစဖွင့်လိုက်မယ်နော်"

အဲဒီလိုပြောရင်းသူ့ရဲ့အသည်းစွဲလည်းဖြစ်၊ သူ့ရဲ့မာစတာပိစ်လည်းဖြစ်တဲ့ ဒေါ်မာမာအေးရဲ့ လူတကာအသည်းစွဲ 'မောင့်အချစ်မြား'သီချင်းကို အားရပါးရ ဟဲတော့တာပဲ။ ဆိုနေကျမို့ သိပ်မဆိုးဝါးလှပေမယ့် 'မောင့်အချစ်မြား.....အသည်းမှာစူးဟူး...နုတ်လည်း...နုတ်ချင်လေဘူးဟူး....."ဆိုတဲ့အပိုဒ်မှာ ကီးကြောင်ပြီး စိတ်လွတ်လက်လွတ် ငယ်သံပါအောင် အော်ပစ်လိုက်တော့ နားထောင်နေကြသူတွေအားလုံး မျက်နှာရှုံ့မဲ့ပြီး ငိုရမလို၊ ရယ်ရမလို အခက်တွေ့ခဲ့ကြတဲ့အကြောင်း အောင်သိန်းနိုင်က ပြောပြတော့ ကုမ္ပဏီမှာ လက်ထောက်စာရင်းကိုင်မဖြစ်နေပြီဖြစ်တဲ့ ဒေါ်အေးမာလာက....."အဟင်း.....ငယ်

**လူငယ်လူရွယ်တွေပီပီ သီချင်းဂီတနဲ့ မစိမ်းကြလေတော့ တစုတဝေးဦးဝင်းခိုင်ဆီသွားပြီးအော်ကြမယ်၊ ပျော်ကြမယ်ပေါ့။ ကိုယ့်သူငယ်ချင်းအပေါင်းအသင်းတွေကြားမှာကိုယ့်ရဲ့ အသံပါရမီဘယ်လောက်ထိကောင်းတယ်၊ ပါဖောမင့်စွမ်းအား.....**



www.burmeseclassic.com

www.burmeseclassic.com

ငယ်တုန်းက ဝါသနာတွေပေါ့နော်''လို့ မပွင့်တပွင့်လေး ပြုံးရင်း ပြောနေတယ်။



ဒီနေ့ သူတို့ရဲ့ တွေ့ဆုံပွဲလေးက ၂၀၀၄ ခုနှစ် ကျောင်းပြီးလို့ လူစုကွဲသွားချိန်ကနေ ခုထက်ထိ တတိယမြောက် ဆုံတွေ့ကြတဲ့ပွဲလေးပါ။ ပထမဆုံးက အပေါင်းအသင်းတွေထဲမှာ အသက်အငယ်ဆုံးနဲ့ အလှအပအကြိုက်ဆုံး သဇ္ဈာကျော်နဲ့ သူ့ရည်းစား ကိုဖြိုးဝင်းဇော်တို့ လက်ထပ်ပွဲ Dolphin Restaurant မှာ ဆုံခဲ့ကြရတယ်။ ပွဲကို ရောက်လာသမျှ သူငယ်ချင်းတွေ တစုတဝေး ဝိုင်းထိုင်ပြီး ဟိုသူငယ်ချင်း၊ ဒီသူငယ်ချင်းတွေရဲ့ သာကြောင်း၊ မာကြောင်းတွေ မေးကြမြန်းကြနဲ့ စကားလက်ဆုံ ပြောမကုန်ခင်မှာ မင်္ဂလာပွဲလည်းပြီး၊ ညပိုင်းမို့ အပြန်မှောင်မှာလည်း ကြောက်ကြတာနဲ့ မခွဲချင်ခွဲချင် နှုတ်ဆက်ခဲ့ကြရတာ။

ဒုတိယတစ်ခေါက်ကတော့ မော်ဘီဘက်မှာနေတဲ့ သူငယ်ချင်းဟောင်း မေဂျာကင်း စိုင်းရန်နိုင်တို့အမေ ဆုံးတုန်းက။ လူမှုရေးအသိရှိသူတွေချည်းမို့ တစ်ယောက်နဲ့တစ်ယောက် မရမကဆက်သွယ်ပြီး စိတ်အားငယ်နေရှာမယ့် သူငယ်ချင်းဆီကို ဟိုမေးဒီမေးနဲ့ ခဲခဲယဉ်းယဉ်း ရောက်အောင်သွားခဲ့ပြီး လိုအပ်တာတွေ ကူညီဆောင်ရွက်ပေးခဲ့တာလည်း ဒီအုပ်စုပါပဲ။ နာရေးအိမ်မှာမို့ စကားထိန်းပြောရတာကို အားမရတဲ့ အေးမာလာက 'အပြန်ကျရင် တို့အိမ်ကိုလိုက်ခဲ့ဦး၊ ကျောက်တော်ကြီးဘုရားဖူးပြီး ညစာပါကျွေးမယ်လို့ဖိတ်ခေါ်လို့ အင်းစိန်ပန်းခြံနားက သူတို့အိမ်ထိလိုက်၊ ဘုရားဖူးပြီး အအေးဆိုင်ထိုင်၊ ထုံးစံအတိုင်း ဘဝရှေ့ရေးနောက်ရေးတွေ တိုင်ပင်ကြ၊ ကျောင်းသားဘဝတွေပြောကြနဲ့ စိတ်သောကတွေ အဝေးဆုံးကို လွင့်စဉ်သွားကြရတယ်။

စိုင်းရန်နိုင်တို့အိမ်မှာဆုံကြပြီး သိပ်မကြာခင်မှာ စင်ကာပူက ဦးလေးတွေရဲ့ အကူအညီနဲ့ အောင်သိန်းနိုင် ''စလုံး''ထွက်သွားတော့ အကြောင်းသတင်းလေးပဲ သိုးသိုးသန့်သန့် ကြားလိုက်ရတယ်။

အချိန်အကန့်အသတ်နဲ့ လှုပ်ရှားလိုက်ရတဲ့ အောင်သိန်းနိုင်မှာလည်း သူငယ်ချင်းတွေကို နှုတ်ဆက်ပွဲလုပ်ချင်ပေမယ့် ဘယ်လိုမှ အခွင့်အရေးမရခဲ့ဘူး။ ဒီတစ်ခေါက် ပြန်လာရင်တော့ နင်တို့ကို ဗွေ့ဘဲမှာ ဆက်ဆက်လိုက်ကျွေးပါ့မယ်လို့ ကတိပေးထားတဲ့အတိုင်း ရောက်တယ်ဆိုတာနဲ့ ဖုန်းဆက်၊ ခုလိုလူစုပြီး ရှစ်မိုင်ကို ရောက်လာကြတာ။ ကျောင်းပြီးသွားတဲ့ ရှစ်နှစ်ကျော်ကိုးနှစ်အတွင်းမှာ အသက်အရွယ်

www.burmeseclassic.com



နဲ့၊ အလုပ်အကိုင်နဲ့ ရင့်ကျက်တည်ငြိမ်နေကြပြီဆိုပေမယ့် သူငယ်ချင်းတွေ ပြန်ဆုံတော့လည်း နဂိုအတိုင်း ကျောင်းသားလူငယ်လေးတွေ ပြန်ဖြစ်သွားကြရတယ်။

"သံယောဇဉ်.....သံယောဇဉ် ငါလေ.....အပြက်အပြက်နဲ့...သွေးထွက်ခဲ့တယ်.....သံယောဇဉ်....."

ရုတ်တရက် မှန်စားပွဲရှေ့ ချထားတဲ့ အောင်သိန်းနိုင်ရဲ့ ဖုန်းမြည်လာလို့ ကောက်နားထောင်တော့ သူငယ်ချင်းတွေက စပ်စုသလိုဝိုင်းငေးနေကြတယ်။

"လာမယ်လေ ယွန်း၊ ခဏလေး.....ခဏလေး၊ ဒီမှာ အရေးကြီးအလုပ်ကိစ္စလေး ပြောနေရလို့"

အဲဒီလိုပြောပြီး ညာရှိုးတဲ့သူ့ကိုကြည့်ပြီး သဏ္ဍာကျော်တို့က ပြုံးစိစိနဲ့.....

"မမယွန်း ဖုန်းဆက်ခေါ်နေပြီမဟုတ်လား"

"နင်တော့ ကျိုင်တက်ပြီ"

လို့ တစ်ယောက်တစ်ပေါက် စနောက်ကြတော့ အောင်သိန်းနိုင်က ရှက်ရယ်ရယ်တယ်။ အောင်သိန်းနိုင်ကလည်း အောင်သိန်းနိုင်ပဲ။ စင်ကာပူက ပြန်ရောက်ရောက်ချင်းမှာ စေ့စပ်ထားတဲ့ချစ်သူ မမယွန်းခက်ဝေလှိုင်ဆီ မသွားဘဲ အေး မာလာတို့သူငယ်ချင်းတွေနဲ့ အရင် လာတွေ့တဲ့အထိကို အပေါင်းအသင်းမင်တာ။ ဒါပေမဲ့ သူတို့ရဲ့ စီနီယာဖြစ်ခဲ့တဲ့ အီကိုကွင်း မမယွန်းခက်က နားလည်ခွင့်လွှတ် မှုပေးခဲ့လို့ သူ့ခမျာ သက်သာရရတာ။

"ငါ့ကို ညစာစားဖို့ စောင့်နေမှာတဲ့ဟ၊ ခုတောင် ၇ နာရီကျော်နေပြီ၊ ငါသွားမှထင်တယ်"

ခေါင်းကုတ်ရင်းပြောလာလို့ အားလုံးက သဘောကျစွာနဲ့.....


"၈ နာရီထိုးမှ နင်သွားရမယ်၊ မသွားရင် ငါတို့ကို မခင်လို့ဘဲ"

ဆိုပြီး ရစ်နေကြလို့ ပြန်ထွက်ခါနီးရင် တစ်ခါကျွေးပါ့မယ်လို့ အကျောက်အကန် တောင်းပန်တာကို အရသာခံကြည့်ပြီးမှ 'ကတိတည်မယ်ဆိုရင် ဂိုးစေ'လို့ ခွင့်ပေးလိုက်တော့ လက်ဆွဲအိတ်ကိုယူပြီး သုတ်ခနဲပြေးလို့ အဖြစ်သည်းပေ ချည်လားဟလို့ နောက်ကနေဝိုင်း နောက်လိုက်ကြသေးတယ်။

အောင်သိန်းနိုင် ထွက်သွားပြီးမှ သူငယ်ချင်းမ သုံးယောက်သား Junction-8 လှေကားထစ်တွေကနေ ဖြည်းဖြည်းဆေးဆေး ထွက်ခဲ့ကြတယ်။ အင်းစိန်ပန်းခြံဘက်မှာနေတဲ့ အေးမာလာနဲ့ တညင်းကုန်း ဌာသစ်ဘက်မှာနေတဲ့ သဏ္ဍာကျော်က လမ်းကြုံလို့ တက္ကစီကားတစ်စီးငှါး နှစ်ယောက်ငှားဖို့တိုင်ပင်ရင်း အိသိမ့်ကိုလည်း ပြန်ဖို့အစီအစဉ်မေးခဲ့ဖေ။

"မိသိမ့် ညည်းက ကားရှိပါဦးမလား၊ ရှိလည်း အရမ်းကျပ်မယ်ထင်တယ်"

"တက္ကစီပဲ ငှားသွားလိုက်တော့မယ်ဟာ"




တောင်ဒဂုံ၊ ၂၅ ရပ်ကွက်မှာနေတဲ့ အိသိမ့်အတွက် ရှစ်မိုင်ကနေ ၁၃၆ ကားကိုစီးရင် ပန်းခြံမှတ်တိုင်ကို တိုက်ရိုက်ရောက်တယ်။ အဲဒီကနေ လမ်းလျှောက်လိုက်ရင် သိပ်မဝေးဘူး။ ဒါပေမဲ့ ထုံးစံအတိုင်း ညပိုင်းအချိန် ၁၃၆

www.burmeseclassic.com



ကား ရှားသလို တွေ့ခဲ့ရင်လည်း စံပြဈေး အထိလိုက်တဲ့ ရုံးပြန်၊ ကျောင်းပြန်၊ သင်တန်းပြန်လူတွေနဲ့ ပြည့်သိပ်ကျပ်ညပ်နေတတ်တာ သိထားတဲ့ အေးမာလာတို့က စိုးရိမ်တကြီးမေးကြတယ်။

တက္ကစီငှားရင် အဆင်ပြေမှန်း သိပေမယ့် ဒီလို ည ၈ နာရီထိုးကာနီး မိန်းကလေးတစ်ယောက်တည်း ပြန်သွားရမှာကို စိုးရိမ်မကင်းဖြစ်နေကြတယ်။ အိသိမ့်ကတော့ အေးအေးဆေးဆေးပါပဲ။ လက်ထဲမှာလည်း အိမ်ကမိဘတွေနဲ့ အတူနေ တူ၊ တူမတွေအတွက် ဝယ်လာတဲ့ စားစရာနဲ့ လက်ဆောင်ပစ္စည်းတွေက ဘယ်တစ်ဖက်၊ ညာတစ်ဖက်မို့ ဘတ်စ်ကားစီးဖို့ အဆင်မပြေတော့ဘူးဆိုတာ အရင့်အရင် အတွေ့အကြုံတွေအရ သိထားတာလည်းပါလို့ တက္ကစီပဲငှားလိုက်ဖို့ စိတ်ပိုင်းဖြတ်လိုက်စဉ်မှာ သူမတို့ရှေ့တည့်တည့်က တက္ကစီတစ်စီးက ဘယ်သွားမှာလဲ မေးလို့ အိသိမ့်က အင်းစိန်ပန်းခြံတစ်ယောက်၊ တညင်းကုန်းတစ်ယောက် ဘယ်လောက်ပေးရမလဲ မေးတာကို အေးမာလာတို့က အံ့ဩသွားတယ်။

"မိသိမ့် နင့်ကို ငါတို့ အရင်လိုက်ပို့မယ်လေဟာ၊ တို့က နှစ်ယောက်တောင်၊ ကိစ္စမရှိဘူး"

"အမယ်လေးဟယ် ငါလည်း ဆူးလေ–တောင်ဒဂုံ နေ့တိုင်းကားစီးနေရတဲ့ မိန်းမပါ။ ဒီလောက်ကတော့ အေးဆေးပါ။ သွား....သွား။ ပြီးမှ ဖုန်းဆက်လိုက်မယ်"

အိသိမ့်တားပေးတဲ့ ကားဆရာ ဈေးနှုန်းကလည်း သင့်တင့်နေတာမို့ နဂိုကြောက်တတ်ရှာသူ အေးမာလာနဲ့ သဇ္ဇာကျော်တို့နှစ်ယောက်သား ကားထဲဝင်ထိုင်ရင်း သူငယ်ချင်းမကိုလည်း စိတ်မချစွာနဲ့ ဖုန်းဆက်မယ်နော်လို့ တတွတ်တွတ်ပြောရင်း ကားထဲဝင်စဉ်မှာ သူတို့ပရိုဘောက်စ်ကားလေးက ဝူးခနဲထွက်သွားပြီမို့ အိသိမ့်လမ်းမကို ဖြတ်ကူးပြီး အဆင်ပြေမယ့်တက္ကစီတစ်စီးစီးငှားဖို့ အခြေအနေကို စောင့်ကြည့်နေစဉ်မှာ ကျွီခနဲတစ်စီးရပ်လာတယ်။

> အိသိမ့်တားပေးတဲ့
> ကားဆရာ ဈေးနှုန်းကလည်း
> သင့်တင့်နေတာမို့
> နဂိုကြောက်တတ်ရှာသူ
> အေးမာလာနဲ့
> သဇ္ဇာကျော်တို့နှစ်ယောက် သား
> ကားထဲဝင်ထိုင်ရင်း
> သူငယ် ချင်းမကိုလည်း
> စိတ်မချစွာနဲ့
> ဖုန်း ဆက်မယ်နော်လို့....

"အစ်မလေး.....ကားသွားမလား"

"ဟုတ်ကဲ့၊ တောင်ဒဂုံ၊ ၂၅ ရပ်ကွက်၊ ရွှေနှင်းဆီလမ်း"

ကားဆရာက အိသိမ့်ကို တစ်ချက်အကဲခတ်ရင်း "ငါးထောင်ပဲပေးပါ"ဆိုလို့ မျက်လုံးပြူးသွားရတယ်။ အချိန်က ဒီလောက်ကြီးလည်း နောက်ကျသေးတာမဟုတ်ဘဲ ဈေးပိုတောင်းလွန်းလို့.....

"ရတယ်...မလိုက်တော့ဘူး"

အဲဒီလို ပြတ်ပြတ်ပြောလိုက ... တော့ ကားဆရာက ပခုံးတစ်ချ ... ဟန်ပါပါတွန့်ရင်း ဝေါခနဲ ဆော ... မောင်းထွက်သွားတယ်။

သိပ်မကြာခင်မှာ နောက်ထ ... ကားဖြူလေးတစ်စီး ထပ်ဆိုက်လ ... ပြီး လိပ်စာပြောတော့ သုံးထော ... ငါးရာတော့လုပ်ဗျာဆိုလို့ အိ ... ဈေးဆက်မဆစ်တော့ဘဲ ...



www.burmeseclassic.com

www.burmeseclassic.com

နောက်တည့်တည့်မှာဝင်ထိုင်ရင်း လက်ထဲဆွဲထားရတဲ့ အိတ်နှစ်အိတ်ကိုလည်း ဘေးနေရာလွတ်မှာ ချထားလိုက်တယ်။

ချိုင်းမှာလွယ်ထားတဲ့ ဆလင်းဘက်ခ်လေးကို ပေါင်ပေါ်တင်ရင်း ကားမှန်ကို အသာချလိုက်တော့ မိုးစက်လေးတွေ တဖွဲဖွဲလွင့်စဉ်လာပြီး မျက်နှာမှာ လာရိုက်ခတ်တော့ ရင်ထဲမှာ အေးမြသွားသလို ခုလိုမိုးစက်တွေဖွေးနေတဲ့ ကျောင်းဆင်းချိန်ညနေခင်းလေးကို အပြေးအလွှားအမှတ်ရမိတယ်။

မှတ်မှတ်ရရဆို အဲဒီနေ့က ဒုတိယနှစ်ရဲ့ ပထမပိုင်း နှစ်ဝက်စာမေးပွဲ နောက်ဆုံးနေ့ပါ။ အိသိမ့်တို့က ကောင်းကောင်းဖြေနိုင်ပေမယ့် ထုံးစံအတိုင်း အပျင်းကြီး အအိပ်မက် သဇ္ဈာကျော်နဲ့ အဆောင်တကာလှည့်၊ ဂီတာတဒေါင်ဒေါင်တီး၊ သီချင်းလိုက်ဆိုတတ်တဲ့ အောင်သိန်းနိုင်တို့နှစ်ယောက် စာမေးပွဲခန်းထဲကနေ မျက်စိမျက်နှာပျက်ယွင်းစွာနဲ့ ထွက်လာကတည်းက အခြေအနေကို ရိပ်စားမိလိုက်တယ်။

“အောင်မယ်လေး.....ကျပါပြီ၊ ကျပါပြီ၊ ကယ်ကြပါဦး”

အဲဒီလိုအော်တာက သဇ္ဈာကျော်။

“ဆပ်ပလီ ဆပ်ပလီ စီပလပ်စီပလပ်”

အဲဒီလို ရွတ်တာက အောင်သိန်းနိုင်။

နှစ်ယောက်သားက အခုပဲငိုချင်းချတော့မလို မျက်နှာကြီးတွေနဲ့ “ငါတို့ကို ဆရာမ ဒေါ်ဖင်မီခိုင်ဆီ လိုက်ပို့ပေးပါ”လို့ တောင်းဆိုကြတယ်။ ဆရာမဆိုတာ ဗေဒဝိဇ္ဇာလက္ခဏာဆရာမကြီး ဒေါ်ဖင်မီခိုင်ဆီကိုပါ။ ဆရာမကြီးက အညံ့တွေဖြေဖို့ ယတြာပေးတဲ့နေရာမှာ နာမည်ကြီးပဲမို့ သူများအားကိုးတာဝါသနာထုံတဲ့ သင်းတို့နှစ်ယောက် စိတ်ချမ်းသာအောင် စံပြဈေးနားက

မှတ်မှတ်ရရဆို
အဲဒီနေ့က
ဒုတိယနှစ်ရဲ့ပထမပိုင်းနှစ်ဝက်
စာမေးပွဲနောက်ဆုံးနေ့ပါ။
အိသိမ့်တို့က
ကောင်းကောင်းဖြေနိုင်ပေမယ့်
ထုံးစံအတိုင်းအပျင်းကြီးအအိပ်မက်
သဇ္ဈာကျော်နဲ့
အဆောင်တကာလှည့်၊
ဂီတာတဒေါင်ဒေါင်တီး၊
သီချင်းလိုက်ဆိုတတ်တဲ့....

ဟောခန်းဆီ မိုးဖွဲဖွဲထဲမှာ လေးယောက်သား တသီတတန်းကြီး သွားခဲ့ကြတယ်လေ။

ဆရာမကြီးဆီက အဆောင်တွေ၊ ယတြာတွေတောင်းပြီး သက်ဆိုင်ရာနေရာပြန်ဖို့ပြင်စဉ်မှာ မျှော်လင့်စွာဘဲ မိုးက ဝုန်းခနဲရွာချလာတယ်။ စာမေးပွဲချိန်နဲ့ ထူပူပြီး ထီးဆောင်ဖို့ မေ့လာကြသူတွေချည်းမို့ မလှမ်းမကမ်းက လက်ဖက်ရည်ဆိုင်ကြီးထဲ ပြေးဝင်မိုးခိုဖို့ ကြိုးစားကြတယ်။ တကယ့်တကယ် ဟောခန်းကနေ လက်ဖက်ရည်ဆိုင်ဆီကို ပြေးကြတဲ့အချိန်ကာလဟာ သုံးမိနစ်လောက်ပဲဆိုပေမယ့် အငြိုးတကြီးနဲ့ အရှိန်အဟုန်ပြည့် ရွာချလိုက်တဲ့မိုးဟာ အနီးကပ်ခေါင်းပေါ်ကနေ ပုံးလိုက်လောင်းချသလိုကို စိုရွှဲနစ်သွားခဲ့ရတယ်။

လက်ဖက်ရည်ဆိုင်ထဲကို ကြွက်စုတ်လေးကောင်ရောက်လာသလို ရေတောက်တောက်ရွှဲရင်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း ရယ်ချင်သလိုလို၊ စိတ်ဆိုးသလိုလို၊ ရှက်သလိုလို ဘာလိုလိုမှန်းမသိတဲ့ ခံစားချက်တွေနဲ့။

“ကံဆိုးမသွားရာ မိုးလိုက်လို့ရွာဆိုတာ ဒါမျိုးထင်ပါရဲ့”

ညည်းညူလိုက်တဲ့ သဇ္ဈာကျော်ရဲ့စကားကြောင့် အားလုံး ဝါးခနဲ ရယ်ချလိုက်တာကို ပြန်တွေး



www.burmeseclassic.com

www.burmeseclassic.com

ရင်း အိသိမ့် နှုတ်ခမ်းတွန့်အောင် ပြုံးမိသွားတယ်။

''ညီမလေး.....ဘာတွေဒီလောက်တောင် သဘောကျပြီး ပြုံးနေတာလဲ''

ရုတ်တရက် ရှေ့ကနေ ကားမောင်းရာက ခေါင်းငဲ့စောင်းကြည့်ရင်းပြောလာတဲ့ ကားမောင်းသူရဲ့ စကားသံကြောင့် အိသိမ့်ဆံပင် မွှေးထောင်ထမတတ် လန့်ဖျပ်သွားပေမယ့် ချက်ချင်းပဲ ကြွေ့ဆည်ရင်း ဘာမှမဟုတ်ပါဘူးလို့ အသံမှန်မှန်နဲ့ ဖြေလိုက်တယ်။

ခုနတုန်းက မှောင်ရိပ်သမ်း နေလို့ ဒီလူ့မျက်နှာကို သတိမထားမိပေမယ့်အခု မီးပွိုင့်မိနေဆဲမို့ အသက်လေးဆယ်စွန်းစွန်းလောက်ဆိုတာကို သတိထားမိသလို အိသိမ့်ဘက်လှည့်ပြီး တရင်းတနှီး စကားဆိုတုန်းက လှစ်ပြလာတဲ့ ယမကာနံ့စူးစူးကိုလည်း စိတ်ပျက်စရာ ခံစားသိရှိလိုက်ရတယ်။ အိမ်ပြန်နောက်ကျချင်တာတစ်ခုတည်း နဲ့ ဆက်လိုက်လာခဲ့မိတာကိုလည်း နောင်တရချင်သလိုလိုဖြစ်သွားတယ်။ ဒါပေမဲ့ အသက်အရွယ်အရရော၊ အတွေ့အကြုံအရပါ မနုန့်နဲ့လှတာမို့ ဆွယ်တာအကျႌကို ကြယ် သီးစေ့တပ်၊ ကိုယ်ဟန်ကို မတ်လိုက်ရင်း ကားတံခါးကို လက်တစ်ဖက်နဲ့ ထိကိုင်ထားလိုက်တယ်။



♛♛♛♛♛

''တစ်ယောက်တည်း ပြန်နေကျလား''

ကားမောင်းရင်းက ခေါင်းကြီးလှည့်လှည့်ပြီး ပြောလာနေလို့ ဘာမှပြန်မပြောဘဲ သူ့နောက်တည့်တည့်ကနေ အိတ်တွေနားကို သိသိသာသာတိုးထိုင်လိုက်တော့ တဟင်းဟင်းနဲ့ရယ်နေတာ။ ဒီအချိန်ကျမှ ရှေ့မှာရပ်ပေး၊ ကျွန်မ ဆင်းမယ်ဆိုရင် သူဘယ်လိုတုံ့ပြန်မလဲ။ သဘောရိုးနဲ့ ခေါ်ပြောတာကို အကဲ ဆတ်လွန်းပြီး လူမှုရေးညံ့ဖျင်းရာကျ သွားမလားဆိုတဲ့ အတွေးတွေကို ဖယ်ထုတ်ရင်း အိမ်မြန်မြန်ရောက်ဖို့ပဲ ဆုတောင်းနေမိတယ်။

''သီချင်းနားထောင်မလား၊ ဝိုင်းစုခိုင်သိန်းကြိုက်လား၊ နီနီခင်ဇော်ကြိုက်လား''

''နေပါစေ ဦးလေး၊ ရှေ့ကိုသာကြည့်ပါ၊ မိုးရွာနေလို့''

''သြ....သြ ဦးလေးတဲ့လား။ ဟာဟ....ကိုးရိုးယားဆန်လိုက်တာကွာ''

တဟီဟီ ရယ်မောသဘောကျနေတဲ့ သူ့ပုံစံကိုကြည့်ရင်း အိသိမ့် စိတ်တွေ လှုပ်ရှားလာပြီး လက်တွေခြေတွေ အေးစက်လာသည်



www.burmeseclassic.com

www.burmeseclassic.com

စားရတယ်။ ကားငှားစီးသော မိန်းကလေးတွေကို ဘက်မှန်ကနေ အနေခက်အောင်ကြည့်သော ဒရိုင်ဘာတွေအကြောင်း၊ မဖွယ်မရာ စကားလုံးတွေပြောပြီး အသားယူတတ်တဲ့သူတွေအကြောင်း ကြားရုံ၊ ဖတ်ဖူးရုံ ရှိခဲ့ပေမယ့် လက်တွေ့တော့ မကြုံဘူးခဲ့။

"ခုန ကျုပ် ညီမလေးကို ကျုပ်က ကားတင် ခိုးပြေးသွားတယ် ဆိုရင် ဘယ်လိုလုပ်မလဲ"

ရုတ်တရက် မထင်မှတ်စွာ ပြောလာတဲ့စကားကြောင့် အိသိမ့် ထခုန်မိမတတ် ထိတ်လန့်သွားသလို နှမချင်း မစာနာတတ်စွာ စကားအရသာ ယူတတ်သူလူမျိုးနဲ့မှ တည့်တည့်တိုးရလေခြင်းလို့ ကိုယ့်ကိုယ်ကိုယ် ယူကျုံးမရ ဖြစ်လိုက်မိတယ်။

"ရှေ့က ကမ္ဘာအေးမှတ်တိုင်မှာရပ်၊ ကျွန်မ ဆင်းမယ်"

စိတ်လှုပ်ရှားမှုကြောင့် တုန်ခါနေတဲ့ အသံကို သတိနဲ့ထိန်းချုပ်ရင်းပြောတော့ သူက သဘောကျစွာ ရယ်မောရင်း ခပ်လေးလေး ပြန်ပြောတယ်။

"ဟား....ဟား၊ အလကားစတာပါကွာ၊ အလိုမတူဘဲ ခိုးပြေးရင် ကျုပ် အမှုပတ်သွားမှာပေါ့"

သူက တဟားဟားရယ်မောလေလေ အိသိမ့် မခံချင်စိတ်တွေက တလိပ်လိပ်တက်လာလေလေ ပေမယ့် အရှိန်ပြင်းပြင်း မောင်းနှင်



နေတဲ့ ကားပေါ်ကနေ အန္တရာယ်ကင်းစွာ ဆင်းနိုင်ဖို့နည်းလမ်းဟာ ဘယ်လိုနည်းလမ်း ဖြစ်လေမလဲလို့ ဦးနှောက်ကို အလုပ်ပေးနေစဉ်မှာပဲ ပိုမိုဆိုးဝါးတဲ့မြင်ကွင်းကို မြင်လိုက်ရလို့ မျက်လွှာကို အသာချလိုက်ရတယ်။

ကားမောင်းနေရင်း သူ့လက် တစ်ဖက်က ဒူးခေါင်းကျော်ဖုံးနေတဲ့ ပုဆိုးကို ပေါင်ရင်းနားထိအောင် တမင်တကာ ဆွဲတင်လိပ်လိုက်ခြင်းဟာ ပူလွန်းအိုက်လွန်းလို့ ဆိုတာ လုံးဝမဖြစ်နိုင်မှန်း တစ်မှိ စိမ့်မိုးရွာနေတဲ့ ရာသီဥတုအခြေအနေကြောင့် ထင်ရှားလွန်းနေတယ်။

ဗုဒ္ဓဘာသာကိုးကွယ်ယုံကြည်တဲ့ မြန်မာနိုင်ငံထဲက လူတစ်ဦးနဲ့ တစ်ဦးအပေါ် မေတ္တာ၊ ကရုဏာထားဖို့၊ ဖေးမစောင့်ရှောက်ဖို့ အသိတရားတွေ ကင်းမဲ့နေတဲ့ ဒီလူလို စုန်းပြူးမျိုးတွေ ရှိနေတာဟာ အင်မတန်မှ အကျည်းတန်၊ အရုပ် ဆိုးခြင်းပဲလို့ ရင်ထဲမှာ လှိုင်းခတ်အောင် တွေးတောနေမိတယ်။ ဒီလိုအခွင့်အရေးယူဖို့ ချောင်းမြောင်းကြံ စည်တတ်သူမျိုးကို ဘယ်လိုတုံ့ပြန်ရပါ့မလဲ။

"ညီမလေးတို့ တောင်ဒဂုံ.....အဲ.....တောင်မြောက်လမ်းဆုံဘက်မှာ တည်းခိုခန်းတွေ ပေါတယ်နော်"

"----"

"ကိုယ့်အော်ဒါတွေကတော့


www.burmeseclassic.com

www.burmeseclassic.com

သွားလိုက်ကြတာ ခဏခဏပဲ၊ ကိုယ်ကတော့ သိပ်ဝါသနာမပါပါဘူး၊ အဟဲ.....ဒါပေမဲ့ ကိုယ်လည်း ပုထုဇဉ်ပဲ၊ သွေးနဲ့ကိုယ် သားနဲ့ကိုယ် ဆိုတော့ တစ်ခါတလေတော့ လည်း.....''

♛♛♛♛♛

လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ဆုပ်ထားရင်း၊ ခံပြင်းဒေါသတွေကို မျိုသိပ်ရင်း ပတ်ဝန်းကျင်ကိုကြည့်တော့ မြင်သာဈေးကို ကျော်တော့မှာဖြစ်သလို မိုးလည်းပါးသွားပြီ။ ဒက်ရှ်ဘုတ်ပေါ်ကို မျက်လုံးဝေ့ကြည့်လိုက်တော့ လိုင်စင်စာအုပ်လို စာအုပ်မျိုးကလေးတွေနဲ့ အတိုအထွာပစ္စည်းတွေကိုပဲ တွေ့ရတယ်။

တချို့ယာဉ်အများစုမှာတော့ ကားမောင်းသူရဲ့နာမည်၊ မှတ်ပုံတင် အမှတ်နဲ့ လိပ်စာလိုမျိုး အထောက် အထားပါတဲ့ သုံးမြှောင့်တုံးကလေး တွေ့ရတတ်ပေမယ့် ဒီကားမှာတော့ မတွေ့ရလို့ အိသိမ့် စိတ်ပျက်ရတယ်။

မိန်းကလေးတစ်ယောက်တည်းနဲ့ ညမှောင်ထဲမှာ အချောင်ရလေ မလားလို့ လောဘဇောနဲ့ လွန်သထက် လွန်ကျူးလာတဲ့ ဖိတ်ခေါ်စကားတွေကို ချွေးပျံထိတ်လန့်နေရာကနေ မခံချင်စွာ လက်တုံ့ပြန်ပညာပေးလိုတဲ့စိတ်တွေ တလိပ်လိပ် ထွက်ပေါ်လာနေတာကို အံကြိတ်မျိုသိပ်ထားလိုက်ရတယ်။

တဖြည်းဖြည်း ကားမောင်းတဲ့ အရှိန်နှုန်း နှေးနှေးလာတာကို သတိထားမိသလို သူ့ရဲ့စကားလုံးတွေက လည်း ပိုပြီးမှားယွင်းတိမ်းစောင်း လာနေတယ်။ ပထမတော့ ဖြစ်ချင်

တဖြည်းဖြည်း
ကားမောင်းတဲ့အရှိန်နှုန်း
နှေးနှေးလာတာကို
သတိ ထားမိသလို
သူ့ရဲ့စကားလုံးတွေက လည်း
ပိုပြီးမှားယွင်း
တိမ်းစောင်းလာနေတယ်။
ပထမတော့ဖြစ်ချင်ရာဖြစ်
ကားအတင်းရပ်ခိုင်းပြီး
ခုန်ဆင်းဖို့

ရာဖြစ် ကားအတင်းရပ်ခိုင်းပြီး ခုန်ဆင်းဖို့ စဉ်းစားမိသေးပေမယ့် ကိုယ်စောင့်နတ်က နှိုးဆော်လို့လားမသိ။ အဲဒီလို ဝရုန်းသုန်းကားပုံစံမျိုးမဖြစ်စေခဲ့အောင် ဣန္ဒြေဆည်နိုင်ခဲ့တယ်။ သူ့နောက်တည့်တည့်မှာထိုင်ရာကနေ ဘေးအစွန်းကိုကပ်ရွှေ့ထိုင်ရင်း ဆလင်းဘက်အိတ်လေးကို လက်ထဲဆုပ်ကိုင်ထားလိုက်ရတယ်။

''တစ်ခုခုသောက်ပါလား ညီမလေး၊ ကိုယ်ဒကာခံပါ့မယ်''



www.burmeseclassic.com

ငြိမ်သက်နေတဲ့ အိသိမ့်အပေါ် ဘယ်လိုများ ခံယူချက်ထားလဲမသိစွာနဲ့ နောက်လှည့်ပြောတဲ့ သူ့မျက်နှာကို အော်ဂလီဆန်လှပေမယ့် ရင်ထဲ အသည်းထဲကမှတ်မိနေအောင် စူးစိုက်ကြည့်ပစ်လိုက်တယ်။ လူက အသားဖြူစပ်စပ်၊ ဆံပင်ရှပ်ပွပွမှာ အရက်တန်ခိုးနဲ့ ဖောသွပ်ချင်သလို ဖြစ်နေတယ်။

မေးကျဉ်းကျဉ်း မျက်လုံးတစ်စုံနဲ့ ထူအမ်းအမ်းနှုတ်ခမ်း၊ ပြီးတော့ ညာဘက်ပါးမှာ ခြစ်ရာရှရာလို အမာရွတ်ကန့်လန့်ဖြတ်တစ်ခု။ အင်း.....အထင်ရှားဆုံးကတော့ မျက်လုံးတစ်ပိုက်နဲ့ နှုတ်ခမ်းထောင့်စွန်းက ခရုသင်း၊ သမင်ဖြူ ရောဂါသည်တွေဖြစ်တတ်သလို အဖြူအစက်အပြောက်တွေ။ ပြီးတော့ ညာလက်မောင်းမှာထိုးထားတဲ့ ဖွဲ့သတ္တိဆိုတဲ့ စကားလုံး။ အဲဒါတွေအားလုံးကို ကားထဲမှာဖွင့်ထားတဲ့ မီးရောင်နဲ့ ထင်ထင်ရှားရှား မြင်လိုက်ရပါတယ်။

"ကိုယ့်ကိုရှိုးလုချည်လား ညီမလေးရဲ့၊ ဘာလဲ လီဗျောင်ဟွန်းနဲ့ တူလို့လား၊ ကိုယ်ကချည်း တစ်လမ်းလုံး တော်ကီတွေလွှတ်နေရတယ်၊ ဘာမှလည်းပြန်မပြောဘူး၊ ဒီလောက်ကြီးလည်း ကြောက်စရာမလိုပါဘူးကွ၊ အဟဲ....."



"အစ်ကို့နာမည် ဘယ်သူလဲ"

ရုတ်တရက် မထင်မှတ်စွာ တည်တည်ငြိမ်ငြိမ်မေးလိုက်တဲ့ အိသိမ့်အသံကြောင့် အဲဒီလူကြောင်အမ်းသွားပြီး ခဏကြာမှ ဘာအထာ ပေါက်မှန်းမသိသလိုနဲ့ သွားဖြဲပြီး 'ကိုလှိုင်ကျော်စွာတဲ့ဗျာ' လို့ဖြေတယ်။ ပြီးတော့ အိသိမ့်ကို မျက်စိတစ်ဖက်မှိတ်ပြသေးတယ်။ လူယုတ်မာကြီး။

"ကျယ်ကျယ်လေးပြောပါ အစ်ကိုရဲ့၊ လေတိုးလို့ သိပ်မကြားရဘူး"

"ပြောမယ်..ပြောမယ်၊ ကိုယ့်နာမည်က လှိုင်ကျော်စွာ၊ တစ်ခုလပ် လူပျိုကြီး၊ ဟီး.....ဟီး၊ နေတာက ---၊ လမ်း----၊ အိမ်နံပါတ်က----၊ ခုလောလောဆယ် ကားပေါ်မှာ တွေ့တဲ့ မိန်းမလှလေး တစ်ယောက်ကို မြင်မြင်ချင်း စိတ်ဝင်စားနေပါတယ်၊ ကဲ...ရပြီလား"

အသံပြာပြာကြီးကို အစွမ်းကုန်အော်ဟစ်ပြောပြရင်း ကျိတ်သဘောကျနေတဲ့လူကြီးကို စိတ်ရှိလက်ရှိ ထုရိုက်ကုတ်ဖဲ့ပစ်ချင်စိတ်တွေကို ထိန်းရင်းသူ့ရဲ့ အဝတ်အစားနဲ့ ကိုယ်ဟန်အမူအရာတွေကို တစ်ခုချင်း စေ့စေ့စပ်စပ် အကဲခတ်နေတဲ့ အိသိမ့်ရဲ့ တည်တည်ငြိမ်ငြိမ် အမူအရာတွေကြောင့် ခုနက သွက်လက်နေတာထက်တော့ အရှိန်လျော့သွားချိန်မှာ ကံကောင်းထောက်မစွာနဲ့ တောင်မြောက်လမ်း ဆုံကို ချိုးကွေ့ဝင်လာခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို ကျေးဇူးတင်တယ် သိလား၊ ရှေ့နားက စတိုးဆိုင်လေး ရှေ့မှာရပ်ပါ၊ အဲဒါ ကျွန်မဦးလေး အိမ်မို့ ဆင်းတော့မယ်၊ ဒီမှာပိုက်ဆံ"

"ဟာကွာ...ဆင်းတော့မလို့ လား၊ အိမ်ထိလိုက်ပို့ပေးမယ့်ဥစ္စာ၊ နေပါဦး၊ အေးဆေးပေါ့"

ယောကျ်ားကြီးတန်မဲ့ ညု သလိုလို၊ ချွဲသလိုလိုပြောနေတဲ့ ဘီ လူးသရဲရုပ်ကြီးကို အား တင်းပြုံးပြရင်း သူ့ကား ဘီး လိမ့်ထွက်ခွာသွားတဲ့အထိ နှုတ်ဆက်ချင်ယောင် ဆောင်ပြီး ကားနောက်ပိုင်း က လေးထောင့်ပြား ကလေးကို ပါးစပ်ကနေ တတွတ်တွတ်ရွတ်ရင်းနဲ့ အားမရလို့ အိတ်ထဲက ဘောလ်ပင်ကိုထုတ်ပြီး လက် ဝါးပေါ်မှာ သေချာရေးမှတ် လိုက်တယ်။ ဘာတဲ့..ဒုက/-- --။



♛♛♛♛♛

ည ၉ နာရီထိုးကာနီးမှ စိတ် ပူစွာနဲ့ ဖုန်းဆက်လာတဲ့ ဖေဖေ့ကို အုံတောင်မြောက်လမ်းဆုံကနေ ရဲ စခန်းနားကို လိုက်ခဲ့ပေးဖို့ခေါ်တော့ အထိတ်တလန့်နဲ့ အပြေးအလွှား ရောက်ချလာကြတယ်။ မေမေက တော့ အိသိမ့်လက်ကလေးကို ဖေးမထွေးဆုပ်ထားတယ်။

"သမီးငယ် ဘာဖြစ်လာ လို့လဲ၊ မေမေတို့ စိတ်ပူလိုက်တာ ကွယ်"

"သမီးကားငှားစီးတဲ့ ဒရိုင် ဘာက နှမချင်းမစာနာတဲ့ အမူ အရာတွေ၊ စကားလုံးတွေနဲ့ ဆွဲ ဆောင်စည်းရုံးတာကို ခံပြင်းလွန်း လို့ သွားတိုင်မလို့"

"သမီးငယ်မှာ သက်သေရော ရှိရဲ့လား"

"သူ့ကားနံပါတ်ရယ်၊ သူ့ မျက်နှာနဲ့ ကိုယ်ဟန်အနေအထား တွေကို သေချာလေ့လာထားတယ်၊ ထူးခြားချက်တွေကိုလည်း အကာန် မှတ်ထားတယ်၊ ပြီးတော့ သူပြော သမျှတွေကို သမီး ဖုန်းနဲ့ ရီကောဒ် လုပ်ထားတယ်၊ ဒီမှာ....."

ပြောပြောဆိုဆို ဖုန်းထဲက အသံဖိုင်ကိုဖွင့်ပြတော့ ဖေဖေနဲ့မေ မေ အံ့သြစွာနဲ့ ခံပြင်းနာကျင်သွား ကြတယ်။

"ကောင်းတယ်၊ အားနွဲ့ကဲ့ မိန်းကလေးတွေဆိုပြီး သိမ်းသွင်း အနိုင်ယူချင်တဲ့ ဒီလို လူ့ငနွားမျိုး တွေကို ဒီလိုသတ္တိရှိရှိ ရင်ဆိုင် ရဲတာ ဖေဖေ သိပ်သဘောကျ တယ်၊ နောက်နောင် ဒီလိုပြစ်မှု မျိုး မလုပ်ရဲအောင် တရား ဥပဒေနဲ့ လက်ထိလက်ရောက် ကာကွယ်ရမယ်ကွ"

ရဲရင့်တက်ကြွသော အိသိမ့် တို့ သားအမိသားအဖသုံးယောက် လက်ချင်းညီညီတွဲပြီး မနီးမဝေးက လှမ်းမြင်နေရတဲ့ မြို့မရဲစခန်းတည် ရှိရာကို တက်တက်ကြွကြွ လှမ်း လျှောက်လာခဲ့ကြတယ်။

ဖွဲ့နေရောင်[

www.burmeseclassic.com

# ပြည်တွင်းသတင်း

## ရေပန်းဖွင့်ပြီး ရေချိုးစဉ် ရေချိုးပန်းမှ တစ်ဆင့် ဓာတ်လိုက်သေဆုံး

ရန်ကုန်တိုင်းဒေသကြီး၊ပန်းဘဲတန်းမြို့နယ်၊ (၃)ရပ်ကွက်တွင်နေထိုင်သူ အမျိုးသားတစ်ဦးက နေအိမ်ရေချိုးခန်းအတွင်းရှိ ရေပန်းပန့်အားဖွင့်၍ ရေချိုးနေစဉ် ရေချိုးပန့်မှတစ်ဆင့် ဓာတ်လိုက်ပြီးလဲကျသွားသဖြင့် ဆေးရုံသို့တင်ပို့စဉ် လမ်း၌ သေဆုံးသွားကြောင်း သိရှိရသည်။

စုံစမ်းသိရှိရသည်မှာ ၁၁-၁၁-၂၀၁၃ရက်နေ့ နံနက်၉နာရီအချိန်က ပန်းဘဲတန်းမြို့မ ရဲစခန်းတာဝန်မှူး ဒုရဲအုပ်ချစ်ဝင်းသည် ရန်ကုန်ဆေးရုံကြီးသို့ ဓာတ်လိုက်သေဆုံးသူအမျိုး သား တစ်ဦး၏အလောင်းရောက်ရှိနေကြောင်း ဆေးရုံကြီး၏ သတင်းပေးချက်အရသိရ၍ သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။ သေဆုံးသူမှာ ဦးသိန်းဇံ(၄၂နှစ်) (ကုန်သည်)၊ (၃)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်နေသူဖြစ်ကြောင်း သိရသည်။

သေဆုံးသူ၏မိသားစုဝင်များအား မေးမြန်းရာ သေဆုံးသူသည် နံနက်၈နာရီအချိန်က နေအိမ်ရေချိုးခန်းအတွင်း ရေပန်းပန့်အားဖွင့်၍ ရေချိုးနေစဉ် ရေချိုးပန့်မှတစ်ဆင့် ဓာတ်လိုက်ကာ လဲကျသွားကြောင်း၊ မိသားစုဝင်များက ရန်ကုန် ဆေးရုံကြီးသို့ ပို့ဆောင်စဉ် လမ်း၌ သေဆုံးသွားကြောင်း ရှင်းပြခဲ့သည်။

အလောင်းအား စစ်ဆေးရာ ဝဲလက်မရင်းတွင် ပူလောင်ဒဏ်ရာ၊ ဝဲလက်ခုံပွန်းပဲ့ဒဏ်ရာ၊ ယာဘက်နံဘေးတွင် တစ်လက်မခန့်လောင်ကျွမ်းဒဏ်ရာများ ရရှိထားသည်ကို တွေ့ရပြီး ပြင်ပဒဏ်ရာများမတွေ့ရှိရကြောင်း စစ်ဆေးတွေ့ရှိရသည်ဟုသိရသည်။

အလောင်းအား ဆေးရုံမှ ပီအာရ်ဝဝ၆ဖြင့် လက်ခံထားပြီး ဒုရဲအုပ်ချစ်ဝင်းက တရားလိုပြုလုပ် တိုင်တန်း၍ ပန်းဘဲတန်း မြို့မရဲစခန်းက သေမှုသေခင်းအမှတ်စဉ်၅/၂၀၁၃ဖြင့် အမှုဖွင့်ပြီး အမှုစစ် စခန်းမှူးရဲအုပ်အေးမြင့်နိုင်က အဖြစ်မှန်ပေါ်ပေါက်ရေးအတွက် စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

ဇာဇာ



www.burmeseclassic.com

www.burmeseclassic.com



# ဆေးမှားသောက်လို့ အမျိုးသမီးတစ်ဦးသေဆုံး

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်တွင် အမျိုးသမီး တစ်ဦး ထမင်းစားပြီး ဆေး သောက်ခဲ့ရာ ဆေးဘူး မဟုတ်ဘဲ ပိုးသတ်ဆေးဘူးအား မှားယွင်းပြီး သောက်ခဲ့မှုကြောင့် သုံးခွမြို့နယ်ဆေးရုံသို့ တင်ပို့ ကုသစဉ် သေဆုံးသွားခဲ့ကြောင်း သတင်းရရှိသည်။

ဖြစ်စဉ်မှာ ၈-၁၂-၂၀၁၃ ရက်နေ့ ညနေ၂နာရီ၄၀ မိနစ်အချိန်ခန့်က သုံးခွ မြို့နယ်ဆေးရုံတွင် ပိုးသတ်ဆေးဘူးအား မှားသောက်မိခဲ့သည့် အမျိုးသမီးတစ်ဦး သေဆုံးရောက်ရှိနေကြောင်း သုံးခွမြို့မရဲစခန်းသို့ သတင်းပေးပို့ခဲ့သည်ဆို၏။

သတင်းအရ စခန်းမှူး ဒုရဲမှူးစောဝင်းနှင့်အဖွဲ့က သွား ရောက်စစ်ဆေးခဲ့ရာ သေဆုံး သူမှာ မစန်းအိဖြူ (၁၈နှစ်)၊ ညောင်နီရွာ၊ သုံးခွမြို့နယ် နေသူဖြစ်ကြောင်း သိရှိရသည်။ ၎င်းသည် ပြင်ပဒဏ်ရာတစ်စုံ တစ်ရာမရှိဘဲ ပါးစပ်မှ ပိုးသတ်ဆေးနံ့ရသဖြင့် မေးမြန်းခဲ့ရာ သေဆုံးသူမှာ အတက်ရောဂါရှိကြောင်း၊ အာရုံကြောဆေး သောက်နေရကြောင်း သိရှိခဲ့ရသည်။

၎င်းသောက်သည့်ဆေး ပြားများအား ရေဖျော်၍ ရေ သန့်ဘူးငယ်တွင်ထည့်ပြီး လယ် ထဲဆင်းခဲ့ကြောင်း၊ ၁၁နာရီ ၄၅မိနစ်အချိန် နေအိမ်သို့ ပြန် လာခဲ့ပြီး ထမင်းစား၍ ဆေး သောက်ခဲ့ရာ ပိုလိုပေါင်းသတ် ဆေးဘူးနှင့် မှားယွင်းစွာ သောက်မိခဲ့ခြင်းဖြစ်ကြောင်း ၎င်း၏ဦးလေးတော်စပ်သူ ဦးတင်ဌေးက ပြောပြခဲ့၍ သိရှိခဲ့ရသည်။ အလောင်းအား ဆေးရုံမှ ပီအာရ်၀၇၂ဖြင့် လက်ခံထားရှိသည်။

ဒုရဲအုပ်လင်းအောင်က တရားလိုပြုလုပ်တိုင်တန်းမှုအား သုံးခွမြို့မရဲစခန်းက သေမှု သေခင်း အမှတ်စဉ် ၃၂/ ၂၀၁၃ဖြင့် အမှုဖွင့်ပြီး အမှုစစ် စခန်းမှူး ဒုရဲမှူးစောဝင်းမှ စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

# ရပ်တန့်ထားတဲ့ ကားပေါ်မှ ပိုင်ရှင်မဲ့တရားမဝင်သစ်များ ဖမ်းမိ

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိနှင့်အဖွဲ့သည် မသင်္ကာဖွယ်ရပ်တန့်ထား သော ယာဉ်အား စစ်ဆေးရာမှ ကျွန်းသစ်ခွဲသားဆိုက်စုံ ကျပ် ကိုးသိန်းကျော်ဖိုးခန့်ကို ပိုင်ရှင်မဲ့ရှာဖွေသိမ်းဆည်းရမိကြော း သတင်းရရှိသည်။

စုံစမ်းသိရှိရသည်မှာ ၆-၁၂-၂၀၁၃ရက်နေ့ နံနက်၉နာရီအချိန်က ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ် သစ်တေ ာ ဦးစီးအရာရှိ ဦးမောင်မောင်သိန်းထိုက်နှင့်အဖွဲ့သည် သတင်းအရ ရွှေပြည်သာ စက်မှုဇုန်(၄)AMC ကားစက်ရုံဘေး မောင်ခ နဲ့ လမ်းမပေါ်တွင် မသင်္ကာဖွယ် ရပ်တန့်ထားသော ယာဉ်အမှတ်၄က/---NISSAN Condar(၆)ဘီးတပ်အဖြူရောင်ယာ ဉ် အား ရှာဖွေစစ်ဆေးခဲ့သည် ဆို၏။

ထိုသို့ ရှာဖွေစစ်ဆေးရာ ယာဉ်ပေါ်တွင် ဂေါ်ဇီထုပ်အိတ်များနှင့်ဇီးမှုန့်အိတ်များအောက်၌ ဝှက်၍ တရားမဝင်သယ် ဆောင်လာသော ကျွန်းသစ်ခွဲသားဆိုက်စုံ (၃ဒသမ၇၂၉)တန်(တန်ဖိုးကျပ်၉,၃၂,၃၀၀)အား တွေ့ရှိသိမ်းဆည်းရမိခဲ့သည်ဆို ။ ယာဉ်မောင်း နှင့်ယာဉ်နောက်လိုက်တို့မှာ ထွက်ပြေးတိမ်းရှောင်သွားသဖြင့် သစ်တောဦးစီးအရာရှိက တရားလိုပြု လုပ်တိုင်တန်းမှုကို အင်းစိန်မြို့မရဲစခန်းက(ပ)၁၂၇၇/ ၂၀၁၃၊ သစ်တောအက်ဥပဒေပုဒ်မ၄၃(က)ဖြင့် အမှုဖွင့်၍ အမှုစစ် ဒုရဲအုပ်ကျော်ကျော်ထွန်းက စုံစမ်းဖော် ထုတ်နေကြောင်း သိရသည်။

www.burmeseclassic.com

www.burmeseclassic.com



# အိမ်ရှင်ခရီးသွားနေခိုက် အိမ်ရှင်ရဲ့ကား ခိုးမောင်းသူမှာ ယာဉ်တိုက်မှုဖြစ်ခဲ့မှု

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်တွင် အိမ်ရှင်များ နေပြည်တော်သို့ အလုပ်ကိစ္စဖြင့် သွားရောက်နေခိုက် အိမ်တွင်ကျန်ခဲ့သော အိမ်အကူ လုပ်သားက ကားကို ခိုးယူမောင်းနှင်စဉ် ယာဉ်တိုက်မှုဖြစ်ခဲ့ကြောင်း သိရသည်။

စုံစမ်းသိရှိရသူမှာ ၇-၁၂-၂၀၁၃ရက်နေ့ နံနက်၃နာရီ ၃၀မိနစ်အချိန်က ဆောက်လုပ် ရေးမန်နေဂျင်းဒါရိုက်တာ ကို နေလင်းကျော်(၃၃နှစ်)၊ မကျည်းတန်းတောင် အနောက်ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်နေသူသည် နေအိမ်မှ နေပြည်တော်သို့ အလုပ်ကိစ္စဖြင့် သွားရောက်ခဲ့၏။

ထိုသို့ သွားရောက်နေစဉ် (၁၀၅)မိုင်သို့အရောက်တွင် ၎င်း၏ဆောက်လုပ်ရေး အထွေထွေလုပ်သား ကိုနေဝင်းမြင့် (၃၀နှစ်)က ဖုန်းဖြင့်ဆက်သွယ်၍ ဇော်မျိုးအောင်(ခ) အောင်ကြီး(၁၇နှစ်)၊ အိမ် အကူလုပ်သား၊ မကျည်းတန်း တောင် အနောက်ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်နေသူက နေအိမ်တွင်ထားရှိခဲ့သော 5F/----ကရီနာအနက် ရောင်ယာဉ် (တန်ဖိုးငွေကျပ် သိန်း ၂၀၀)၏ ကားသော့အား နေအိမ်ရှေ့ ခန်းရှိ ဗီရိုအတွင်းမှယူ၍ ကားကို ခိုးယူမောင်းနှင်သွားစဉ် ယာဉ်တိုက်မှုဖြစ်၍ ဇော်မျိုး အောင်(ခ)အောင်ကြီးမှာ စမ်းချောင်းမြို့မရဲစခန်းသို့ ရောက်ရှိနေကြောင်းအကြောင်းကြားခဲ့သည်ဆို၏။

သို့ဖြစ်၍ နေအိမ်သို့ ပြန်လာပြီး စုံစမ်းမေးမြန်းခဲ့ရသည်။

ကိုနေလင်းကျော်က တရားလိုပြုလုပ်တိုင်တန်း၍ ကြည့်မြင်တိုင်မြို့မရဲစခန်းက (ပ) ၇၈၄/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၈၀ဖြင့် ဇော်မျိုးအောင်(ခ) အောင်ကြီးအား အမှုဖွင့်ပြီး အမှုစစ်ဒုရဲအုပ်ဝင်းဌေးက ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း နှင့်ယာဉ်တိုက်မှုနှင့် ပတ်သက်၍ သက်ဆိုင်ရာမှ အရေးယူရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

# ငွေကျပ် သိန်း ၁၅၇သိန်းခန့်ယူထားပြီး ပွဲရုံလည်းပျောက်၊ လူလည်းပျောက်

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ဖြူးမြို့နယ်၊ ဖြူးအရှေ့ကျေးရွာအုပ်စု၊ အုတ်ဖြတ်လမ်း၊ အဘိုဘွားစုရပ်ရှိ "မောင်မောင်နှင့်ညီများ ဇင်မင်းပွဲရုံ"နှင့် လုပ်ငန်းရှင် ညီအစ်ကိုတစ်စုသည် မတ်ပဲဖိုးငွေကျပ်(၁၅၇)သိန်းကျော်အား ပြေစာဖြတ်ပေးထားခဲ့ပြီး ပွဲရုံရော လူများပါ ခြေရာဖျောက် သွား၍ မတ်ပဲဝယ်ယူခဲ့သူက ရဲစခန်းသို့ တိုင်ကြားအမှု ဖွင့်ခဲ့ရသည်။

ဖြစ်စဉ်မှာ ဖြူးမြို့နယ်၊ ရုံးရပ်ကွက်(၄)လမ်း၊ အိမ်အမှတ်(၉၅)နေ မဒီနာအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်နော်ဂျူလီ (၃၆နှစ်)သည် ပွဲရုံ၌ မတ်ပဲသုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၅၃,၀၀၀ဈေးဖြင့် မတ်ပဲတစ်တင်းခွဲ အိတ်(၃၀၀)အား ၁၃-၃-၂၀၁၃ရက်နေ့တွင် တစ်ကြိမ်၊ ၁၅-၃-၂၀၁၃ရက်နေ့တွင် တစ်ကြိမ်၊ အိတ်ပေါင်း(၆၀၀) (တန်ဖိုးငွေကျပ် ၁,၅၇,၉၅,၀၀၀)ကို လက်ငင်းငွေချေ၍ ဝယ်ယူခဲ့သည်။

ပွဲရုံလုပ်ငန်းရှင် ဦးမောင်မောင်က "ဦးမောင်မောင်နှင့် ညီများ ဇင်မင်းပွဲရုံ၊ ဆန်နှင့် ပဲမျိုးစုံရောင်းဝယ်ရေး၊ အုတ် ဖြတ်လမ်း၊ ဖြူးမြို့" တံဆိပ်ရိုက်နှိပ်၍ ပြေစာထုတ်ပေးခဲ့ သည်။ ဒေါ်နော်ဂျူလီသည် ဦးမောင်မောင်နှင့် ၎င်း၏ ညီများ ဖြစ်သည့် မော်စီတုံးနှင့် အီရာ လားတို့ထံငွေအကျေပေးချေ၍ မတ်ပဲအိတ်(၆၀၀)အား သယ်ယူခြင်း မပြုသေးဘဲ ပွဲရုံ၌ ပြန်လည်အပ်နှံထားခဲ့ သည်။

၂၅-၁၀-၂၀၁၃ရက်နေ့တွင် ဒေါ်နော်ဂျူလီက မတ်ပဲအိတ်(၆၀၀)ကို သွားရောက်ယူဆောင်ရာ ဦးမောင်မောင်နှင့်ညီများဖြစ်သော ဦးမော်စီတုံး၊ ဦးအီရာလားတို့မှာ ဇင်မင်းပွဲရုံဆိုင်းဘုတ်အား ဖြုတ်ထားပြီး လူများလည်း နေထိုင်ခြင်းမရှိတော့ဘဲ ရှောင်တိမ်း သွားကြောင်းတွေ့ရတော့သည်။

၂၈-၁၀-၂၀၁၃ရက်စွဲပါ တိုင်စာဖြင့် ဒေါ်နော်ဂျူလီက တိုင်ကြားခဲ့၍ ဖြူးမြို့မရဲစခန်းက ဦးမောင်မောင်နှင့် ညီ များဖြစ်ကြသည့် ဦးမော်စီတုံး၊ ဦးအီရာလားတို့အား (ပ) ၅၃၃/၂၀၁၃၊ ပြစ်မှုပုဒ်မ၄၀၆ ဖြင့် အမှုဖွင့်၍ စုံစမ်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းထောက် နံ့ရီ**



www.burmeseclassic.com

www.burmeseclassic.com



## မယားပါသမီး အလုပ်လုပ်ရာရွာထိဆိုင်ကယ်နဲ့ လာခေါ်ပြီး ပထွေးက လမ်းတစ်ဝက်မှာ အဓမ္မပြုကျင့်ခဲ့မှု

၆-၁၂-၂၀၁၃ရက်နေ့ ညနေ ၄နာရီခန့်က ကသာမြို့ မြောက်ဘက်၊ (၁၀)မိုင်အကွာ ပြန့်ကြီးကျေးရွာတွင် နေထိုင်သူမ---အသက်(၁၅)နှစ်သည် ကသာရဲစခန်းသို့ လာရောက်၍ ပထွေးဖြစ်သူက အလိုမတူဘဲ သားမယားအဖြစ် ပြုကျင့်ကြောင်း တိုင်ကြားခဲ့သည်။

တိုင်ကြားချက်အရ သိရှိရသည်မှာ မ----အသက်(၃နှစ်)အရွယ်တွင် ဖခင်သေဆုံးသွား၍ မိခင်ဖြစ်သူက ဦးဆွေသန်းနှင့်နောက်အိမ်ထောင်ပြုခဲ့ရာ သားသမီး သုံးဦးထပ်မံမွေးဖွားခဲ့ကြောင်း၊ ၎င်းသည် ၈-၁၁-၂၀၁၃ရက်နေ့က မက်လင်ချောင်းကျေးရွာရှိ ဦးအောင်ငွေ၏ မြေပဲခင်းသို့ ပဲနှုတ်သည့်အလုပ် သွားရောက်လုပ်ကိုင်ပြီး ဦးအောင်ငွေ၏အိမ်တွင် တည်းခိုနေထိုင်ခဲ့ကြောင်း၊ ၂၃-၁၁-၂၀၁၃ရက်နေ့ ညနေ ၄နာရီခန့်တွင် ပထွေးဦးဆွေသန်းရောက်ရှိလာပြီး မိခင်ဖြစ်သူ နေမကောင်းသဖြင့် လာခေါ်သည်ဟု ပြောပြခဲ့သည်ဆို၏။

ထိုသို့ ပြောပြခေါ်ယူသည့်အတွက် အိမ်ရှင်ဖြစ်သူ ဦးအောင်ငွေက နောက်ရက် နံနက်မှဆိုင်ကယ်ဖြင့်ပို့ပေးမည်ဟုပြောသော်လည်း ဦးဆွေသန်းက ချက်ချင်းလိုက်ခဲ့ရန်ခေါ်သဖြင့် ပထွေးဖြစ်သူဦးဆွေသန်း၏ဆိုင်ကယ်ဖြင့် တောလမ်းအတိုင်း ပြန့်ကြီးကျေးရွာသို့ ပြန်လိုက်ခဲ့သည်ဆို၏။ ခရီးတစ်ဝက်ခန့် အရောက်၌ ဆိုင်ကယ်ကိုရပ်တန့်၍ ရေပြာချောင်း တောစပ်တွင် ဦးဆွေသန်းက မ---အား ပါးစပ်ပိတ်ကာသားမယားအဖြစ် နှစ်ကြိမ်ပြုကျင့် ခဲ့ကြောင်း၊ ထို့နောက် ဦးဆွေသန်းက ၎င်းတွင် ပါလာသည့်ဓားကိုပြသပြီး“ပြန်မပြောနဲ့ပြောရင် သတ်ပစ်မယ်”ဟုခြိမ်းခြောက်ထားသဖြင့် မိခင်ကို ပြန်မပြောခဲ့ကြောင်း၊ ၅-၁၂-၂၀၁၃ရက်နေ့တွင်မှ မိခင်အားပြောပြခဲ့ကြောင်း၊ သို့ဖြစ်၍ အလိုမတူဘဲ သားမယားအဖြစ် ပြုကျင့်သူ ပထွေးဦးဆွေသန်းအား ဥပဒေအရ အရေးယူ ပေးရန် တိုင်ကြားခြင်းဖြစ်ကြောင်း သိရသည်။

ကသာမြို့မရဲစခန်းက(ပ)၃၂၃/၂၀၁၃၊ ပြစ်မှုပုဒ်မ၃၇၆ဖြင့် အမှုဖွင့်ပြီး တိုင်ကြားခံရသူ ဦးဆွေသန်း(၃၉နှစ်)အား ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**ကမ်းနဖူးကစမ်းဦး(ကသာ)**

## ရင်းနှီးခင်မင်သူက နှိပ်နင်းခိုင်းရင်း အဓမ္မပြုကျင့်ခဲ့မှု

ရင်းနှီးခင်မင်မှုဖြင့် နင်းနှိပ်ပေးသူ မိန်းမပျိုကို အသက်ထက်ဝက်ကြီးသူအမျိုးသားက အခွင့်အရေးယူပြီး အဓမ္မပြုကျင့်မှု တောင်ငူမြို့နယ်တွင် ဖြစ်ပွားခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာ ၅-၁၂-၂၀၁၃ရက်နေ့ညနေ ၄နာရီအချိန်က ----ရွာ၊ ဖြူးမြို့နယ်နေ၊ မ---(၁၆နှစ်) သည် မဟင်ကုန်းရွာနေ ကိုတင်စန်း (၃၃နှစ်)၏ ဈေးဆိုင်သို့ ဆွဲခြင်းယူရန် သွားရောက်ခဲ့သည်ဆို၏။

ထိုစဉ် ကိုတင်စန်းက မ---အား ရင်းနှီးခင်မင်နေသည့်အတွက် ဈေးဆိုင်တွင် လူမရှိသည်ကို အခွင့်ကောင်းယူလျက် ၎င်းအား နင်းနှိပ်ပေးပါရန် ခိုင်းသဖြင့် မ---က ဈေးဆိုင်အတွင်းသို့ဝင်၍ နင်းနှိပ်ပေးစဉ် ကိုတင်စန်းက အဓမ္မပြုကျင့်ခဲ့၏။

မ---က ဖြူးမြို့မရဲစခန်းသို့ ချက်ချင်းသွားရောက်တိုင်ကြားသဖြင့် ရဲစခန်းမှ(ပ)၅၄၀/၂၀၁၃၊ ပြစ်မှုပုဒ်မ၃၇၆ဖြင့် အမှုဖွင့်ကာ ယင်းနေ့ ည ၉နာရီ ၅၀မိနစ်အချိန်တွင် ဖမ်းဆီးစစ်ဆေးခဲ့သည်ဟု သိရသည်။

**သတင်းထောက် စံခဲ**



www.burmeseclassic.com

www.burmeseclassic.com



# အင်းလျားကန်ပေါင်ပေါ်မှ မဖွယ်မရာလုပ်သူနဲ့ သောက်စားရမ်းကားသူ အမျိုးသား ၄၂ဦး၊ အမျိုးသမီး ကိုးဦးကို ညဉ့်နက်ချိန်မှာ ဖမ်းဆီး အရေးယူခဲ့

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်အတွင်းရှိ ကမ္ဘာအေးဘုရားလမ်း၊ အင်းလျားကန်ပေါင်ပေါ်၌ ညအချိန်မတော် သွားလာသူ အရက်ဝိုင်းဖွဲ့သောက်သူများရှိပြီး ကန်ပေါင်ဘေး ကားလမ်းပေါ်နှင့် မြကျွန်းသာပန်းခြံရှေ့ ကားပါကင်နေရာတို့တွင် မော်တော်ယာဉ်များ ရပ်နား၍ ကားပေါ်တွင် မဖွယ်မရာပြုလုပ်မှုများရှိနေသဖြင့် ဗဟန်း မြို့နယ်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကင်းမြို့နယ် ရဲတပ်ဖွဲ့မှူးများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြကျွန်းသာပန်းခြံ လုံခြုံရေးဝန်ထမ်းများ ပူးပေါင်းကာ ၅-၁၂-၂၀၁၃ရက်နေ့ သန်းခေါင်အချိန်မှ ၆-၁၂-၂၀၁၃ရက်နေ့ နံနက် ၂နာရီ အတွင်း ရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာ တွင် ကန်ပေါင်ဘေးနှင့် ပန်းခြံရှေ့ ကားပါကင်နေရာများတွင် အချိန်မတော် စုံတွဲ ရှစ်တွဲ၊ မော်တော်ယာဉ်(၁၅)စီးနှင့်အရက်ဝိုင်းဖွဲ့စားသောက် သည့်ဝိုင်း ခြောက်ဝိုင်း၊ လူဦးရေ အမျိုးသား (၄၂)ဦးနှင့် အမျိုးသမီး ကိုးဦး၊ စုစုပေါင်း (၅၁)ဦးကို ရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း၊ ဆက်လက်ပြီး အင်းလျားမြေကို အကျည်းတန်စေမည့်လုပ်ရပ်များ ပြုစုဆောင်ရွက်နေသူများကို သက်ဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်းရှင်းလင်းသွားမည်ဖြစ်ကြောင်း သိရသည်။

မှူခင်းကြယ်



www.burmeseclassic.com

www.burmeseclassic.com

အသင်္ခယာ

# လက်တစ်လုံးခြား





www.burmeseclassic.com

www.burmeseclassic.com



## လက်တစ်လုံးခြား



**အသစ်ယာ**

အတော်ပူပြင်းသော ညဖြစ်သည်။ မန္တလေးမြို့သူ မြို့သားတွေ တော့မသိ။ တစ်ခါတစ်ရံမှရောက်လာတတ်သော ကိုဝင်းဇော်အတွက် ကတော့ အတော်ခံရခက်နေသည်။

ကိုဝင်းဇော်သည် ရေခဲစိမ် ဘီယာပုလင်းကို ဖောက်လိုက်ကာ အမြှုပ်များ မကျစေရန် ဖန်ခွက်ကို စောင်း၍ လောင်းထည့်လိုက်သည်။ ထိုအချိန်တွင် အခန်းဝမှ ခြေသံလိုလို ကြားသော ကြောင့်.....

“နွယ်နွယ်လားဟင်”

လူတစ်ယောက်က တံခါးကို ဖျတ်ခနဲ ဆွဲဖွင့်လိုက်ကာ ပြန်ပိတ်လိုက်ပြီး တံခါးကိုကျောပေး၍ ရပ်လိုက်သည်။

“ကျုပ်က တစ်ချိန်တုန်းက နွယ်နွယ်ရဲ့ ချစ်ဦးသူပေါ့ဗျာ၊ အောင် တင်လေ၊ မှတ်မိရဲ့လား”

ဆက်တီတွင်ထိုင်ကာ ဘီယာခွက်ကိုကိုင်ထားသော ကိုဝင်းဇော်ကို ငုံ့ကြည့်၍ မခန့်လေးစားပုံဖြင့် ပြောလိုက်သည်။ ကိုဝင်းဇော်ကတော့ အံ့ဩဟန်မပြ။



“ဘာလဲ ကျုပ်ကို အခုလိုမြင်သွားတော့ ခင်ဗျားအံ့အားသင့် မသွားဘူးလား”

“ခင်ဗျားပဲသိပါတယ်”

ကိုဝင်းဇော်က မတ်တတ်ရပ်ရန် ပြင်လိုက်သည်။

“မလှုပ်နဲ့နော်၊ ခင်ဗျား ထိုင်လက်စနေရာမှာ ဆက်ထိုင်နေ”

တစ်ဆက်တည်းမှာပင် သားရေအိတ်အနက်ထဲမှ သေနတ်တစ် လက်ကိုထုတ်ကာ ချိန်လိုက်သည်။

“ထိုင်နေတဲ့ လူတစ်ယောက်ကို သေနတ်ကြီး တကားကားနဲ့ ချိန်ထားတာကတော့ ကြည့်မကောင်း ပါဘူးဗျာ”

“ကျုပ်ရဲ့ငယ်ချစ်ဟာ ခင်ဗျား ရဲ့မိန်းမ ဖြစ်နေပြီဆိုတော့ ခင်ဗျားက ခင်ပေါ်က

www.burmeseclassic.com



လူပေါ့လေ ဟုတ် လား၊ ကျုပ်ရဲ့ ဘ၀ကို ခင်ဗျားက အနိုင်ယူသွားတာပေါ့၊ ကျုပ်တို့နေခဲ့တဲ့မြို့မှာ ခင်ဗျားက အောင်မြင် ကျော်ကြားတဲ့ လူတစ်ယောက်လို နေနိုင်ပေမယ့် ကျုပ်ကတော့ မျက် နှာမပြရဲလို့ မြို့ကတောင် ထွက်ပြေးခဲ့ရတယ်''

ကိုဝင်းဇော်က သက်ပြင်းရှည် တစ်ချက်ချလိုက်ကာ.....

''အဲဒီကိစ္စအတွက် ခင်ဗျားက ကျုပ်ကိုမကျေနပ်လို့ ဆိုင်ကယ်နဲ့ နောက်ကနေဝင်တိုက်တာ ကျုပ် ဆေးရုံရောက်ခဲ့တာတော့ ခင်ဗျား မှတ်မိမှာပေါ့၊ အခုလည်း ကျုပ်ကို သေနတ်နဲ့ ပစ်ဦးမလို့လား၊ အေးကျုပ်သေရင် ခင်ဗျားလည်း ကြိုးစင်တက်ပေါ့ဗျာ''


အောင်တင်က သေနတ်ကိုင် ထားလျက်ကပင် သားရေအိတ် အနက်တွင်းသို့ လက်နှိုက်လိုက် သည်။ ပိတ်စဖြင့်ချုပ်ထားသော အိတ်တစ်လုံး လက်တွင်းသို့ပါလာ သည်။ အိတ်၏ထိပ်ဝ ရှုံ့ကြိုးကို ဖြေလိုက်ကာ ချောပြောင်ခွေခေါက် နေသော တစ်စုံတစ်ခုကို ကိုဝင်း ဇော်၏ခြေထောက်နားသို့ ချလိုက် သည်။ ထိုတစ်စုံတစ်ခုသည် မဟူ ရာလက်ကောက်ကွင်းများနှင့်တူပြီး အသက်ရှိနေသလို လှုပ်ရှားနေ သည်။

''ခင်ဗျား ငြိမ်ငြိမ်ကလေးနေရင် ခင်ဗျားအတွက် အန္တရာယ် ကင်းမယ်၊ ဒီအကောင်က ကျုပ် တရုတ်ပြည်ဘက်ရောက်တုန်းက ဝယ်လာခဲ့တဲ့ အကောင်လေးပဲ ဂရိတ်လို့ခေါ်တဲ့ မြွေတစ်မျိုးပေါ့ မြန်မာပြည်က မြွေစိမ်းမြီးခြောက် ထက်တောင် အဆိပ်ပိုပြင်းသေး တယ်''

ထိုအချိန်တွင် ကိုဝင်းဇော်က ဘယ်ခြေထောက်ကို မသိမသာ နောက်သို့ တရွေ့ရွေ့ဆုတ်လိုက် သည်။

''ဒီမှာ အောင်တင်၊ ခင်ဗျား ကို ကျုပ်တစ်ခုပြောပါရစေဦး''

ကိုဝင်းဇော်က ထိုသို့ပြောနေ ချိန်မှာပင် စောစောက ဂရိတ်ဆ





www.burmeseclassic.com

www.burmeseclassic.com

သောမြွေကလေးသည် ကိုဝင်းဇော်၏ ယာဘက်ခြေထောက်ပေါ်သို့ လျှောခနဲတက်လိုက်ကာ ဘောင်းဘီအပေါ်မှနေ၍ ခြေထောက်ကို ဆက်ကာဆက်ကာ ပေါက်လိုက်တော့သည်။

ကိုဝင်းဇော်က အသက်ရှူရန် မေ့နေသလို မလှုပ်ရှားဘဲ ငြိမ်သက်စွာ ကြည့်နေမိသည်။ ဂရိတ်မြွေကလေးက အားရသွားဟန်ဖြင့် ခြေထောက်ပေါ်မှ လျှောဆင်းကာ ခင်းထားသော ဖယောင်းပုဆိုးပေါ်တွင် ခွေနေတော့သည်။

အောင်တင်က ရယ်ကျဲကျဲဖြင့် ကိုင်ထားသောသေနတ်ကို စားပွဲပေါ်တင်လိုက်ကာ.....

"ခင်ဗျားသေသွားရင် ဒီသေနတ်က ခင်ဗျားအတွက်သုံးဖို့ မလိုတော့ပါဘူး၊ ဒီမြွေဆိပ်က ငါးမိနစ်အတွင်း အစွမ်းပြလိမ့်မယ်၊ ခင်ဗျားလိုရာဆုံသာ တောင်းပေတော့"

"အောင်တင် ခင်ဗျားဟာ အရူးတစ်ယောက်ပဲ"

"ခင်ဗျား ဘာကိုဆိုလိုတာလဲ"

"ယောကျ်ားဖြစ်ပြီး အကျင့်သိက္ခာမရှိတဲ့ လူတစ်ယောက်ကို ဘယ်မိန်းကလေးက အိမ်ထောင်ဖက်အဖြစ် ရွေးချယ်ချင်မှာလဲ၊ အခုလည်း ခင်ဗျားရဲ့ ဒုစရိုက်မှုတွေကြောင့် ခင်ဗျားကို ရဲက အလိုရှိ

ယောကျ်ားမဆန်ဘဲ
နောက်ကနေ ဆိုင်ကယ်နဲ့
တိုက်ပြေးခဲ့တာတောင်
အားမရသေးဘဲ
မြွေနဲ့ပေါက်သတ်ဖို့
ကြိုးစားသေးတယ်၊
အဆိပ်မရှိတဲ့
မြက်လျှောလိုမြွေကိုဂရိတ်မြွေဆိုပြီး
ညာရောင်းတာခင်ဗျား........

နေတာမဟုတ်လား၊ ယောကျ်ားမဆန်ဘဲ နောက်ကနေ ဆိုင်ကယ်နဲ့ တိုက်ပြေးခဲ့တာတောင် အားမရသေးဘဲ မြွေနဲ့ပေါက်သတ်ဖို့ ကြိုးစားသေးတယ်၊ အဆိပ်မရှိတဲ့ မြက်လျှောလိုမြွေကို ဂရိတ်မြွေဆိုပြီး ညာရောင်းတာ ခင်ဗျားခံလိုက်ရတယ်နော်၊ နွယ်နွယ့်ကို ခင်ဗျားဆီက ကျုပ် လုယူတာလည်းမဟုတ်ဘူး၊ သူနဲ့ကျုပ် နှစ်ဦးသဘောတူ မေတ္တာမျှပြီး ယူလိုက်ကြတာပဲ၊ အောင်တင် ခင်ဗျားမမိုက်နဲ့တော့၊ အချိန်တွေရှိ သေးတယ်၊ ပြင်လို့ရသေးတယ်၊ ကဲ.....ကျုပ်နဲ့ ဘီယာထိုင်သောက်သွားဦး၊ ဒါလောက်ဆိုရင် ခင်ဗျားရဲ့မြက် လျှောမြွေက ဘာမှ မဖြစ်တော့ဘူးဆိုတာ သဘောပေါက်လောက်ရောပေါ့"

ကိုဝင်းဇော်က ဣန္ဒြေမပျက် ပြောနေသောကြောင့် အောင်တင်မှာ ခွေးများပြန်ကာ ငိုင်လျက်ခဉ်းစားနေသည်။ ကားပွဲစားအလုပ်ဖြင့် သုံးလေးလတစ်ကြိမ် မန္တလေးကို ရောက်တတ်သော ကိုဝင်းဇော်ကို ဈေးချိုထဲတွင် တွေ့လိုက်ရသောကြောင့် နောက်ယောင်ခံလိုက်ကာ ကလဲ့စားချေဖို့ ကြိုးစားခြင်းဖြစ်သည်။ အခုတော့ ကိုဝင်းဇော်က သူထင်သလိုမဟုတ်။

အောင်တင်က ကိုဝင်းဇော်ထံမှ ဘီယာတစ်ခွက်ကို ယူသောက်လိုက်သည်။ ပြီးမှ သက်ပြင်းရှည်ကြီးတစ်ခုချလိုက်ကာ.....

"ကျုပ်မှားသွားတယ် ကိုဝင်း




www.burmeseclassic.com

www.burmeseclassic.com

ဇော်၊ ကျုပ်ကိုခွင့်လွှတ်ပါ၊ ကျုပ်ရဲ့အကုသိုလ်တွေက ကျုပ်ကိုဒုက္ခပြန်ပေးနေတယ်၊ နွယ်နွယ့်ကိုလည်း တောင်းပန်ပါတယ်လို့ ပြောပေးပါ၊ ကျုပ်က ဒီမှာကြာကြာနေလို့မဖြစ်ဘူး၊ နယ်စပ်ကို လစ်တော့မယ်"

"ခင်ဗျားရဲ့သေနတ်ကိုလည်း ယူသွားပါဦး၊ တော်ကြာ ကျုပ်ကို အမှုပတ်နေပါဦးမယ်၊ ခင်ဗျားရဲ့မြွေကိုလည်း ပြန်ယူသွားပါဦး၊ အဝတ်အိတ်နဲ့ ထည့်မနေပါနဲ့တော့၊ မွန်းပြီးသေသွားပါဦးမယ်၊ အကောင်သေးသေးလေးပါ၊ ခင်ဗျားအိတ်ထဲကို ထည့်ယူသွားရင် ရပါတယ်၊ မြွေတွေဟာ ပူနွေးတဲ့ လူ့အသားနဲ့ထိရတာကို သဘောကျကြတယ်"



♛♛♛♛♛

အောင်တင်ထွက်သွားသောအခါ ကိုဝင်းဇော်သည် ခေါင်းထဲတွင် သချာတစ်ပုဒ်ကဲ့သို့ ရှုပ်ထွေးနေသော အကြောင်းအရာတစ်ခုစီကို ဆွဲထုတ်ကာ စဉ်းစားနေလိုက်သည်။

နွယ်နွယ်က ဘုရားကြီးနားတွင်နေသော သူ့သူငယ်ချင်းတစ်ယောက်အိမ်ကို သွားနေသောကြောင့် ဘယ်အချိန်လောက် ပြန်ရောက်မည်၊ သူပြန်ရောက်လျှင် အောင်တင်ရောက်လာပြီး ဘာတွေလုပ်သွားသည်ကို ပြန်ပြောပြရမည်။

ထို့နောက် အချိန်ဘယ်လောက်အကြာတွင် ဂရိတ်မြွေသည် အောင်တင်၏ ကိုယ်ငွေ့အပူဒဏ်ကြောင့် ဒေါသထွက်ပြီး အောင်တင်ကို ဘယ်အချိန်လောက်တွင် ကိုက်လိမ့်မည်စသည်ဖြင့် စဉ်းစားနေချိန်တွင် အဖြေက ချက်ချင်းပေါ်လာသည်။

တည်းခိုခန်းအောက်ဘက်ဆီမှ လူတစ်ယောက်၏ ထိတ်လန့်တကြား အော်ဟစ်သံတစ်ခုကို အတိုင်းသားကြားလိုက်ရသည်၊

ထို့နောက် ကိုဝင်းဇော်သည် ခုတင်ပေါ်သို့ ထိုင်ချလိုက်ကာ လက်ယာဘက် ခြေထောက်အတုကြီးကို ဖြုတ်နေလေသည်။

**အသစ်ဟော**

ဝန်ခံချက်။ ။ Robert Bloch ၏ The Deadliest Art ကို မြန်မာမှုပြုထားခြင်းဖြစ်ပါသည်။




www.burmeseclassic.com

www.burmeseclassic.com

ဆုမွန်ဦး (ဟင်္သာတ)

# အရိပ်ရဲ့အရိပ်





www.burmeseclassic.com

www.burmeseclassic.com



## အရိပ်ရဲ့အရိပ်

ဆုမွန်ဦး (ဟသ်ာတ)

ဘုန်းသိုက်တွင် ဘုန်းမြတ်ဟူသော အစ်ကိုတစ်ယောက်ရှိသည်။ ဘုန်းသိုက်နှင့် ဘုန်းမြတ်တို့သည် ပစ္စည်းဥစ္စာကြွယ်ဝသော မိဘအသိုင်းအဝိုင်းမှ မွေးဖွားလာခဲ့ကြသော်လည်း စရိုက်သဘာဝတွေက မတူညီကြ။ ဘုန်းမြတ်မှာ အေးဆေးတည်ငြိမ်၏။ ဘုန်းသိုက်မှာမူ အပေါင်းအသင်းများသည်၊ အသွားအလာများသည်။ ဘုန်းသိုက်နှင့်တွဲ နေသူများသည်ပင် လူကောင်းသူကောင်းဟူ၍ သိပ်မရှိကြ။ အထူး သဖြင့် ဘယ်သူ့ သေသေ ငတေမာ ရင်ပြီးရော ဟူသည့် မျက်ခုံးမွှေးပေါ် ဖျံကျရင်း အမြီးကျက် အမြီးစား၊ ခေါင်းကျက် ခေါင်းစားသောလောကမှ လူများသာ ဖြစ်လေသည်။



ဘုန်းသိုက်နှင့် ဘုန်းမြတ်တို့တွင် အမိအဖများ မရှိကြတော့။ မိဘများပိုင်သည့် ပစ္စည်းများကိုလည်း မိဘများမသေဆုံးမီက အပြီးတိုင် ခွဲဝေစိတ်ဖြာပေးခဲ့ပြီးဖြစ်လေသည်။ ဘုန်းသ်ကြသည် အိမ်ထောင်မကျသေး။ ဘုန်းမြတ်သည်သာ တစ်အိုးတစ်အိမ်ထူထောင်ရင်း မိသားစုနှင့်နေသည်။ တစ်နေ့ ဘုန်းမြတ်က ညီဖြစ်သူ ဘုန်းသိုက်အား ကိစ္စတစ်ခုကို တိုင်ပင်လို၍ အိမ်သို့ ခေါ်သည်။

"ကိုကြီးဘုန်းမြတ် ညီလေးကို ခေါ်တယ်ဆို"

"ဪ..ဟုတ်တယ် ညီလေး ဘုန်းသိုက်၊ မင်းနဲ့ အစ်ကို တိုင်ပင်စရာရှိလို့ပါ"

ညနေခင်းတွင်ထိုအိမ်တော့ ဘုန်းမြတ်က ဗီရိုတံခါးကိုဖွင့်၍ သိမ်းဆည်းထားသော ပစ္စည်းတစ်ခုကို ပြလာ၏။ ထိုပစ္စည်းမှာ အခြားမဟုတ်။ အသည်အသွေးကောင်းသော

www.burmeseclassic.com



စိန်တစ်လုံးသာဖြစ်လေ၏။

"ညီလေး ဒီပစ္စည်းကို အစ်ကို ရောင်းချင်တယ်၊ ညီလေးက အဆက်အသွယ်အများကြီးရှိတာမို့ ညီလေးနဲ့တိုင်ပင်ဖို့ ခေါ်တာပါ"

ဘုန်းသိုက်က ပစ္စည်းကိုကြည့်၍.....

"ဒီပစ္စည်း ထုခွဲဖို့ကတော့ မန္တလေးဘက်ကိုတက်မှ အဆင်ပြေမယ်၊ မန္တလေးမှာ ကျွန်တော့်အသိ စိန်ပွဲစားတွေရှိတယ်"

ဘုန်းသိုက်ကပြောရင်း အစ်ကိုဖြစ်သူ ဘုန်းမြတ်ပေးလာသော စိန်ကို သေသေချာချာ ကြည့်နေမိ၏။

"တကယ့်ကို အရည်အသွေးကောင်းတဲ့စိန်ပဲ၊ ထုခွဲလိုက်ရရင်တော့ ချက်ချင်း မီလျံနာဖြစ်သွားမှာ သေချာတယ်၊ ကံစပ်လိုက်တာ ကိုဘုန်းမြတ်ရယ်"

အသံမဲ့ရေရွတ်လိုက်၏။ ပြီးတော့ ပီတိပြုံးဖြင့်လည်း ပြုံးလိုက်လေသည်။

♛♛♛♛♛

မြို့စွန်ရပ်ကွက်လေးတစ်ခုရှိ ဘားဆိုင်တစ်ဆိုင်တွင် ဘုန်းသိုက် လူသုံးဦးနှင့်ဆုံရင်း အရက်သောက်ကြသည်။ ထိုလူသုံးဦးမှာ ဒုစရိုက်နယ်မှ ကြောင်ဖားများဖြစ်၏။

လုပ်ကိုင်မည့်အစီအစဉ်များကို ဘုန်းသိုက်က အသေးစိတ်ညွှန်ကြား၏။

"မင်းတို့ ပိပိရိရိဖြစ်မှနော်၊ ဒါမှမဟုတ်ရင်တော့ တို့အားလုံး ထောင်နန်းစံကြရမှာ"

"ဩော်.....ဘုန်းသိုက်ရယ် လက်မရွံ့ထွန်းရွှေပါကွာ၊ တစ်ရွှေတည်းရှိတယ်၊ ဒီကိစ္စလောက်ကတော့ ငှက်ပျောသီးအခွံနွှာစားရတာကမှ ခက်ဦးမယ်"

"ဒါနဲ့ ဟေ့ကောင် ဘုန်းသိုက် ပွဲပြီးရင်တော့ မင်း ထိုက်ထိုက်တန်တန် ပေးရမယ်နော်"

"ဩော်..ထွန်းရွှေရယ် ထိုက်ထိုက်တန်တန်မပြောနဲ့၊ အကြီးကြီးကိုပေးမှာ၊ မင်းတို့သာ လုပ်တဲ့ကိုင်တဲ့နေရာမှာ ပိရိမှုဖြစ်မှာ"

"ဒီအတွက် မင်းဘာမှမပူနဲ့၊ စိတ်သာချ"

တစ်ပတ်ခန့်ကြာသည့်ကာလ တစ်ခုတွင်တော့ ဘုန်းသိုက်နှင့်ဘုန်းမြတ်တို့ ညီအစ်ကိုနှစ်ယောက် ကားတစ်စီးဖြင့် ပစ္စည်းကိုထုခွဲရန် မန္တလေးသို့ တက်ခဲ့ကြသည်။ ထွက်လာခဲ့သောအချိန်သည် ညနေဘက်ဖြစ်၍ ရန်ကုန်မှထွက်လျှင်အမှောင်ထုက လွှမ်းခြုံလာသည်။ လမ်းခရီးတစ်ခု၏ တစ်နေရာသို့အရောက် လူသုံးယောက်က ကားကိုတားလာ၏။ ဘုန်းသိုက်က ကားကိုရပ်ပေးလိုက်လေသည်။

"ဘာကိစ္စရှိလို့လဲခင်ဗျာ"

"အေး ကိစ္စကတော့ တခြားမရှိဘူး၊ မင်းတို့ကို ဓားပြတိုက်တာပဲ၊ သာသာကြည်ကြည် ပါတဲ့ပစ္စည်းတွေပေးကြ၊ ဒါမှမဟုတ်ရင်တော့ မင်းတို့အတွက် ပြန်လမ်းမရှိဘူးမှတ်"

လူသုံးယောက်က ကားကိုဝိုင်းလိုက်ကြသည်။ သုံးဦးစလုံးသည် မျက်နှာများကို မမှတ်မိစေရန် မျက်နှာဖုံးများ စွပ်ထားကြ၏။ ခေါင်းဆောင်ဟုထင်ရသည့် လူတစ်ဦးက ကားဘေးသို့ ကပ်လာသည်။

"ကဲ.....ပါတဲ့ပစ္စည်းတွေ အကုန်ပေး၊ ချန်မထားနဲ့နော်၊ ချန်ထားရင်တော့ အပြန်အသွားဆိုတာ မရှိဘူးဖြစ်သွားလိမ့်မယ်"

ဘုန်းမြတ် တုန်တုန်ယင်ယင်ဖြင့် ခါးတွင်လွယ်ပိုးထားသောအိတ်ကို ဝှက်လိုက်၏။ ဤသည်ကို လူဆိုးခေါင်းဆောင်က မြင်သွားသည်။

"ဟေ့လူ...ဒါဘာလုပ်တာလဲ၊ ခင်ဗျားဝှက်လိုက်တာ ဘာလဲ"

စကားအဆုံး လက်ဝါးတစ်ချက်က ဘုန်းမြတ်မျက်နှာပေါ်ကျရောက်သွားသည်။

"ဖြောင်း....."

"ပေး.....ပစ္စည်း"

ဘုန်းသိုက် ဒေါသဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ဒါဘာလုပ်တာလဲ၊ ပစ္စည်းယူချင်သလောက်ယူ၊ လက်မပါနဲ့ကွ"

"ပါတော့ဘာဖြစ်လဲကွာ"

"ဖျောင်း....."

"ဒုတ်....."

"အား....."

လူဆိုးတစ်ယောက်နှင့်ဘုန်းသိုက် လုံးထွေးသွားသည်။ ဘုန်းမြတ်ပင် မနေသာ။ ကားပေါ်မှဆင်း၏။ နောက်မှပြေးလာနေသော လူဆိုးကို သတိမထားမိ။

"စွပ်....."

"အား....."

အော်သံကြား၍ ဘုန်းသိုက်လှည့်အကြည့် ဘုန်းမြတ်မှာ ဓားဒဏ်ရာဖြင့် လဲကျသွားတော့သည်။ ထို့နောက် လူဆိုးများ ထွက်ပြေးသွားကြလေတော့၏။

♛♛♛♛

ရန်ကုန်မြို့တစ်နေရာရှိ ဘုန်းသိုက်၏အိမ်တွင်ဖြစ်လေသည်။ ဘုန်းသိုက် ကော်ဖီသောက်လျက် ဧည့်ခန်းတွင်ထိုင်နေစဉ်ဖြစ်လေသည်။

"ဒေါက်...ဒေါက်...ဒေါက်"

တံခါးကို သုံးကြိမ်တိတိခေါက်သံကြားရ၏။ ဘုန်းသိုက်ထကာဖွင့်ပေးလိုက်၏။ ထွန်းရွှေနှင့် တပည့်နှစ်ယောက်ဝင်လာသည်။ အခင်းဖြစ်သည့်နေ့က ဘုန်းမြတ်လွယ်ထားသော ကျောပိုးအိတ်ကို ခုံပေါ်သို့ချလိုက်သည်။ ထွန်းရွှေချပေးလာသောအိတ်ကိုယူ၍ အထုပ်တစ်ထုပ်ကို ယူ၍ဖြေလိုက်သည်။ စိန်တစ်လုံးထွက်လာသည်။ ဘုန်းသိုက် သေသေချာချာကြည့်သည်။ ပြီးလျှင် ထွန်းရွှေမျက်နှာအားတစ်ချက်ကြည့်လိုက်သည်။

"မင်းတာဝန်ကျေပါတယ်ထွန်းရွှေ"

"မင်းပစ္စည်းမှန်တယ်နော် ဘုန်းသိုက်"

"မှန်ပါတယ်"

"ကဲ..ဒါဆို ငါတို့ရဲ့လုပ်အားခအတွက် တန်ရာတန်ကြေး ဘယ်မှာလဲ"

"ငါစီစဉ်ထားပါတယ် ထွန်းရွှေရမ့်၊ ရော့.....ဒါက မင်းအတွက်၊ ဒါက မင်းတပည့်နှစ်ယောက်အတွက်"

ထွန်းရွှေက ဘုန်းသိုက်ပေးလာသည့် ငွေထုပ်များကိုကြည့်၍ ပြောလိုက်သည်။

"ဒါပဲလားကွ ဘုန်းသိုက်"

"နေဦးလေ၊ ဆန္ဒမစောနဲ့ ထွန်းရွှေ၊ ဒါက လုပ်ငန်းပြီးမြောက်ခြင်းအဖြစ်ပေးတာ၊ ဒီပစ္စည်းကို ငါထုခွဲပြီးရင် ငါ့စကားအတိုင်း ထိုက်ထိုက်တန်တန် ပေးမှာပါကွာ"

"ကောင်းပြီလေ၊ မင်းစကားသာ တည်ပါစေ ဘုန်းသိုက်ရေ.. ဒါဆို တို့သွားမယ်"

"ဪ.....ဒါနဲ့ ထွန်းရွှေ မ... တို့လည်း သတိဝီရိယနဲ့ ပိပိရိရိ နေနော်"

"စိတ်ချပါ ဘုန်းသိုက်ရယ်"

ထွန်းရွှေတို့တစ်သိုက် ပြန်ထွက်သွားကြတော့ ဘုန်းသိုက် စိန်တုံးလေးကို တဖွဖွကြည့်ရင်း တစ်ချက်ပြုံးလိုက်သည်။

"စိတ်မကောင်းပါဘူး ကိုကြီးဘုန်းမြတ်ရယ်၊ ဒီစိန်တုံးကြီးက ကျွန်တော်တစ်ယောက်တည်းပိုင်မှ ဖြစ်မှာမို့ပါ"

♛♛♛♛

ဘုန်းသိုက် အစ်ကိုကြီးဘုန်းမြတ်ထံမှရလာသော စိန်တုံးကြီးကို ထုခွဲ၍ ရရှိလာသောငွေများကို ကောင်းကောင်းသုံးစွဲနေတော့သည်။

ဘုန်းသိုက်တွင် မြင့်မိုရ်ကျော် ဆိုသော ချစ်သူတစ်ယောက်ရှိ၏။ မြင့်မိုရ်ကျော်သည်လည်း ဗိုလ်သော... သားများကြားတွင် ဂျင်ပေါ်ကထုံး၊ ပန်ကာပေါ်က ဝက်အူ၊ ပုရိသဒေ... ကို ကျားရွှေ့သလို ကစားနေသူ တစ်ယောက်ဖြစ်၏။

ဘုန်းသိုက်မှာ မြင့်မိုရ်ကျော်... ကမ္ဘာကုန်ကျယ်သရွေ့ အချစ်ရှ...

www.burmeseclassic.com



လေ့ကိုလွှင့်ရင်း ပတ်နေတော့၏။ တစ်နေ့ ပြင်ဦးလွင်ရှိ တည်းခိုခန်း တစ်ခု၌ တည်းခိုနေစဉ် ဖုန်းလာ၏။ ထွန်းရွှေထံမှဖြစ်လေသည်။

"ဟယ်လို...ဘုန်းသိုက်လား"

"ဟုတ်ပါတယ်၊ ဘယ်သူလဲ"

"ဘုန်းသိုက်ရယ် မင်းက ငါ့ အသံကိုတောင် မမှတ်မိတော့ဘူး လား၊ ရပါတယ်ကွာ၊ ငါ ထွန်းရွှေ ပါ၊ ဒါနဲ့ မင်း ငစိန်လေးကို ဖျော့ ပြီးပြီဆိုတဲ့သတင်း ငါတို့ကြားထား ပါတယ်၊ မင်းကတိအတိုင်း ငါတို့ ဝေစု ပေးတော့လေကွာ"

"ဒီမှာ ထွန်းရွှေ၊ မင်း ကြပ် ကြပ်မှတ်ထား၊ ဘုန်းသိုက်ဆိုတဲ့ ကောင်က နှစ်ခါပေးရိုးထုံးစံမရှိဘူး၊ မင်းတို့ကိုပေးလိုက်တဲ့ငွေဟာ မင်း တို့ရပိုင်ခွင့်ပဲ"

"ဩော်...ဘုန်းသိုက်၊ မင်းက ကိစ္စပြီးလို့ ဒီစကားတွေပြောတာ လား၊ ရတယ်လေ၊ လက်မရွံ့ထွန်း ရွှေတဲ့၊ မင်း ဒီကမ္ဘာကြီးပေါ်ကနေ ဘယ်မှပြေးစရာမရှိပါဘူးကွာ ဘုန်း သိုက်ရ၊ မင်း ငါတို့ကို ဝေစုမပေး ချင်ရင်တော့ ငါတို့နဲ့လွတ်အောင် ရှောင်ပေါ့၊ ဒါပဲ"

ဘုန်းသိုက် ဖုန်းကိုချလိုက် သည်။ မြင့်မိုရ်ကျော် မျက်နှာသစ် ရာမှ ဝင်လာ၏။

"ဘုန်းသိုက် ဖုန်းဆက်တာ ဘယ်သူလဲ"

"ဩော်.....ရန်ကုန်က မိတ် ဆွေတစ်ယောက်ပါ၊ လုပ်ငန်းကိစ္စ လေးတစ်ခု တိုင်ပင်ချင်လို့တဲ့"

"ဒါနဲ့ ရန်ကုန်ကို ဘယ်တော့ ပြန်မှာလဲ ဘုန်းသိုက်"

"ပြန်တာပေါ့ မြင့်မိုရ်ရယ်၊ ပြင် ဦးလွင်မှာနေရတာ အပျော်တွေ တောင် မကုန်သေးဘူး"

မြင့်မိုရ်အနားကို ကပ်၍လာပြီး ခါးသေးရင်ချီ ပဒုမ္မကြာအလှပိုင်ရှင် မလေး မြင့်မိုရ်ကို ဘုန်းသိုက် ခါး မှသိုင်းဖက်လိုက်သည်။

"အို.....ကိုကလည်း ဘာမှန်း မသိဘူး"

"ချစ်လို့ပါကွာ၊ ဘာလဲ ကိုယ့် ကို မချစ်ဘူးလား"

"ကို သိရဲ့သားနဲ့ မေးမနေနဲ့၊ မချစ်ဘဲနဲ့ ကိုခေါ်တဲ့နောက်ကို လိုက် လာပါ့မလား၊ ဟွန်း....."

မျက်နှာနှစ်ခုက ပူးကပ်သွား သည်။

"ကို.....မဆိုးနဲ့နော်"

အလိုက်သင့်စွာ ခန္ဓာကိုယ်နှစ် ခုက ခုတင်ပေါ်သို့ လဲကျသွားတော့ ၏။



♛♛♛♛♛

ရန်ကုန်သို့ မြင့်မိုရ်ကျော်နှင့် ဘုန်းသိုက်တို့ ပြန်ရောက်နေသည် မှာ တစ်ပတ်ခန့်ရှိသွားပြီဖြစ်သည်။ တစ်နေ့တွင် မြင့်မိုရ်ကျော်က မြို့ ထဲရှိ ပလာဇာတစ်ခုသို့ ဈေးဝယ် ရန်ရှိသည်ဟုဆိုကာ တစ်ယောက် တည်းထွက်လာခဲ့သည်။

လူတစ်ယောက်နှင့်တွေ့ရန်



www.burmeseclassic.com

www.burmeseclassic.com



ချိန်းဆိုထားသောကြောင့်ဖြစ်လေသည်။

လက်ဖက်ရည်ဆိုင်တစ်ဆိုင်သို့ ဝင်၏။ လူတစ်ယောက် အခန့်သင့်စောင့်နေသည်ကို တွေ့ရ၏။ ထိုသူမှာ အခြားမဟုတ်။ ဖိုးလောကမှ လက်မရွံ့ထွန်းရွှေသာလျှင်ဖြစ်ပေ၏။

"အချိန်တယ်တိကျပါလား ကိုထွန်းရွှေ"

"မြင့်မိုရယ် ဒီလောကသားဆိုတာ အချိန်ကို နာရီတစ်လုံးထက်တောင် ပိုပြီးတိကျချင်တိကျမယ်၊ ထိုင်.....ဒါနဲ့ မြင့်မိုရ် ဘာသောက်မလဲ၊ အပူလား၊ အအေးလား"

"ကျွန်မအတွက် လိမ္မော်ရည်တစ်ခွက်ပေးပါ"

စားပွဲတွင်ထိုင်မိတော့.....

"ကဲ.....ပြောပါဦး၊ ဘုန်းသိုက်ရဲ့အခြေအနေတွေ"

"အင်း.....ပြောရမယ်ဆိုရင်တော့ ဧစိန်ကို သိန်းထောင်ကျော်နဲ့ ထုတ်ပြီးသွားပြီ၊ ခု ကားတစ်စီး ဝယ်ထားတယ်၊ ရွှေငွေအချို့လည်း ထုပ်ထားတယ်၊ ကျန်တဲ့ငွေတွေအားလုံးကိုတော့ ဘဏ်တစ်ခုမှာ အပ်ထားတယ်၊ ဒါပါပဲ"

ထွန်းရွှေ ခေါင်းတဆတ်ဆတ်ညိတ်ရင်း.....

"ဘုန်းသိုက်ရယ် မင်းကိုယ်

ဒါကတော့
ကိုထွန်းရွှေရယ်
ကျွန်မက ရှင်တို့ထက်
အရင်းအနှီးပိုပြီး
ကြီးကြီးရင်းနှီးရတာ၊
ကျွန်မက နှစ်ပုံ
ရှင်ကတော့ တစ်ပုံပေါ့
ဘယ့်နှယ်လဲ၊
သဘောတူရဲ့လား. . .

မင်းတော့ လည်လှပြီလို့ ထင်နေတာပေါ့၊ ဟား...ဟား...ဟား လောကမှာ ပန်ကာရှိရင် ပန်ကာထက်လည်တဲ့ ဝက်အူတွေလည်း ရှိသေးတယ်ဆိုတာ မင်း သတိမထားတာ မင်းရဲ့ဟာကွက်တစ်ခုပဲ"

"ကောင်းပြီလေ၊ မြင့်မိုရ်နဲ့ ငွေအပေးအယူကိစ္စ ဘယ်လိုလုပ်ကြမလဲ ပြော"

"ဒါကတော့ ကိုထွန်းရွှေရယ် ကျွန်မက ရှင်တို့ထက် အရင်းအနှီးပိုပြီး ကြီးကြီးရင်းနှီးရတာ၊ ကျွန်မက နှစ်ပုံ၊ ရှင်ကတော့ တစ်ပုံပေါ့ ဘယ့်နှယ်လဲ၊ သဘောတူရဲ့လား"

"ကြိုက်တယ်ဗျာ၊ ဒီလိုပဲဖြစ်ရမှာပေါ့၊ မြင့်မိုရ်ပြောတာ သဘောကျပါတယ်"

မြင့်မိုရ် ထွန်းရွှေကို တစ်ချက်ကြည့်လိုက်သည်။

"ကျွန်မက ဘုန်းသိုက်ရဲ့ချစ်သူဆိုပေမယ့်လည်း ဘုန်းသိုက်လိုတော့ သစ္စာမမဲ့ပါဘူး၊ ဘယ်လိုလဲ ယုံတယ်မဟုတ်လား"

"ဟုတ်ပါပြီ၊ ယုံပါတယ်"

"ဒါဆို လုပ်ငန်းဘယ်တော့စမလဲ"

ထွန်းရွှေ စဉ်းစားလိုက်သည်

"အချိန်ဆွဲလို့မရဘူး၊ ခုတော့ကလည်း ကျုပ်တို့ မန္တလေးသားမှာ လူသတ်၊ လုယက်ခဲ့တဲ့အမှု

www.burmeseclassic.com



ခြေရာခံလိုက်နေကြတယ်၊ မြန်မြန် စမ့်၊ ကဲ.....မနက်ဖြန်ညနေပဲ စမယ်''

"နေရာက....."

"မော်ဘီဘက်က ဦးလှမြိုင်ရဲ့ စိုက်ပျိုးရေးခြံမှာ''

♛♛♛♛♛

ဦးလှမြိုင်၏ စိုက်ပျိုးရေးခြံလေးဆီသို့ အဖြူရောင်ကားလေးတစ်စီးက တဖြည်းဖြည်းမောင်းဝင်လာသည်။ ကားပေါ်တွင်တော့ ဘုန်းသိုက်က ကားကိုမောင်း၍လာပြီး မြင့်မိုရ်ကတော့ ဘုန်းသိုက်ဘေးတွင် တည်ငြိမ်အေးဆေးမှုအပြည့်ဖြင့် လိုက်ပါလာလေသည်။

ဦးလှမြိုင်၏ခြံလေးသည် လူသူမနေ ခြံစောင့်တဲလေးတစ်လုံးကိုသာ ဆောက်၍ထား၏။ ခြံရှေ့တံခါးဝ ဝင်ပေါက်နားရောက်တော့ ဘုန်းသိုက် ကားကိုရပ်လိုက်သည်။ မြင့်မိုရ် ကားပေါ်မှဆင်းလိုက်သည်။ ခြံတံခါးကို ဖွင့်ပေး၏။ ဘုန်းသိုက် ကားကိုမောင်းဝင်လိုက်သည်။ သစ်ပင်ရိပ်တစ်ခုတွင် ကားကိုထိုးရပ်လိုက်၏။ ဘုန်းသိုက် ကားပေါ်မှ ဆင်းလာခဲ့သည်။ ဟိုဟိုသည်သည် ကြည့်ရင်းမှ မေးလိုက်၏။

"ဘယ်မှာလဲ မြင့်မိုရ်၊ ငါနဲ့ ပစ္စည်းအရောင်းအဝယ်လုပ်ချင်တဲ့ ခြံပိုင်ရှင်က....."

ဘုန်းသိုက်စကားဆုံးတော့ သစ်ပင်အကွယ်တစ်ခုတွင်ရှိနေသည့်



လက်မရှံ့ထွန်းရွှေက ထွက်လာသည်။

"ဒီမှာလေကွာ ဘုန်းသိုက်''

"ဟင်...မင်း...မင်းက ဘယ်လို''

မြင့်မိုရ်ဘက်သို့လည်း တစ်ချက်လှည့်လိုက်ပြီး.....

"မင်း.....မင်းတို့က ဘာငေ့လဲ၊ ဒါ ဘာလုပ်တာလဲ''

"ဟား.....ဟား.....ဟား၊ ရှုပ် သွားပြီလား ဘုန်းသိုက်၊ ဆန္ဒမစောပါနဲ့၊ မင်းသဘောပေါက်အောင် ငါရှင်းပြပါ့မယ်၊ မင်းနဲ့ တွေ့ချင်တဲ့လူဆိုတာ တခြားမဟုတ်ဘူး၊ ငါပဲဘုန်းသိုက်''

"ဒါ.....ဒါဆို မင်းတို့တွေက ငါ့ကို တမင်ခွင်ဆင်ပြီး ခေါ်လာကြတာပေါ့ ဟုတ်လား၊ ဟို မြင့်မိုရ် သေနာကောင်မ၊ ဒါ ငါ့ကိုသစ္စာ ဖောက်တာပဲ''

"ဒီမှာ ဘုန်းသိုက်၊ မင်းရဲ့ ချစ်သူ မြင့်မိုရ်ဆိုတာ ငါတို့နဲ့လည်း သိနေတဲ့ ဖိုးလောက,က ဂျင်တစ်လုံးပဲ၊ ဒီတော့ မင်းက ငါတို့ပေါ်ကို ကတုံးပေါ် ထိပ်ကွက်တယ်၊ အေး ဘယ်လောက်လည်လည် ပန်ကာဆိုတာ သူ့ထက်လည်တဲ့ ဝက်အူ တစ်ချောင်းက အမြဲရှိနေတယ်ဆိုတာ မင်းမေ့နေတယ်မဟုတ်လား၊ ဒီနေ့ မင်းကို ငါတို့က မရဏာနိုင်ငံ ကို ပို့ပေးမယ်၊ ပြီးရင် သုခဘုံလေးမှာ မင်းအိပ်



www.burmeseclassic.com

www.burmeseclassic.com

ထားတဲ့ ငွေတွေထုတ်ပြီး ငါနဲ့မြင့်မိုရ်က အချစ်ဘုံလေး တစ်ခုမှာ စံမြန်းမယ်''

''တောက်..ယုတ်မာလိုက်တဲ့ တိရစ္ဆာန်တွေကွာ''

''သူများတွေကို ပြောမနေပါနဲ့၊ မင်းကရော သစ္စာရှိ လို့လား၊ ဟား..... ဟား...ဟား၊ ဟော့ကောင်တွေ စလိုက်ကြတော့''

ထွန်းရွှေအသံကို ကြားလိုက် ရသည်။ သစ်ပင်များနောက်တွင် နေရာယူထားသော လူဆိုးသုံးလေး ဦးထွက်လာသည်။ ဓားများကိုယ်စီ ကိုင်လာ၏။

''ဟော့ကောင်တွေ မယုတ်မာ နဲ့နော်''

''ဟာ.....ကြတယ်ကွာ''

''ဒုတ်.....''

''ခွပ်.....''

ရှေ့မှ လူဆိုးတစ်ယောက်ပြေးဝင်လာသည်။ ဘုန်းသိုက် ခုခံရင်းတိုက်ခိုက်၏။ ထိုအခိုက် ဓားနှင့် လူဆိုးတစ်ဦး ပြေးဝင်လာကာ နောက်မှနေ၍ ဓားဖြင့်ထိုးလိုက်သည်။

''စွပ်.....''

''အား.....''

ကျယ်လောင်သောအသံတစ်ခု ခြံကြီးထဲ ဖုံးလွှမ်းသွားသည်။ ဘုန်းသိုက် လဲကျသွား၏။ ထွန်းရွှေ၏တပည့်များက ဇာတ်သိမ်းခန်းတစ်ခုကို မလှမပ အဆုံးသတ်လိုက်၏။ ဘုန်းသိုက် ငြိမ်သက်သွားတော့၏။ ထွန်းရွှေက မြင့်မိုရ်ကို မျက်စ



တစ်ချက် ပစ်လိုက်သည်။

''ကဲ.....သွားစို့ မြင့်မိုရ်၊ ဟော့ကောင်တွေ ဒီကိစ္စကို ခြေရာလက်ရာ ဖျောက်လိုက်ကြကွာ''

''ဟုတ်ကဲ့ပါ ဆရာ''

မြင့်မိုရ်က ကားသော့ကို ထွန်းရွှေထံ ပစ်ပေးလိုက်၏။ ပြီးလျှင် ထွန်းရွှေလက်မောင်းကို ဖက်တွယ်၍ ကားနားသို့ လျှောက်လာသည်။

ကားပေါ်သို့ တက်မည့်အငြ အသင့် နေရာယူထားသော ရဲတ ဖွဲ့ဝင်များက ဝန်းရံလိုက်သည်။

''ရန်ကုန်–မန္တလေး ကား လမ်းနံဘေးမှာ ဖြစ်ပွားခဲ့တဲ့ လ သတ်ပစ္စည်းယူသွားတဲ့ လုယက် မှုကို တောက်လျှောက်လိုက်ရင် ခုလို ခြေရာခံမိသွားတာပါ ကျွန်တော်တို့မှာ ဘုန်းသိုက် မြင့်မိုရ်နဲ့ ထွန်းရွှေတို့ရဲ့နောက်ကြောင်း ရာဇဝင်အားလုံးကိုလည်း ရထားပြီးပါပြီ''

ရဲတပ်ဖွဲ့ဝင်တစ်ဦးက မြင့်မိုရ်နှင့်ထွန်းရွှေကို လက်ထိတ်ခတ် လိုက်သည်။

အမှောင်ဟူသည် အလင်းအောက်တွင် အရိပ်ဟူ၍ ထင်ဟပ်စမြဲ။ မကောင်းမှုပြုသူ၏ အရိပ်သည်လည်း အလင်းအောက်တွင် နောက်ဆုံး သက်ဆင်းရပေမည်။

ဘုန်းသိုက်၊ ထွန်းရွှေနှင့် မြင့်မိုရ်တို့၏ သုံးပွင့်ဆိုင်ဇာတ်လမ်းသည် မှတ်တမ်းတစ်ခုသဖွယ် သင်ခန်းစာယူဖွယ်ရာသာ ဖြစ်လေတော့သည်။

**ဆုမွန်ဦး (တသာတ)**



www.burmeseclassic.com

www.burmeseclassic.com

အောင်ကျော်မြူး

# ဓာတ်မီးကြွမ်းတဲ့

မှတ်ကြိုးဇာတ်လမ်း





www.burmeseclassic.com

www.burmeseclassic.com





## ဓာတ်စီးကြမ်းတဲ့ မှတ်ကြီးဓာတ် လမ်း

အောင်ကျော်ဖြိုး

မှတ်ကြီးတစ်ယောက် ထောင်ကနေလွတ်လာတာ သိပ်မကြာလှသေးပါဘူး။ အလွန်ဆုံးရှိမှ တစ်လပေါ့။ သူ့ပြစ်မှုက တခြားမဟုတ်ပါဘူး။ ပြစ်မှုပုဒ်မ ၃၇၉ (မော်တော်ဆိုင်ကယ်)အမှုပါ။ မှတ်ကြီးလို့ဆိုလိုက်ရင် သူနေတဲ့ရပ်ကွက်ထဲက သူတွေက အလိုလို သိကြပြီးသား။ သူ့အလုပ်က ဘာမှ မည်မည်ရရ ရှိတာမျိုးမဟုတ်ဘူး။ လစ်ရင်တို့မယ်၊ ချောင်ရင်နှိုက်မယ်။ သည်လောက်ပါပဲ။

လူမိတော့လည်း ထွက်ပြေး တာပေါ့။ မှတ်ကြီးတစ်ယောက် သည်အလုပ်ကို လုပ်စားခဲ့တာကြာပါပြီ။ မှတ်ကြီးရဲ့ ဘဝမှာက အဖေလည်းမရှိ၊ အမေလည်းမရှိ။ အစ်မတစ်ယောက်နဲ့ ကပ်ပြီးနေရတဲ့ဘဝ။ အစ်မက ကြည်ဖြူပေမယ့်လို့ ယောက်ဖဖြစ်တဲ့သူက သိပ်ကြည်ဖြူချင်တာမဟုတ်ဘူး။ မှတ်ကြီး ထောင်ကထွက်လာတော့ အစ်မဖြစ်တဲ့သူက ပြောပါတယ်။

‘‘မောင်လေးရယ် မဟုတ်တာလုပ်ရင် မဟုတ်တာဖြစ်တတ်သတဲ့၊ မင်းလည်း အသက်က လေးရလာ ပြီမဟုတ်လား၊ ကောင်းတဲ့စိတ်တွေ နဲ့အလုပ် ကောင်းရာကို လုပ်စားစမ်း ပါ’’

အစ်မကတော့ မှတ်ကြီးကို ကောင်းစားစေချင်လို့ ပြောတာ အမှန်ပါ။ သည်စကားတွေကလည်း ပြောတုန်းခဏပါပဲ။ မှတ်ကြီးမှ နား မဝင်ခဲ့တာ။ သူ့ကိုယ်ထဲမှာလည်း အကုသိုလ်အမြစ်တွေက တွယ်နေပြီလားမသိပါဘူး။ သည်အကုသိုလ်ကြောင့်ပဲ နောက်တစ်မှုဖြစ်ပြီး မှတ်ကြီး ဒုက္ခရောက်ခဲ့ရတာ။



လောကကြီးက ခက်သားလား။ ပိုက်ဆံရှိမှ လူရာဝင်တယ်လို့ ပြောရမယ်။ ပိုက်ဆံရှိလို့ကတော့ ငြင်း အနားသွားပြီး [illegible]

www.burmeseclassic.com



မျိုးအကြည့်တွေနဲ့ အကြည့်ခံရဦး လူတောင်မှ အထိုးခံရဦးမယ်။

ဆိုင်ကယ်ပြစ်မှုကနေ မှတ်ကြီး အပြင်ကိုပြန်ထွက်လာတော့ ဟိုတုန်းက ပေါင်းခဲ့သင်းခဲ့တဲ့ အကောင်တွေ တစ်ယောက်စ၊ နှစ်ယောက်စဆိုသလို မှတ်ကြီးဆီကို လာကြပါသေးတယ်။ စိတ်ထဲကပါလို့လား၊ ဒါမှမဟုတ် မကောင်းတတ်လို့များလားတော့ မသိပါဘူး။ နောက်ပိုင်းကျတော့ သူတို့ကပဲ စတင်လို့ မှတ်ကြီးကို လမ်းခွဲထားသွားကြတယ်။ သည်အချိန်မှာ မှတ်ကြီးရဲ့လက်ထဲမှာ ဘာမှမရှိတဲ့ဘဝ။

အစ်မရဲ့ ပေးစာကမ်းစာလေးနဲ့ ဘဝကို ရှင်သန်နေရတာ။ ဒါတောင်မှ ယောက်ဖဖြစ်တဲ့သူက ပြောလိုက်ချင်သေးတယ်။

"အလုပ်မရှိအကိုင်မရှိတဲ့သူကိုများ အဆိပ်ပင်ရေလောင်းလုပ်နေရသေးတယ်၊ တစ်စက်မှ ကျက်သရေကိုမရှိဘူး"

အစ်မရဲ့မျက်နှာ ရှိနေလို့သာပေါ့။ နောက်မို့ဆို မှတ်ကြီး ဘာကောင်လဲဆိုတာ မှတ်ကြီးကိုယ် မှတ်ကြီး အသိဆုံးပါ။ မှတ်ကြီးကို သည် လိုအပေါက်မျိုး လာမချိုးနဲ့၊ တစ်သက်ကွဲသွားမယ်ဆိုတာ မှတ်ပါ။

မှတ်ကြီးက အေးအေးဆေးဆေး နေချင်တဲ့သူ။ အစ်မကို အားကိုးတစ်ခုလုပ်ပြီး နေရတယ်ဆိုပေမယ့် ယောက်ဖရဲ့ သည်လိုအချိုးမျိုးတွေနဲ့ အစ်မရဲ့အိမ်မှာ မနေချင်တာအမှန်ပါ။ တစ်နေ့နေ့ကျရင် အစ်မအိမ်ကနေ မှတ်ကြီးထွက်သွားမှာပါ။ သည်လိုဆွေစိတ်၊ မျိုးစိတ် မရှိတဲ့အိမ်မှာလည်း မနေချင်ပါဘူး။ အမှန်ပြောတာ။

ဒါကြောင့်မို့လည်း မိုးလင်းတာနဲ့တစ်ပြိုင်နက် ရောက်တတ်ရာရာကို မှတ်ကြီးလျှောက်သွားနေတော့တာပါပဲ။ ထမင်းဆိုရင်လည်း ကျွေးတဲ့သူရှိရင်စားတယ်၊ ကျွေးမယ့်သူ မရှိခဲ့ရင်တော့ ရေသောက်၊ ဗိုက်မှောက်ပေါ့။ အိမ်ကို ညကြီးမိုးချုပ်မှ ပြန်ဝင်လေ့ရှိတယ်။ သည်အချိန်ဆိုရင် ယောက်ဖဖြစ်တဲ့သူက ပုလင်းကို ရှေ့မှာချလို့ အစ်မကို ပတ်ချွဲနပ်ချွဲ လုပ်နေပြီလေ။

အလကား အရှက်မရှိတဲ့အကောင်။ မှတ်ကြီးမျက်နှာကိုတောင်မှ မထောက်ဘူး။ တစ်အိမ်လုံးမှာ သူလုပ်ချင်တိုင်း လုပ်နေလိုက်တာ။ အစ်မကတော့ မပြောရှာပါဘူး။ လင်နဲ့မောင် စကားများပြီး ရန်ဖြစ်မှာကိုလည်း စိုးရိမ်ရသေးတယ်လေ။

အစ်မကတော့ မေးရှာပါတယ်။ "ထမင်းစားပြီးခဲ့ပြီလား မောင်လေး"တဲ့။ ဟန်လုပ်ပြီးမေး

**ဆိုင်ကယ်ပြစ်မှုကနေ မှတ်ကြီး အပြင်ကို ပြန်ထွက်လာတော့ ဟိုတုန်းက ပေါင်းခဲ့သင်းခဲ့တဲ့ အကောင်တွေ တစ်ယောက်စ၊ နှစ်ယောက်စဆိုသလို မှတ်ကြီးဆီကို လာကြပါသေးတယ်။ စိတ်ထဲကပါလို့လား။ ဒါမှမဟုတ် မကောင်းတတ်လို့ များလားတော့**

www.burmeseclassic.com

www.burmeseclassic.com



တာကို မှတ်ကြီးသိသားပဲ။ ထမင်းဆိုင်ထဲရောက်ကာမှ ထမင်းစားပြီးပြီလားဆိုတဲ့အပေါက်မျိုးတွေနဲ့ စေတနာမပါဘဲ မေးလာခဲ့ရင်တော့ မှတ်ကြီးကလည်း ဆောရီးပဲ။ စားပြီးပြီပေါ့။

ထမင်းတစ်နပ်မစားရလို့ သေသွားတဲ့မသာရယ်လို့ မရှိပါဘူး။ တကယ်တမ်းကျတော့ အစ်မလည်း သူ့လင်ဘက်ကနေ လိုက်မှာပေါ့။ ချစ်လို့ယူထားကြတာကိုး။ သည်အကြောင်းတွေကို မပြောတာပဲကောင်းတယ်။ ပြောလိုက်ရင် ရင်ထဲမှာ နာလွန်းမက နာလာလို့ပါ။ မှတ်ကြီးဘဝက ပေးဆပ်ခြင်းများစွာနဲ့ လူဖြစ်လာရတဲ့ ဘဝပါ။ ပေးဆပ်ခြင်းတွေက များလာတော့ တစ်ခါတစ်ရံမှာ ရယူလိုခြင်းဆိုတဲ့စိတ်တွေက ဖြစ်ပေါ်လာတတ်တာမျိုးပဲ မဟုတ်လား။

ငွေ...ငွေ၊ လူတန်းစားမခွဲခြားဘဲ ဖျက်ဆီးတတ်တာ ငွေပဲလေ။ အဲသည်လို လူတန်းစားမခွဲခြားဘဲ ဖျက်ဆီးတတ်တဲ့ငွေကိုမှ လူတွေကလည်း ခုံခုံမင်မင် လိုက်လံရှာဖွေနေကြလေတော့ ခက်ပေဘူးလား။ အေးပေါ့။ ငွေမရှိခဲ့ရင် သေလူနဲ့ ဘာထူးတော့မှာလဲ။

မှတ်ကြီးဘဝမှာ ငွေမရှိလို့ သည်လိုမျိုးတွေနဲ့ ခံစားခဲ့ရတာပါ။ ငွေများရှိခဲ့ရင်တော့ ယောက်ဖဆိုတဲ့အကောင်မျိုးကို အရည်ကျိုပြီး သောက်ပစ်လိုက်ချင်ပါရဲ့။ ပြောရရင် အရှည်ကြီးပါ။ မှတ်ကြီးတို့နေတဲ့ရပ်ကွက်က ဆင်းရဲသားရပ်ကွက်ကလေးပါပဲ။ လူမျိုးပေါင်းစုံ၊ စရိုက်ပေါင်းစုံပေါ့လေ။ ရပ်ကွက်ထဲမှာကလည်း မှတ်ကြီးလိုအကောင်မျိုးတွေ တစ်ယောက်မဟုတ်တောင် နှစ်ယောက်သုံးယောက်ရှိတတ်ကြတယ်။ မှတ်ကြီးတို့ရပ်ကွက်ဆိုရင် တချို့ရပ်ကွက်က အမြင်မကြည်ကြပါဘူး။ ဒါကသူ့ကိစ္စနဲ့သူပဲဥစ္စာ။



ဆိုတော့ မှတ်ကြီးနေတဲ့အိမ်ရဲ့ တောင်ဘက်စူးစူးအရပ်၊ တောင်ကုန်းမို့မို့လေးအထက်မှာ ဘုန်းကြီးကျောင်းတစ်ကျောင်းရှိတယ်။ အဲသည်ကျောင်းမှာကလည်း ကျောင်းထိုင်ဆရာတော်တစ်ပါးတည်း သီတင်းသုံးနေထိုင်တာကိုး။ ဆရာတော်က သက်တော်လည်းကြီး၊ ဝါတော်လည်း အတော်ကြီးနေပါပြီ။ ဆရာတော်ကို ဝတ်ကြီးဝတ်ငယ်ပြုစုဖို့ ကပ္ပိယကြီးတစ်ယောက်တော့ရှိလေရဲ့။

နေ့လယ်နေ့ခင်း နေပူလာပြီဆိုရင် အဲသည်ဘုန်းကြီးကျောင်းမှာ ပဲ မှတ်ကြီးတို့လာ အပန်းသွားဖြေ လေ့ရှိတယ်။ ဘုရားအရိပ်၊ တရား အရိပ်ဆိုတာ တကယ့်ကိုအေးချမ်းတဲ့ အရိပ်တွေပါ။ သည်နေရာလေးကို ရောက်ခဲ့ပြီဆိုရင်ရင်ထဲက လောဘအပူ၊ ဒေါသအပူတွေ တောင် ပြတ်ကျသွားတယ်။ အဲသည်လောက်ထိအောင် ခံစားရတာ၊ အေးမြတာ။

မှတ်ကြီးဆိုတဲ့ကောင်ကလည်း လောဘ၊ ဒေါသဆိုတဲ့ အပူတွေကို သည်လောက်လည်း အရေးထားတတ်တဲ့သူ မဟုတ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သော နေ့လယ်ခင်းမှာ မုတ်ကြီး တစ်ယောက်တည်း အနားယူ အပန်းဖြေဖို့ အဲသည်ဘုန်းကြီးကျောင်းရှိရာကို ရောက် သွားခဲ့တယ်။ သည်အချိန်မှာ ကျောင်းထိုင် ဆရာတော် ကြွလာပြီး မုတ်ကြီးကို အကဲခတ်ရင်းမေးတယ်။

"မင်း ဟိုတစ်နေ့က မာတုဂါမတစ်ယောက်နဲ့ လာတဲ့သူ မဟုတ်လား၊ ရှုပ်ရှုပ်ယှက်ယှက် မျိုးတွေတော့ မလုပ်ပါနဲ့ကွာ၊ ဒါ သာသနာ့ နယ်မြေဆိုတာ သိထားဦး"

မုတ်ကြီးက အကြံသမားဆိုတော့ တင်ပဲ့ဘုရားပေါ့။ ကျောင်းထိုင်ဆရာတော်က အသက်သာကြီးတာ၊ စကားကိုတော့ အတော့်ကို ပြောနိုင်တယ်။ ပြောတဲ့စကားတွေ ထဲမှာလည်း ကုသိုလ်ဆိုတဲ့စကား ပါသလို အကုသိုလ်ဆိုတဲ့စကားတွေ လည်း ပါပါရဲ့။

မုတ်ကြီးကတော့ ဘာဆိုဘာမှ သိပုံမရပါဘူး။ မသိဆို သူ့တစ်ကိုယ်လုံးမှာ ကုသိုလ်ဆိုတဲ့အရာတွေက လုံးဝမရှိဘဲကိုး။ အတန်ငယ်ကြာတော့ ကျောင်းထိုင်ဆရာတော်လည်း သူ့ကျောင်းရှိရာကို ပြန်ကြွသွားတယ်။ မုတ်ကြီးလည်း မသိမသာနဲ့ ဆရာတော်ရဲ့ လုပ်ပုံကိုင်ပုံတွေကို လိုက်ကြည့်တာပေါ့။

ဆရာတော်က သူကျိန်းစက်တဲ့အခန်းထဲကိုရောက်လို့ ဖုန်းအားသွင်းပြီး အခန်းအပြင်ကိုပြန်ထွက်လာတယ်။ ပြီးတော့ ကျောင်းအောက်ခြေကို ဆင်းသွားတာကို မုတ်ကြီးတွေ့လိုက်ရတယ်။ ဒါ မုတ်ကြီးအတွက် အကွက်ပါပဲ။ ကျောင်းထိုင်ဆရာတော် မရှိခိုက်မှာ ဆရာတော်ရဲ့အခန်းထဲကို အသာလေး ဝင်ရောက်ခဲ့တယ်။

အမှန်ကတော့ ငွေရလိုမှုတစ်ခုတည်းပါ။ ငွေကို သဲကြီးမဲကြီးရှာနေခိုက်မှာပဲ အခန်းဝမှာ အရိပ်တစ်ခုတွေ့လို့ ကြည့်လိုက်တော့ ကပ္ပိယကြီးဖြစ်နေတယ်။ ကပ္ပိယကြီးက သူခိုးသူခိုးနဲ့ ဟစ်အော်ပြီး ပတ်ဝန်းကျင်ကို အကူအညီတောင်းတယ်။ သည်မှာတင် မုတ်ကြီးလည်း ကြံရာမရဖြစ်ပြီး အသင့်ပါလာတဲ့ ဓားဦးချွန်နဲ့ ကပ္ပိယကြီးကို ထိုးပစ် လိုက်မိတယ်။ ကပ္ပိယကြီးဆိုတာ ဆရာတော်ကြီး နားနေတော့ မုတ်ကြီးတို့ထက်စာရင် သီလ၊ သမာဓိ၊ ပညာတွေ နဲ့ ပြည့်စုံတယ်လို့ ပြောရမှာပဲ။ အဲသည်လိုလူကိုမှ မုတ်ကြီးက ဓားနဲ့ထိုးမိတယ်။ အတော့်ကိုမိုက်လုံးကြီးတဲ့ မုတ်ကြီး။ ငွေမရတဲ့နောက်ဆုံးမှာတော့ ဆရာတော်ရဲ့ ဟန်းဖုန်းကိုပဲယူပြီး ကိုယ်လွတ်ရုန်းပြီး ထွက်ပြေးခဲ့တယ်။

အဲသည်ကတစ်ဆင့် မုတ်ကြီးလည်း အစ်မရှိရာ အမြန်ပြေးသွားပြီး ဖြစ်မှုကျူးလွန်စဉ်က ဝတ်ခဲ့တဲ့ အဝတ်အစားတွေကို အစ်မအိမ်မှာပဲ ချွတ်ထားခဲ့ပြီး တခြားအဝတ်အစားတွေကိုပဲ လဲလှယ်ဝတ်ဆင်လိုက်တယ်။ သွေးပေနေတဲ့ဓားကိုတော့ တစ်နေရာရာမှာ ဝှက်ထားလိုက်တယ်။ အားလုံးပြီးသွားတဲ့နောက်မှာပဲ အစ်မအိမ်ကနေ



www.burmeseclassic.com

www.burmeseclassic.com



ငွေတစ်ထောင်တောင်းပြီး တစ်နေရာရာကို ရှောင်တိမ်းခိုလှုံဖို့ အိမ်ကနေ မသိမသာထွက်လာခဲ့ရတယ်။

မှတ်ကြီး တိမ်းရှောင်ခဲ့တဲ့နေရာက တိုးချဲ့ရပ်ကွက်ကြီးတစ်ခု အတွင်းမှာရှိတဲ့ တည်းခိုခန်းတစ်ခု ကိုပါပဲ။ မှတ်ကြီး သူ့အစ်မအိမ်ကနေ ထွက်လာတော့ သူငယ်ချင်း တစ်ယောက်ရဲ့အိမ်မှာ ပိုက်ဆံရလိုရငြား အကူအညီတောင်းကြည့်ပါသေးတယ်။ မုန်းချက်နဲ့နှမ်းထွက်က မကိုက်လေတော့ ဘာပြောလို့ရမှာတဲ့လဲ။

ဒါ သဘာဝပဲလေ။ မှတ်ကြီး ဘဝက နာနေခဲ့ပြီမဟုတ်လား။ သည်ကောင့်ဆီက မရရင် နောက်တစ်ဦးပေါ့။ နောက်တစ်ဦးထံကနေ ငွေတစ်သောင်းချေးပြီး တည်းခိုခန်းကို မှတ်ကြီးတစ်ယောက်တည်း ပြန်ချလာခဲ့တယ်။

သည်အချိန်မှာ သူ့နောက်ကို ရဲတပ်ဖွဲ့ဝင်တွေ လိုက်လာလိမ့်မယ်လို့ မှတ်ကြီးထင်မထားမိခဲ့ပါဘူး။ မှတ်ကြီးကလည်း သူ့ကိစ္စကို ပိပိရိရိ လုပ်ခဲ့တာကိုး။ မှတ်ကြီးက သူ လုပ်ခဲ့တဲ့ လုပ်ရပ်တွေရဲ့အပေါ်မှာတော့ ယုံကြည်မှုရှိပြီးသား။ အဲဒါ ကိုက မှတ်ကြီးရဲ့အမှားပါပဲ။

ရဲတပ်ဖွဲ့ဝင်တွေဆိုတာ ဥပဒေရဲ့ ဘက်တော်သားတွေပါ။ နတ်နဲ့နဂါး မလှည့်စားနဲ့ဆိုသလို ရဲတပ်ဖွဲ့ဝင်တွေနဲ့ တရားဥပဒေကို လှည့်စားဖို့ ကြံလိုက်ရင်တော့ ကိုယ်သာ ဒုက္ခရောက်ပြီလို့ မှတ်လိုက်ပေရော့။

ရဲတပ်ဖွဲ့ဝင်တွေကလည်း မှတ်ကြီးရဲ့အကြောင်းကို မသိဘဲဘယ်ခံနိုင်ပါ့မလဲ။ သိသမှ ဟိုဘက်ကိုတောင်မှ လွန်ထွက်သွားသေးတယ်။ မှတ်ကြီးတို့ သည်လိုဖြစ်ခဲ့တဲ့ အကြောင်းတွေကို သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့၊ ရာအိမ်မှူးတွေက သတင်းပေးတိုင်ကြားလာတော့ တစ်မြို့လုံးကို ပိတ်ဆို့ပြီး ပိုက်စိပ်တိုက်လို့ မှတ်ကြီးကိုရှာကြတယ်။

အဲဒါကို မှတ်ကြီး သတိမထားမိခဲ့ဘူး။ မှတ်ကြီးက ရလိုမှုတစ်ခုတည်းပဲသိတာ။ သူလိုချင်တာကို ရခဲ့ပြီဆိုရင်တော့ ပတ်ဝန်းကျင်ကို မေ့ပစ်လိုက်တော့တာပါပဲ။ မှတ်ကြီး လုပ်ခဲ့တဲ့ အမှုကြီးက အခုဘဝလည်းမကောင်း၊ နောင်ဘဝလည်း မကောင်းတဲ့ မကောင်းမှုစစ်စစ်ကြီးပါ။ မှတ်ကြီးအတွက်နဲ့ ရဲတပ်ဖွဲ့ဝင်တွေအားလုံး တာဝန်တွေ များသွားလိုက်ရတာ။

သည်အချိန်မှာတော့ မှတ်ကြီး

**မှတ်ကြီး တိမ်းရှောင်ခဲ့တဲ့နေ ရာက တိုးချဲ့ရပ်ကွက်ကြီးတစ်ခု အတွင်းမှာရှိတဲ့ တည်းခိုခန်းတစ်ခု ကိုပါပဲ။ မှတ်ကြီး သူ့အစ်မအိမ်က နေ ထွက်လာတော့ သူငယ်ချင်း တစ်ယောက်ရဲ့အိမ်မှာ ပိုက်ဆံရလို ရငြား အကူအညီတောင်းကြည့်ပါ သေးတယ်။ မုန်းချက်နဲ့နှမ်းထွက်က မကိုက်လေတော့ .....**



www.burmeseclassic.com

www.burmeseclassic.com

က ပျော်ပျော်ပါပဲ။ သူလုပ်ချင်တာတွေလည်း လုပ်ခဲ့ပြီးပြီလေ။ တည်းခိုခန်းရောက်ခဲ့ရင် သူနဲ့အချိန်းအချက်လုပ်ထားတဲ့ သူ့ကောင်မလေးနဲ့တွေ့မယ်။ ပြီးတော့ သူနဲ့ အပေးအယူလုပ်လို့ နယ်စပ်ထိရောက်အောင်ပြေးမယ်ပေါ့။

မုတ်ကြီးရဲ့အကြံ မပိုင်ပေဘူးတဲ့လား။ လူဆိုတာ ကြံတတ်ဖန်တတ်ဖို့က အရေးကြီးပါတယ်။

အစ်မရဲ့အိမ်ကိုလည်း ပြန် မသွားတော့ပါဘူး။ တော်နေကြာ ယောက်ဖနဲ့ တွေ့နေခဲ့ရင် မခံချင် စိတ်တွေနဲ့အတူ နောက်ထပ် လူသတ်မှုဖြစ်ချင်ဖြစ်နေဦးမှာ။ သည်အတိုင်းပဲ နေလိုက်တာကောင်းတယ်။

မုတ်ကြီးကတော့ သူ့အတွေးနဲ့သူပေါ့။ သူ့နောက်မှာ ဘာတွေ ဖြစ်ပျက်နေတာကို ထည့်ပြီးမစဉ်း စားမိတော့ပါဘူး။ မတွေးတာပဲ ကောင်းတယ်၊ မစဉ်းစားမိတာပဲ ကောင်းတယ်။ တွေးလိုက်၊ စဉ်းစားလိုက်ရင် အရှုပ်ထုပ်တွေ ဖြစ်လွန်း အားကြီးလို့။ ပြီးတော့ မုတ်ကြီးကလည်း စိတ်ညစ်တဲ့ဒဏ်ကို မခံနိုင်ဘူးလေ။

တည်းခိုခန်းရောက်မှပဲ အေးအေးဆေးဆေး မုတ်ကြီး အနားယူတော့မယ်။ တစ်နေ့လုံး လှုပ်ရှားထားရလို့ အကြောအချဉ်တွေတောင်မှ ကိုက်ချင်သလိုလိုရှိလာပြီ။

လောကကြီး....လောကကြီး၊ တကယ့်ကိုမှ အသိရခက်တဲ့ လောကကြီး။ လူတွေကလည်း ရှိရင်တစ်မျိုး၊ မရှိရင်တစ်မျိုးနဲ့ ဆက်ဆံကြတဲ့ လောကကြီးပါ။



မုတ်ကြီးလည်း တည်းခိုခန်း ပြန်ရောက်ရော ဝုန်းခနဲဆိုသလို အသင့်စောင့်ဆိုင်းနေတဲ့ ရဲတပ်ဖွဲ့ဝင်တွေက မုတ်ကြီးရဲ့အခန်းထဲကို ပြေးဝင်လာကြတယ်။ ရပ်ကွက်အုပ်ချုပ်ရေးမှူးအဖွဲ့တွေ၊ ရာအိမ်မှူးအဖွဲ့တွေလည်း ပါသပေါ့။

ချက်ချင်းပဲ မုတ်ကြီးကိုလက်ထိတ်ခတ်ပြီး သက်ဆိုင်ရာရဲစခန်းကို ခေါ်သွားကြတယ်။ ဟိုရောက်တော့ တစ်ဖက်အချုပ်ခန်းထဲမှာ သူ မမြင်ချင်တဲ့သူကို မြင်တွေ့လိုက်ရတယ်။ တခြားသူတော့ မဟုတ်ပါဘူး။ အဲသည်သူက မုတ်ကြီးရဲ့ အစ်မပါပဲ။

သူလည်းပဲ သက်သေခံပစ္စည်းဖျောက်ဖျက်မှုနဲ့ အရေးယူခံထားရတယ်ဆိုပဲ။ မုတ်ကြီးကြောင့် အားလုံးဒုက္ခရောက်ခဲ့ရတာ။ မုတ်ကြီး မကောင်းခဲ့တာပါ။ မုတ်ကြီးသာကောင်းခဲ့ရင် သည်လိုအဖြစ်မျိုးတွေ ဖြစ်လာမှာမဟုတ်ပါဘူး။

ခုတော့ဖြင့် မုတ်ကြီး အတွက်နဲ့ အချောင်ခံလိုက်ရတဲ့ အစ်မကို ကြည့်ပြီး မုတ်ကြီး ရင်နာလို့မဆုံး တော့ပါဘူး။ ဓာတ်စီးကြမ်းတဲ့ မုတ်ကြီးရဲ့ ဓာတ်လမ်းလို့ ဆိုရမှာပါပဲ။

နောက်ဆုံးတော့ ကိုယ်ပြုသည့်ကံ ကိုယ်ပဲခံရုံသာရှိပေမပေါ့။ ဒါကလွဲလို့ မုတ်ကြီးလည်း အခုိ မပြောတတ်တော့ပါဘူး။

**ဖြစ်ရပ်မှန်တစ်ခုအား သံဝေဂတရားများနှင့် ဆင်ခြင်နိုင်ရန်အတွက် အမည်နာမများ လွှဲပြောင်းပြီး ခံစားရေးဖွဲ့ပါသည်။ အောင်ဇော်ဦး**

www.burmeseclassic.com

မောင်ပွင့်ဝေ(ပေါက်)

# ခဝန္ဓ မင် သိမ်မက်





www.burmeseclassic.com

www.burmeseclassic.com





## ဆန္ဒအိပ်မက်

မောင်ပွင့်ဝေ (ပေါက်)

ကန်တော်မင်္ဂလာဘုန်းကြီး ကျောင်းထဲသို့ ဝင်လိုက်သည်နှင့် တစ်ပြိုင်နက် စိတ်ထဲတွင် အေး ချမ်းသွားသည်။ သစ်ရိပ်ဝါးရိပ် သည် အေးချမ်းသည်၊ ထို့ထက် မိဘအရိပ်သည် အေးချမ်းသည်၊ ထို အေးချမ်းမှုတွေအားလုံးထက် ဘုရားရိပ်၊ တရားရိပ်သည် အအေး ချမ်းဆုံးဖြစ်သည် ဆို သည့်အတိုင်း လောဘ၊ ဒေါသ၊ မောဟတို့ ကင်း ဝေးရာ၊ တရားဓမ္မတို့ အားထုတ် နေရာ ဘုန်းကြီးကျောင်းကလေး သည် အရာရာ တိတ် ဆိတ်အေး ချမ်းလျက် ရှိသည်။

ရဲအုပ် မျိုးနိုင်လည်း စိတ်ကြည်လင် ချမ်း မြေ့စွာဖြင့် ဘုန်းကြီး ကျောင်းပေါ်သို့ တက်လာခဲ့လေ သည်။ ကျောင်းပေါ်ရောက်တော့ ကျောင်းထိုင်ဆရာတော်မှာ ဘုရား ကျောင်းဆောင်ထဲတွင် ဘုရားဝတ် ပြုနေသည်ကို တွေ့ရသည်။ ရဲအုပ် မျိုးနိုင်တစ်ယောက် ဘုရားကန်တော့ ပြီး ဆရာတော် ဘုရားဝတ်ပြုအပြီး ကို စောင့်နေလိုက်လေသည်။

ခဏအကြာ ဆရာတော် ဘုရားဝတ်ပြုပြီးသွားပြီးနောက်



ဘုရားကျောင်းဆောင်ထဲမှ ထွက် လာကာ ခုံပေါ်တွင်ထိုင်ရင်း.....

“ဒကာကြီး ဘယ်တုန်းက ရောက်နေတာလဲ၊ ခုရော ဘယ်မှာ တာဝန်ကျနေလဲ”

“တင်ပါဘုရား၊ ရောက်တာ မကြာသေးပါဘူး၊ တပည့်တော် အခု ကျောက်တံတားစခန်းမှာ တာ ဝန်ကျနေပါတယ်ဘုရား”

“အင်း...မြို့ထဲနဲ့မြို့ပြင် သိပ် မဝေးပေမယ့် ဒကာမ ရောက်တာ အတော်ကြာ ပြီပဲ”

“တင်ပါဘုရား၊ တပည့်တော် အလုပ်မအား လို့ပါ ဘုရား၊ အခု ဘော် အမှုကိစ္စတစ်ခုရှိလို့ ဘော် တုန်း ဆရာတော်ကို ဝင် မယ်ဆိုပြီး လာဖြစ်အောင် လာခဲ့တာပါ ဘုရား”

“သာဓု....သာဓု..... ဘုန်းကြီးပါစေ၊



www.burmeseclassic.com

www.burmeseclassic.com

ရှည်ပါစေ၊ အန္တရာယ်ကင်း ဘေးရှင်းပါစေ''

ဆရာတော်က ဆုတောင်းပေးသည်။

''ဒါနဲ့ဘုရား ဒေါ်သောင်းရင်ကော ကျန်းမာရဲ့လားဘုရား''

''အင်း.....ဒကာရယ် ပြောရရင်တော့ နဂိုထက်သာတယ်လို့ ပြောရမှာပေါ့၊ ဒါပေမဲ့ သူ့စိတ်ခံ စားမှု ဘယ်လိုရှိတယ်ဆိုတာ သိမှ မသိနိုင်ဘဲ၊ ဆရာတော် အနေနဲ့ကတော့ အစွဲအလမ်းမပျောက်ဘဲ သေတဲ့အချိန်အထိ အသိလက်လွတ် ဖြစ်မှာကို စိုးရိမ်တယ်၊ ဒကာမကြီးနဲ့ ကြုံတဲ့အခါတိုင်းတော့ တရားဓမ္မကို အားထုတ်ဖို့သာ သွန်သင် ပြသနေတာပဲလေ၊ အင်း..... ဒကာ ကြီးရောက်တုန်း ဒေါ်သောင်းရင်နဲ့ တွေ့လိုက်ပါဦး၊ ဒကာကြီးကိုတော့ သူမှတ်မိပါတယ်''

''တင်ပါ့ဘုရား''

''ဟဲ့.....ကိုရင်နန္ဒ၊ ဒကာမကြီး ဒေါ်သောင်းရင်ကို ဆရာတော်ခေါ်တယ်လို့ သွားပြောပြီးခေါ်ခဲ့''

ဆရာတော်က ဘေးနားတွင် ခြေဆုပ်လက်နယ်ပြုစုရန်ထားသော ကိုရင်နန္ဒကို ဒေါ်သောင်းရင်အား အခေါ်လွှတ်လိုက်သည်။

ဆရာတော်၏ မိန့်ကြားချက်အရ ဒေါ်သောင်းရင်မှာ ဘုန်းကြီးကျောင်းဝင်းအပြင်ဘက်တွင် တဲကလေးထိုးပြီးနေသည်ဟု သိရပြီး ဆရာတော်မှ ဒေါ်သောင်းရင်၏ စားဝတ်နေရေးကို ထောက်ပံ့ပေးနေရသည်။



ဒေါ်သောင်းရင်အတွက် အဖော်အဖြစ် အိမ်ထောင်သည် အမျိုးသမီးအချို့က မကြာခဏ သွားရောက်ကြည့်ရှု စောင့်ရှောက်ပေးနေသည်ဟု သိရသည်။

ဆရာတော်မှ လက်ရှိ ဒေါ်သောင်းရင်၏ နေထိုင်မှုဘဝပုံစံကို ပြောပြနေစဉ် ကိုရင်နန္ဒနှင့် ဒေါ်သောင်းရင်တို့ ရောက်လာသည်။

ရောက်ရောက်ချင်း ဒေါ်သောင်းရင်က မြတ်စွာဘုရားနှင့် ဆရာတော်ကို ဦးသုံးကြိမ်စီချ၍ ကန်တော့သည်။

ရဲအုပ် မျိုးနိုင်တစ်ယောက် ဒေါ်သောင်းရင်ကိုတွေ့တော့ ဝမ်းနည်း၊ ဝမ်းသာ နှစ်မျိုးလုံး ရင်ထဲမှာ ခံစားလိုက်ရသည်။

ဝမ်းနည်းသည့်ခံစားချက်က ဒေါ်သောင်းရင်၏ ပုံစံကို တွေ့လိုက်ရ၍ဖြစ်သည်။ နဂိုကတည်းက ဆင်း ဆင်းရဲရဲနှင့် နေထိုင်လုပ်ကိုင်သော ဘဝမှာ လောကဓံ၏ အထု အထောင်း၊ ဒဏ်ရာဒဏ်ချက်တွေကြောင့် တော်တော်အိုစာသွားသည်။ ပိန်ချုံးနေသော ခန္ဓာကိုယ်၊ ဖြူဖွေးနေသော ဆံပင်တို့သည် အသက် ၄၀အရွယ်ဟု ထင်မှတ်စရာမရှိ။

လက်ရှိ ခေတ်အခြေ တိုးတက်ပြောင်းလဲနေသော လူမှုနေထိုင်မှု စရိုက်တွေအရ အသက် ၄၀ ဆိုသော မိန်းမတစ်ယောက်သည် ချမ်းသာကြွယ်ဝပါက ခေတ်မီအဝတ်အစား ပြင်ပစ္စည်းတွေ ကိုယ်ကာယနှင့်

www.burmeseclassic.com

တွေသုံးပြီး နေထိုင်သူတွေအဖို့ အသက် ၃၀ ကျော်၊ ၄၀ စွန်းစွန်း ဟု ထင်မှတ်၍ရလောက်အောင် နေထိုင်နိုင်ကြသည်မဟုတ်ပါလား။

အခုတော့ ဒေါ်သောင်းရင်၏ ပုံစံမှာ အသက် ၄၀ ဟုပင် မထင်ရလောက်အောင် အိုစာနေသည်။ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲနှင့် ရှင်သန်နေထိုင်ခဲ့ရသော ဘဝသည် မျှော်လင့်ချက်မရှိတော့သော အခြေအနေမှာ ရုပ်ပိုင်းဆိုင်ရာသည်လည်း အသက် ၆၀ အရွယ်လောက်ပင် ဖြစ်နေလေပြီ။

“ဒကာမကြီး၊ ဒီကဒကာလေးကိုရော မှတ်မိသေးရဲ့လား”

ဆရာတော်က ဒေါ်သောင်းရင်ကို မေးမြန်းရင်း ရဲအုပ် မျိုးနိုင်ဘက်သို့ လက်ညှိုးထိုးပြလေသည်။

“တင်ပါ့ဘုရား၊ တပည့်တော်မ မှတ်မိပါတယ်ဘုရား”

“အေး.....အေး ဒကာမကြီး၊ ဒီကဒကာကြီးက ဒီကိုလာတုန်း ဒကာမကြီးနဲ့တွေ့ပြီး အခြေအနေသိသင့်တယ်ပြောလို့ အခေါ်လွှတ်လိုက်တာကွဲ့”

ကျောင်းထိုင်ဆရာတော်ကြီးက ပြောဆိုပြီးနောက် ရဲအုပ် မျိုးနိုင်က

“အစ်မကြီး..ရော့၊ အစ်မကြီး လိုအပ်တာရှိရင်သုံးဖို့ ကန်တော့တာပါ၊ ကျန်းမာရေးလည်း ဂရုစိုက်ပါဦး၊ ဆရာတော်မိန့်သလိုပဲ တရားမမေ့ ကျင့်ကြံပွားများပါ၊ စိတ်ဆင်းရဲစရာတွေ ဘာမှတွေးမနေနဲ့”

ရဲအုပ် မျိုးနိုင်က ပြောပြောဆိုဆို ဒေါ်သောင်းရင်အား ငွေငါးသောင်း ပေးလိုက်လေသည်။

ထို့နောက် နာရီဝက်ခန့် စကားပြောဆိုပြီးနောက် ဆရာတော်အား ကန်တော့ပြီး ဒေါ်သောင်းရင်အား နှုတ်ဆက်ကာ ပြန်ခဲ့လေသည်။

**အပြန်လမ်းခရီးသည်**
**အလာခရီးနှင့်မတူတော့၊**
**စိတ်ကြည်လင်**
**လန်းဆန်းမှုမရှိ။**
**သာယာနေသော**
**ပင်လယ်ကြီးကို**
**မုန်တိုင်းတစ်ခု**
**ရုတ်တရက်**
**ဝင်ရောက်လာသလိုမျိုး**
**စိတ်ခံစားမှုသည်....**

အပြန်လမ်းခရီးသည် အလာခရီးနှင့်မတူတော့၊ စိတ်ကြည်လင်လန်းဆန်းမှုမရှိ။ သာယာနေသော ပင်လယ်ကြီးကို မုန်တိုင်းတစ်ခု ရုတ်တရက် ဝင်ရောက်လာသလိုမျိုး စိတ်ခံစားမှုသည် ရုတ်ခြည်း ပြောင်းလဲသွားသည်။

ထိုပြောင်းလဲသွားသော စိတ်ခံစားမှု၏နောက်တွင် ရင်နာခံစားခဲ့ရသော မြင်ကွင်းတွေသည် ရုပ်ရှင်ဇာတ်ကားတစ်ကား ကြည့်ရသလို စိတ်ထဲမှာ ပြန်မြင်ယောင် ခံစားရလေသည်။

♛♛♛♛♛

“ဝုန်း.....”

နေအိမ်ရှေ့မှ ဝုန်းခနဲအသံကြောင့် ဒေါ်သောင်းရင် မီးဖိုချောင်ထဲမှ အိမ်ရှေ့သို့ ထွက်ခဲ့လေသည်။ နေအိမ်ရှေ့မျက်နှာစာတွင် သားဖြစ်သူ ဖိုးလုံးမှာ သစ်ခေါက်စည်းတွင် စည်းထားသော ကြိုးများကို ဖြေနေသည်ကို တွေ့ရသည်။

“ဟဲ့.....သား၊ ပြန်လာပြီလား၊ သစ်ခေါက်တွေ ဒီအတိုင်းထားခဲ့လိုက်၊ ခဏနားပြီးရင် ရေချိုးတော့၊ သစ်ခေါက်တွေ အမေ စီလိုက်မယ်”

“ရပါတယ် အမေရယ်၊ သား လုပ်လိုက်ပါ့မယ်၊ စီတာဘာမှမကြာပါဘူး”

“အေး...အေး သား ဒါဆို



www.burmeseclassic.com

www.burmeseclassic.com



လည်း မြန်မြန်လုပ်၊ ဒီနေ့ သား အတွက် အမေ ငါးလေးဆီပြန်ချက်ထားတယ်၊ . သားရေချိုးပြီးတာနဲ့ ထမင်းစားကြတာပေါ့''

''ဟုတ်ကဲ့ အမေ၊ သား အကြိုက်ဟင်းဆိုတော့ ဒီနေ့ ဗိုက်ကားအောင် စားပစ်ရမယ်''

♛♛♛♛♛

ဒေါ်သောင်းမှာ မုဆိုးမဖြစ်ပြီး လွန်ခဲ့သော ငါးနှစ်ခန့်က ခင်ပွန်း ဖြစ်သူ ကိုအေးထွန်းမှာ ငှက်ဖျား ရောဂါဖြင့် ကွယ်လွန်သွားခဲ့လေသည်။



ခင်ပွန်းဖြစ်သူ ကွယ်လွန်ချိန်က သားဖြစ်သူ ဖိုးလုံးမှာ အသက် ကိုးနှစ်အရွယ်သာရှိသေးပြီး အခြေခံပညာမူလတန်း ကျောင်းတွင် စတုတ္ထတန်းတက်နေလေသည်။

ခင်ပွန်းဖြစ်သူ မကွယ်လွန်မီက မိသားစု သုံးယောက်၏ ဝမ်းရေးအတွက် နေ့စဉ် နံနက်မိုးလင်းမှ မိုးချုပ်သည်အထိ ခင်ပွန်းဖြစ်သူက သစ်ခေါက်ခွာ (သစ်လုံးမှအခေါက်ခွာ)ပြီး ခွာ၍ ရလာသော သစ်ခေါက် များကို တစ်ပတ်တစ်ခါ ဒဂုံမြို့သစ် (တောင်ပိုင်း)စက်မှုဇုန်ရှိ စက်ရုံများသို့ ပို့ရသည်။ ဝမ်းရေးအတွက် မပူပင်ရသော်လည်း ကျန်းမာရေး မကောင်းသည့်အခါ ဆေးကုသစရိတ် မရှိ၊ လှူဖို့တန်းဖို့ ဝေလာဝေး။ တကယ့်ကိုမှ စိတ်ဆင်းရဲစရာ ဘဝပင်။

တစ်ခါတစ်ခါဆိုလျှင် မိသားစု သုံးဦးစလုံး သစ်ကွင်းထဲမှာပင် အချိန်ကုန်ရသည်။ သစ်တုံးတွေ ကြားမြေကွက်လပ်တွင် တာလပတ် အမိုးလေးမိုးပြီး ဒေါ်သောင်းရင်က ထမင်းချက်၊ အိမ်ကယူလာသော ငါးပိ၊ ငါးခြောက်တို့ကို ဟင်းလုပ်ပြီး ထမင်းချက်ပြုတ်စားရသည်။ ကလေးကိုလည်း မြေကြီးပေါ်မှာ ဖျာကြမ်းခင်းပြီး သိပ်ခဲ့ရသည်။ နေပူ၊ မိုးရွာ ရာသီဥတုဆိုတာ ငမ်းရေးအတွက် ကြုံလာသောအခါ ရှောင်လွှဲနေ၍မရ၊ ပေပေတေတေ အံကြိတ်ပြီး ရင်ဆိုင်ခဲ့ရသည်။

ထိုကဲ့သို့ စားဝတ်နေရေးဒုက္ခကြောင့် မိမိကျန်းမာရေးကို မိမိ ဂရုမစိုက်အားဘဲ စားဝတ်နေရေး ဒုက္ခကို ပင်ပန်းဆင်းရဲစွာ လုပ်ကိုင်လာသည့် ကိုအေးထွန်းမှာ ရက်မှ လ၊ လမှ နှစ်ကူးလာသည့်အခါ ငှက်ဖျားရောဂါဒဏ်ကို မခံနိုင်တော့။ အန်တုနိုင်စွမ်းမရှိတော့။ ဆေးကုစရာ ငွေမရှိသည့်အခြေအနေမှာ သေခြင်းတရားက ပိုင်ပိုင်နိုင်နိုင် အနိုင်ယူလိုက်တော့၏။

''ငါမသေခင် ဒို့ သားဖိုးလုံးကို ရှင်ပြုပေးချင်တယ်''

ဟူသော စကားတစ်ခွန်းကို သာပြောကာ သားအမိနှစ်ဦးကို ကိုအေးထွန်း ထားရစ်ခဲ့သည်။

အခြားရင်းနှီးစရာ ငွေကြေး၊ ပေါင်နှံစရာ ရွှေထည်ပစ္စည်း ဘာ တစ်ခုမှ မထားနိုင်ခဲ့ပေ။

ဒေါ်သောင်းရင်မှာ သားကို ကျောင်းဆက်ထားမယ်ဆိုပြီး ကိုယ်

www.burmeseclassic.com

တိုင်ကိုယ်ကျ သံတူးရွင်းတစ်လက်၊ ပီနံအိတ်၊ ထမ်းပိုးတို့ဖြင့် သစ်ကွင်းထဲဆင်းခဲ့သော်လည်း ခွန်အားနှင့် လုပ်ရသောအလုပ်မို့ တစ်နေကုန်သည့်တိုင် သစ်ခေါက်က ပီနံအိတ်တစ်အိတ်မရခဲ့။

ထိုကဲ့သို့သော အခြေအနေကြောင့် သားငယ်ကို ကျောင်းထုတ်ခဲ့ရသည်။

ဖိုးလုံးလေးကလည်း ကျောင်းကထွက်လိုက်သည့်အတွက် ဝမ်းနည်းရမှန်းမသိ။ တစ်နေ့ ထမင်းနှစ်နပ် စားရဖို့သာ သိသည့်အတွေးနှင့် အိမ်မှာစားစရာမရှိဘူးဆိုသည့် အတွေးကသာ ဝင်နေသည်။

ထို့ကြောင့်လည်း သစ်ကွင်းထဲဝင်ပြီး သူများခွာပြီးသား သစ်ခေါက်ကို လိုက်စုပုံပေး၊ သူတို့ပေးသည့် အတိုအစ သစ်ခေါက်များကို ယူရသည်။ ပြီးလျှင် ရသည့်ဈေးနှင့် ရောင်းပြီး ရလာသော ငွေတိုငွေစလေးများ မိခင်ကိုအပ်ရသည်။

> **သစ်ကွင်းထဲဝင်ပြီး**
> **သူများခွာပြီးသား**
> **သစ်ခေါက်ကို**
> **လိုက်စုပုံပေး၊**
> **သူတို့ပေးသည့်**
> **အတိုအစ**
> **သစ်ခေါက်များကို**
> **ယူရသည်။**
> **ပြီးလျှင်ရသည့်ဈေးနှင့်**
> **ရောင်းပြီး ရလာသော**
> **ငွေတိုငွေစလေးများ. . .**

"အမေ သားရှင်ပြုရမယ့်ရက်နီးလာပြီလား"

ဖိုးလုံးက မိခင်ဖြစ်သူ ဒေါ်သောင်းရင်ကို မေးလိုက်သည်။

"အေးကွဲ့ သားရဲ့၊ နောက်တစ်ပတ် စနေဆိုရင် သားကိုရှင်ပြုပေးမှာ"

"အမေစုထားတဲ့ ပိုက်ဆံလည်း သက်န်းဖိုးတော့ ရနေပြီလေ၊ ဆရာတော်ကြီးကလည်း သားရှင်ပြုဆိုတော့ အစစ တာဝန်ယူပေးထားတယ်"

"ဟေး.....ပျော်လိုက်တာ၊ ကိုရင်ဝတ်ရတော့မယ်"

ဖိုးလုံးလေးက သူရှင်ပြုရမည်ဆိုပြီး ဝမ်းသာအားရ ထအော်သည်။ ထိုသို့အော်ပြီး ခဏမျက်နှာတစ်ချက်ညှိုးသွားပြီး.....

"အမေ သား ကိုရင်ဝတ်နေတဲ့အချိန် အမေထမင်းစားဖို့ ဘယ်လိုလုပ်မှာလဲ"

"အောင်မယ်လေး ငါ့သားရယ်၊ ဘာမှပူမနေနဲ့၊ အမေ့မှ သား ပေးထားတဲ့ ပိုက်ဆံထဲက ဖဲ့ပြီးစု ထားတဲ့ ပိုက်ဆံရှိတယ် အမေ တစ်ယောက်တည်းအတွက် ဆန် နို့ဆီတစ်ဘူးဆိုရင် ညမနက် စား လို့ရပြီလေ"

"အင်း...ကျွန်တော်က စိတ် ထဲတစ်မျိုးကြီးဖြစ်နေလို့ အမေရ"

"ဘာမှစိတ်ထဲမထားနဲ့ ငါ့ သား၊ ဟောဒီမှာကြည့်စမ်း၊ သာ အတွက် အမေဝယ်ထားတဲ့သင်္ကန်း လေ"

ဒေါ်သောင်းရင်က ဈေးထဲ ဝယ်လာသော သင်္ကန်းလေးတစ်စ ကို ထုတ်ပြသည်။

ဒေါ်သောင်းရင်လက်ထဲ သင်္ကန်းလေးကိုကြည့်ရင်း ဖိုးလုံး လေးမှာ ပြုံးပျော်၍နေသည်။

♛♛♛♛♛

"ငါ့သားရယ် ဒီနေ့ သစ်ကွင်း ထဲ မသွားပါနဲ့လား၊ သန်ဘက်ခါ ဆို ရှင်ပြုရတော့မှာ"

ဒေါ်သောင်းရင်က သစ်ကွင်း ထဲ သစ်ခေါက်သွားခွာရန် ပြင်ဆင် နေသော သားဖြစ်သူ ဖိုးလုံးကို ပြောသည်။

"မနက်ဖြန်မှ နားမယ်အမေ ဒီနေ့ ရသလောက် သစ်ခေါက် သွားစုရဦးမယ်၊ ဦးလေးငမော



www.burmeseclassic.com

www.burmeseclassic.com



ကလည်း ဒီနေ့ သစ်ကားတွေ အများကြီးလာမယ်လို့ပြောတယ်''

ဖိုးလုံးက ထိုသို့မိခင်ကို နှစ်သိမ့်ရင်း သစ်ကွင်းထဲသို့ ထွက်လာခဲ့သည်။

မိုးကလည်း သင်္ကြန်ကျခါနီး မို့လားမသိ။ တဖြောက်ဖြောက်ရွာနေသည်။ သဲသဲမဲမဲ ရွာခြင်းမဟုတ်သော်လည်း သစ်ကွင်းထဲမှလမ်းများမှာ ရွှံ့စေးများဖြစ်၍ လမ်းချော်သည်။

ဦးခင်မောင်နှင့် ဖိုးလုံးမှာ သစ်ကွင်းအတွင်း သစ်လုံးများလာချသည့် မောင်းတံကိတ်အနီး သစ်ပုံသို့ လာခဲ့သည်။

ဖိုးလုံးတို့ရောက်ပြီး မကြာခင်မှာပင် သစ်လုံးကားတစ်စီး မိုးထဲရေထဲ ရောက်လာသည်။ သစ်လုံးတင်ကားဆရာက ကရိန်းကားနှင့် သစ်အတင်အချပြုလုပ်၍လွယ်ကူမည့် သစ်ပုံဘေးတွင် ကားကိုရပ်လိုက်သည်။

''ဟေ့ကောင် ဖိုးလုံး၊ ကရိန်းကားနဲ့ သစ်ပုံပေါ်ကို သစ်လုံးတင်ပြီးမှ ငါခွာမယ်၊ ငါခွာပြီးသားကိုသာ မင်းလိုက်စု''

''ဟုတ်ကဲ့ ဦးလေးဦးခင်မောင်''

ထိုသို့ပြောဆိုပြီး ဦးခင်မောင်သည် သစ်လုံးခွာရမည့် သစ်ပင်အနေအထား၊ သစ်သားပေါ်ရှိ သစ်ခေါက်အများဆုံး သစ်တုံးကို လိုက်ပတ်ကြည့်နေသည်။

ထိုအချိန်တွင် ဖိုးလုံးလေးမှာ သစ်လုံးယာဉ်၏နောက်ဘက်၊ ယာဘက်ဘေးရှိ သစ်ပုံခြေရင်းတွင် ပါလာသော ထမင်းထုပ် ဘေးကိုချ၊ ပီနံအိတ်လေး လက်ကကိုင်ပြီး ကား ရှေ့ခေါင်းဘက်ရှိ ဦးခင်မောင်ထံသို့ အလာတွင် ရပ်ထားသော သစ်လုံးတင်ယာဉ်သည် မိုးရေကြောင့်လျှောနေသောလမ်းကြောင့် နောက်သို့ အရှိန်ဖြင့် လိမ့်ဆင်းလာခဲ့သည်။

ဖိုးလုံးလေးမှာ ကြောက်အားလန့်အားဖြင့် အမေရေဟု အော်ဟစ်ခဲ့သော်လည်း ကားဘီးမှာ ရပ်တန့်မသွားဘဲ ဖိုးလုံးလေး၏ ဗိုက်နှင့်ခေါင်းကိုကြိတ်ပြီးနောက်မှ သစ်ပုံနှင့်တိုက်ကာ ရပ်တန့်သွားလေ၏

''ဟာ.....လာကြပါဦး၊ ဒီမှာ ဖိုးလုံးလေးကို ကားကြိတ်သွားပြီဟ''

ဦးခင်မောင်က ငိုသံပါကြီးနှင့် အော်ကာ အသက်မဲ့နေသော ဖိုးလုံးလေး၏ ခန္ဓာကိုယ်ကို ပွေ့ချီထားလေသည်။

♛♛♛♛♛

ဒုရဲအုပ် မျိုးနိုင်တစ်ယောက် အခင်းဖြစ်အရပ် မှတ်တမ်းဓာတ်ပုံရိုက်ကူးခြင်း၊ စခန်းမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးတို့ထံ သတင်းပို့ခြင်း၊ အပိုင်ယာဉ်ထိန်းတပ်ဖွဲ့သို့ အကြောင်းကြားခြင်းများ ဆောင်ရွက်ခဲ့ပြီးနောက် ယာဉ်ထိန်းရဲတပ်ဖွဲ့အလာကို စောင့်နေလိုက်သည်။ ပတ်ဝန်းကျင်မှ ဖိုးလုံးလေးသေဆုံးမှုနှင့်ပတ်သက်ပြီး မချိတင်ကဲပြောဆိုသံကို ကြားသော်လည်း သိပ်ပြီး အာရုံမထားမိ။

မိမိတို့၏ ရဲလုပ်ငန်းများ တာဝန်ကျေရန်အတွက်သာ လုပ်ဆောင်စရာရှိသည်များကို လုပ်ဆောင်နေမိသည်။

ယာဉ်ထိန်းရဲအရာရှိ


ကောင်းသားပဲ ဦးစံသာ၊ ကျွန်တော်လည်း
အချင်းဖြစ်နေရာ မှာတုန်းက ဝိုင်းအုံကြည့်နေတဲ့လူတွေ
စုတ်တသပ်သပ်ဖြစ်နေတာ၊
ဝမ်းပန်းတနည်းပြောနေတာ တွေ့တယ်၊
ကိုယ့်အလုပ်နဲ့ကိုယ်ဆိုတော့



www.burmeseclassic.com

www.burmeseclassic.com





လာပြီးချိန်တွင် သစ်ကွင်းမှ ထွက်ခွာခဲ့လေသည်။ သစ်လုံးယာဉ်မောင်းသည့် ယာဉ်မောင်းကို ယာဉ်ထိန်းရဲ့အရာရှိထံ အပ်နှံခဲ့လေသည်။ သစ်ကွင်းမှအထွက်တွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တွေ့ဆုံခဲ့သည်။

"ဆရာ သေသွားတဲ့ ဖိုးလုံးလေးအိမ်ကို သွားကြရအောင်ဗျာ၊ လိုအပ်တဲ့အကူအညီလေး ပေးရတာပေါ့"

"ကောင်းသားပဲ ဦးစံသာ၊ ကျွန်တော်လည်း အချင်းဖြစ်နေရာမှာတုန်းက ဝိုင်းအုံကြည့်နေတဲ့လူတွေ စုတ်တသပ်သပ်ဖြစ်နေတာ၊ ဝမ်းပန်းတနည်းပြောနေတာ တွေ့တယ်၊ ကိုယ့်အလုပ်နဲ့ကိုယ်ဆိုတော့ သေသေချာချာ မမေးခဲ့မိဘူး"

ထို့နောက် သေဆုံးသွားရှာသော ဖိုးလုံးလေးနေထိုင်သည့်အိမ်သို့ လာခဲ့လေသည်။

♛♛♛♛♛

ဖိုးလုံးလေး သစ်လုံးယာဉ်ကား ဘီးလိမ့်ရာမှ သေဆုံးရမှုနှင့်ပတ်သက်ပြီး မိခင်ဖြစ်သူကို ရပ်ကွက်ထဲမှလူများက အကြောင်းကြားပြီးဖြစ်သည်ထင်သည်။ အိမ်လေးစုတ်စုတ်ပြတ်ပြတ်ထဲတွင် လူတွေတရှန်းရှန်း။ သို့သော် အော်ငိုသံမကြားရ။

ဒုရဲအုပ် မျိုးနိုင်နှင့် အုပ်ချုပ်ရေးမှူး ဦးစံသာတို့ အိမ်ထဲဝင်သွားတော့ လူများက နည်းနည်းနောက်ဆုတ်ပေးသည်။ အိမ်ရှေ့ ငါးပေပတ်လည် ညှော်ခန်းဟုခေါ်ရမည့်နေရာရှိ ဖျာစုတ်ပေါ်တွင် အမျိုးသမီးတစ်ဦး ထိုင်နေသည်ကိုတွေ့ရသည်။

"ဆရာမျိုးနိုင်၊ အဲဒါ ဖိုးလုံးအမေလေ"

ဦးစံသာပြောမှ သေဆုံးသူ ဖိုးလုံး၏အမေမှန်း သိရသည်။ သားဖြစ်သူ သေဆုံးမှုအတွက် မယုံနိုင်ဖြစ်နေဟန်တူသည်။

လက်ထဲတွင်လည်း သင်္ကန်းလေးတစ်စုံ ကိုင်ထားသည်။ ဘယ်အရပ်သို့၊ ဒါမှမဟုတ် ဘယ်သူ့ကို ကြည့်နေမှန်းမသိသောအကြည့်၊ အသိတရားကင်းနေသောအကြည့်

များဖြင့် ကြည့်နေသည်။

မျက်ရည်စက်တို့သည် မျက်ဝန်းမှ ပါးပြင်သို့ စီးကျမလာဘဲ ရင်ထဲသို့ စီးသွားသည်ထင်ပါသည်။

"ဟဲ့.....သောင်းရင်၊ ငိုချင်ငိုလိုက်၊ မျိုသိပ်မနေနဲ့၊ သတ္တဝါတစ်ခု၊ ကံတစ်ခုပဲလို့ သဘောမှတ်လိုက်"

ကြည့်နေစဉ်မှာပင် ဆရာတော်တစ်ပါး အိမ်ရှေ့သို့ကြွလာပြီး မိန့်လေသည်။

ဆရာတော်၏အသံ၊ သင်္ကန်း ဝတ်စုံကို မြင်တွေ့မှ.....

"အမယ်လေး သားလေးရယ်၊ ဒီနေ့ သစ်ခေါက်မခွာနဲ့၊ သန်ဘက် ခါ သားကိုရှင်ပြုရတော့မှာလို့ အမေပြောရဲ့သားနဲ့၊ အခု ဒီသင်္ကန်းလေးက ဘာလုပ်ရမှာလဲ၊ အမေဘယ်လို လုပ်ရမှာလဲ"

ဒေါ်သောင်းရင်မှာ ပြောပြော ဆိုဆို ရှိုက်ကြီး တငင် ငိုကြွေးတော့သည်။

ဒီတော့ ပတ်ဝန်းကျင်ရှိ လူများလည်း မနေသာ။ မျက်ရည်များဖြိုင်ဖြိုင်ကျလာကြတော့သည်။

သေဆုံးသူ ဖိုးလုံးလေးကို လည်း သနားကြသည်။

လူ့လောကတွင်တစ်ယောက်တည်းကျန်ခဲ့သော ဒေါ်သောင်းရင်ကိုလည်း သနားသည်။

ထိုနေ့တစ်နေ့လုံး ဒုရဲအုပ် မျိုးနိုင်မှာ စိတ်ထဲတွင် ဝမ်းနည်းနာကျင်နေမိသည်။ မိမိနှင့် သွေးချို သားချင်းမဟုတ်သော်လည်း လူသားချင်းစာနာစိတ်၊ သနားကြင်နာစိတ်တို့ကြောင့် ရင်ထဲမဖြေနိုင်ခြင်းဖြစ်သည်။



"ဆရာ စခန်းကို ရောက်ပြီလေ"

တက္ကစီယာဉ်မောင်းက အသံပေးလိုက်သဖြင့် အတိတ်က ခံစားခဲ့သောအတွေးများ ရပ်တန့်သွား သည်။

"ဩော်....အေး...အေး၊ ငါ အတွေးတွေလွန်နေလို့"

ထိုသို့ပြောဆိုကာ ကားငှားခကျသင့်ငွေကို ပေးလိုက်သည်။ ယခုတော့ ပစ္စုပ္ပန်တည့်တည့်ရှိ ပြည်သူလူထု၏ လူမှုရေး အခက်အခဲ၊ မှုခင်းအခက်အခဲများကို တတ်နိုင်သလောက် ဥပဒေနှင့်အညီဆောင်ရွက်ပေးဖို့ စတင်ရပေဦးမည်။ ဒါကလည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် များ၏ တာဝန်မဟုတ်ပါလား။

♛♛♛♛♛

"ဆရာ...ဆရာမျိုးနိုင်မဟုတ်လား"

ရုတ်တရက် သူ့နောက်မှ ထွက်ပေါ်လာသော နှုတ်ဆက်

www.burmeseclassic.com



စကားသံကြောင့် ခြေအစုံကိုရပ်ပြီး လှည့်ကြည့်လိုက်မိသည်။

"ဆရာ ကျွန်တော့်ကို မှတ်မိလား၊ ကျွန်တော် သစ်ကားမောင်း သမားလေ၊ ဖိုးလုံးလေးသေဆုံးမှုကြောင့် အရေးယူခံရပြီး လွတ်လာတာ"

"ဩော်..မှတ်မိပြီ..မှတ်မိပြီ၊ ကားဆရာ ကိုလှမောင်၊ ဒါနဲ့ မင်းအခု ဘာလာလုပ်တာလဲ၊ ဘာအလုပ်တွေ လုပ်နေလဲ"

"ဘာလာလုပ်တာလဲဆိုတာကို ဖြေရရင် ရွှေတိဂုံဘုရားမှာ သင်္ကန်း တစ်စုံဖိုး ရွှေသင်္ကန်းကပ်တာ၊ ဖိုးလုံးလေးကို ရည်မှန်းပြီး ဘုရားမှာ တစ်လတစ်ခါ လာလှူတာပါ ဆရာ၊ ဘာအလုပ်လုပ်သလဲဆိုတော့ အိမ်မှာ ထောင်ကထွက်လာကတည်းက လက်ဖက်ရည်ဆိုင်လေးနဲ့ ကုန်စုံဆိုင်လေး ဖွင့်ထားတယ်၊ သတိနဲ့ အသိ လက်မလွတ်အောင် ကျင့်ကြံနေတယ် ဆရာ"

"ဟုတ်တယ် ကိုလှမောင်၊ လူ တိုင်းဟာ သတိရှိဖို့လိုတယ်၊ သတိ တရားမရှိ ကိုယ်အလုပ်ပြီးရင် ပြီးရောလုပ်ကြလို့ တစ်ဖက်သားကို ထိခိုက်နစ်နာစေရင် မကောင်းဘူး၊ တချို့လူတွေက အတ္တကြီးတယ်၊ ကိုယ့်အတွက်သာ အဓိကဆိုပြီး လုပ်ကြကိုင်ကြတော့ လူတွေဟာ ကားမှောက်လို့သေ၊ ကားတိုက်လို့သေ၊ တိုက်နံရံပြိုကျလို့သေနဲ့ အမျိုးမျိုး မသေသင့်ဘဲ သေကုန်ကြရတာပဲလေ"

"ဟုတ်ကဲ့ပါ ဆရာ"

"ငါ့ကြောင့်၊ ငါ့ပေါ့ဆလို့ ဒီလူတော့ ဒုက္ခရောက်သွားပြီ၊ သေသွားပြီ၊ ငါလည်း ဥပဒေကပေးတဲ့



အဆုံးအမ၊ ပြစ်ဒဏ်ကို ခံယူပြီးပြီဆိုပြီး တချို့က တွက်ကြတယ်၊ ငွေပေးလိုက်ရင် ကျေအေးသွားတာပဲလို့ ထင်တတ်ကြတယ်၊ ဒါပေမဲ့ ဖိုးလုံးအမေ ဒေါ်သောင်းရင်ကိုကြည့်၊ သူ့အတွက် ငွေက အဓိကမကျခဲ့ဘူး၊ မလိုအပ်ဘူးဆိုတဲ့အသိ ရင်ထဲမှာ စွဲနေခဲ့တယ်၊ သေတဲ့အထိ ခံစားရခက်တဲ့ ပုံရိပ်တွေ ကျန်နေခဲ့တယ်၊ ဘယ်တော့မှ ပြီးဆုံးမသွားဘူး"

"ဟုတ်ပါတယ် ဆရာ၊ ဒါကြောင့်လည်း ကျွန်တော့်အနေနဲ့ မိသားစု၊ ဆွေမျိုးသားချင်းတွေ၊ မိတ်ဆွေတွေကို အလုပ်လုပ်တဲ့အခါ အသိတရား၊ သတိတရားရှိရှိလုပ်ဖို့ သွန်သင်နေပါတယ်"

"ဟုတ်ပါတယ် ကိုလှမောင်၊ ကျွန်တော့်အနေနဲ့ကတော့ ပြည်သူလူထုတစ်ရပ်လုံးကို အလုပ်လုပ်တဲ့အခါ၊ စီးပွားရှာဖွေတဲ့အခါ မိမိအတွက်ဖြစ်စေ၊ တစ်ပါးသူအတွက်ဖြစ်စေ အတ္တတွေ မများစေချင်ဘူး၊ သတိရှိရှိ လုပ်ကြ၊ ကိုင်ကြဖို့ အမြဲတိုက်တွန်းချင်တယ်၊ ကဲ.....ကိုလှမောင် ကျွန်တော် အလုပ်ရှိသေးလို့ ပြန်လိုက်ဦးမယ်၊ ကိုလှမောင်အနေနဲ့ ကျွန်တော့်ကိုယ်စား ပြည်သူတွေကို သင်ခန်းစာချပြပေးနိုင်မယ်လို့ ယုံကြည်တယ်"

ထိုသို့ပြောဆိုပြီးနောက် ကိုလှမောင်ကိုနှုတ်ဆက်ကာ ရွှေတိဂုံဘုရားပေါ်မှ ဆင်းလာခဲ့သည်။ အမြင်အာရုံဝယ် ဖိုးလုံးလေးအား သင်္ကန်းဝတ်ရုံ၍လည်းကောင်း၊ ဖိုးလုံး၏မိခင် ဒေါ်သောင်းရင်အား သောကြာထောင့်တွင် တရားဘာဝနာ ပွားများ၍လည်းကောင်း မြင်ယောင်နေမိပါတော့သည်။

**မောင်ပွင့်ဝေ (မြိတ်)**



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




## ကျွန်တော့်ဘဝ ဖြောင့်ခဲ့ပါကြောင်း

ဒုရဲမှူးကြီးဝင်းဦး (ငြိမ်း)

"လက်ဦးဆရာ မည်ထိုက်စွာ ပုဗ္ဗာစရိယ မိနှင့်ဖ"ဟူ၍လည်းကောင်း၊ "သားသမီးမကောင်း မိဘခေါင်း"ဟူ၍လည်းကောင်း၊ "အစကောင်းမှ အနှောင်းသေချာ" ဟူ၍လည်းကောင်း ဆိုရိုးစကားများ ရှိခဲ့ပါသည်။ ဆိုလိုသည်မှာ လူတစ်ဦးယောက်၏ ကောင်းကျိုးနှင့် ဆိုးကျိုးများသည် ထိုသူအား ကနဦး သင်ပြပေးသူများအပေါ်တွင် တည်မှီနေသည်ဟု ကျွန်တော် သဘောပေါက်ပါသည်။ ကျွန်တော်သည် မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် နှစ်ပေါင်း ၃၄နှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ပါသည်။ တာဝန်ထမ်းဆောင်စဉ် ကာလအတွင်း မိမိထက်သာလွန်သော ဆရာသမားများနှင့် တွေ့ကြုံခဲ့ရပါသည်။ ကျွန်တော်၏ ရဲလုပ်ငန်းလုပ်သက်တစ်လျှောက် ကြုံတွေ့ခဲ့ရသော ဆရာသမားများ၏ ကောင်းသည့်အကျင့်စရိုက်များကို မှတ်သားခဲ့ပြီး မိမိလုပ်ငန်းတွင် ထည့်သွင်းအသုံးပြုခဲ့ပါသည်။

ယခုမျက်မှောက်ခေတ် ရဲတပ်ဖွဲ့ဝင် ညီငယ်များအနေနှင့်လည်း မိမိတို့လုပ်သက်အလိုက် ညွှန်ပြသည့် ဆရာများရှိကြမည်ဖြစ်ပါသည်။ မိမိထက်တော်၍၊ တင(်)၍သာ ဆရာဖြစ်နေသည်ဟု မှတ်ယူကြစေလိုပါသည်။ ယခုတင်ပြ(မ)ည့် ကျွန်တော်၏ ဆရာသမားမ(များ) အနက် အသက်ရှင်ကျန်သူနှင့် (ကွယ်လွန်)သ ဆုံးသူဟူ၍ ခွဲခြားပြီး တင်ပြ(မ)ည် ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးဆန်ပြီး တင်ပြသည်ဟု မယူဆစေလို(ပ)ါ။ ဆရာများ၏ လမ်းညွှန်ပြသမှုမ(များ)ကြောင့် ကျွန်တော့်ဘဝ ဖြော(င့်)ခဲ့ရပါသည်။ ဆရာများ၏ လမ်းညွှန်ချက်များ၊ လုပ်နည်းကိုင်နည်း(မ)ျား ထဲမှ အသုံးတည့်မည့် ကောင်း(မွ)န်ရာရာအချက်များအား ရယူပြီး (မိ)မိဘဝ ဖြောင့်စေရေးအတွက် မျှဝေခံစားပေးခြင်းဖြစ်ပါသည်။



၁၉၇၈/၇၉ ခုနှစ်
အလုပ်သင် ဒုရဲအုပ်ကာ(လ)သ



www.burmeseclassic.com

www.burmeseclassic.com

တွင် ကျွန်တော်သည် ညောင်လေးပင်မြို့နယ်ရဲတပ်ဖွဲ့၌ စတင်တာဝန်ထမ်းဆောင်ခဲ့ရပါသည်။ ထိုအချိန်မှစ၍ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဆိုင်ရာ ဆရာသမားများအား စတင်တွေ့ကြုံခဲ့ရခြင်းဖြစ်ပါသည်။ ထိုအချိန်က ငွေကြယ်တစ်ပွင့်အောက်ခံတွင် အပြာရောင်အဝိုင်းဖြင့်ခံထားပြီး ယူနီဖောင်းအင်္ကျီပခုံးဒေါက်တွင် တပ်ဆင်ထားသူအား ရဲစခန်းမှူးအဖြစ် တာဝန်ပေးလေ့ရှိပါသည်။ ယခုခေတ်အခြေအနေအရ ရဲစခန်းမှူးများအားလုံးသည် ရဲအုပ်အဆင့် (သို့) ဒုတိယရဲမှူးအဆင့်များ ဖြစ်နေကြပါသည်။ ကျွန်တော် ပထမဦးစွာကြုံတွေ့ခဲ့ရသည့် ဆရာ ဒုရဲအုပ် (စခန်းမှူး) အောင်ငြိမ်းနှင့် ပတ်သက်၍ တင်ပြမည်ဖြစ်ပါသည်။



ကျွန်တော် ညောင်လေးပင်ရဲစခန်းရုံးသို့ ရောက်ရှိပြီး ရဲစခန်း၏ စတိုခန်းတစ်ခုတွင် သန့်ရှင်းရေးပြုလုပ်ပြီး မိမိနေရာထိုင်ခင်းအား ပြင်ဆင်နေထိုင်ရပါသည်။ လူပျိုလူလွတ်တစ်ဦးဖြစ်သဖြင့် သီးခြားအိမ်မရရှိပါ။ ရဲစခန်းမှူးရုံးခန်းနှင့် နံရံသာခြားပါသည်။

ထိုရဲစခန်းရုံး အဆောက်အအုံလေးမှာ ယခုအခါ မရှိတော့ပါ။ ကျွန်တော်ရောက်ရောက်ချင်း မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးတွင် သတင်းပို့ပြီး ရုံးလုပ်ငန်းတစ်လအား တွဲဖက်တာဝန်ထမ်းဆောင်ရပါသည်။ နံနက် ၉ နာရီ ရုံးသွား၍ နေ့ထမင်းစားချိန်တွင် မြို့ထဲရှိ ဒေါ်သိန်းသိန်း (ကွယ်လွန်)ထမင်းဆိုင်တွင် ထမင်းတစ်နပ်လျှင် နှစ်ကျပ်ပြားငါးဆယ်နှုန်း (ယခင်ကာလမှဈေးနှုန်းများဖြစ်ပါသည်)ဖြင့်စားပြီး လကုန်လျှင် ထမင်းစားသည့် နပ်ရေတွက်ချက်၍ ရှင်းပေးရပါသည်။ ထိုသို့ ရုံးတက်ရုံးဆင်း ရဲစခန်းရုံးမှတစ်ဆင့် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးသို့ ရုံးတက်နေသော်လည်း ကျွန်တော်အိပ်သည့် ရဲစခန်း၏ ဒုရဲအုပ် (စခန်းမှူး) အောင်ငြိမ်းအား တစ်ပတ်ကျော်သည်အထိ နေ့ဘက်တွင် မမြင်ဖူးခဲ့ပါ။ ကျွန်တော်က စာရေးကြီး တပ်ကြပ်ကြီး တင်အောင် (ကွယ်လွန်)အား "စခန်းမှူးက ဘယ်မှာလဲ"ဟု မေးမြန်းခဲ့ရာ စာရေးကြီးက "စခန်းမှူးက နေ့ဘက်မှာမရှိဘူး"ဟုသာ ပြောပါသည်။ စာရေးကြီးက ဘာမှ ဆက်မပြောတော့သဖြင့် ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



အနေနှင့် ဆက်လက် မမေးမြန်း တော့ပါ။ ရဲစခန်းလုပ်ငန်းများ အလုပ်သင်လျှင်တော့ တွေ့မှာ သေချာသည်ဟုပင် ယူဆထားပါ သည်။

တစ်ခါတစ်ရံ ရဲစခန်းရုံး ဝရန် တာရှိ ခုံတန်းလျားတွင် ထိုင်နေ တတ်သည့် တပ်ကြပ်ကြီး ထွန်းမြင့် (ငြိမ်း)၊ တပ်ကြပ် ရွှေသောင် (ငြိမ်း)၊ တပ်ကြပ်ကြီး ကိုမောင် (ကွယ်လွန်) တို့ကိုလည်း စခန်းမှူးကို မတွေ့ ဘူးကြောင်း ကျွန်တော် ပြောပြခဲ့ ပါသည်။ ဆရာကြီးများက "စခန်း မှူးက တွေ့ရမှာပါ"ဟု ပြုံးရယ်၍ ပြောကြပါသည်။

တစ်ခုလည်းသတိပြုမိသည်။ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးသို့ ပေးပို့သော အစီရင်ခံစာများတွင် စခန်းမှူး လက် မှတ်ထိုးရမည့် နေရာများ၌ အကူစာ ရေး ဒုတပ်ကြပ် သိန်းရွှေ (ကွယ် လွန်)က ကိုယ်စားထိုးပြီး ပို့ပေးနေ သည်ကိုလည်း အံ့သြစွာ တွေ့ရှိရပါ သည်။

ဤသို့နှင့် ကျွန်တော် ရဲစခန်း ရုံး စတိုခန်းတွင် တစ်နေ့သောည၌ အိပ်ပျော်နေစဉ် ည ၁၂ နာရီအချိန် ခန့်၌ တစ်စုံတစ်ဦးက ကျွန်တော့် လက်မောင်းကိုပုတ်ပြီး.....

"ဗိုလ်လေး....ထ...ထ"

ထိုသို့ပြော၍ အိပ်ရာမှထ လိုက်ရာ တပ်ကြပ်ကြီး ထွန်းမြင့် ဖြစ်နေပါသည်။ ကျွန်တော်က "ဘာ ဖြစ်လို့လဲ"ဟု မေးမြန်းလိုက်ရာ တပ် ကြပ်ကြီး ထွန်းမြင့်က.....

"ဗိုလ်လေး စခန်းမှူး မတွေ့ ဖူးဘူးဆို၊ အခုတွေ့ရမယ်၊ ကျွန် တော်ပြမယ်"

ထိုသို့ပြောသဖြင့် ကျွန်တော် လည်း အိပ်ရာမှ လူးလဲထလိုက်ရ သည်။ အိပ်ခန်းအပြင်ဘက် ရောက် သည့်အခါ တပ်ကြပ်ကြီး ထွန်းမြင့် က.....

"ဟိုသေတ္တာကြီးတွေပေါ်မှာ ကြိမ်လုံးကိုင်ပြီး ထိုင်နေတာ စခန်း မှူးပေါ့"

ကျွန်တော် ကြည့်လိုက်ရာ စာ ရေးကြီး ရဲတပ်ကြပ်ကြီး တင်အောင် ထိုင်သည့် စားပွဲဘေးတွင် သက် သေခံပစ္စည်းများထည့်သော သေတ္တာကြီးနှစ်လုံးအား တွေ့ရ၏။ ထိုသေတ္တာကြီးများပေါ်၌ အရပ် ဝတ်အင်္ကျီဝတ်လျက် အသားဖြူဖြူ မျက်နှာဝိုင်းဝိုင်း၊ ကိုယ်လုံးဝသော သူတစ်ဦးမှာ တင်ပျဉ်ခွေထိုင်နေ သည်ကို တွေ့ရသည်။ ၎င်းခရှ ကြမ်းပြင်ပေါ်တွင် လူငယ်တစ်ဦး ဆောင့်ကြောင့်ထိုင်နေသည်ကိုတွေ့ ရသည်။ ရဲစခန်းမှူးက ထိုလူငယ် အား.....

"မင်း ငါ့နယ်မြေထဲကို နောက် ထပ်လာဦးမှာလား"

ထိုလူငယ်က.....

"နောက်ကို မလာတော့ပ ဘူး ခင်ဗျာ"

"မင်း သေချာလို့လား"

"သေချာပါတယ်"

ဟု ပြန်ဖြေပါသည်။ ထိုလူ ငယ်က ထိုသို့ မလာတော့ပါဘူးဟု အကြိမ်ကြိမ်ဝန်ခံနေခဲ့သည်။ ကျွန် တော်က တပ်ကြပ်ကြီး ထွန်းမြင့် အား အသံတိုးတိုးဖြင့်.....

"အဲဒီ ဆောင့်ကြောင့်ထိုင် နေ တဲ့သူက ဘယ်သူလဲ"

"အဲဒါ ရထားခွေပေါ် မှာ

**သက်သေခံပစ္စည်းများ ထည့်သော သေတ္တာကြီးနှစ်လုံးအား တွေ့ရ၏။ ထိုသေတ္တာကြီးများပေါ်၌ အရပ်ဝတ်အင်္ကျီဝတ်လျက် အသားဖြူဖြူ မျက်နှာဝိုင်းဝိုင်း၊ ကိုယ်လုံးဝသော သူတစ်ဦးမှာ......**



www.burmeseclassic.com

www.burmeseclassic.com



သောင်းကျန်းနေတဲ့ ငတို (သူခိုး) တွေပေါ့၊ ဒီကောင်တွေက လစ်တာနဲ့ ခါးပိုက်နှိုက်တော့တာပဲ၊ ဒီညောင်လေးပင်ကမဟုတ်ဘူး၊ ဒိုက်ဦး၊ ပြွန်တန်ဆာ၊ ဖောင်တော်သီဘက်က ရထားတွေနဲ့ပါလာတဲ့ကောင်တွေ၊ စခန်းမှူးက ဒီကောင်တွေတွေ့ရင် ဒီလိုပဲ ရဲစခန်းခေါ်လာပြီး ပညာပေးနေတော့တာပဲ၊ ဒါ စောသေးတယ်၊ ဒီကောင့်ကို အချုပ်ထဲထည့်ပြီးရင် သူ့နယ်ထိန်းအဖွဲ့နဲ့ တစ်မြို့လုံးပတ်ဦးမှာ၊ သူမသင်္ကာတဲ့လူဆိုရင်တော့ ရဲစခန်းခေါ်လာပြီး စစ်ဦးမှာ၊ အဲဒါ မနက်မိုးလင်းတဲ့အထိ လုပ်မှာ''

ဒီတော့မှ ကျွန်တော်လည်း ရဲစခန်းမှူးကို နေ့လယ်ဘက်မတွေ့ရခြင်းအား ယခုမှ သဘောပေါက်မိပါတော့သည်။ ရဲစခန်းမှူးက တစ်ညလုံး နယ်ထိန်းအဖွဲ့နှင့် တစ်မြို့လုံးလှည့်ပတ်နေတော့ နေ့ဘက်မှာ အိပ်နေ၍ မတွေ့ခြင်းဖြစ်ပါသည်။ ကျွန်တော့်အနေဖြင့် ရဲစခန်းမှူးတစ်ဦးဟာ ဒီလောက်တောင် အလုပ်လုပ်ရသလားဟု ထင်မြင်မိသည်။

မကြာမီ ဆောင့်ကြောင့်ထိုင်နေသော လူငယ်အား အချုပ်တွင် ချုပ်ထားရန် ရဲတပ်ဖွဲ့ဝင်တစ်ဦးအား တာဝန်ပေးပြီးနောက် စခန်းမှူးက ပြောခဲ့သည်။

“ကဲ...တို့ မြို့မ ၄၊ မြို့မ ၅ ရပ်ကွက်တွေဘက် ထပ်ပတ်ကြမယ်၊ မှောင်ရိပ်ခို၊ မသင်္ကာတာနဲ့ ဆွဲပြီးခေါ်စစ်ကွာ''

ထိုသို့ပြောပြီး ၎င်းတပည့်များနှင့်အတူ ရဲစခန်းမှ ပြန်ထွက်သွားခဲ့သည်။ နောက်ပိုင်းတွင် ရဲစခန်း၌ ကျွန်တော်အိပ်၍မရတော့ပါ။ ည ၁၂ နာရီကျော်သည်နှင့် ရဲစခန်းမှူးနှင့်အဖွဲ့မှာ မြို့ထဲ၌ မသင်္ကာတွေ့ရှိသောသူတစ်ဦးဦးကို ရဲစခန်းခေါ်လာပြီး စစ်ဆေးနေမှုအား ကြိမ်ဖန်များစွာ မြင်တွေ့ရပါတော့သည်။ ကျွန်တော်က အိပ်မရသည့်အခါများတွင် တစ်ခါတစ်ရံ စစ်ဆေးသည့်အနားသွား၍ နားထောင်ပါသည်။ အိပ်ချင်သည့်အခါများတွင်လည်း နားပိတ်ပြီး ဖွတ်အိပ်လိုက်ပါတော့သည်။ ယခုတော့ ဆရာစခန်းမှူးလည်း ကွယ်လွန်သွားပြီ ဖြစ်ပါသည်။

ကျွန်တော် အလုပ်သင်တာဝန်ပြီးသည့်နောက် ထပ်မံပြောင်းရွှေ့လာသည့် စခန်းမှူးမှာ ဦးသန်းညွန့် ဖြစ်ပါသည်။ ကျွန်တော်နှင့် တွေ့ဆုံချိန်တွင် အသက် ၅၉ နှစ်ခန့်ရှိပြီး အငြိမ်းစားယူရန် နီးကပ်နေပြီဖြစ်သည်။ အသက်ကြီးပြီဖြစ်၍ ယူနီဖောင်းကိုတော့ သပ်ရပ်စွာဝတ်ဆင်မှု မတွေ့ရှိခဲ့ပါ။ ဗိုသီဖတ်သီပုံစံသာ ဝတ်သည်ကိုတွေ့ပါသည်။

သို့သော် နံနက် ၇ နာရီ မထိုးမီ ၎င်း၏ရုံးခန်းသို့ နာရီဝက်ခန့် ကြိုတင်ရောက်ပြီး လက်နှိပ်စက်အသေးလေးဖြင့် တဖြောက်ဖြောက် ရိုက်နေပါတော့သည်။ ဆရာ၏ လက်နှိပ်စက်ရိုက်သံကြောင့် ကျွန်တော်လည်း အိပ်မရတော့ပါ။ ဆရာစခန်းမှူးက ဘာတွေရိုက်နေတာလဲဟု စုံစမ်းသည့်အခါ အမှုနေ့စဉ်မှတ်တမ်း (Case Diary)ကို ကိုယ်တိုင်ရေးသား၍ ရိုက်ကြောင်း သိရှိရပါသည်။ လက်အောက်တပည့်များအား ရေးခိုင်းသည်ကို မတွေ့ရှိပါ။ သက်သေစစ်သည့်အခါ၌လည်း ၎င်း၏ရုံးခန်းထဲသို့ခေါ်ပြီး ကိုယ်တိုင်စစ်ဆေးသည်ကိုလည်း တွေ့ရှိရပါသည်။ ယခုခေတ် အချို့သော အမှုစစ်အရာရှိငယ်များသည် အမှုနေ့စဉ်မှတ်တမ်းများအား အခကြေးငွေပေး၍ ရေးသားခိုင်းခြင်း၊ အခင်းဖြစ်မြေပုံကြမ်းအား ကိုယ်တိုင်မသွားရောက်ဘဲ ဇနီးဖြစ်သူအား ရေးဆွဲခိုင်းခြင်းများကို ကျွန်တော် ခရိုင်ရဲတပ်ဖွဲ့မှူးတာဝန် ထမ်းဆောင်စဉ်က တွေ့ကြုံခဲ့ဖူးပါသည်။ ကျွန်တော်တို့စစ်ဆေးသည့် အမှုတွဲ၏ အမှုနေ့စဉ်မှတ်တမ်းများအား ထပ်ဆင့်လက်မှတ်ရေးထိုးရန် တင်ပြသည့်အခါ ချက်ချင်းမထိုးပါ။ ဖတ်ကြည့်ဦးမယ်ဟုပြောသဖြင့် ထားခဲ့ရပါသည်။ တစ်ခါတစ်ရံ အမှုစစ်များ၏ ရေး



www.burmeseclassic.com

www.burmeseclassic.com



သားချက်မမှန်ကန်ပါက အမှုနေ့စဉ်မှတ်တမ်းများအား လွှင့်ပစ်ပြီး ချက်ချင်းပြန်ရေးသားခိုင်းပါသည်။ အမှုနေ့စဉ်မှတ်တမ်းများ ပြန်ပေးသည့်အခါ၌လည်း လိုအပ်ချက်များကို ညွှန်ကြားလေ့ရှိပါသည်။

အမှုစစ်သည့်အခါများ၌လည်း တစ်ခါတစ်ရံ တရားခံကို အိမ်သို့ ခေါ်စစ်လေ့ရှိပါသည်။ အံ့ဩစရာကောင်းလှပါသည်။ မည်သူမျှ လုပ်ဝံ့မည်မဟုတ်ဟု ထင်ပါသည်။ သို့သော် တရားခံကိုတော့ လက်ထိတ်နောက်ပြန်ခတ်ထားပြီး လုံခြုံရေးတပ်ဖွဲ့ဝင်ကို အိမ်ရှေ့တွင်စောင့်ခိုင်းထားပါသည်။ တရားခံအား စခန်းမှူးက မတ်တတ်ရပ်ခိုင်းပြီး

"ဟေ့ကောင် မင်း ယောက်ျားမဟုတ်ဘူးလား၊ လုပ်ရဲရင် ခံရဲရမှာပေါ့"

ထိုသို့ပြောပါသည်။ တရားခံမှာလည်း လူသားတစ်ဦးဖြစ်သည့် အလျောက် ယခုကဲ့သို့ လက်ထိတ်ခတ်ခံထားရပြီး မတ်တတ်ရပ်နေရသည်ကို ရှက်ရွံမည်ဟု ထင်ပါသည်။ နောက်ဆုံးတွင် တရားခံကိုယ်တိုင်က.....

"ဆရာရယ် ဆရာမေးတာကို အမှန်အတိုင်း ပြောပါတော့မယ်"

"အေး.....ဒီလိုမှပေါ့"

ဟုပြောပြီး တရားခံအားပြန်ချုပ်ထားလိုက်ပါသည်။

တစ်ခါတစ်ရံ မစူးမစမ်း ဖွတ်တရွတ် ပြုလုပ်သည်များလည်းကြုံတွေ့ရဘူးပါသည်။ တစ်ခါက ရဲ စခန်းစာရေးကြီး ရဲတပ်ကြပ်ကြီး တင်အောင်ရှေ့တွင် လူတစ်ဦးထိုင်နေပြီး စာရေးကြီးနှင့် စကားပြောနေသည်။ ထိုအချိန် စခန်းမှူးမှာ မြို့ထဲမှပြန်လာပြီး စခန်းပေါ်ရောက်သည်နှင့် စာရေးကြီးရှေ့မှလူအား လှမ်းပြောပါတော့သည်။

"မင်း ဘာလာရှုပ်ပြန်ပြီလဲ၊ မင်း ထောင်ကျမှအေးမယ်"

ထိုသို့ပြောဆိုပြီး ထိုလူအား လက်ဝါးနှင့်ရိုက်ရန် ရွယ်လိုက်၍ ကျွန်တော်နှင့် စာရေးကြီးတို့က ဝိုင်းဆွဲထားရပါသည်။ ထို့နောက် စာရေးကြီးက စခန်းမှူးအား.....

"ဆရာ သူက သူ့အိမ်က ပစ္စည်းပျောက်လို့ လာတိုင်တဲ့သူပါ"

ထိုသို့ပြောသည့်အခါကျမှ ဆရာစခန်းမှူးက.....

"မသိဘူးလေကွာ၊ ငါက တရားခံအောက်မေ့လို့၊ တရားခံ မဟုတ်ဘူးလား"

ထိုသို့ပြောပြီး သူမဟုတ်သလို နေနေပါတော့သည်။ ဤကဲ့သို့ ဖွတ်တရွတ် လုပ်တတ်သည်များလည်း ရှိခဲ့ဖူးပါသည်။

သို့သော်လည်း ဆရာမှာ အောက်လက်တပည့်များအပေါ်တွင် အခါအားလျော်စွာ ကြုံတွေ့ခဲ့ရသည့် အမှုဖြစ်စဉ်များ၏ သာဓကပြုပြီး သတိပြုနိုင်ရန်ပြ ပြလေ့ရှိပါသည်။ ကျွန်တော်၏ အနေဖြင့် တမေ့တမော နားထော မှတ်သားခဲ့ရပါသည်။ ယခုတော ဆရာ ဦးသန်းညွှန့်လည်း မရှိတော ပါ။ ကွယ်လွန်သွားပြီဖြစ်ပါသည် သို့သော် ကျွန်တော့်ရင်ထဲတွ ဆရာ၏ပုံရိပ်များက ယနေ့တို ထင်ကျန်နေဆဲဖြစ်ပါသည်။

ဆရာဦးသန်းညွှန့် အငြိမ်းစား ယူသွားပြီးနောက် ထပ်မံပြောင်း ရွှေ့ရောက်ရှိလာသူမှာ ဆရာဦးစိ ညွှန့် (ရဲမှူး၊ ငြိမ်း)ဖြစ်ပါသည် ဆရာ ပြောင်းရွှေ့ရောက်ရှိလ ချိန်တွင် အသက် ၅၀ ခန့်ရှိမည် ထင်ပါသည်။ ဆရာ့အား ရုပ တရက်ကြည့်ပါက ရုပ်ရှင်မင်းသား ရွှေဘနှင့်ဆင်ပါသည်။ အရ ထောင်ထောင်မောင်းမောင်းနှ ယူနီဖောင်းအား သပ်ရပ်စွာ ဝင ဆင်တတ်သူဖြစ်သည်။ ရဲစခန်း ရောက်သည်နှင့် တပ်ကြပ်ကြီး စာရေး တင်အောင်အား.....

"စာရေးကြီး မနက် ရ နာ တန်းစီတဲ့အခါ ကျွန်တော်တန်း လာတဲ့အထိ စောင့်ပါ၊ ကျွန်တော တန်းစီမလာနိုင်ရင် အိမ်ကကလေး တစ်ယောက်ကို ပြောခိုင်းလိုက မယ်"

ဟု ညွှန်ကြားခဲ့ပါသည်။ င



www.burmeseclassic.com

www.burmeseclassic.com



သို့ပြောပြီးသည့်နောက် နံနက် ၇ နာရီ တန်းစီသည့်အခါ စာရေးကြီး ဦးတင်အောင်က စခန်းမှူးမလာမချင်း ကျွန်တော်တို့အား တန်းစီမဖြုတ်ပါ။ စခန်းမှူးအိမ်ဘက်သို့ ခဏခဏမျှော်ကြည့်ပြီး ထွေရာလေးပါး ပြောဆိုနေရပါသည်။ ကျွန်တော်တို့ကလည်း စခန်းမှူး မြန်မြန်လာပါစေဟု စိတ်ထဲမှ ဆုတောင်းရင်း စခန်းမှူးအိမ်ဘက်သို့ ခဏခဏမျှော် ကြည့်ပြီး မတ်တတ်ရပ် လျက် စောင့်နေကြရပါသည်။

ဟော.....လာပါပြီ။ စခန်းမှူးမှာ ယူနီဖောင်းဝတ်လျက် တန်းစီသည့်ဘက်သို့ လာနေသည်ကို ခပ်လှမ်းလှမ်းမှ တွေ့ရပါသည်။ ကျွန်တော်တို့တန်းစီသည့်နေရာအနီးသို့ ရောက်သည့်အခါ နှုတ်မှ လှုပ်စိလှုပ်စိနှင့် တစ်ခုခုရွတ်ဆိုနေပြီး တန်းစီသည့်နေရာကို တစ်ချက်ကြည့်၍ ရဲစခန်းရုံးပေါ်သို့ တက်သွားသည်။ စခန်းမှူးရုံးခန်းအတွင်းသို့ ခဏဝင်သွားသည်ကိုတွေ့ရပြီး ဆယ်မိနစ်ခန့်အကြာမှ အခန်းထဲမှ ပြန်ထွက်လာကာ ကျွန်တော်တို့ တန်းစီသည့် နေရာသို့ ရောက်လာသည်။ ထိုအခါ စာရေးကြီးက တန်းအပ်ပါသည်။ ထို့နောက် စခန်းမှူးက....

“စာရေးကြီး မြို့နယ်မှူးရုံးက ဘာစာတွေဝင်သေးလဲ”

ထိုသို့မေးရာ စာရေးကြီးက ညွှန်ကြားချက် ထူးခြားမှုမရှိကြောင်း၊ ပြစ်မှုပုဒ်မ ၄၀၆နှင့် အမှုဖွင့်နိုင်ရန် တာဝန်မှူးရေးထားသည့် တိုင်ချက်မူကြမ်းအား စားပွဲပေါ်သို့တင်ထားကြောင်း သတင်းပို့ပါသည်။

ထိုအခါမှ စခန်းမှူးက ညအချိန် နယ်ထိန်းလှည့်ကင်းများ ရပ်ကွက်အလိုက် စိုးမိုးလှုပ်ရှားကြရန်၊ အထူးသဖြင့် မီးရထားဘူတာရုံဘက်သို့ လှည့်ကင်းများ သွားရောက်ရန်နှင့် ရထားဆိုက်ချိန်များတွင် အသွင်ယူစောင့်ကြည့်ကြရန်၊ တာဝန်မှူးများ အချုပ်ဆောင်ကို ညဉ့်နက်ပိုင်း၌ ကင်းမပျက်မကွက် စစ်ဆေးကြရန်၊ လက်ကျန်အမှုများ အမြန်စစ်ဆေးကြရန် ညွှန်ကြားပြီး တပ်ဖွဲ့ဝင်များအား သတင်းပို့ရန် ရှိ/မရှိ မေးမြန်းပြီးနောက် တန်းဖြုတ်ပါသည်။ နံနက် ၇ နာရီ တန်းစီသည့်အခါတိုင်း စခန်းမှူးသည် အမြဲတမ်း ကိုယ်တိုင်လာရောက် တန်းစီညွှန်ကြားသည်ကို ရဲစခန်းတွင် တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း သတိပြုမိခဲ့ပါသည်။

**တိုင်ချက်ရေးဖွင့်ခြင်းနှင့်**
**ပတ်သက်၍**
**ပညာပေးသင်ပြခဲ့ပါသည်။**
**အမှုဖွင့်နိုင်သော**
**ရဲစခန်းတိုင်းတွင်**
**ရဲစခန်းမှူး**
**တာဝန်ယူကြသူများမှာ**
**အလုပ်တာဝန်များဖြင့်**
**မအားမလပ်ရှိကြပါသည်။**
**နေ့စဉ်ရဲစခန်းသို့လာ**
**ရောက်တိုင်ကြားကြသော**
**မှုခင်းများနှင့်ပတ်သက်၍....**

ထို့ပြင် ဆရာစခန်းမှူးက ကျွန်တော်တို့အား ကျင့်ထုံးဥပဒေ ပုဒ်မ ၁၅၄အရ တိုင်ချက်ရေးဖွင့်ခြင်းနှင့် ပတ်သက်၍ ပညာပေး သင်ပြခဲ့ပါသည်။ အမှုဖွင့်နိုင်သော ရဲစခန်းတိုင်းတွင် ရဲစခန်းမှူး တာဝန်ယူကြသူများမှာ အလုပ်တာဝန်များဖြင့် မအားမလပ်ရှိကြပါသည်။ နေ့စဉ် ရဲစခန်းသို့ လာရောက်တိုင်ကြားကြသော မှုခင်းများနှင့် ပတ်သက်၍ တာဝန်မှူးနှင့် တပ်ကြပ်ကြီးစာရေးတို့ကသာ အများအားဖြင့် လက်ခံပြီး ပုံ တင် ၂၀တွင် ရေးဖွင့်၍ ရဲစခန်း

www.burmeseclassic.com



မှူးထံ တင်ပြကြပါသည်။ ဆရာဦးစိန်ညွန့် ရောက်ရှိလာသည့်အခါတွင် တိုင်ချက်များကို စခန်းမှူးကိုယ်တိုင် တည်းဖြတ်ပြီးမှ စာရေးကြီးက မှတ်ပုံတင် ၂၀ တွင် ရေးသွင်းရပါသည်။ တာဝန်ပေးမည့် အမှုစစ်ကိုလည်း စခန်းမှူးကပင် ရွေးချယ်တာဝန်ပေးအပ်ပါသည်။ အလှည့်ကျပေးသည့်စနစ် မပြုလုပ်ခဲ့ပါ။ ဆရာစခန်းမှူး ပြောကြားခဲ့သည့် စကားများကို အမှတ်ရမိခဲ့ပါသည်။

"ရဲစခန်းမှာ တိုင်ချက်ကိုယ်တိုင်ယူရမှာက ရဲစခန်းမှူးဖြစ်တယ်လို့ ဥပဒေက ပြဋ္ဌာန်းထားတယ်၊ တို့ရဲစခန်းတော်တော်များများက တာဝန်မှူး၊ စာရေးကြီးတို့ ရေးထားတဲ့ တိုင်ချက်အကြမ်းတွေကိုပဲ အများအားဖြင့် ရေးဖွင့်နေကြတယ်၊ အမှန်ကတော့ အဲဒီတိုင်ချက်အကြမ်းကို စခန်းမှူးကိုယ်တိုင် ဖတ်သင့်ပြီး ပြုပြင်သင့်တယ်"

စခန်းမှူးက သူ့စကားကို ကျွန်တော်တို့ စိတ်ဝင်စားမှုရှိ၊ မရှိ တစ်ချက်အကဲခတ်လိုက်ပြီးမှဆက်ပြောခဲ့သည်။



"တိုင်ချက်အကြမ်းယူသူက ဥပဒေနဲ့အညီ ယူထားတာ မှန်ပေမယ့် စခန်းမှူးလုပ်တဲ့လူဟာ တိုင်ချက်အကြောင်းအရာကို မဖြစ်မနေ ဖတ်ပြီး တည်းဖြတ်သင့်တယ်၊ ဒါမှလည်း တိုင်ချက်အကြမ်းယူတဲ့သူက သူရေးယူထားတဲ့ တိုင်ချက်အကြမ်းဟာ စခန်းမှူးက ပြင်ပေးရတယ်ဆိုတဲ့ အသိဝင်မယ်၊ တကယ်လို့ ဘာမှမပြင်ဘဲ ရေးဖွင့်လိုက်ရင် တိုင်ချက်အကြမ်းယူသူက စခန်းမှူးကို အထင်သေးပြီး သူ့ကိုယ်သူ အထင်ကြီးသွားလိမ့်မယ်၊ အဲဒါကြောင့် တိုင်ချက်အကြမ်းကို စခန်းမှူးကိုယ်တိုင်ဖတ်ရှုတည်းဖြတ်ပြီး မည်သည့်ပုဒ်မနှင့် ရေးဖွင့်ရန်ကိုပါ တစ်ပါတည်း မှတ်ချက်ပေးရမယ်၊ စာရေးကြီးနဲ့တာဝန်မှူးတို့ဟာ တိုင်ချက်ရေးဖွင့်နိုင်သူမဟုတ်ဘူး၊ စခန်းမှူးညွှန်ကြားချက်ရမှ မှတ်ပုံတင် ၂၀မှာ ရေးကူးပြီး ဖွင့်ရတယ် ဆိုတာ သဘောပေါက်ဖို့လိုတယ်"

ထိုသို့ ရှည်လျားစွာ ရှင်းပြဘူးပါသည်။ ကျွန်တော်ကိုယ်တိုင် စခန်းမှူးတာဝန် ထမ်းဆောင်ခဲ့ရသည့် ကာလများတွင် ဆရာညွှန်ကြားပြသခဲ့သည့်အတိုင်း အနီးစပ်ဆုံး အရေးယူ ဆောင်ရွက်ခဲ့သည်။

တရားခံများ စစ်ဆေးသည့် အခါ၌လည်း ကျွန်တော်တို့က တရားခံအား ချော့တစ်ခါ၊ ခြောက်တစ်လှည့် ဖြင့် ကြင်နာစွာ စစ်ဆေးလေ့ရှိကြပါသည်။ အထူးသဖြင့် ခိုးမှုတရားခံများမှာ လွယ်လွယ်ကူကူ ဝန်ခံလေ့မရှိကြပါ။ ထိုသို့ ခိုးမှုတရားခံများကို ကျွန်တော်တို့က ဖေးဖေးမမနှင့် စစ်ဆေးနေချိန်အခါများတွင် ဆရာစခန်းမှူး ရောက်ရှိလာတတ်သည်။ ကျွန်တော်တို့ စစ်ဆေးနေသည်ကို ခါးထောက်ရပ်ကြည့်ပြီးနောက်.....

"မင်းတို့ ဘေးမှာ[illegible] နေ"



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောပြီး တရားခံ၏ နောက်ကျောမှနေ၍ ပခုံးကိုကိုင်ဆွဲပြီး ကျောပြင်ကို ဒူးနှင့်တိုက်လိုက်သည့်အခါ တရားခံမှာ ခွေကျသွားတတ်ပါသည်။ ထိုအခါမှ.....

"ကဲ.....မင်းတို့ ဆက်စစ်ကြတော့၊ မင်းတို့လုပ်လို့ တရားခံ တစ်ခုခုဖြစ်ရင် ငါလည်းခံရမှာပဲ၊ အဲဒီတော့ ငါမလုပ်လိုက်ရမှာစိုးလို့ ငါဝင်လုပ်ပြတာ၊ မင်းတို့ဆက်လုပ်တော့"



ဟုပြောပြီး ထွက်သွားပါတော့သည်။ ကျွန်တော်တို့ကတော့ ခွေကျနေသော တရားခံအား ဆက်ပြီးပြုစုကြရပါတော့သည်။

အမှုများ စုံစမ်းစစ်ဆေးရန်ရှိသည့် တရားခံဖမ်းဆီးခြင်းလုပ်ငန်းများ၌လည်း ကိုယ်တိုင်လိုက်ပါ၍ ဝင်ရောက်ဖမ်းဆီးသည်ကို သတိပြုမိပါသည်။ တောရွာများသို့ဆင်းသည့်အခါ ကျန်သည့်အမှုစစ်၊ နယ် ထိန်းအဖွဲ့များကိုပါခေါ်ပြီး စုပေါင်း၍ လိုက်ပါဆောင်ရွက်လေ့ရှိသည်ကို အမှတ်ရမိပါသည်။

ယခု ကျွန်တော်ကြုံတွေ့ခဲ့ရသည့် စခန်းမှူးများအနက် စခန်းမှူး ဦးစိန်ညွှန့် (ရဲမှူး၊ ငြိမ်း)တစ်ဦးသာ ကျန်ရှိပြီး ကျန်သည့် ဆရာ စခန်းမှူး ဦးအောင်ငြိမ်း၊ ဦးသန်းညွှန့်တို့မှာ ကွယ်လွန်သွားခဲ့ကြပြီ ဖြစ်ပါသည်။ ဆရာစခန်းမှူးများ၏ လုပ်နည်းလုပ်ဟန်၊ ရဲလုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ ဖော်ပြရပါလျှင် ဆုံးအံ့မည်မထင်ပါ။ ကျွန်တော့်အနေဖြင့် မှတ်သားထားသည့် စခန်းမှူးများ၏ အမူအကျင့်များ၊ လုပ်နည်းလုပ်ဟန်များကိုပါ တစ်ခါတည်း အသည်းစွဲ မှတ်သားခဲ့ပါသည်။ မိမိကိုယ်တိုင်ရဲစခန်း မှူးဖြစ်လာသည့်အခါတွင်လည်း ဆရာတို့၏ ဂုဏ်ပုဒ်များကို ဖော်ပြပြီး လုပ်နည်းလုပ်ဟန်များအတိုင်း လုပ်ကိုင်ဆောင်ရွက်ခဲ့သဖြင့် မိမိဘဝတွင် ဖြောင့်တန်းအောင်မြင်မှုများ ရရှိခဲ့ပါသည်။ ကျွန်တော်တို့ ကြုံတွေ့ခဲ့ရသည့် ရဲစခန်းမှူးများသည် အသက်အရွယ်အားဖြင့် ၅၀ ကျော် ၆၀ နီးပါး ပတ်ဝန်းကျင်တွင် ရှိပြီး ရဲလုပ်ငန်းသက်သက်အား ကျွမ်းကျင်စွာ လုပ်ကိုင်နိုင်ကြသော အရာရာကို စဉ်းစားတွေးခေါ်၍ လုပ်ကိုင်တတ်ကြပါသည်။

ယခုခေတ် ရဲစခန်းမှူးများသည် အများအားဖြင့် အသက်ငယ်ရွယ်သူများ ဖြစ်ပြီး ဖျတ်လတ်တက်ကြွသူများဖြစ်ကြပါသည်။ ၎င်းတို့သည်လည်း သင်ကြားပြသပေးခဲ့သည့် ရဲတပ်ဖွဲ့ဆိုင်ရာ ဆရာများကိုပင် ရှိကြမည်ဖြစ်ပါသည်။ အချို့သော တပည့်များသည် ဆရာထက်တော်သူများလည်း ရှိနိုင်ပါသည်။ အား သင်ကြားခဲ့သည့်ဆရာ ဆရာအဖြစ် အသိအမှတ်ပြု သူ



www.burmeseclassic.com


www.burmeseclassic.com



များ၊ မိမိလောက် ရာထူးမကြီးမြင့်ဟု ယူဆပြီး ဘဝင်မြင့်နေသူများလည်းရှိကောင်းရှိနိုင်ပါသည်။ မိမိ၏ အတိတ်ကုသိုလ်ကံကြောင့်လည်းကောင်း၊ လုပ်ငန်းစွမ်းရည်ထက်မြက်မှုကြောင့်လည်း ကောင်း တိုးတက်မြင့်မား နေ သူများလည်း ရှိကြပါသည်။ "ငါ့ကုသိုလ်ကံနဲ့ငါရတာပဲ" ဟု ယူဆမှတ်ယူနေသူများလည်း ရှိနိုင်ပါသည်။ ဤနေရာတွင် ကျွန်တော်ကြားဖူးသော ပုံပြင်တစ်ပုဒ်အား သတိတရ တင်ပြချင်ပါသည်။

ရှေးယခင်က ဘုရင်တစ်ပါးသည် သစ်ပင်အောက်မှ ဖြတ်လျှောက်သည့်အခါ သစ်ပင်ပေါ်ရှိ ပုတ်သင်ညိုတစ်ကောင်က အမြန်ဆင်းလာပြီး ထိုဘုရင်အား ခေါင်းညိတ်အရိုအသေပြုခဲ့ပါသည်။ ကြိမ်ဖန်များစွာ ဘုရင်ကိုယ်တိုင်ဖြတ် လျှောက်သည့်အခါတိုင်း ထိုကဲ့သို့ပင် ပုတ်သင်ညိုက သစ်ပင်ပေါ်မှ အမြန်ဆင်းပြီး အရိုအသေပြုခဲ့ပါသည်။ ဘုရင်အနေဖြင့် မိမိအား ရိုသေခြင်း၊ လေးစားခြင်းများကြောင့် ချီးမြှောက်သည့်အနေဖြင့် မိမိလက်တွင် ဝတ်ထားသော နဝရတ်လက် စွပ်အား ပုတ်သင်ညိုခေါင်းသို့ ဆွဲချိတ်ချီးမြှင့်ပေးလိုက်ပါသည်။

ထိုသို့ လက်စွပ်ဆွဲပေးလိုက်သည့်နေ့မှစ၍ ပုတ်သင်ညိုမှာ ဘုရင်ဖြတ်လာသည့်အခါတွင် သစ်ပင်ပေါ်မှဆင်းပြီး အရိုအသေမပြုတော့ပါ။ ထိုအခါ အခြားပုတ်သင်ညိုများက သင်သည် ယခင်က



ဘုရင်လာသည့်အခါတိုင်း အရိုအသေပြုပြီး ယခု ရွှေလက်စွပ်ဆွဲပေးမှ ဘာဖြစ်လို့ အရိုအသေမပြုတာလဲဟု မေးမြန်းရာတွင် ထိုပုတ်သင်ညိုက ငါရွှေလက်စွပ်ရတာ ငါ့ကုသိုလ်ကံနဲ့ငါရတာဟု ပြန်ပြော ခဲ့ပါသည်။ ပုံပြင်ကတော့ ဤမျှသာ ဖြစ်ပါသည်။ တစ်နည်းအားဖြင့် မိမိအား ထောက်ခံ ပညာအမွေပေးခဲ့ကြသည့် ရဲပညာရပ်ဆိုင်ရာဆရာများ၏ ဂုဏ်ကျေးဇူးကို အမြဲတစေ အမှတ်ရ အသိအမှတ်ပြုနေကြရမည်ဖြစ်ပါသည်။

ကျွန်တော့်အနေဖြင့် နိဂုံးချုပ်တင်ပြချင်သည်မှာ မိမိတို့အား သင်ကြားပြသခဲ့သော ရဲလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်သည့် ဆရာသမားများ၏ လုပ်နည်းလုပ်ဟန်များ၊ အဆိုအမိန့်များ၊ အမှုစုံစမ်းစစ်ဆေးဖော်ထုတ်သည့် နည်းလမ်းများ၊ လက်အောက်ငယ်သားများအပေါ် အုပ်ချုပ်သည့်နည်းလမ်းများကို ရွေးထုတ်အမှတ်ရစေပြီးမိမိ၏ လုပ်ငန်းတွင် ပေါင်းစပ်၍ ကျင့်သုံး သွားကြစေလိုပါသည်။ သို့မှသာ သင်ဆရာတို့၏ ဂုဏ်ကျေးဇူးများကို အောက်မေ့သတိရပြီး "ဆရာကောင်း တပည့်ပန်းကောင်း ပန်ကြမည့် တပည့်ကောင်းများ"ကဲ့သို့ ဘဝလမ်းကြောင်းလည်း ဖြောင့်လာကြမည်ဟု ယုံကြည်ကိုးစားမိပါတော့သည်။

(သင်ဆရာ၊ မြင်ဆရာအားလုံးအား အမှတ်ရ ဂါရဝပြုလျက်)

**ဒုရဲမှူးကြီးဝင်းဦး (ငြိမ်း)**



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com





## လျှို့ဝှက်မှတ်တမ်း

ရှင်လွန်းမယ်

"ဒါဘယ်လောက်လဲဟင်"

မေးခွန်းသံနှစ်ခုသည် တစ်ပြိုင်နက်တည်း၊ တစ်ချိန်တည်းတွင် ထွက်ပေါ်လာခဲ့သည်။ စာအုပ်ပေါ် ရောက်ရှိသွားသည့် လက်နှစ်ဖက်ချင်းလည်း ထိခတ်သွားခဲ့သည်။

"ဟင်....."

"ဩော်....."

သူမ မော့ကြည့်လိုက်သောအခါ စူးရှသော မျက်ဝန်းတစ်စုံက မုန်းတီးမှုများဖြင့် ပြောင်းလဲသွားကာ ဆတ်ခနဲ လှည့်ထွက်သွားသည်။ အမျိုးသမီးကြီးသည် 'ရွှေရည်သွန်းခ'၏ မိခင်ပင်ဖြစ်သည်။ ထိမိသွားသည့် လက်ကို အထပ်ထပ် အခါခါ ပွတ်သပ်သွားသည်။

အရောင်းစာရေးမလေးကိုပြုံး ပြလိုက်ရင်း သူမ လှည့်ထွက်လိုက်သည်။ အနောက်ဘက်ဆီမှ မယူတော့ဘူးလားဆိုသော မေးခွန်းကို ပင် မဖြေနိုင်တော့ပေ။ ဤဒဏ်ကိုတော့ သူမ တစ်သက်လုံး ခံရဦးမည်။

♛♛♛♛♛

"ဘာရယ်....."

ကြားလိုက်ရသည့်စကားများ



ကို မယုံနိုင်လွန်းသဖြင့် လက်ငေ
ကချိန်ခွက်သည် အောက်သို့လွင
ကျသွားသည့်အထိ။ ဓာတုဗေ
ထုတ်ဖော်ပုံများကို လိုက်ကူးြ
မှတ်ကြနှင့် တိတ်ဆိတ်နေသေ
အချိန် သူမလက်ထဲမှ ချိန်ခွ
လွတ်ကျသံသည် ကျယ်လောင်စွ

"ဘယ်လိုဖြစ်တာလဲ ကြူ
ပြာချို"

ဟု ဆရာမက လှမ်းမေး
သည့်အထိ ဖြစ်သွားတော
သည်။ သူမက ရယ်ကျ
ကျဲနှင့် ခေါင်းယမ်းပြသေ
အခါ ဆရာမက ဖြစ်
မယ်ဟူသော အမူက်မ
သည့် မျက်စောင်းထိုးရင်
ဝိုက်ဘုတ်ပေါ်တွင် စ
ဆက်ရေးနေသဖြင့်
အရာရာတိုင်းသည် ရယ်
မောသံ၊ စကားသံများနှင့်
ပြန်လည်အသက်ဝင်နေခဲ့
တော့သည်။ သူမသည်ကို

www.burmeseclassic.com

မေး ခွန်းပါသောအကြည့်နှင့် လှည့်ကြည့်လိုက်သည်။

“နင်ကလည်း အလန့်တကြားနဲ့၊ နောက်မှမေးတော့၊ ဟိုမှာ ဆရာမ စာရှင်းတော့မယ်”

စာထက်စိတ်ဝင်စားစရာကောင်းနေသော သဋ္ဌာ့စကားကြောင့် ဆရာမ ဘာစာတွေရှင်းသွားသလဲဆိုတာ မသိတော့ပေ။

နောက်မှမေးဟုပြောသော သဋ္ဌာကလည်း အလောတကြီးနှင့် ပြန်သွားသဖြင့် သူမ မေးတာကို မဖြေသွားချေ။ ဤအရာသည် သေချာရဲ့လားဟူသော အတွေးဖြင့် စိတ်သည် မငြိမ်သက်နိုင်ချေ။ ညနေဘက်တွင် ကျူရှင်သင်နေရပေမယ့် စိတ်ထဲတွင် မပျော်ချေ။ သူမအပေါ် နားလည်နိုင်သူတစ်ယောက်ယောက်၊ အထူးသဖြင့် မိန်းမအဖော် တစ်ယောက်ယောက်ထံတွင် ငိုချလိုက်ချင်သည်၊ ရင်ဖွင့်လိုက်ချင်သည်။

ည ၉ နာရီ ကလေးများကို စာပြပြီးသောအခါ အပြန်လာကြို သူက ‘သူ’ဖြစ်နေသည်။ မတွေ့ရသည့်ရက်က တော်တော်များနေပြီမို့ သူ့ပုံစံက ပြောင်းလဲသွားသလိုလို။

“လက်ဖက်ရည်ဆိုင်ကအပြန် နင်မပြန်လောက်သေးဘူးထင်လို့ ဝင်ကြိုတာလေ”

နင် ငါ့ကို သတိရသေးတယ်ပေါ့ ဟုတ်လား ကျော်။ တစ်ချိန်တုန်းက နင့်ဆီက ယုယကြင်နာမှုကို ရူးသွပ်ခဲ့ဖူးပေမယ့် အခုအချိန်မှာတော့ ငါ့ကို ဥပေက္ခာတွေပဲပေး



ပါတော့ ကျော်ရယ်။ တဖြည်းဖြည်းနဲ့ ရုန်းထွက်လို့မရအောင် ချည်နှောင်နေတဲ့ ဒီသံယောဇဉ်တွေကို တစ်နေ့ နင်ထားသွားမယ့်အချိန် ငါ ပိုပြီး ခံစားရမှာစိုးလို့ပါဟာ။

မတွေ့ရတာ ကြာပြီ။ တွေ့ပြန်တော့ သူမက စကားနည်းသွားတယ်ဟု သူက သတိတရဆိုလာသည်။ သူမက အင်းအဲမလုပ်ဘဲ ငြိမ်သက်နေမိသည်။ သူ့ဘက်ကတော့ ဟိုအရင်လို မပြောင်းလဲဘူးဆိုရင် သူမဘက်ကကော.....။

သူမကိုယ်တိုင်လည်း ရင်ထဲတွင် တအုံနွေးနွေးဖြစ်နေသည်။ သို့သော် သိချင်စိတ်ကလည်း ကြီးနေသည်။ ဤကိစ္စကို မသိရပြန်လျှင် ညဘက်တွင် အိပ်ပျော်ပါ့မလား မသိချေ။ ထို့ကြောင့် မေးလိုက်သောအခါတွင်.....

“နင်တောင် ရိုပ်မိနေပြီဟုတ်လား၊ ငါ့အမူအရာတွေက အဲဒီလောက် သိသာနေသလား၊ ဟုတ်တယ် ချို၊ ငါ သွန်းခကို.....”

“ရပြီ.....”

ဆက်လာမည့်စကားကိုမကြားရဲစွာ ဖြတ်လိုက်ပြီး ချာခနဲလှည့်ထွက်၍ တံခါးတွန်းဖွင့်ဝင်လိုက်ချိန် ပါးပြင်၌ ပြိုဆင်းနေသော မျက်ရည်တွေက အဆက်မပြတ်။ ကျော်က နားမလည်သလို ကြည့်နေမလား။ ဟင့်အင်း..တစ်ချက်လောက် မသိသလို နေပေးစမ်းပါ။

♛♛♛♛♛

ဘဝချင်းမတူရင် ခံယူချက်ချင်း မတူချေ။ ခံယူချက်ချင်း မတူ



www.burmeseclassic.com

www.burmeseclassic.com



ရင် ရည်မှန်းချက်ပန်းတိုင်ချင်း လည်း မတူချေ။ ရှုန်းကန်ခဲ့ရသော သူ့မဘဝက နာကြည်းစရာတွေ ပြည့်နှက်စွာ။

မိုးစက်ပေါက်များကို လိုချင်သူက ပပ်ကြားအက်တဲ့ မြေကြီးတွေပါ။ မျက်နှာလိုက်စွာ ရွာသွန်းသောမိုးများက ပပ်ကြားအက်တဲ့ မြေကြီးတွေကိုလွှန်ပြီး စိမ်းလန်းတဲ့ တောအုပ်ဆီ ရွာချသတဲ့။ မလိုလျှင် ပိုတတ်သော လောကကြီးထဲတွင် မွေးဖွားလာသူက သူမ။

ဆယ်တန်းအောင်စာရင်းထွက်တဲ့နေ့မှာ သူက ဘာလုပ်မယ်၊ ငါက ဘာတက်မယ်လို့ အလုအယက်ပြောနေကြချိန်မှာ ကြည်ပြာချိုဆိုတဲ့ သူမကတော့ ဘာကိုမှ ထုတ်ဖော်မပြောဝံ့ချေ။ သားအမိနှစ်ယောက်သာရှိသော သူမဘဝမှာ အမေမျက်နှာကို ထောက်ရမည်။

''ငါ့သမီး ဆယ်တန်းအောင်ရင် ကျောင်းဆရာမ,လုပ်နော်''လို့ ပြောခဲ့ဖူးသော မွေးသဖခင် ကျေးဇူးရှင်ဖခင်ကလည်း သူမတို့သားအမိကို ထားရစ်ခဲ့၍ တမလွန်ခရီးသို့ နှင်လေပြီ။ အမေဆိုတာကလည်း မလည်မဝယ်၊ ခပ်ရိုးရိုး၊ ခပ်အေးအေး အမျိုးသမီးတစ်ဦးဖြစ်သည်။

တချို့ကျတော့လည်း ပြောကြပါရဲ့။ ဒုက္ခဆိုတာ ကုန်းခံဖို့ မဟုတ်ဘူး၊ ရုန်းကန်ဖို့တဲ့။ ရုန်းကန်ရလွန်းလို့ ခါးချည့်လာတဲ့အခါ လူမနိုင်ကံပုံချဆိုသကဲ့သို့ ကံကြမ္မာကိုသာ ယိုးမယ်ဖွဲ့မိတော့သည်။ ကံသာလျှင် အမိ၊ ကံသာလျှင် အဖဆိုလျှင် သူမတို့ အတိတ်ကံမကောင်းသဖြင့် လက်ရှိပစ္စုပ္ပန်ကာလတွင် ဆင်းရဲခြင်းဖြစ်မည်။ လောကကြီးသည် နေတတ်လျှင် ကျေနပ်စရာကောင်းသည်တဲ့။

ဆယ်တန်း
အောင်စာရင်း
ထွက်တဲ့နေ့မှာ
သူက ဘာလုပ်မယ်၊
ငါက ဘာတက်မယ်လို့
အလုအယက်
ပြောနေကြချိန်မှာ
ကြည်ပြာချိုဆိုတဲ့
သူမကတော့......

သူမ စာပေးစာယူ(အင်္ဂ
သင်)တက်ပြီး အပြင်ကျူရှင်မျ
လိုက်ပြမည်ဆိုသောအခါ ကျော်န
သွန်းခကြားတော့ အံ့သြသည့်မ
များနှင့် ကြည့်လာကြသည်။ ကျေ
နှင့်သွန်းခက ဂုဏ်ထူးနှစ်ခုစီပါ
သည်။ ကျော်က စက်မှုတက္ကသိုလ
တက်မည်၊ သွန်းခက Physics
အမိကယူပြီး နိုင်ငံခြားသွားဖို့ ပြ
ဆင်မည်တဲ့။ သူမကိုတော့ ကျေ
က ဂုဏ်ထူးသုံးခု ပါလျက်
အမိပ္ပာယ် မရှိတဲ့စကားတေ
လာပြောနေသည် ဟုဆိုသည်
ရှိပါစေတော့လေ။ ကိုယ့်ဝမ်းန
ကိုယ်သာသိမဟုတ်လား။

ကျော်က သူမအပေါ် အ
တစေကောင်းသော၊ ရဲဘော်
ဘက် သူငယ်ချင်းကောင်းတ
ယောက်ဆိုတာ သူမအတွေးင
အမြဲတမ်းထည့်ထားပါသည်
ကျော်ထွဋ်ခေါင်နှင့် ရွှေရည်သွန်း
ဆိုသည့် သူငယ်ချင်းနှစ်ယော
ကတော့ ချမ်းသာကြွယ်ဝသေ
မိဘများမှ ပေါက်ဖွားလာသူ
ဤသူငယ်ချင်းတွေက ချုံခြ
ဆက်ဆံမှုမရှိဘဲ သူမအပေ
ချစ်ခင်ကြတာလည်း သိပါရဲ
ကျော်ဆိုတာကလည်း သူမ
အိမ်ဘေးမှာ။ သူတို့အိမ်ကြီးင
တော့ တည်းလို့ပေါ့။ ကျော့်မိ
များကလည်း သူမတို့သားအ

www.burmeseclassic.com



အပေါ် ကောင်းပါသည်။ ညရေးည တာ ကျူရှင်အပြန် သူတို့သား ကျော်သူမကို လာကြိုပေးတာကို လည်း အပြစ် မဆို၊ မငြိုငြင်ချေ။ ဒါပေမဲ့ ကိုယ်က သိတတ်ရမည် မဟုတ်လား။

စေတနာသည် ဝေဒနာကို ဘာကြောင့်ဖြစ်စေရတာလဲ။

စေတနာဆိုသည့် စကားလုံး ကိုက ကြည်ဖြူခြင်း၊ ကျေနပ်ခြင်း၊ လိုက်လျောခြင်းသဘောပါနေလျက် နှင့် အဘယ်ကြောင့် ဝေဒနာကို

**တွေးခေါ်ပညာရှင်ကြီး ဘန် သန်ရဲ့လက်သုံးစကားက ပြုလုပ် လိုက်သည့် အပြုအမူကောင်းသည်၊ မကောင်းသည်ကိုမကြည့်၊ ရလဒ်ကောင်းထွက်လာပြီး လူအများကိုပျော်ရွှင်စရာ အများကြီးပေးလျှင် ကောင်းသည်တဲ့။ သူ့တပည့်ဖြစ်တဲ့ မေးလ်တွေးခေါ်ပုံ ကျတော့.....**

ဖြစ်သွားစေရသနည်း။

ဒဿနိကမေဂျာမှ သူငယ် ချင်းတစ်ယောက်က စကားလေး တချို့ပြောဖူး၏။ သူပြောပုံက ဒီလို။

တွေးခေါ်ပညာရှင်ကြီး ဘန် သန်ရဲ့ လက်သုံးစကားက ပြုလုပ် လိုက်သည့် အပြုအမူ ကောင်း သည်၊ မကောင်းသည်ကိုမကြည့်၊ ရလဒ်ကောင်းထွက်လာပြီး လူ အများကို ပျော်ရွှင်စရာအများကြီး ပေးလျှင် ကောင်းသည်တဲ့။ သူ့ တပည့်ဖြစ်တဲ့ မေးလ်တွေးခေါ်ပုံ ကျတော့ တစ်မျိုး။ သူ့ဆရာနှင့် ဆန့်ကျင်ဘက်။ ရလဒ်ကောင်း သည်၊ မကောင်းသည်ကိုလည်း ကြည့်၊ ပြုလုပ်သူက ကောင်းသူ ဟုတ်၊ မဟုတ်လည်းကြည့်၊ ပြုလုပ် သူကလည်းကောင်း၊ ရလဒ်က လည်းကောင်းလျှင် သာ၍ကောင်းကြောင်း ပြန် ချေပထားသည်တဲ့။

ဒါဆိုလျှင် သူပြောပုံက စေတနာသည် ပဓာနမဟုတ်၊ ရလဒ်သည်သာ အဓိကဖြစ်နေ သည်။ အနောက်တိုင်းအတွေး အခေါ်သည် သူမတို့ အရှေ့တိုင်း သားများအဖို့ ယထာဘူတကျလွန်း သည်။ တရားသေဆန်သည်။ အခြေအနေနှင့် အချိန်အခါကိုလိုက် ၍ အရံရာသည် ပြောင်းလဲတတ် သည်ဟု ခံယူသော သူမတို့အ ... အနောက်တိုင်းအတွေးအခေါ်နှ ... ချိန်ထိုး၍မရချေ။

♛♛♛♛♛

တုန်ယင်နေသောလက်နှ... အကြိမ်ကြိမ်အခါခါ ဖတ်ပြီးနေပြီ ဖြစ်သော ဖိတ်စာကိုသာ ထပ်တလဲ လဲ ကြည့်နေမိပြန်သည်။ နှံ့သာ ရောင် ဖိတ်စာလေးက တစ်မူထူး ခြားစွာ ဘူးလေးနှင့် ပြုလုပ်ထား သည်။ သနပ်ခါးရေမွှေးနံ့ ခပ်သင်း သင်းလေးကိုလည်း ရှူရှိုက်မိ၏၊ သေချာတာတစ်ခုက ထိုဖိတ်စာ တစ်စောင်၏တန်ဖိုးမှာ တစ်ထောင် ကိုအသာလေးကျော်နိုင်သည်။

"ကျော်ထွဋ်ခေါင်နှင့် ရွှေရည် သွန်းခ"

ဆိုသူ နှစ်ယောက်စလုံးက သူမရဲ့ သူငယ်ချင်းတွေပါ။ 'အလုပ် အကြောင်းပြ၊ ကျောင်းအကြောင်း ပြ လုပ်မနေနဲ့နော်၊ လာဖြစ်အောင် လာရမယ် သိလား'ဟု ချစ်စဖွယ် ဆိုခဲ့သော သွန်းခရဲ့စကားသံက နားထဲမှမထွက်ချေ။ ကျော်ကတော့ သွန်းခ ဘယ်လိုနေနေ၊ ဘယ်လို ထိုင်ထိုင် ချစ်နေသည့်ဟန်ဖြင့် ခင် ပြုံးပြုံးရှိနေသည်။

သူတို့ အထက်တန်းလူ...ချာ အဖို့ နေနှင့်လ၊ ရွှေနှင့်မြ...ာ တင်

စားကြပေလိမ့်မည်။

မင်္ဂလာပွဲအတွက် အားလုံး ပျော်ရွှင်နေကြချိန် သူမတစ်ယောက်တည်း မျက်စိမျက်နှာပျက် လျက်ရှိနေခြင်းသည် မကောင်းလှပေ။ ထို့ကြောင့် နှုတ်ခမ်းထက် ဟန်ဆောင် အပြုံးတင်၍ ကြည်နူး နေကြသည့် ချစ်သူနှစ်ဦးကိုကြည့်ကာ.....

"ကဲ.....ငါပြန်တော့မယ် သူငယ်ချင်း၊နောက်မှတွေ့ကြတာပေါ့"

ကျောခိုင်းထွက်လာသူရဲ့ရင်မှာ ဝမ်းနည်းကြေကွဲခြင်းတွေနှင့်ဆိုတာ ဘယ်သူသိနိုင်မှာလဲ။

အခုလို ကျော်ပျော်နေချိန်မှာ သူမက ဝမ်းနည်းကြေကွဲစရာ ကောင်းသော အကြောင်းတရားကို မပြောပြချင်တော့ပါ။ စေတနာဖြင့် ကောင်းမည်ထင်၍ ကျော်က သူမအတွက် စီစဉ်ပေးခဲ့သော်လည်း ဝေဒနာဖြစ်သွားခြင်းကတော့ သူမရဲ့ကံပင်။

"သူက ဖြိုးဝေဇော်တဲ့၊ နင်နဲ့ ခင်ချင်လို့တဲ့ ချို"

ကျော် မိတ်ဆက်ပေးလာသော အချိန်ကဆိုလျှင် သူမသည် ဒေါသအတော်လေးထွက်နေခဲ့၏။ သူမဟာ ခပ်အေးအေးနေတတ်သော မိန်းကလေး တစ်ယောက်၊ နောက်ပြီး ယောကျ်ားလေးသူငယ်ချင်းထားဖို့ စိတ်ကူးမရှိ သော မိန်းကလေးတစ် ယောက်မှန်း သိလျက်နှင့်။ ထိုလူကို ဟန်မပျက် စကား ပြောလိုက်ရပေမယ့် ထိုလူ ပြန်သွားသောအခါ ကျော့်ကို ရန်



တွေ့လိုက်သည်။ အဲဒီနေ့က ကျော်နှင့်သူမ စကားများကြ၏။

"ဖြိုးဝေဇော်က အရမ်းချမ်းသာတယ်ဟ၊ နင့်ကိုသဘောကျနေတာ၊ ငါ့ကိုပြောခိုင်းနေ တာကြာပြီ၊ ကြိုက်တာ၊ မကြိုက် တာ နင့်သဘောပဲ၊ ငါကတော့ သူငယ်ချင်းကို ကောင်းစား ချင်တယ်"

သူ့စကားတွေကို မယုံနိုင် နားထောင်ရင်း နှုတ်က ဘာစကား မှထွက်မလာဘဲ ဆွံ့အလျက်။ သူ ချစ်သောသူက သူမ မချစ်သော တစ်ယောက်နှင့် သဘော ကြောင်း ပြောလာ သည်။ ကျော် ရယ်...ပြောရက်လိုက် တာ။ ငါချစ်တာ ဘယ်သူလဲဆိုတာ ဖွင့်ပြောခွင့်ရတဲ့ ယောကျ်ားသားတစ် ယောက်ဆိုရင်လည် ငါဖွင့်ပြော တယ် သိလား။

ငါတို့မိန်းကလေး တွေဆိုတာ အရှက်နဲ့ လူလုပ်ကြတာလေ၊ ဟိရိဩတ္တပ္ပဆိုတဲ့ အရှက်အကြောက် တရားက ငါတို့ မြန်မာနိုင်ငံမှာပဲရှိ တာပါ။ အရှက်အကြောက် မရှိ တော့ရင် သွားပြီ။ မိန်းကလေးက ပြီး နင့်ကိုငါချစ်တယ်လို့ ဖွင့်ပြောတဲ့ နိုင်ငံက ငါတို့အရှေ့တိုင်းနိုင်ငံ မဟုတ်ဘူးကျော်။ အေး.... အကယ်၍ ဆိုရှယ်ကျလှ ခေတ်



www.burmeseclassic.com

www.burmeseclassic.com

ရှေ့ပြေး လွန်းတဲ့သူဆိုရင်တော့ ပြောမှာပေါ့။ ဒါပေမဲ့ တစ်ခုရှိတာက သူ့ကို ဘယ်ယောက်ျားလေးကမှ သတ္တိရှိလှပါချည်ရဲ့ ဆိုပြီး သူ့ရဲ့ ကောင်းဘွဲ့ပေးမှာ မဟုတ်ဘူး။ အရှက်မရှိဘူး၊ တန်ဖိုးမရှိဘူးဆိုပြီး သူ့ကိုအထင်သေးကြမှာ။

အရှေ့တိုင်းမှာ မွေးတဲ့ ဗုဒ္ဓဘာသာ မြန်မာနိုင်ငံသားတစ်ယောက်ဖြစ်တဲ့ ငါကလည်း ရှေးလူကြီး တွေပြောသလိုပဲ။ တစ်ဖက်သတ် အချစ်ဆိုတာ လူမသိ သူမသိပူရတယ်။ ဒီလိုပဲ ထာဝရ သိမ်းထားရတော့မှာပေါ့။ မှန်သော စကားတစ်ခွန်းကိုတော့ ငါဆို လိုက်မယ်။ ငါနှင့်အပေါ်ထားတဲ့ သဘောထားကို နင်ရိပ်တိပ်မသိအောင်ကို ငါထိန်း သိမ်းထားမှာပါ။

♛♛♛♛♛

အဲဒီနေ့က မိုးတွေ သဲသဲမဲမဲ ရွာနေသည်။ မနက်ကတည်းက သူမအမေ လာမကြိုနိုင်သဖြင့် ကျော်က ညနေ ကျူရှင်ဆင်းရင် သူလာကြိုပေးမည်၊ မပြန်နှင့်ဟု မှာထားသဖြင့် မိုးရွာရွာကြီးထဲ သူ ဘယ်လို လာမလဲဟု သူမလာလျှင် မှောင်မှောင်မဲမဲ မိုးသည်းသည်းထဲ ပြန်ရမည့် သူမအရေးထက် သူ့ အတွက်ကို ပူပန်နေခဲ့မိသည်။

"မိုးကတော့ တော်တော် သည်းနေပြီ ဆရာမရေ၊ ဆရာမ တော့ ပြန်ဖို့ခက်နေပြီထင်တယ်"

လျှပ်ပန်းလျှပ်နွယ် တဝင်းဝင်း နဲ့ အငြိုးကြီးစွာ ရွာသွန်းနေသည့် မိုးကောင်းကင်ကို မော့ကြည့်၍ သူမ စာပြနေသည့် ကလေးရဲ့မိခင်က ဆို လာသဖြင့် သူမ ပြုံးရုံသာပြုံး၍ တုံ့ ပြန်စကား မပြောမိချေ။ မိုးကတော့ စိတ်ပျက်ဖွယ်ကောင်း လေစွ။ ကျော်ကလည်း လာမကြို သေး။ အချိန်ကလည်း တဖြည်းဖြည်းကုန်လာပြီ။ မစောင့်တော့ဘူး၊ ပြန်တော့မယ်လို့ ဆုံးဖြတ်ရ အောင်ကလည်း အပြင်၌ တော်တော်မှောင်မည်းနေပြီ။ ပတ်ဝန်းကျင်၌ လူသူပင်ရှိဟန်မတူချေ၊



ကလေးတွေကို စာပြသည့် အခန်းထဲ၌ တစ်ယောက်တည်း ငြိမ် သက်စွာထိုင်နေမိသည်။ အိမ်ရှင်နဲ့ ကလေးတွေကတော့ သူမကိုအတူ စောင့်ပေးရင်း တီဗွီ ကြည့်နေကြသည်။ ထိုစဉ် ဖုန်းမြည် လာသဖြင့် အိမ်ရှင် အမျိုးသမီးက သွားကိုင်ပြီး "ဆရာမရဲ့ဖုန်း" ဟု ဆိုလာသဖြင့် သူမ အံ့သြသွားရ သည်။ သူမဆီ လာစရာဖုန်းမရှိပါ။ ဖုန်းကိုင်လိုက်တော့မှ ကျော်ဖြစ်နေ သည်။

"နင်ဘာလုပ်နေတာလဲကျော်၊ ငါ စိတ်တိုလာပြီနော်၊ ဘာလဲ အိမ် ကနေ ထွက်မလာသေးဘဲ အိပ်နေ သလား၊ အဲဒါဆိုလည်း လာမနေနဲ့ တော့"

"ဖွတ်ပဲ၊ ရန်တွေ့တာက



www.burmeseclassic.com

www.burmeseclassic.com



အရင်၊ ငါ ဒီမှာ အကျပ်အတည်း ဖြစ်နေလို့''

''ဘာလဲ..ဘာဆိုင်လို့လဲ၊ ငါ့ ကို လာကြိုဖို့အတွက် နင်က အကျပ် အတည်းဖြစ်နေသလား''

မိုးရွာနေသဖြင့် ဖုန်းလိုင်းက မမိတစ်ချက်၊ မိတစ်ချက်မို့ ပြတ်တောက်ပြတ်တောက်ဖြစ်နေသည်။

''ငါနဲ့သွန်းခ အခု ပြင်ဦးလွင် ကို ရောက်နေတယ်၊ မိုးရွာနေတော့ ဘယ်လိုမှ ပြန်လာလို့မရဘူးဖြစ်နေတယ်''



ကျော်နှင့်သွန်းခ နှစ်ယောက်တည်းအတူရှိနေတယ်ဟူသော အတွေးက သူမကို တုန်လှုပ်သွားစေခဲ့သည်။ သူတို့နှစ်ယောက်က သမီးရည်းစားတွေ ဖြစ်နေကြပြီလား။ အို...မဟုတ်ဘူး၊ မတွေးရဘူး။ မစ္စရိယစိတ်တွေ ဘာလို့ထားရတာလဲ ကြည်ပြာချိုရယ်၊ ကျော်နဲ့သွန်းခဆိုတာ နင့်ရဲ့သူငယ်ချင်းတွေပဲမဟုတ်လားဟု ကိုယ့်ဘာသာ ဖြေသိမ့်လိုက်သည်။

''နင်ပြန်ဖို့အတွက်လည်း စိတ်မပူနဲ့၊ ငါအခုပဲ ဖြိုးဝေဇော်ဆီ ဖုန်းဆက်အကူအညီတောင်း လိုက်ပြီ၊ ခဏနေရင် သူနင့်ကို ကားနဲ့လာကြိုလိမ့်မယ်''

ဖြိုးဝေဇော် လာကြိုမည်ဆိုသောစကားကြောင့် ဒေါသအမျက်ခြောင်းခြောင်းထွက်ရသည်။ အဲဒီဖြိုးဝေဇော်ဆိုတဲ့လူက ကာရိုက်တာမကောင်းသဖြင့် သူ့ကိုတောင် မပေါင်းဖို့ ပြောခဲ့သေးသည်။ ကျော်ဆိုတဲ့ သူငယ်ချင်းက သူမစကားကို အလေးအနက်မထားပါလား။ လာမကြိုခိုင်းနဲ့၊ ကိုယ့်ဘာသာပြန်လိုက်တော့မည် ဆိုသောအခါ ကျော်က အခုအချိန်မှာ မိန်းကလေး တစ်ယောက်တည်းပြန်လျှင် မည်သို့မှ မလုံခြုံနိုင်ကြောင်း ဒီတစ်ခေါက်ကလည်း ပြောပြီး

**ကျော်နှင့်သွန်းခ နှစ်ယောက်တည်းအတူရှိနေတယ်ဟူသော အတွေးက သူမကို တုန်လှုပ်သွားစေခဲ့သည်။ သူတို့နှစ်ယောက်က သမီးရည်းစားတွေ ဖြစ်နေကြပြီလား။ အိုမဟုတ်ဘူး၊ မတွေးရဘူး။ မစရိယစိတ်တွေ ဘာလို့ထားရတာလဲ. . .**

လက်စနှင့်မို့ လိုက်သွားသိုင် ဖို့ ဖျောင်းဖျနေသဖြင့် သူမ သက်ပြင်း ချလိုက်သည်။ ကျော်က စေတနာ နှင့် ဒီလောက်စီစဉ် ပေးနေတာ ကို သူမက ငြင်းပယ်လွန်းမကာ ငြင်းပယ်နေလျှင် မကောင်းသဖြင့် လက်ခံလိုက်ရသည်။

ကျော်ပြောသော လုံခြုံမှု ဆိုတာ အမိုးအကာအောက်ရောက် မှသာ လုံခြုံတာလား အကယ်၍ ခဲ ဒီနေ့က ဖြိုးဝေဇော်ကို သူမ မ တောင့် ဘဲ တစ်ယောက်တည်း ပြန်

www.burmeseclassic.com

သွားရင် မလုံခြုံဘူးဟု ပြောမှာလား။

♛♛♛♛♛

''ကျော့်သားလေးက ကျော်နဲ့လည်းမတူဘူး၊ ချိုနဲ့လည်းမတူဘူး''

ထိုစကားကို လူတိုင်းကပြောတတ်ကြသည်။ ထိုစကားကိုကြားတိုင်း ကျော်နှင့်သူမသည် တစ်ယောက်မျက်နှာတစ်ယောက် မကြည့်မိအောင်နေမိတတ်ကြ၏။

ကျော်က သူမအတွက် သူ့ရဲ ကောင်းဖြစ်သော်လည်း အများရဲ့ အမြင်မှာ သူမဟာ ဗီလိန်တစ်ယောက်ဖြစ်ခဲ့ရသည်။ သွန်းခကတော့ ဝမ်းနည်းတကြီး ငိုရှိုက်ရင်း ကျော်ဟာ သစ္စာဖောက်သူအဖြစ် ပက်ပက်စက်စက်ပြောကာ သူမအပေါ်လည်း သူငယ်ချင်းအချင်းချင်း စည်းမစောင့်ဘူး၊ လုပ်ရက်ကြတယ်၊ သူ့နှလုံးသားကို ခတုံး လုပ်ရက်တယ်ဆိုပြီး နာနာကြည်းကြည်း ဖြစ်နေခဲ့သည်။



သွန်းခရဲ့မျက်ရည်များကြောင့် သူမကိုယ်တိုင် ဝမ်းနည်းကြေကွဲလာကာ တစ်ခုခုရှင်းပြမှ ဖြစ်တော့မည်ဟူသောအသိဖြင့် ရှေ့သို့တိုးလိုက်စဉ် ကျော်က သူမရဲ့လက်ကောက်ဝတ်ကို ခပ်တင်းတင်းဆုပ်ကိုင်ကာ ခေါင်းယမ်းပြသည်။

'မပြောနဲ့'ဟု တားမြစ်ခြင်းဖြစ်သည်။ သူမ ကျော့်ထံမှအကြည့်ကို ခွာလိုက်ပြီး သွန်းခထံကြည့်မိတော့ သွန်းခက ဆိုးဝါးလှသော စကားလုံးများဖြင့် တိုက်ခိုက်၍ သူမနှင့်ကျော်ကို တစ်သက်လုံးမမြင်ချင်ဘူး၊ မုန်းတယ်ဟုဆိုကာ စင်ကာပူသို့ အပြီးတိုင်ထွက်သွားခဲ့သည်။

ကျော့်မိဘများကတော့ ကလေးမျက်နှာမြင်သောအခါ မြေးသံယောဇဉ်ဖြင့် အရင်လို အခေါ်အပြောလုပ်လာသည်။ ကျော့်မိဘများက သားလေးကို ချစ်ချစ်ခင်ခင်ရှိသောအခါ သူမသည် မလုံမလဲဖြင့် မျက်နှာလွှဲမိတတ်သည်။

ကျော်နဲ့လက်ထပ်မယ့်သူက သွန်းခလို့ ဖိတ်စာရပြီး ဘာဖြစ်လို့ ကြည်ပြာချိုနဲ့ ဖြစ်သွားတာလဲ၊ နားမလည်ဘူးဟု ဝေဖန်ကဲ့ရဲ့သူများကလည်း စစချင်းတုန်းကသာ။ အခုတော့ ဖြစ်တတ်တဲ့သဘောပဲဟု လူတွေက အတွေးပေါက်သွားသလားမသိ။ မမေးကြ၊ မစပ်စုကြတော့ပေ။ အခုဆို သားလေးတောင် ငါးနှစ်ရှိခဲ့ပြီ။

ကျော်သည် သူ့ကြောင့် သူမ ဒီလိုဖြစ်ခဲ့ရတာပါဆိုပြီး သူမကိုလည်း အပြစ်မတင်။ ကံကိုသာ အပြစ်တင်ရင်း သူ့ဘဝကိုသူ ကျေနပ်ဖို့ ကြိုးစားရှာသည်။

သူမတို့ကိစ္စတွင် သိသူ သုံးယောက်တည်းသာရှိသော်လည်း ကာယကံရှင်က တာဝန်ယူရမှာကြောက်သဖြင့် ရှောင်နေသည်။ သူမကိုယ်တိုင် လူ့လောကကြီးထဲ



www.burmeseclassic.com


www.burmeseclassic.com



မှ ထွက်သွားဖို့ ကြိုးစားရင်း ကျော် ကယ်တင်ခဲ့သဖြင့် အသက်နှင့်ကိုယ် အိုးစားမကွဲခြင်းဖြစ်သည်။ ဤကိစ္စကို သူမနှင့်ကျော် မပြောလျှင် မည်သူမှမသိနိုင်သောကိစ္စမို့ သူမတို့ကလည်း မည်သူ့ကိုမှ သိအောင်ပြောပြကြလိမ့်မည်မဟုတ်ပါ။

သူမကတော့ သူမ အပေါ် ကယ်တင်ရှင်လုပ်ခဲ့သော သူရဲကောင်းဖြစ်သည့် ကျော့် ကျေးဇူးကို ထောက်ထားကာ ကျော်နေစေချင်သောပုံစံနှင့် နေခဲ့သည်။ ကျော်သာ မကယ်ခဲ့လျှင် ကြည်ပြာချိုဆိုသော သူမလည်း လူ့လောကထဲတွင် ရှိမည်၊ မရှိမည် မသေချာပါ။

"ဒါမှ ကျော်ထွန်းခေါင်ရဲ့သား"ဟု ကျော်က ကြွေးကြော်တိုင်း ကိုယ့်ကိုယ်ကိုယ် မလုံမလဲဖြစ်နေမိတတ်သည်။ လိပ်ပြာမလုံသလိုလည်း ခံစားရ၏။ သားအပေါ် ဖခင်ကောင်းပီသသော ကျော့်အတွက် တစ်သက်လုံး ထာဝရကျော့်သဘော အတိုင်းဖြစ်ဖို့ သူမ အမြဲတမ်းဆုံးဖြတ်ပြီးသား။



သူမနှင့်ကျော်တွင် ကျော်က လက်တွေ့ဆန်သူ။ သူလက်ခံခဲ့သည့် အိမ်ထောင်ရေးဘောင်အတွင်းတွင် နေသားတကျဖြစ်စေဖို့ ကြိုးစားရင်း သားကိုလည်းချစ်သည်၊ သူမအပေါ်တွင်လည်း နားလည်မှုနှင့် လက်တွဲခဲ့သည်။ သူမကတော့ စိတ်ကူးယဉ်ဆန်သူ။ အကယ်၍ သွန်းခသာ မြန်မာနိုင်ငံပြန်လာမည်ဆိုလျှင် ကျော်ကူညီခဲ့သည့် ကိစ္စများကိုပြော၍ သူတို့ချင်းပြေလည်စေချင်သည်။ စိတ်ကူးဆိုသည်မှာ စိတ်ထဲတွင်ရှိသည့်အရာမျှသာဖြစ်သည်။ ထိုအရာကိုလက်တွေ့အကောင်အထည်ဖော်လိုက်လျှင် သားနှင့်သူမအတွက် ထီးငုံလုံခြုံစွာမိုးပေးမည့် အရိပ်တစ်ခု ပျောက်ပျက်ကာ မည်ကဲ့သို့ ရပ်တည်ရမည်နည်း။

"အတိတ်ကိုတွေးပြီး ဝမ်းမနည်းနဲ့၊ ပစ္စုပ္ပန်မှာလည်း ပျော်အောင်နေ၊ အနာဂတ်အတွက် အရာရာကို ရင်ဆိုင်နိုင်အောင်လည်း ပြင်ဆင်ထား"ဟု ကျော် ပြောသောအခါ သူမသည် ကျော့်ရင်ခွင်ထဲ၌ ရှိုက်ကြီးတငင် ငိုကြွေးမိလေတော့သည် သူမ သည် အတ္တကြီးသူတစ်ယောက် သာဖြစ်သည်။ ကိုယ်ဘဝမပျက် အခြေအနေမပျက်ဖို့အတွက် ကျော့်ကို ဒုက္ခတွင်းထဲ ဆွဲသွင်းခဲ့သူတစ် ယောက်သာဖြစ်လေသည်။ ကျော့် ကျေးဇူးကို ဆပ်မည်ဆိုလျှင် ဒီဘဝ ဆပ်၍နဲ့တင် မကျေနိုင်ပါ။ ဆပ်ခွင့် များသာ ရမည်ဆိုလျှင် ဘဝဆက်တိုင်း ဆပ်ခွင့်ရချင်ပါသည်။

**ရှင်လွန်းမယ်**



www.burmeseclassic.com

www.burmeseclassic.com



# ဒရက်ကူလာမြို့စားမ

ဥရောပ၊ ဟန်ဂေရီနိုင်ငံတွင် သက္ကရာဇ် ၁၆၁၀ ပြည့်နှစ်က ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်တစ်ခု ဖြစ်သည်။ Elizabeth Bathory de Ecsed အမည်ရှိ အမျိုးသမီးတစ်ဦးသည် သမိုင်းတွင် လူအများဆုံး သတ်ခဲ့သည့် လူသတ်သမားအဖြစ် စံချိန်တင်ထားသည်။

သူမ၏ခင်ပွန်း (မြို့ဝန်)ကွယ်လွန်ပြီးနောက် မြို့စားဝန်ကြီးအဖြစ် သူမ တာဝန်ထမ်းဆောင်ခဲ့ပြီး သူမ၏ လူသတ်သည့်အစီအစဉ်ကို စတင်ခဲ့သည်။ သူမသည် အပျိုစင် အမျိုးသမီးပေါင်း အယောက် ၆၅၀ ကို သတ်ခဲ့သည်ဟု စွပ်စွဲထားသော်လည်း တရားဝင်ထွက်ဆိုချက်မှာ အယောက် (၈၀)ရှိသည်။

သူမသည် ထာဝရ နုပျိုစေရန်အတွက် အပျိုစင်တို့ကိုသတ်ပြီး သွေးကိုသောက်ခြင်းဖြစ်သည်။ ထိုအပြုအမူကြောင့် သူမကို ဒရက်ကူလာဟု လူသိများလာပြီး ရဲတပ်ဖွဲ့မှ ဖမ်းဆီးထောင်ချခဲ့သည်။

**ဆောင်းဟေမန်**

Ref: World interesting News





www.burmeseclassic.com

www.burmeseclassic.com



# အင်ဒိုနီးရှားတွင် ဘတ်စ်ကားမတော်တဆမှုဖြစ်ပွား

အင်ဒိုနီးရှားနိုင်ငံ၊ ဘာလီကျွန်းတွင် ဘတ်စ်ကားတစ်စီး မတော်တဆဖြစ်မှုကြောင့် တရုတ်ကမ္ဘာလှည့်ခရီးသည် လေးဦး သေဆုံးခဲ့ပြီး သုံးဦးဒဏ်ရာရရှိခဲ့သည်။

ထိုဘတ်စ်ကားတွင် တရုတ်နိုင်ငံ၊ ဟီနန်မှ အားလပ်ရက် အပျော်ခရီးထွက်လာသူ ၁၃ ဦးပါရှိပြီး ဘာလီရှိ Uluwatu အနီး မီတာ ၂၀ အနက်ရှိသည့် လျှိုမြောင်ထဲသို့ ထိုးကျခဲ့ခြင်းဖြစ်သည်။ သေဆုံးသူ လေးဦးမှာ အသက် ၅၀ အရွယ် အမျိုးသားများဖြစ်ကြသည်။

**ဆောင်းဟေမန်**

Ref:International News

26.11.2013





www.burmeseclassic.com

www.burmeseclassic.com



# ဘားဆိုင်၏ခေါင်မိုးပေါ်သို့ ရဲတပ်ဖွဲ့မှ ရဟတ်ယာဉ်တစ်စီးပျက်ကျ

စကော့တလန်နိုင်ငံ၊ ဂလက်စ် ဂိုမြို့တွင် နိုဝင်ဘာ (၂၉)ရက်က Cultha အမည်ရှိ ဘားဆိုင်တစ်ခု၏ ခေါင်မိုးပေါ်သို့ ရဲတပ်ဖွဲ့သုံးရဟတ် ယာဉ်တစ်စင်း ပျက်ကျခဲ့ရာ အနည်း ဆုံး လူ ၃၂ ဦး ဒဏ်ရာရရှိခဲ့ ကြောင်း သိရသည်။


ရဟတ်ယာဉ်ပေါ်တွင် ရဲတပ်ဖွဲ့ဝင်နှစ်ဦးနှင့် အရပ်သားလေယာဉ်မှူးတစ်ဦး လိုက်ပါလာခဲ့ပြီး ဒေသစံတော်ချိန် ည ၁၀ နာရီ ၂၅ မိနစ်တွင် ပျက်ကျခဲ့ခြင်းဖြစ်သည်။

အခင်းဖြစ်ရာနေရာသို့ မီးသတ်သမားများ၊ ဆရာဝန်များနှင့် ရဲတပ်ဖွဲ့ဝင်များ ရောက်ရှိလာပြီး ဘားဆိုင်အတွင်း ပိတ်မိနေသူများကို ကယ်ဆယ်နိုင်ရန် ကြိုးပမ်းခဲ့ကြောင်း သိရသည်။

**ဆောင်းဟေမန်**

Ref: International News

-1-12-13





www.burmeseclassic.com

www.burmeseclassic.com




# လုံခြုံရေးဆိုင်ရာသတင်းအချက်အလက်များ ရောင်းချသူကို ဖမ်းဆီးရမိ

လုံခြုံရေးဆိုင်ရာ သတင်းအချက်အလက်များကို တရုတ်နိုင်ငံသို့ ရောင်းချသည်ဟု စွပ်စွဲချက်ဖြင့် အမျိုးသားတစ်ဦးကို ကနေဒါရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့သည်။

ကနေဒါနိုင်ငံသား ချင်ချူတင် ဟွမ်သည် ကနေဒါစစ်သင်္ဘောဝယ်ယူရေးဆိုင်ရာ သတင်းအချက်အလက်များကို တရုတ်နိုင်ငံသို့ ရောင်းချရန် ကြိုးပမ်းခဲ့သည်ဟု ကနေဒါအစိုးရက စွပ်စွဲထားသည်။

ဟွမ်သည် သင်္ဘောဒီဇိုင်းရေးဆွဲထုတ်လုပ်သည့် ကုမ္ပဏီတွင် အလုပ်လုပ်နေသူဖြစ်ပြီး သတင်းအချက်အလက်များကို ၎င်းတစ်ဦးတည်း ရောင်းချခဲ့သည်ဟု ရဲတပ်ဖွဲ့က စွပ်စွဲထားသည်။ ဟွမ်သည် ပြစ်မှုထင်ရှားပါက ထောင်ဒဏ်တစ်သက်တစ်ကျွန်း ကျခံနိုင်ဖွယ်ရှိသည်ဟု သိရသည်။

**ဆောင်းဧကမင်**

Ref: International News

-3-12-

www.burmeseclassic.com

www.burmeseclassic.com



# နယူးဇီလန်တောင်တွင် တောင်တက်သမားနှစ်ဦး ပိတ်မိသေဆုံး

ဝယ်လင်တန်မြို့မှ ဂျပန်တောင်တက်သမားတစ်ဦးနှင့် ၎င်း၏အဖော်တစ်ဦးတို့သည် နယူးဇီလန်တောင်ရှိ နှင်းဂူအတွင်း နှစ်ရက်ကြာ ပိတ်မိနေခဲ့ပြီး ရာသီဥတုဆိုးရွားမှုကြောင့် ကွယ်လွန်သွားခဲ့ရသည်။

သေဆုံးသူများမှာ အသက်(၃၁)နှစ်အရွယ် ဟီဂိုဂီအိုဂါဝါနှင့် အသက် (၂၉)နှစ်အရွယ် နီကိုးလ်ရှက်တန်တို့ဖြစ်ပြီး အိုဂါဝါသည် နယူးဇီလန်တွင် ပညာသင်ကြားနေသော ဂျပန်ဘူမိသိပ္ပံပညာရှင်တစ်ဦးဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

ယခုသေဆုံးသွားသည့်တောင်တက်သမားစုံတွဲသည် မကြာမီလက်ထပ်မည့် ချစ်သူစုံတွဲဖြစ်ပြီး ၎င်းတို့နှစ်ဦး အခက်အခဲတွေ့နေကြောင်း အကြောင်းကြားစာ ရရှိခဲ့သော်လည်း ၎င်းတို့ကို ရှာဖွေရန် အခက်အခဲများစွာ ကြုံတွေ့ရကြောင်းနှင့် ၎င်းတို့ထံ ကယ်ဆယ်ရေးအဖွဲ့များ ရောက်ရှိသည့်အချိန်၌ ၎င်းတို့နှစ်ဦးမှာ အသက်မရှိတော့ကြောင်း သိရသည်။

**ဆောင်းဟေမန်**

Ref: International News

28.11.2013





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



**အောင်ကျော်ဇော**

# ခလုတ်

ညနေ ၆ နာရီအချိန်.....

ယနေ့ အလုပ်သစ်များမရှိ။ လက်ကျန်အမှုများကို စစ်ဆေးဖော်ထုတ်ပြီးဖြစ်၍ ဒုရဲမှူး ကျော်အောင်က အပြင်သို့သွားရန် အရပ်ဝတ်ကို လဲလှယ်နေသည်။

ထိုအချိန် လက်ကိုင်ဖုန်းမြည်လာသည်။

"ကိုကျော်.....မြတ်မြတ်ပါ၊ တွေ့ချင်လို့"

"ဘယ်မှာတွေ့ချင်တာလဲ"

"အိမ်ကိုပဲလာခဲ့လေ"

ဒုရဲမှူး ကျော်အောင်၏ဇာတိမှာ မန္တလေးဖြစ်သည်။ မြတ်မြတ်ထွေးနှင့် သူတို့ တက္ကသိုလ်တွင်ဆုံသည်။ တတိယနှစ်တွင် ပြင်ဦးလွင်မြို့သို့လေ့လာရေးခရီးသွားရင်း ချစ်သူတွေဖြစ်ခဲ့ကြသည်။

မြတ်မြတ်ထွေး၏မိဘများက မိုးကုတ်မြို့ဇာတိဖြစ်သည်။ မိုးကုတ်မြို့မှ ကျောက်မျက်ရတနာသူဌေးကြီးတစ်ဦးဖြစ်သည်။

ကျောက်မျက်ရတနာဆိုင်ခွဲများကို ရန်ကုန်နှင့် မန္တလေးတွင် ဖွင့်လှစ်ထားသည်။ မန္တလေးတွင် အိမ်တစ်လုံး၊ ရန်ကုန်တွင် အိမ်တစ်လုံး ဝယ်ထားသည်။ မြတ်မြတ်ထွေး မန္တလေးတက္ကသိုလ်တွင် ပညာသင်ကြားချိန်၌ မြတ်မြတ်ထွေး၏ မိခင်က သမီးနှင့်အတူနေခဲ့သည်။

ဘွဲ့ရပြီးနောက် မြတ်မြတ်ထွေးက ရန်ကုန်မှ ကျောက်မျက်ရတနာ ဆိုင်ကိုဦးဆောင်ခဲ့သည်။ မိခင်ဖြစ်သူက သမီးဖြစ်သူနှင့်အတူနေထိုင်ရင်း သမီးဖြစ်သူအား အရောင်း အဝယ်ပညာသင်ပေးသည်။

ရန်ကုန်မြို့၊ ချန်ကင်းမြို့နယ်ထဲရှိ ဆိတ်ငြိမ်ရပ်ကွက်တွင် ကျယ်ဝန်းသော ခြံမြေအတွင်းမှ ခံ့ညားထည်ဝါသော ခေတ်မီတိုက်သစ်တွင် သားအမိနှစ်ဦး နေထိုင်ကြသည်။

မြတ်မြတ်ထွေး၏ဖခင်ကတော့ မိုးကုတ်မှာပဲ လုပ်ငန်းလုပ်ကိုင်ရင်း နေထိုင်သည်။ ငွေရှိသူ၊ လုပ်ငန်းရှိသူဖြစ်၍ ဇနီးအသစ်တွေက တန်းစီနေသည်။ မြတ်မြတ်ထွေး၏မိခင်ကိုတော့ချစ်သည်၊ လိုအပ်သမျှ ထောက်ပံ့သည်။

မြတ်မြတ်ထွေးက သူမ၏မိခင် ဒေါ်သီသီစိုးကို ကျောင်းနေဖက် သူငယ်ချင်း ကျော်အောင်နှင့် ချစ်သူများဖြစ်နေကြောင်း ပြောပြထားခဲ့သည်။ ဒေါ်သီသီစိုးက ကန့်ကွက်ခဲ့ခြင်းမရှိ။ သို့ဖြစ်၍ သူငယ်ချင်း ချစ်သူနှစ်ဦး၏ ဘဝလမ်းမှာ ဖြောင့်တန်းနေသည်။

ကျော်အောင်မှာ ဒုရဲအုပ် အလုပ်သင်အဖြစ် စစ်ကိုင်းမြို့တွင် နေခဲ့ရသည်။ အလုပ်သင်ကာလ



www.burmeseclassic.com

www.burmeseclassic.com



တစ်နှစ်ပြီးဆုံးသောအခါ ရန်ကုန်သို့ ပြောင်းခဲ့ရသည်။ နိုင်ငံတော်မှ စိတ်ဝင်စားသော ဖောက်ထွင်းမှုကြီးကို ဖော်ထုတ်နိုင်ခဲ့၍ အရာရှိလုပ်သက် သုံးနှစ်အတွင်း ရဲအုပ်အဆင့်သို့ တိုးမြှင့်ခံခဲ့ရသည်။

ရဲအုပ်အဖြစ် ရာထူးတိုးမြှင့်ခံရပြီးနောက် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ ဒုစရိုက်နှိမ်နင်းရေးဌာနစုသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ရသည်။ ယခင်က ဒုစရိုက်နှိမ်နင်းရေးဌာနစုကို ယခုအခါ အကူတပ်ဖွဲ့ခွဲ၊ အုပ်ချုပ်မှုတပ်ခွဲ(၂)အဖြစ် အမည်ပြောင်းထားသည်။

ရဲအုပ် ကျော်အောင်မှာ မှုခင်းဖော်ထုတ်မှုတွင် လာဘ်ကောင်းသူဟု ဆိုရမည်။ တွံတေးမြို့နယ်အတွင်း ဖြစ်ပွားခဲ့သော သုံးလောင်းပြိုင်လူသတ်မှုကို ဖော်ထုတ်ရာတွင် အချိန်တိုအတွင်း အောင်မြင်မှုရရှိခဲ့သည်။

သုံးလောင်းပြိုင်လူသတ်လုယက်မှုကို ဖော်ထုတ်ပြီးချိန်၌ပင် နေအိမ်ခန်းထဲဝင်ရောက်၍ အိမ်ရှင်၏သမီးပျိုအား လုယက်မှုကျူးလွန်သတ်ဖြတ်ရင်း မီးရှို့အလောင်းဖျောက်မှု ပေါ်ပေါက်လာပြန်သည်။

ထိုအမှုမှာ နက်နဲရှုပ်ထွေးမှုတွေ များလွန်းလှ၍ အပိုင်ရဲစခန်းက ဖော်ထုတ်ရာတွင် အခက်အခဲပေါင်းများစွာ ကြုံတွေ့နေခဲ့သည်။ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးက ရဲအုပ်ကျော်အောင်၏ စွမ်းရည်ကိုသိ၍ တာဝန်ပေးအပ်ပြီး ဖော်ထုတ်ခိုင်းခဲ့သည်။

ဆယ့်ငါးရက်အတွင်း လူသတ်သမားကို ဖော်ထုတ်နိုင်ခဲ့သည်။ ထိုအမှုကို ဩဂုတ်လအတွင်း အပြီးတိုင် ဖော်ထုတ်နိုင်ခဲ့သည်။ ထိုသို့သော အောင်မြင်မှုကြောင့် အောက်တိုဘာလ (၁)ရက်နေ့တွင် ကျရောက်သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ်ပတ်လည်နေ့တွင် အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ရဲအုပ်မှ ဒုရဲမှူးအဆင့်သို့ တိုးမြှင့်ချီးမြှင့်ခြင်း ခံခဲ့ရသည်။

ရဲလုပ်ငန်းများနှင့် အချိန်ကို နပန်းလုံးနေရသော ကျော်အောင်မှာ ချစ်သူ မြတ်မြတ်ထွေးထံပုံမှန် မဆက်သွယ်နိုင်ခဲ့။



ယနေ့တော့ အလုပ်တာဝန်က အနားရခဲ့သည်။

အနားရရှိသည်ဆိုသော်လည်း Standby အသင့်စောင့်အဖြစ် ရုံးတွင် အမြဲအသင့်ရှိနေရသည်။ အေးအေးချမ်းချမ်းဖြစ်နေချိန်ဖြစ်၍ ချစ်သူမြတ်မြတ်ထွေးနှင့် တွေ့ဆုံနိုင်ရန် အသိတစ်ယောက်၏ကားကိုငှား၍ ကိုယ်တိုင်မောင်းနှင်ထွက်ခဲ့သည်။

ချစ်သူမြတ်မြတ်ထွေးနေထိုင်ရာအိမ်နှင့် မလှမ်းမကမ်းအရောက်တွင် လူနှစ်ဦးက အိမ်တစ်လုံးကို လေ့လာနေကြောင်း မသင်္ကာဖွယ် တွေ့လိုက်ရသည်။

မှုခင်းအမြင်ရှိနေသော ဒုရဲမှူးကျော်အောင်က မသင်္ကာသူနှစ်ဦးနှင့် မလှမ်းမကမ်း၌ပင် မောင်းလာသောကားကို ရပ်လိုက်သည်။ စက်ပျက်ဟန်ဆောင်၍ မသင်္ကာသူနှစ်ဦးကို အကဲခတ်နေခဲ့သည်။

"မောင်ကျော်အောင် ကား ပျက်နေလို့လား"

ကားတစ်စီးရောက်လာသည်။ မြတ်မြတ်ထွေး၏မိခင် စီးနင်းလာသောကားဖြစ်သည်။

"ကဲ.....အန်တီ့ကားနဲ့လိုက်ခဲ့"

အိမ်သို့အတူခေါ်သွားခဲ့သည်။ မြတ်မြတ်ထွေး၏မိခင်က [illegible] တစ်ဦးကိုလှမ်းခေါ်ပြီး [illegible]



www.burmeseclassic.com

www.burmeseclassic.com



အောင်၏ကားကို စက်ပြင်ပြီး အိမ်သို့ယူခဲ့ရန် မှာသွားခဲ့သည်။

မြတ်မြတ်ထွေးက အိမ်တွင်အသင့်ရှိနေသည်။ ကြိုတင်ဖုန်းဆက်၍မှာကြားထားသဖြင့် အသင့်စောင့်နေခြင်းဖြစ်သည်။

"သမီးတို့ချင်း စကားပြောကြဦး၊ မေမေ စားဖို့စီစဉ်လိုက်ဦးမယ်"

မြတ်မြတ်ထွေး၏မိခင်က အလိုက်သိစွာဖြင့် မီးဖိုချောင်ထဲသို့ ဝင်သွားခဲ့သည်။ မြတ်မြတ်ထွေးက ဒုရဲမှူး ကျော်အောင်နှင့် မျက်နှာချင်းဆိုင်မိသည်နှင့် သူမ၏ဆန္ဒကို ပထမဆုံး ပြောပြလိုက်သည်။

"ကိုကို့ကို မြတ်မြတ် ပြောပြစရာရှိတယ်"

"ပြောလေ"

"ဒီလိုပါ၊ ကိုကိုက နိုင်ငံ့ဝန်ထမ်းဆိုတော့ အချိန်နဲ့ဘဝကို မြှုပ်နှံထားရတယ်၊ ကိုယ့်အတွက် တန်ဖိုးရှိအချိန်တွေ ဆုံးရှုံးတယ်လို့ယူဆတယ်၊ မေမေက စင်ကာပူမှာ ဆိုင်ခွဲဖွင့်ဖို့ စီစဉ်ထားတယ်၊ ဒါကြောင့် မြတ်မြတ်နဲ့ လက်ထပ်ပြီးတာနဲ့ အဲဒီဆိုင်မှာ ကိုကို ဦးစီးစေချင်တယ်"

မြတ်မြတ်ထွေး၏စကားက ဒုရဲမှူး ကျော်အောင်ကို အံ့အားသင့်စေခဲ့သည်။ မည်သို့ပြန်ပြောရမည်ကိုပင် ရုတ်တရက် အဖြေရှာမတွေ့ခဲ့ပေ။

ချစ်သူကို စွန့်လွှတ်ရမည်လား၊ နိုင်ငံ့ဝန်ထမ်းဘဝကိုစွန့်လွှတ်ရမည်လား။

မြတ်မြတ်ထွေး၏ဆန္ဒက သူ့ဘဝ၏မျှော်လင့်ချက်များကို ခလုတ်တစ်ခုဖြစ်စေခဲ့သည်။ ထိုခလုတ်ကို မည်သို့ဖယ်ရှားပစ်ရမည်မသိ။ အချိန်ယူရမည်ကိုတော့ သိထားသည်။

"မြတ်မြတ်နဲ့ ကိုကို့ဘဝ ကောင်းစားရေးအတွက်မို့ တိုက်တွန်းရတာပါ"

"ဟုတ်ပါတယ်၊ ချစ်သူအနေနဲ့ ဒီလိုဖြစ်စေချင်တာကို လက်ခံပါတယ်၊ လောလောဆယ် ကိုကိုက ရဲတပ်ဖွဲ့မှာ ပြန်တမ်းဝင်အရာရှိလေ၊ ချက်ချင်းဆုံးဖြတ်ချက်ချဖို့ဆိုတာ အခက်အခဲဖြစ်နိုင်တယ်"

"အဲဒီလိုအခက်အခဲက ကိုကိုနဲ့ မြတ်မြတ်တို့ရဲ့ ရှေ့ခရီးမှာ

**မြတ်မြတ်ထွေး၏**

**ဆန္ဒက**

**သူ့ဘဝ၏မျှော်လင့်ချက်များကို**

**ခလုတ် တစ်ခုဖြစ်စေခဲ့သည်။**

**ထိုခလုတ်ကို**

**မည်သို့**

**ဖယ်ရှားပစ်ရမည်မသိ။**

**အချိန်ယူရမည်ကို......**

ခလုတ် တစ်ခုဖြစ်နိုင်တယ်၊ မြတ်မြတ်ရဲ့ စကားကို အလေးအနက်ထားပါ ကိုကို"

"ကောင်းပါပြီ၊ အချိန်ယူစဉ်းစားပြီး အကောင်းဆုံးအဖြေတစ်ခုကိုပေးပါ့မယ်"

"အဲဒီလိုအဖြေမျိုးကိုပဲ မျှော်လင့်နေမိတယ်"

ဒုရဲမှူး ကျော်အောင်က စိတ်ထဲမတင်မကျဖြစ်နေသော်လည်း ထားရှိခဲ့ဖူးသော သံယောဇဉ်ကြောင့် အချိန်ယူပြီးဖျောင်းဖျရန် စဉ်းစားခဲ့သည်။

မြတ်မြတ်ထွေး၏မိခင်ကိုလည်း အလိုက်သင့် အရှိအသေပေးကာ ဆက်ဆံခဲ့သည်။ ညစာစားပွဲတွင် ပျော်ပျော်ရွှင်ရွှင်ဖြင့် စကားဖောင်ဖွဲ့ပေးခဲ့သည်။

ထမင်းစားနေကြစဉ် လမ်းတွင် ရပ်ထားခဲ့သောကားက ရောက်လာသည်။ ထမင်းစားပြီးချိန်တွင် အလုပ်ရှိနေကြောင်း အကြောင်းပြ၍ ပြန်ခဲ့သည်။

မြတ်မြတ်ထွေးက အိမ်အပြင်အထိ လိုက်ပို့ရင်း သူမ အကြံပေးထားသည့်စကားကို အလေးအနက်ထားရန် ထပ်မံပြောကြားခဲ့၏။

"မြတ်မြတ်တို့ရဲ့ နွေးထွေးတဲ့မေတ္တာကို အေးခဲမသွားစေချင်ဘူး၊ ကိုကို့အနေနဲ့ အပြန်အလှန်စဉ်းစားတော့ပြီး ဆုံးဖြတ်ပါ၊ မြတ်မြတ်နဲ့



www.burmeseclassic.com

www.burmeseclassic.com

ကိုကို့ဘဝအတွက် အရေးကြီးတဲ့ ဆုံးဖြတ်ချက်ဆိုတာလည်း မမေ့နဲ့နော်''

မြတ်မြတ်ထွေးက ထပ်မနား သတိပေးသည်။

ဒုရဲမှူး ကျော်အောင်က အလေးအနက်ထားစဉ်းစားမည်ဟု ပြောပြီး နှုတ်ဆက်ထွက်ခွာခဲ့၏။

အပြန်တွင် လမ်းထိပ်၌ ညပိုင်းရဲလှည့်ကင်းအဖွဲ့ကို တွေ့လိုက်ရ၏။ ဒုရဲမှူး ကျော်အောင်က စက်ဘီးလှည့်ကင်းအဖွဲ့အနီးတွင် ကားကိုရပ်လိုက်သည်။

လှည့်ကင်းအဖွဲ့ခေါင်းဆောင်ကို ခေါ်ယူမိတ်ဆက်ပြီး ၎င်းလာရောက်စဉ်က မသင်္ကာဖွယ်လူနှစ်ဦးကို တွေ့ရှိခဲ့ရကြောင်း သတိပေးစကားပြောခဲ့သည်။

လှည့်ကင်းအဖွဲ့ခေါင်းဆောင်မှာ ဒုရဲအုပ်ဖြစ်သည်။

ဒုရဲမှူး ကျော်အောင်အား သိနေသူဖြစ်သည်။

ဒုရဲမှူးကျော်အောင် ပြောပြသည့်သတင်းကို အလေးအနက်မှတ်သား၍ စောင့်ကြည့်မည်ဖြစ်ကြောင်း ပြန်ပြောခဲ့သည်။

♛♛♛♛

ညဉ့်နက်ပိုင်း ၁၀ နာရီခန့်အချိန်.....

လမိုက်ရက်ဖြစ်၍ ပတ်ဝန်းကျင်တစ်ခုလုံး မှောင်မည်းနေသည်။

လမ်းမီးများက အင်အားနည်းနေ၍ အမှောင်ထုကို မထိုးဖောက်နိုင်ခဲ့ပေ။

ကျောက်တံတားမြို့နယ်နှင့် ဗိုလ်တထောင်မြို့နယ်အစပ် ဗိုလ်အောင်ကျော်လမ်းပေါ်တွင် လူလေးဦးတို့ မှောင်ရိပ်ခို၍ လှုပ်ရှားနေကြသည်။

လူလတ်ပိုင်းအရွယ်များချည်းဖြစ်သည်။

ည (၁၀)နာရီအချိန်ဖြစ်၍ လူသွားလူလာတော့ ရှိနေသေးသည်။ သို့သော် အသွားအလာကျဲသည်။ ဗိုလ်အောင်ကျော်လမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းထောင့်တွင် လမ်းမီးအလင်းရောင်က ပြတ်သားမှုမရှိ။

လမ်းဘေးတွင်ပေါက်နေသော သစ်ပင်မြင့်ကြီးများ၏အရိပ်က လမ်းမီးများ၏အလင်းရောင်ကို ကွယ်ကာလိုက်၍ လမ်းမပေါ်၌ ကွက်ကျားမှောင်ရိပ်များ ကျနေခဲ့သည်။

"အခြေအနေကောင်းပြီ"

လူလေးဦးထဲက တစ်ဦးက ခေါင်းဆောင်ဖြစ်ဟန်တူသည်။ သူနှင့်အတူ ပါရှိလာသူများကို တီးတိုးပြောရင်း ခရစ်ယာန်ဘုရားရှိခိုးကျောင်း၏ ခြံစည်းရိုးအနီး ကပ်သွားခဲ့ကြ၏။

ဗိုလ်ချုပ်အောင်ဆန်းလမ်းမဘေးရှိ ရေမြောင်းထဲသို့ ရှုတ်ခြည်ဆင်းလိုက်သည်။ ဖြတ်သန်းမောင်းနှင်နေသော ကားများရှိပေမယ့် မည်သည့်ကားကိုမျှ ဂရုတစိုက်ဖြင့် လှေ့လာမှုမပြုကြ။ ဘာသိဘာသာ ရှိနေကြသည်။

လူလေးယောက်လုံး လမ်းဘေးရေမြောင်းထဲ ဆင်းလိုက်ကြသည်။ ရေမြောင်းအနက်မှာ လူတစ်ယောက်၏ ခါးပိုင်းအထိအနက်ရှိသည်။

လမ်းကူးမြောင်းမှာ ဗိုလ်အောင်ကျော်လမ်းထိပ် ဝဲ၊ ယာနှစ်ဖက်ကို ဆက်သွယ်ထားသည်။ မြောင်းအဖုံးမှာ ကတ္တရာခင်းထားသော လမ်းသားနှင့် တစ်ဆက်တစ်စပ်တည်းဖြစ်သည်။

လူလေးဦးလုံး ရေမြောင်းအဖုံးအောက်သို့ ဝင်၍ခိုနေကြ၏။

သူတို့ ရေမြောင်းအတွင်းသို့ ရောက်နေသည်ကို မည်သူကမျှ သတိမပြုမိကြ။ ဗိုလ်အောင်ကျော်လမ်းသည် ညအချိန်ဆိုပါက လမ်းသွားလမ်းလာနည်းသည်။

ဗိုလ်တထောင်မြို့နယ်ဘက်အခြမ်းတွင် ဘုရားရှိခိုးကျောင်းနှင့် ဗိုလ်တထောင် အထက(၆) ခြံဝင်းကျယ်များရှိ၍ လူနေအိမ်မရှိ။

ကျောက်တံတားမြို့နယ်ဘက် အခြမ်းတွင် အထပ်မြင့်တိုက်များရှိ



www.burmeseclassic.com

www.burmeseclassic.com

သည်။ လူနေအိမ်က အများဆုံးဖြစ်၍ တိတ်ဆိတ်ငြိမ်သက်သော ပတ်ဝန်းကျင်ဖြစ်နေသည်။

ရေမြောင်းထဲ ဝင်ပုန်းနေသူလေးဦးတို့ ည ၁၂ နာရီကျော်အချိန်တွင် အခြေအနေအကဲခတ်ပြီး အပြင်သို့ထွက်ခဲ့ကြသည်။

ပြီးတော့ ဗိုလ်အောင်ကျော်လမ်းနှင့် လမ်း (၄၀)ကြားရှိ နောက်ဖေးလမ်းကြားထဲသို့ နောက်ဖေးလမ်းကြားအကာအရံကိုကျော်ပြီး ဝင်ခဲ့ကြသည်။

သူတို့လေးဦးက ဖောက်ထွင်းခိုးယူရမည့်နေရာကို ရွေးချယ်ထားပြီးဖြစ်သည်။ ဖောက်ထွင်းရမည့် အဆောက်အအုံနောက်ကျောကိုဝင်ကပ်လိုက်ကြသည်။

တစ်ဦးက အဆောက်အအုံ၏ ရေဆိုးထုတ်ရေပိုက်ကို တွယ်တက်သည်။ ကြောင်တစ်ကောင်ကဲ့သို့ သွက်လက်လျင်မြန်သည်။

သူ့လွယ်အိတ်ထဲတွင် ဖောက်ထွင်းကိရိယာ အပြည့်အစုံပါရှိသည်။ ရေပိုက်မှတစ်ဆင့် အခန်းတစ်ခန်း၏ နောက်ဖေးပြတင်းပေါက် တံခါးပေါင်ပေါ် တွယ်တက်သည်။

ပြတင်းပေါက်မှန်တံခါးချပ်၏ မှန်ပေါ်တွင် အသင့်ယူလာသော တိပ်ပြားဖြင့် ကပ်လိုက်သည်။

တိပ်ကို မှန်ပြားအပြည့်ကပ်ပြီးသည်နှင့် မှန်ကို လက်ဖနောင့်ဖြင့်ကြိတ်ဖိ၍ တွန်းလိုက်သည်။ မှန်က ကျွံထွက်သွားခဲ့သည်။

ထိုမှန်ပေါက်မှ လက်လျှိုသွင်း၍ တံခါးရွက်ကန့်လန့်ကိုဖြုတ်သည်။ တံခါးကို အသာအယာဖွင့်ပြီးသည်နှင့် အိမ်ခန်းထဲသို့ဝင်သည်။

အိမ်ရှင်များက အိမ်မှာမရှိ။ ပုပ္ပားသို့ ဘုရားဖူးသွားနေကြသည်။ အိမ်ပိုင်ရှင်မှာ စိန်ရွှေရတနာပစ္စည်း အရောင်းဆိုင်ပိုင်ရှင်ဖြစ်သည်။

ရန်ကုန်မြို့မှ နာမည်ကြီး စိန်ရွှေရတနာဆိုင်ပိုင်ရှင်ဖြစ်၍ ခရီးထွက်ခွာနေကြစဉ် ရတနာပစ္စည်းများကို နေအိမ်တွင်ထားရှိခဲ့ကြောင်း လေ့လာပြီးဖြစ်သည်။

ကြိုတင်လေ့လာပြီးမှ ဖောက်ထွင်းမှု ကျူးလွန်ကြခြင်းဖြစ်သည်။

အိမ်ထဲတွင် မီးခံသေတ္တာနှစ်လုံးရှိသည်။ မီးခံသေတ္တာကို အိမ်ရှင်များက လုံခြုံရေးပြည့်ဝသည်ဟု ယူဆကြသည်။ ယုံကြည်ကြသည်။

ယုံကြည်သည့်အတိုင်း စိန်၊ ရွှေ၊ ရတနာပစ္စည်းများကို မီးခံသေတ္တာထဲ ထည့်ထားခဲ့သည်။ ဖွင့်လှစ်ရောင်းချနေသော ဆိုင်ကိုတော့ မပိတ်။ ဆိုင်ထဲတွင် ရွှေထည် ပစ္စည်းများကို သာထားသည်။

အိမ်ရှင်၏ညီမကို ဆိုင်အား စောင့်ရှောက်ရန် အပ်နှံထားခဲ့၏။ ဆိုင်ရှင်၏ညီမက ဆိုင်ရှိပစ္စည်းများကို ညနေဆိုင်ပိတ်သိမ်းချိန်တွင် အားလုံးသိမ်း၍ ၎င်းနေထိုင်သော အိမ်သို့ ယူသွားခဲ့သည်။

ဆိုင်ပိုင်ရှင်က တန်ဖိုးကြီးငွေထည်များနှင့် ရတနာပစ္စည်းအချို့ကို ၎င်း၏နေအိမ်တွင် ထားရှိခဲ့သည်။

ဒုစရိုက်သမား လေးဦးအနက် သုံးဦးက အောက်တွင်စောင့်နေကြသည်။ ဖောက်ထွင်းဝိဇ္ဇာဖြစ်သော ခေါင်းဆောင်ကသာ အိမ်ထဲသို့ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။

ဖောက်ထွင်းဝိဇ္ဇာက မည်သည့်သော့ကိုမဆို ဖွင့်နိုင်သောသူဖြစ်သည်။ အချိန်ပိုင်းအတွင်း မီးခံသေတ္တာထဲမှ တန်ဖိုးကြီးရတနာပစ္စည်းများကို ခိုးယူနိုင်ခဲ့သည်၊

ခိုးယူရရှိသော ရတနာပစ္စည်းများကို ၎င်းနှင့်အတူ ယူဆောင်လာသော လွယ်အိတ်ထဲထည့်သည်။ ဖောက်ထွင်းဝင်ရောက် ခိုးယူချိန်မှာ တစ်နာရီခန့်သာကြာသည်။

ပြီးမှ ရေပိုက်အတိုင်း တွယ်ဆင်းသွားသည်။ အောက်တွင် လူရိပ်လူခြည်ကြည့်နေသူသုံးဦးက သူ့ကိုဝိုင်းကူသည်။

သူတို့လေးယောက် နောက်ဖေးလမ်းကြားအတိုင်း ထွက်ခဲ့ကြသည်။ တစ်ယောက်ပြီးတစ်ယော လမ်းကြားအဝင်အထွက်တံခါး ကို ကျော်တက်ပြီး လမ်းကျယ်



www.burmeseclassic.com

www.burmeseclassic.com



သို့ ထွက်ခဲ့ကြသည်။

လမ်းကျယ်ပေါ်ရောက်သည့်အခါ လူချင်းခွဲသည်။ တစ်ယောက်ချင်း အရပ်မျက်နှာမတူသည့်နေရာများသို့ ခွဲထွက်ခဲ့ကြသည်။

လမ်းပေါ်တွင် သွားလာနေသောကားများက မရှိသလောက်ဖြစ်နေ၏။ ဖောက်ထွင်းဝိဇ္ဇာက ကြိုတင်စီစဉ်ထားသော ဆိုက်ကားရပ်ထားရာသို့ သွားခဲ့သည်။

ထိုဆိုက်ကားဖြင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းအတိုင်း ပုဇွန်တောင်မြို့နယ်ဘက်သို့ ထွက်ခဲ့ကြသည်။

လမ်း (၅၀)ထိပ်သို့မရောက်မီ အသင့်စောင့်နေသော တက္ကစီယာဉ်ဖြင့် ထွက်ပြေးသွားခဲ့သည်။

အမှောင်ထုအောက်မှဒုစရိုက်သမားများက သူတို့၏အောင်မြင်မှုအတွက် အပြုံးကိုယ်စီ ဝင့်နိုင်ခဲ့ကြသည်။

♛♛♛♛

ကျောက်တံတားမြို့မရဲစခန်းမှ ဒုရဲအုပ်ကျော်ဦး ခေါင်းဆောင်သောညဉ့်နက်ပိုင်းလှည့်ကင်းအဖွဲ့သည် ဗိုလ်ချုပ်အောင်ဆန်းလမ်းအတိုင်း အနောက်မှအရှေ့သို့ စက်ဘီးကိုယ်စီဖြင့် ထွက်ခဲ့ကြသည်။

"ဆရာ.....ဟိုရှေ့လမ်းဘေးအမှောင်ရိပ်မှာ လူတစ်ယောက်အိပ်နေတယ်"

စက်ဘီးအဖွဲ့ထဲမှတစ်ယောက်က အဖွဲ့ခေါင်းဆောင်ကိုအသိပေးသတင်းပို့သည်။

"စောစောက လူတစ်ယောက်လမ်းပေါ်မှာ လမ်းလျှောက်နေတာတွေ့မိသလိုလိုပဲ၊ တို့စက်ဘီးအဖွဲ့ကိုတွေ့လို့ မှောင်ရိပ်မှာ အိပ်ချင်ယောင်ဆောင်နေတာများလားမသိဘူး"

လမ်းဘေးတွင်အိပ်နေသူကလည်း အကင်းပါးဟန်တူသည်။

ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီး၏ ကျောက်တံတားမြို့နယ်အပိုင်ထဲတွင် အိပ်နေခြင်းမဟုတ်။ ရန်ကုန်ဘူတာကြီးဘက်ခြမ်း အုတ်တံတိုင်းနံဘေးတွင် အိပ်နေခြင်းဖြစ်

ဗိုလ်ချုပ်အောင်ဆန်း
လမ်းမကြီး၏
ကျောက်တံတားမြို့နယ်
အပိုင်ထဲတွင်
အိပ်နေခြင်းမဟုတ်။
ရန်ကုန်ဘူတာကြီး
ဘက်ခြမ်း
အုတ်တံတိုင်းနံဘေးတွင် ....

သည်။

ဒုရဲအုပ် ကျော်ဦးက အိပ်နေ
သူအနီးသို့ ချဉ်းကပ်သွားသည်။
ရဲအုပ် ကျော်ဦးနှင့်အတူ ရဲတပ်
ဝင်နှစ်ဦးက အိပ်နေသူကို ခြေရင်း
နှင့်ခေါင်းရင်းပိုင်းမှ ဝန်းရံထားကြ
သည်။

အိပ်နေသူက ရုတ်တရက
အန္တရာယ်ပြုနိုင်မှုကို ကြိုတင
တွေးဆ၍ ဝန်းရံပြီး အသင့်အနေ
အထားဖြင့် ချဉ်းကပ်ခဲ့ကြခြင်းဖြ
သည်။

"ဟေ့လူ.....ထပါဦး"

ဒုရဲအုပ် ကျော်ဦးက လက်နှ
ပုတ်နှိုးသည်။

အိပ်နေသူက ချက်ချင်းမထ
ပြန်ခဲ့။

အရက်မူးလွန်နေသည့်ပုံစံဖြ
ဘယ်ညာလူးလိမ့်ပြခဲ့သည်။

လှည့်ကင်းအဖွဲ့က ပါရှိလ
သော လက်နှိပ်ဓာတ်မီးဖြင့် မျက
နှာကို ထိုးကြည့်သည်။

ဒုရဲအုပ် ကျော်ဦးက အိပ်နေ
သူအနီးမှ ချွတ်ထားသော ခြေညှ
ဖိနပ်ပေါ် လက်ဝါးဖြန့်၍ အုပ်ကြည
ရင်း စမ်းသပ်သည်။

"ဖိနပ်က အပူငွေ့ရှိနေတယ်
ဒီလူ တို့ကိုမြင်လို့ အိပ်ချင်ယော
ဆောင်လိုက်တာ သေချာနေပြီ
ထူပြီးနှိုးကွာ"

ရဲတပ်ဖွဲ့ဝင်နှစ်ဦးက



www.burmeseclassic.com

www.burmeseclassic.com



ချိုင်းကြား မှမ,၍ ဆွဲထုတ်သည်။ ပြီးနောက် ဝတ် ထားသောပုဆိုးကို လှန်ပြီးစစ်ဆေး သည်။

"ဟောဒီမှာ စကေဘာတစ်ချောင်း"

ရဲတပ်ဖွဲ့ဝင်တစ်ဦးက စကေဘာကို ဆတ်ခနဲဆွဲယူလိုက်သည်။

လက်နက်ပုန်းကိုင်ဆောင်မှုကြောင့် အရေးယူနိုင်မှုက ပြည့်စုံနေပေပြီ။ တပ်ဖွဲ့ဝင်တစ်ဦးက အိပ်ချင်ယောင်ဆောင်နေသူကို ချက်ချင်း သတိပြုမိသွားသည်။

"ဟော့ကောင် မင်းဘယ်သူဆိုတာ ငါသိတယ်၊ ထစမ်း"

"ကျုပ် အမူးလွန်ပြီး အိပ်ပျော်နေတာဗျ"

"အရက်သောက်တာက မင်းရဲ့နေ့စဉ်အလုပ်ပဲ၊ ပါးစပ်ထဲက အရက်နံ့က မင်းရဲ့ဟန်ဆောင်မှုကို မကာကွယ်နိုင်ဘူး ကိုယ့်လူ"

"ကျုပ် တကယ်အိပ်ပျော်နေတာပါဗျာ"

"ဒီမှာ မင်းထောင်ကလွတ်လာတာ မကြာသေးဘူး၊ လွတ်ငြိမ်းချမ်းသာခွင့်အရ မင်းကို နိုင်ငံတော်က လွှတ်ပေးခဲ့တာ"

"ခင်ဗျားတို့ လူမှားနေပြီထင်တယ်"

"ဒီမှာ မင်းကိုရှုံးထုတ်တိုင်းလိုက်နေရတဲ့ငါက မင်းကိုကောင်း



ကောင်းမှတ်မိတယ်၊ မင်းကဖောက်ထွင်းဝိဇ္ဇာ အေးကျော်၊ မင်းရဲ့ညာဘက်နားက နားသီးက မင်းဘယ်သူဆိုတာ ဖော်ပြနေတယ်"

လှည့်ကင်းအဖွဲ့က တပ်ကြပ်ကြီး ထွန်းလင်းဦးက အေးကျော်ကို ကောင်းစွာမှတ်မိနေခဲ့သည်။ အေးကျော်က လေသံပြောင်းခဲ့သည်။

"ကျွန်တော် ဘော်ဒါတွေနဲ့ အရက်သောက်ရင်း အချိန်လွန်သွားတာပါ"

"ဒါဖြင့် မင်းရဲ့ခြေသလုံးမှာ ဝှက်ပြီးယူလာတဲ့ စကေဘာကဘာကြောင့်လဲ"

ဒုရဲအုပ် ကျော်ဦး၏အမေးကို အေးကျော်က ချက်ချင်းပြန်ဖြေခဲ့၏။

"ကျွန်တော်က ဒုစရိုက်သမားဖြစ်ခဲ့ဖူးသူပါ ဆရာ၊ ရန်သူများတယ်၊ ကျွန်တော့်ကိုယ်ကို ပြန်လည် ခုခံနိုင်ဖို့ ဆောင်ထားတာပါ"

"အေး.....အဲဒီအဖြေက ဘို့ကိုယုံကြည်အောင် မလုပ်နိုင်ဘူးကွ၊ ဒီတော့ ရဲစခန်းကို ခဏလိုက်ခဲ့ဦး"

"ကျွန်တော် ဘာမှမလုပ်ခဲ့မိသေးပါဘူး ဆရာ"

"ဟုတ်လား၊ အခြေအနေ စောင့်ကြည့်ရတာပေါ့ကွာ"

ဒုရဲအုပ် ကျော်ဦးနှင့်အဖွဲ့က အေးကျော်ကို မသင်္ကာမှုဖြင့်ဖမ်းဆီးပြီး ကျောက်တံတားရဲစခန်းသို့ခေါ်နှံခဲ့သည်။

ဒုရဲမှူး ကျော်အောင်က တာဝန်ဖြင့် လှည်းကူးမြို့ဘက်သို့သွားခဲ့ရာမှ သူ့အဖွဲ့ဖြင့် ပြန်လာခဲ့သည်။ သူတို့စီးလာသောကား မှာ နံပါတ် အနက်ကိုယ်ပိုင်ကားဖြစ်သည်။ အမှုစုံစမ်းစစ်ဆေး ရာတွင် အသုံးပြုရန်အတွက် ဌာနမှ ထုတ်ပေးထားသော ကိုယ်ပိုင်နံပါတ် တပ်ဆင်ထားသည့် ကားဖြစ်သည်။

ည ၁၂ နာရီထိုးလုလုအချိန်ဖြစ်သည်။ သူတို့အဖွဲ့ ထောက်ကြန့်



www.burmeseclassic.com

www.burmeseclassic.com



မြို့အဝင်ကိုကျော်တော့ ကားကို အရှိန်မြှင့်တင်ပြီး မောင်းခဲ့ကြသည်။

ရွှေညောင်ပင်ဘိုးဘိုးကြီးနန်း အလွန်တွင် လမ်းဘေး၌ရပ်ထားသော ကားတစ်စီးအနားမှ လူတစ်ဦးက လှမ်းတားသည်။

ဒုရဲမှူး ကျော်အောင်က ကား ရပ်ပေးပြီး မေးသည်။

"ကျွန်တော့်ကားမောင်းနေရင်း ရပ်သွားလို့ပါ"

"ရပါတယ်၊ ကျွန်တော့်အဖွဲ့ထဲမှာ စက်ပြင်ကျွမ်းကျင်သူ ပါလာပါတယ်"

"ဟုတ်ကဲ့၊ ကူညီပါဦး ဆရာ ရယ်"

"ခင်ဗျား ကျွန်တော့်ကိုသိလို့ လား"

"သိပါတယ်၊ ဟိုတစ်ခါ ကျွန်တော်နေတဲ့ ကြည့်မြင်တိုင်မြို့နယ်အတွင်းမှာ အိမ်ထဲဝင်ပြီး လုယက်မှုဖြစ်တော့ ဆရာကိုယ်တိုင် ကွင်းဆင်း စစ်ဆေးခဲ့တယ်မဟုတ်လား၊ ဆရာက ဒုရဲမှူး ကျော်အောင် မဟုတ်လား"

"ဟုတ်ပါတယ်"

ဒုရဲမှူး ကျော်အောင်၏တပည့်က ကားကို စစ်ဆေးပြုပြင်ပေး၍ ကောင်းသွားခဲ့သည်။

"ကျွန်တော့်နာမည် လှဦးပါ၊ ဆောက်လုပ်ရေးကန်ထရိုက်တာပါ"

"ဟုတ်ကဲ့၊ မှတ်ထားပါ့မယ်"

ဒုရဲမှူး ကျော်အောင်က နှုတ်ဆက်ပြီး ပြန်ခဲ့သည်။

ညဉ့်သန်းခေါင်ကျော် နံနက် ၁ နာရီတွင် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးသို့ ရောက်ခဲ့သည်။



"ဗိုလ်ကြီးကို ဌာနခွဲမှူးက ချက်ချင်းလာတွေ့ပါတဲ့"

ရုံးသို့ရောက်ရောက်ချင်း တာဝန်ကျ တာဝန်မှူးက သတင်းပို့ခဲ့သည်။ ဌာနခွဲမှူးထံ ချက်ချင်းသွားတွေ့သည်။

"ရဲမှူး ကျွန်တော်ရောက်ပါပြီ"

ဌာနခွဲမှူးမှာ ဖုန်းနှစ်လုံးဖြင့် အလုပ်များနေသည်။ တစ်ဖက် ဒါ ဆက်သွယ်မှုကို ပြောပြရင်း ဒုရဲ မှူး ကျော်အောင်ကို ထိုင်ရန် လက်ဟန် ခြေဟန်ဖြင့် ပြသည်။

"ခင်ဗျားကို ခေါ်ရတာ က တော့ မြို့ထဲမှာ ဖောက်ထွင်းမှုက စ် ခုပေါ်လာလို့ပဲ၊ အိမ်ရှင် တွေ က ည ၁၀ နာရီမှ အိမ် ပြန်ရောက်လို့ သိ ရတာ ကဲ့၊ အိမ်ရှင် လင်မယားနဲ့ အဘု ခင်ဗျားရဲ့မိတ်ဆွေ မြ ဘ် မြတ်ထွေးတို့က ရဲစခန်း မှာ သတင်းပေးခဲ့ကြတာပါ"

မြတ်မြတ်ထွေးဆ ၍ ဒုရဲမှူး ကျော်အောင် မှာ အံ့အားသင့်သွား ခဲ့သည်။ မြတ်မြတ်ထွေးနှင့် မည် သို့ ပတ်သက်နေသည် ကို စဉ်းစားခဲ့ရ တော့၏။

ရွှေ့လဆက်တော်ပါယုန်
တစေသရှာပုံ
အောင်ကျော်ဇော

www.burmeseclassic.com



# (၇) ရက်သားသမီး တစ်လတာကံကြမ္မာ

## တနင်္ဂနွေ

ယခုလအတွင်း အခွင့်အရေးလမ်းကြောင်းသစ် စီးပွားရေးခွင် တွေ့ရှိတတ်သည်။ ငွေလာဘ်ရွှင်မည်။ ကတိမတည်သော လုပ်ဖော်ကိုင်ဖက်နှင့် တွေ့ကြုံတတ်သည်။ ခရီးသွားလမ်းကြောင်း မရှိသေးပါ။ ခရီးမသွားပါနှင့်။ ဘေးရန်တွေ့တတ်သည်။ ပညာရေးသင့်ပြီး လူမှုရေးညံ့ကာ ကျန်းမာရေးကောင်းပါသည်။

**ကံကောင်းအရောင်။** ။ အဖြူထဲတွင် အဝါပန်းပွင့်၊ အနီပန်းပွင့်ပါသောအရောင်ဝတ်ဆင်ပါ။

**ကံညံ့အရောင်။** ။ အညိုထဲတွင် အပြာနုကွက်ကျဲ ပန်းရောင်ရင့် ရှောင်ပါ။

**အချစ်ရေး။** ။ ချစ်သူမရှိသေးသူများ အချစ်သစ်စတင်တွေ့ရှိမည်။

**အိမ်ထောင်ရေး။** ။ မိမိချစ်ခင်ပွန်းအပေါ် သံသယဝင်နေတတ်သည်။

**ထီထိုးရန်။** ။ (က) ၅–၁၊ (ခ) ၅–၆၊ (ဂ) ၅–၄။

**ယတြာ။** ။ အိမ်ဘုရားတွင် ကော်ဖီနှင့်ပေါင်မုန့်ထောပတ်သုတ် ကပ်လှူပါ။

## တနင်္လာ

ယခုကာလအတွင်း စီးပွားရေး၊ လူမှုရေးကံ အထူးကောင်းနေမည်။ ပြိုင်ဘက်၊ အတိုက်အခိုက်၊ အနှောင့်အယှက် သတိထားပါ။ ပညာရေး အထူးကြိုးစားပါ။ စပ်တူရှယ်ယာပဲကောင်းသည်။ အမျိုးသမီးများ သားအိမ်ရောဂါ၊ နှလုံးရောဂါ သတိထားပါ။ တိုက်၊ ကား၊ ခြံ၊ မြေ ဝယ်ယူရတတ်သည်။

**ကံကောင်းအရောင်။** ။ မဲနယ်ရောင်၊ ခိုပြာရောင်ဝမ်းဆက် ဝတ်ဆင်ပါ။

**ကံညံ့အရောင်။** ။ ဖက်ဖူးရောင်၊ မိုးစက်ပွင့်ရောင် ရှောင်ပါ။

**အချစ်ရေး။** ။ ချစ်သူဝိုင်းဝိုင်းလည်နေသော်လည်း ဖူးစာရှင်မဟုတ်ပါ။

**အိမ်ထောင်ရေး။** ။ လင်မယားနှစ်ဦး ခေတ္တ ခွဲခွာနေရတတ်သည်။

**ထီထိုးရန်။** ။ (ပ) ၇–၃၊ (ဖ) ၇–၄၊ (ဗ) ၇–၉။

**ယတြာ။** ။ မွေးနံထောင့်တွင် ရွှေသကၤန်းကပ်လှူပါ၊ ရေကပ်ပါ။

## အင်္ဂါ

ယခုကာလအတွင်း ဖြေဆိုမည့် စာမေးပွဲကိစ္စအတွက် ကြိုးစားပါ။ အောင်မြင်မှုရမည်။ သယံဇာတပစ္စည်း၊ ဓာတ်ပစ္စည်း၊ ဓာတ်လုံး၊ မိုးကြိုးသွားတို့ အရောင်းအဝယ်ဖြစ်ပြီး ငွေလာဘ်မနက် သိမ်းသန်းဝင်မည်။ ပုတီးစိပ်၊ အဓိဋ္ဌာန်ဝင်ကာ သာသနာရေးလုပ်ငန်း ကြိုးစားလုပ်ပါ။ ထွက်ရပ်ပေါက်တတ်သည်။

**ကံကောင်းအရောင်။** ။ စတော်ဘယ်ရီရောင်၊ ငုဝါရောင်ဝမ်းဆက် ဝတ်ဆင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



**ကံညွှန့်အရောင်။** ။ ဖြူနီညိုပြာ ရောယှက်ရောင် ရှောင်ပါ။
**အချစ်ရေး။** ။ ချစ်သူ၏အထင်လွဲခြင်းခံရတတ်သည်။ အနေအထိုင်ဆင်ခြင်ပါ။
**အိမ်ထောင်ရေး။** ။ စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိတတ်ပါ။
**ထီထိုးရန်။** ။ (တ) ၄–၆၊ (ထ) ၄–၉၊ (ဒ) ၄–၅။
**ယတြာ။** ။ အိမ်ဘုရားတွင် ပဲပေါက်စိ သုံးလုံးကပ်လှူပါ။

## ဗုဒ္ဓဟူး

ယခုလအတွင်း အရေးကြီးသော လျှို့ဝှက်စာချုပ်စာတမ်းကိစ္စ ပြဿနာတက်တတ်သည်။ လုပ်ငန်း၊ နေရာ၊ ဌာန၊ ရာထူး ရွှေ့ပြောင်းကိန်းမြင်သည်။ ကိုယ်လက်အင်္ဂါတို့တွင် ဒဏ်ရာရတတ်သည်။ နိုင်ငံခြားခရီး ခေတ္တသွားရကိန်းမြင်သည်။ ဘာပဲလုပ်လုပ် ရတနာသုံးပါး၊ အနန္တငါးပါး မမေ့ပါနှင့်။ အောင်မြင်မည်။

BURMESE CLASSIC .com

**ကံကောင်းအရောင်။** ။ မိုးစက်ပွင့်ရောင်၊ နို့နှစ်ရောင် ဝတ်ဆင်ပါ။
**ကံညွှန့်အရောင်။** ။ အဝါနု၊ အစိမ်းနု ဝမ်းဆက် ရှောင်ပါ။
**အချစ်ရေး။** ။ အချစ်ဟောင်းနှင့်လမ်းခွဲပြီး အချစ်သစ်နှင့် ဇာတ်လမ်းစမည်။
**အိမ်ထောင်ရေး။** ။ လင်မယားနှစ်ဦး စိတ်တူကိုယ်တူ အလှူပေးရတတ်သည်။
**ထီထိုးရန်။** ။ (စ) ၂–၆၊ (ဆ) ၂–၉၊ (ဇ) ၂–၇။
**ယတြာ။** ။ မွေးနံထောင့်တွင် ကြာဆံကြော်၊ ခေါက်ဆွဲကြော် ကပ်လှူပေးပါ။

## ကြာသပတေး

ယခုကာလအတွင်း စိတ်တိုင်းကျ စီးပွားရေးလုပ်ရန် မိဘမှ ငွေအရင်းအနှီး ထုတ်ပေးတတ်သည်။ အပေါင်းအသင်းဆိုး ရှောင်ပါ။ အရက်၊ ဖဲ၊ မိန်းမ ရှောင်ပါ။ ဘာပဲလုပ်လုပ် အောင်မြင်မည်။ ကားဝယ်ရောင်း၊ အိမ်၊ ခြံ-မြေ ဝယ်ရောင်း အကျိုးပေးမည်မှတ်ပါ။ အိမ်ရာဝင်တိုင်း မေတ္တာပို့၊ ပရိတ်ရွတ်၊ ပုတီးစိပ်ပါ။

**ကံကောင်းအရောင်။** ။ ဆီးရောင်၊ စတော်ဘယ်ရီရောင် ဝမ်းဆက် ဝတ်ဆင်ပါ။
**ကံညွှန့်အရောင်။** ။ အနီထဲတွင် သရက်ရွက်၊ နှင်းဆီပန်းပွင့်ပါသောအရောင် ရှောင်ပါ။
**အချစ်ရေး။** ။ ချစ်သူနှစ်ဦးကြား ဗျာများပြီး ရွေးရခက်နေတတ်သည်။
**အိမ်ထောင်ရေး။** ။ ချစ်ခင်ပွန်းတွင် (မ)အဖျက်ရှိတတ်သည်။ အိပ်ရာနေရာ ခွဲအိပ်ပါ။
**ထီထိုးရန်။** ။ (ပ) ၃–၄၊ (ဖ) ၃–၆၊ (ဗ) ၃–၉။
**ယတြာ။** ။ အိမ်ဘုရားတွင် ဗယာကြော်သုပ်၊ စမူဆာသုပ် ကပ်လှူပါ။



www.burmeseclassic.com

www.burmeseclassic.com



**သောကြာ**

ယခုကာလအတွင်း ရင်ပူရင်ဆူ သူတစ်ပါးသောကပြဿနာ ကြုံတွေ့တတ်သည်၊ လက်အောက်ငယ်သား တပည့်တပန်းများက ကလန်ကဆန်လုပ်တတ်သည်။ သတိထားပါ။ အိမ်တွင်း၊ အိမ်ပြင်တွင် အနီးကပ်ရန်သူရှိနေတတ်သည်။ ဂရုစိုက်ပါ။ ရွှေ၊ ငွေ၊ စိန်တို့ ဝင်လာတတ်သည်။ ထီပေါက်ကိန်းရှိသည်။

**ကံကောင်းအရောင်။** ။ ပြာလဲ့လဲ့အရောင်၊ ပယင်းရောင်ဝမ်းဆက် ဝတ်ဆင်ပါ။
**ကံညံ့အရောင်။** ။ အစိမ်းရင့်ထဲတွင် အနီကွက်ကျဲရောင် ရှောင်ပါ။
**အချစ်ရေး။** ။ ရှောင်လိုက်ပါ။ သင်ဒုက္ခရောက်တတ်သည်။
**အိမ်ထောင်ရေး။** ။ ကြာဇလကောင်းလေ၊ ဟောင်းလေသစ်လေဖြစ်မည်။
**ထီထိုးရန်။** ။ (င) ၂-၄၊ (ဍ) ၂-၆၊ (ဎ) ၂-၇။
**ယတြာ။** ။ မွေးနံထောင့်တွင် ဖာလူဒါနှစ်ထုပ်လှူပါ။

BURMESE CLASSIC .com

**စနေ**

ယခုကာလအတွင်း ရုပ်ရှင်၊ ဂီတ၊ အနုပညာသမားဖြစ်ပါက ဂုဏ်ညှိုးတတ်သည်။ ဖဟုတ်မဟုတ် လုပ်ဇာတ်ခင်းပြီး မကောင်းသတင်းအလွှင့်ခံရတတ်သည်။ ဇာတ်သဘင်ပညာရှင်ဖြစ်ပါက နိုင်ငံခြားဖျော်ဖြေပွဲများ ဆက်တိုက်အကျိုးပေးတတ်သည်။ သိန်းသန်းကုဋေရတနာ စိန်ရွှေ ဝင်လာတတ်သည်။ ကျန်းမာရေးသတိထား၊ ဆေးရုံတက်ရမည်။

**ကံကောင်းအရောင်။** ။ စိန်ပန်းနီရောင်၊ ခဲရောင်ဝမ်းဆက် ဝတ်ဆင်ပါ။
**ကံညံ့အရောင်။** ။ နံ့သာနီရောင်၊ အုတ်ခဲရောင် ရှောင်ပါ။
**အချစ်ရေး။** ။ ချစ်ရေးဆိုထားလျှင် လက်ခံလိုက်ပါ။ ကံကောင်းနေမည်။
**အိမ်ထောင်ရေး။** ။ နှစ်ကိုယ်တူကြည်ဖြူပြီး စိတ်ချမ်းသာမည်။
**ထီထိုးရန်။** ။ (ပ) ၅-၂၊ (ဏ) ၅-၄၊ (တ) ၅-၉။
**ယတြာ။** ။ အိမ်ဘုရားတွင် စိန်ခြယ်ပန်း ကိုးညွန့်နှင့် ရေသက်စေ့ ကပ်လှူပါ။

**စမ်းလိုအေး၍ ပန်းလိုမွှေးပါစေ၊**
**သစ္စာ၊ မေတ္တာ ဆရာထွန်းလင်းကျော်**
**နက္ခတ်ဗေဒင် လက္ခဏာပညာရှင်**



www.burmeseclassic.com